
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁-၁၀-၁၉၉၀ ခုနှစ်မှစတင်၍ မှုခင်းပညာပေးအစီအစဉ်ဖြင့်
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စီစဉ်ထုတ်ဝေသည်။

# 2013
## မတ်လ
### အတွဲ(၅)၊ အမှတ်(၃)



နာယက - ရဲမှူးကြီး ဝင်းနိုင် (ရဲသူရ)
အယ်ဒီတာချုပ် - ဒုတိယရဲမှူးကြီးသက်လွင်
ဒုအယ်ဒီတာချုပ် - ဒုတိယရဲမှူးကြီး စိုင်းဝင်းအေး
တာဝန်ခံအယ်ဒီတာ - အောင်ကျော်ဇော
ရဲအုပ်အောင်လွင်(ငြိမ်း)
ဒုအရာခံဗိုလ်(ငြိမ်း)
အမှုဆောင်အယ်ဒီတာ - ရဲမှူးမြင့်ထွေး
ယာယီရဲမှူး ရှမ်းရှမ်းဝေ
ဒုတိယရဲမှူး သင်းသင်းကြည်
ရုံးအဖွဲ့ - တပ်ကြပ်ကြီး မတင်သိန်း
တပ်ကြပ်ကြီး တင်ရှောင်
တပ်ကြပ်ကြီး စိန်လင်း
တပ်ကြပ်အေးထွန်း
တပ်ကြပ် ထွန်းလင်းဦး

ဖြန့်ချိရေး
အမှတ်(၁၁၆)၊ ဗိုလ်မင်းရောင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၂၀၅၀၈၄

မျက်နှာဖုံးရှင်
သရုပ်ဆောင် နိုင်စံအိမ်

ထုတ်ဝေသူ
ယာယီရဲမှူးမှူးသန်း(၀၃၇၈၃)

ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်

မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းမွမ်းမံ
Min Group

ကွန်ပျူတာစာစီ
နေမျိုးအောင်

ပန်းချီသရုပ်ဖော်
ပန်းချီမင်းထက်နိုင်၊
ရဲသူ(ရန်ကုန်တက္ကသိုလ်)


တန်ဖိုး - ၁၀၀၀
အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# MARCH 2013

# Contents




**ကာတွန်း**

သူရိန်၊ မောင်တင်ယု၊
လူမင်းအောင်(သာစည်)၊
နရဏီ၊ စိုးရဲထိုက်(ရွှေပြည်သာ)၊
တွံတေးတွတ္တပတ်၊ မုဒ္ဒံအိန်ဂျယ်၊
ကျော်ဖြိုးလွင်

**ကဗျာ**

စိုးကိုကို(လေးမျက်နှာ)၊
မြတ်နိုးဆု(တမာမြေ)၊
ရွှေညာမောင်ကြီး(မြစ်ငယ်)၊
ရဲထက်ဇော်၊
မင်းရွှေမိုး၊ မေသက်ခင်၊
မင်းငြိမ်းခ၊
လှိုင်ခင်အုန်း(အမရပူရ)

**ဘာသာပြန်**

**လုံး(ပညာရေး)**

စိတ္တဇ ၅၀

**ကျော်ထက်ထွန်း**

နွားပေါက်ကို မြင်းကန်ခဲ့လို့ ၈၈
လူရှစ်ယောက်အသက်ပျောက်

**လျှမ်းထက်**

လူမိုက်လောကီ ၁၄၉








**တစ်ခန်းရပ်ဟာသ**

ထက်ထက်(ဟာသ) ၈၄




www.burmeseclassic.com

www.burmeseclassic.com



## ဟာသဝတ္ထု

**ချစ်ကိုကိုယု**
ရှေ့နေကြီး ဦးနက်ကျော်နှင့် ဟိုလိုလို ဒီလိုလို ၉၉

## တစ်မျက်နှာဝတ္ထု

**အိမ့်(ရွှေဝေ)**
ချစ်မှုခင်း ၁၀၁

## ဆောင်းပါး

**ရွှေညာမောင်**
အငှားမျက်လုံး အပြုံးမျက်နှာ ၂၃

## ရုပ်ရှင်မိတ်ဆက်

**ဦးဝင်းမြိုင်(သရုပ်ဆောင်)**
လာမစားနဲ့နော် ၁၀၂

## သတင်း

နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း

## ပေဒင်

ဝေဒသုတေသီတစ်ဦး





www.burmeseclassic.com

www.burmeseclassic.com







## မှခင်းဝတ္ထုတို


**ထက်ထက်ဦးဝေ**

လောဘအိပ်မက် ၂၈

**မောင်ကြည်အောင်**

အိမ်ထောင်ဖျက်၍ စီးပွားမက်သူ ၆၀

**ချောမြင့်**

လှို့ဝှက်ခြင်း၏ နိဂုံး ၁၁၀

**အောင်ခိုင်ကျော်(မြစ်)**

နရသိန်ရွှေစံအိမ်သို့ ၁၂၀

**ထိုမြင့်**

ပန်းစွယ်တော် လွမ်းသော်မှတည့် ၁၃၀

**ချမ်းငြိမ်းအောက်**

သောကအိမ်ထဲက သာရေခါသံ ၁၅၇




BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com



4 MAR 2013

# ပိတောက်နိဂုံး ငုအပြုံး



စိုးကိုကို (လေးမျက်နှာ)

✦ နွေမကြောက်တဲ့ ရွှေပိတောက်
အတာရောက်မှ လှဂုဏ်မောက်။
✦ "လမ်းတစ်လျှောက် ကြိုင်သင်း
ပန်းပိတောက်မင်း"လို့ ဝင့်ဝင့်ကြွား
အတာချစ်သူများက တင်စား
"အားကျလေဘူးလား ပန်းငုဝါရေ"တဲ့
ပိတောက်ရွှေ မာန်ဝင့်နေဆိုစကားဖွဲ့
ခနဲ့တဲ့တဲ့။
✦ "ပွင့်ချိန်တန်တော့ ပွင့်တာပေါ့ ပိတောက်ရယ်
ငုဝါငယ် အားကျပါလေဘူး
လတန်ခူးမှာ တူတူပွင့်ကြ
ပန်းသစ္စာအလှ တာဝန်ကျေရမှာပေါ့"တဲ့
မာနမထည့် ပန်းငုဝါ တုံ့ပြန်စကားနဲ့
ပြုံးဟန်ခွဲ့ခွဲ့။
✦ ချစ်သူတွေများ အတာစားတဲ့ ပန်းပိတောက်
ရွှေစင်ရွှေပြောက် အလှဂုဏ်မြောက် မခံ့မီ
ပင်လုံးကျွတ် ချီးသူချီး ဖွဲ့သူကဖွဲ့လေတော့
ပွင့်တစ်ခက်စီ ပုံကြွေ အလှပျက်ချေပြီပေါ့
သကြိန်ရေမှာ မျောပါခွမ်းကြေ မောရရှာချိန်မှာ
ပင်လုံးဖြာ အေးချမ်းစွာ ရွှေရောင်ဝါဝါထိန်ဆဲ
ပန်းငုဝါ ပျိုယမင်းက ပြုံးလျက်နေပြီ။ ∎

www.burmeseclassic.com

www.burmeseclassic.com





# ညှော်သည်

* 'သူလည်း ခဏလာတဲ့ ညှော်သည်နော
ငါလည်း ခဏလာတဲ့ ညှော်သည်နော.....'တဲ့။
သံဝေဂကဗျာစာစု

* ယပ်တောင်တစ်ခုမှာ ဖတ်ဖူးခဲ့။
အတာမှာ တစ်ခါရောက်
တစ်နှစ်တာ စောင့်မျှော်ရတဲ့ ''ပိတောက်''

* အရဏ်မိုးသောက်မှာ
ရွှေရောင်တွေ ထိန်ထိန်တောက်
ဂုဏ်ရှိန်တွေ မောက်ခဲ့ပေမယ့်
နေမပျောက်ခင် တဖြောက်ဖြောက်ကြွေ
''သူ''လည်း ညှော်သည်ပါပဲလေ။ ။

မြတ်နိုးသူ (တမာမြေ)

www.burmeseclassic.com

www.burmeseclassic.com



# နွေပန်းချီ

ၦ နွေဦးအားမာန်
ပေါင်းစည်းလျှံ၍
ဝန်းရံဆင်နွှဲ
တော်လှန်ပွဲကို
ရေးဆွဲပန်းချီ သရုပ်ဖော်။

ၦ တပေါင်းအားမာန်
ပေါင်းစည်းဉာဏ်ဖြင့်
နိုင်ငံအောင်ပွဲ ခြိမ့်ခြိမ့်သဲအောင်
ရေးဆွဲပန်းချီ သရုပ်ဖော်။

ၦ တစ်ထောင့်ကိုးရာ သမိုင်းလာတယ်
လေးဆယ့်ငါးခု မှတ်တမ်းတင်။
မတ်လရက်မွန် နှစ်ဆယ့်ခွန်နေ့
ကျေပွန်ခဲ့သည် နွေပန်းချီ။ ။




ရွှေသာမောင်ကြီး (မြစ်ငယ်)

www.burmeseclassic.com

www.burmeseclassic.com



# အခွင့်အရေး



ရဲထက်ဇော်

၌ ရိုးရိုးသားသား ကြိုးစားလို့ပဲရရ
မရိုးသားသော နည်းအမျိုးမျိုးနဲ့
ခိုးလို့၊ ဝှက်လို့ပဲရရ
ရတာချင်းတော့ တူပေမယ့်
တချို့က သံသရာကိုတွေးပြီး
ရသမျှအခွင့်အရေးကို အကြွေးမယူဘူး
တချို့ကျတော့
ကံကြမ္မာဆိုတဲ့အရေးကို မတွေးဘဲ
အခွင့်အရေး မှန်သမျှကို
ရတဲ့နည်းနဲ့ အကြွေးဝယ်ကြတယ်။

၌ လူချင်းတူပေမယ့်
ဘဝအပေါ် ခံယူချက်ချင်း မတူတော့
အယူအဆတွေလည်းကွဲ
အမြင်တွေလည်း ကွာမှာပေါ့။

၌ တကယ်တော့
အခွင့်အရေးဆိုတာ
ခိုးစားပြီး ယူတတ်လို့ရတာထက်
ကြိုးစားပြီး ချူတတ်လို့ကျတာက
ပိုပြီးမြတ်ပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



# လူမိုက်သာကျော်

၄ လူမိုက်သာကျော်
သာကျော်လူမိုက်၊ တုံးပဲတိုက်တိုက်
ကျားပဲကိုက်ကိုက်၊ စရိုက်ဆိုးဝါး
သိဉာဏ်မှားကြောင့်၊ တုတ်ဓားကိုဆွဲ
အတ္တာစွဲနှင့်၊ ဆဲဆိုမူးရမ်း
အနေကြမ်းသည့် ပရမ်းပတာလူတစ်ယောက်။

၄ မိုက်တဲ့သူထွက်
ရန်လိုချက်နှင့်၊ နိုင်ထက်စီးနင်း
လူသားချင်းချင်း။ မှားယွင်းအသိ
အမှောင်တိဖြင့်၊ ရရှိဘဝ
သုံးမချဘဲ၊ မိုက်ရူးရဲသော်
ထောင်ထဲကိုဝင်၊ အတ္တာပြင်ကာ
ဖြူစင်စိတ်ထားမွေးစေချင်။

၄ သြော်.....
သွေးဆိုးသွေးမိုက်
ဒုစရိုက်ကို၊ ထိုက်တန်အပြစ်
ဆေးကြောပစ်ကာ၊ လူသစ်စိတ်သစ်
အားမာန်သစ်နှင့်၊ ခေတ်နှင့်တူယှဉ်
လုပ်ငန်းဝင်ကာ
အားအင်အသစ်မွေးခဲ့အကား။ ။

မင်းလှိုး



www.burmeseclassic.com

www.burmeseclassic.com



# နွေဝင်တေး

() ကိုယ့်ရဲ့
မိရိုးဖလာအတိုင်း
ရိုးရိုးသားသား စီးဆင်းခဲ့တယ်
ဆိုမြဲသီချင်းကို သီဆိုလို့
ကမြဲကကြိုးအတိုင်း က,ခုန်လို့
ဆောင်းဦးပေါက် ဘယ်နှကြိမ်
နွေဝင်တေး ဘယ်နှကြိမ်
မှတ်မှတ်ရရတော့ မရှိတော့ဘူး။
() ဥညကို ကြိုမိတာနဲ့
အလွမ်းက ပူပုံဆင့်
ကျိန်စာသင့်ခံခဲ့ရတဲ့ အဖြစ်မျိုး။
() တောတိုးရဲ့တဲ့
သတ္တဝါလောက်နဲ့တော့
မုဆိုးတစ်ယောက်ဘွဲ့ရဖို့ဆိုတာ
မလွယ်သေးဘူး
နွေဦးဆိုတာ
လေရူးရောက်မှ
ပွင့်တတ်တဲ့ ပန်းမျိုးလေ။ ။




မေသက်ခင်

www.burmeseclassic.com

www.burmeseclassic.com



# သက်ကယ်ဆေး



၌ အနာသိရင်
ဆေးရှိတယ်။
၌ အမှားမြင်က
အမှန်ပြင်နိုင်ရမယ်။
၌ ပကတိ အရှိတရား
သစ္စာတံခါးသာ
ရဲရဲဖွင့်တော့။

မင်းငြိမ်းခ

www.burmeseclassic.com

www.burmeseclassic.com



# မပိုင်တာတွေ



✦ မပိုင်တဲ့
နေမင်းကြီးကလည်း
ပွလိုက်တာ။
✦ မပိုင်တဲ့
သစ်ပင်တွေကလည်း
သစ်ရွက်တွေကြွေလို့။
✦ မပိုင်တဲ့
လမ်းမကြီးကလည်း
အနက်ရောင်ခံပင်နဲ့ လှလို့ပလို့။
✦ မပိုင်တဲ့
ကားနဲ့ဆိုင်ကယ်တွေကလည်း
လမ်းမပေါ်မှာ ဥဒဟို ပြေးလို့လွှားလို့။
✦ မပိုင်တဲ့
ဖိမ်ခံကားပေါ်က အမျိုးသားတစ်ဦးကလည်း
ဘီကနီစကတ်နဲ့ လမ်းလျှောက်လာတဲ့ ကောင်မလေးကိုငေးလို့။
✦ မပိုင်တဲ့
တိုက်ကြီးကလည်း
ငါ့ကိုငုံ့ကြည့်လို့။
✦ မပိုင်တဲ့
ငါ့ခန္ဓာကြီးကလည်း
တိုက်ကြီးကို မော့ကြည့်လို့။ ။


လှိုင်ခင်အုန်း (အမရပူရ)

www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon



www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com




မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်သည် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လုံခြုံရေးအတွက် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူနေမှုစနစ်ကိစ္စအဝဝတို့အား ဥပဒေနှင့်အညီ စောင့်ရှောက်ကာကွယ်ရန် တာဝန်ရှိပါသည်။

# ရွှေညာမောင်

## အငှားမျက်လုံး အပြုံးမျက်နှာ


တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့အနေဖြင့် မြိတ်မြို့နယ်အတွင်းနေ ပြည်သူလူထုအင်အားနှင့် ရဲတပ်ဖွဲ့ဝင်အင်အားမှာ (၁း၂၁၈၄) အချိုးရှိသဖြင့် ပြည်သူ့ဘဝ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့အနေဖြင့် နယ်မြေအတွင်း နေရာအနှံ့ ကွက်ပြည့်နှင့်ဖြန့်ကြက်၍ ဆောင်ရွက်နိုင်စွမ်းအားနည်းမည်ဖြစ်ပါသည်။

ခေတ်မီနေသော ရဲတပ်ဖွဲ့ဖြစ်ရမည်ဟူသော မူဝါဒနှင့်အညီ ပြည်သူလူထု ပူးပေါင်းပါဝင်ရန် အဓိကလိုအပ်သကဲ့သို့ ခေတ်ရေစီးကြောင်းနှင့်အတူ တိုးတက်ဆန်းသစ်မှုအရှိန်အဟုန်နှင့် ပြောင်းလဲနေသော နည်းပညာစနစ်များ အကူအညီရယူရန်လည်း အထူးလိုအပ်လှပါသည်။

ပန်းချီမင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com




ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်နိုင်ရန်အတွက် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးမှ ကြိုတင်မျှော်တွေး၍ ၎င်း၏အစီအစဉ်ဖြင့် လူစည်ကားရာနေရာများဖြစ်သော ကရာနီလမ်းဆုံ (ယာဉ်ထိန်းရုံး)၊ ဆန်းသီရိလမ်းဆုံနှင့် နာရီစင်လမ်းဆုံ (မွေး/ရေဘဏ်ရုံးရှေ့) နေရာ(၄)နေရာတွင် ရဲတပ်ဖွဲ့ဝင်ကိုယ်စား အငှားမျက်လုံးများအဖြစ် ၅-၁၂-၂၀၁၂ နေ့မှစ၍ တရုတ်နိုင်ငံလုပ် Standalone DVR အမျိုးအစား CCTV (၁၁)လုံးကို တပ်ဆင်ထားနိုင်ခဲ့သဖြင့် ၎င်း CCTV (၁၁)လုံးကလည်း ပြည်သူအတွက် ၂၄ နာရီ တာဝန်ရှိနေသော ရဲတပ်ဖွဲ့ကိုယ်စား ၂၄ နာရီအပြည့် တာဝန်ထမ်းဆောင်ပေးလျက်ရှိပါသည်။ ထို့ပြင် ၎င်း CCTV မှတ်တမ်းမှာ ရက် (၃၀) တစ်လအတွက် မှတ်တမ်းတင် ထိန်းသိမ်းနိုင်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့အပေါ် လိုအပ်သည့်အချိန်တွင် အထောက်အကူအများဆုံး ပေးနိုင် သည့် ရဲလုပ်ငန်းအထောက်အကူပြု နည်းပညာဆိုင်ရာ စွမ်းဆောင်မှုတစ်ရပ်ဖြစ်ပါသည်။


ခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြိုတင်မျှော်တွေးမှုနှင့် စိတ်ကူးစိတ်သန်းဖြင့် အကောင်အထည်ဖော်ခဲ့သည့် လုပ်ဆောင်ချက်မှာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် ထိရောက်မှန်ကန်ခဲ့ကြောင်း မှုခင်းဖြစ်စဉ်တစ်ခုက သာဓကပြုခဲ့ပါသည်။ ၎င်းဖြစ်စဉ်မှာ.....

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်နေ မ--- (၂၂ နှစ်)မှာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်အတွက် မြိတ်မြို့နယ်၊ ထားဝယ်စုရပ်ကွက်နေ ဆွေမျိုးများနေအိမ်တွင် လာရောက်နေထိုင်ပြီး ကျောင်းတက်ခဲ့သည်ဆို၏။

၂၅-၁-၂၀၁၃ ရက်နေ့တွင် ပုလောမြို့နေ ၎င်း၏မိဘများမှ ငွေကျပ် ၄,၅၀,၀၀၀ ကို ငွေလွှဲပို့လိုက်သည့်အတွက် မွန်းလွဲ ၁ နာရီအချိန်တွင် တလိုင်းစုရပ်ကွက်၊ ရွှေလမင်းသက်န်းတိုက်ရှေ့ရှိ Top ဆပ်ပြာမှုန့်အရောင်းဆိုင်တွင် ငွေလွှဲကို သွားရောက်ထုတ်ယူခဲ့သည်။ ငွေထုတ်ယူရာတွင် ၎င်းပိုင်ဆိုင်ကယ်ဖြစ်သည့် (၃၁ယ/၇-----)၊ Wave-I အဖြူရောင်ဆိုင်ကယ်ကို စီးနင်းလျက် သွားရောက်ထုတ်ယူခဲ့ခြင်းဖြစ်သည်။ မ---သည် ထုတ်ယူလာသော ငွေကျပ် ၄,၅၀,၀၀၀ ကို ဆိုင်ကယ်ဖင်ထိုင်ခုံအောက် အံဝှက်အတွင်း ထည့်၍

www.burmeseclassic.com

www.burmeseclassic.com

ပြစ်မှုကျူးလွန်သူတရားခံနှင့် သက်သေခံပစ္စည်းများ

ဗိုလ်ချုပ်လမ်းအတိုင်း မောင်းနှင်လာခဲ့ပြီး နာရီစင်လမ်းဆုံအရောက် မဟာမြန်မာ အခွေဆိုင်တွင် အခွေဝင်ငယ်ခဲ့သည်ဆို၏။

မိနစ် နှစ်ဆယ်ခန့်အကြာတွင် ဆိုင်ကယ်ဖြင့် နေအိမ်သို့ ပြန်သွားခဲ့သည်ဆို၏။ မ---သည် မိဘများမှ ငွေလွှဲပို့လိုက်သည့်အတွက် မိမိလိုအပ်သည်များကို ခွဲဝေသုံးစွဲနိုင်ရန် စိတ်ကူးစိတ်သန်းဖြင့် ပျော်ရွှင်မြူးထူးစွာ နေထိုင်ရာအိမ်သို့ ပြန်လာခဲ့ခြင်းဖြစ်သည်။ နေအိမ်သို့ ရောက်ရှိချိန်တွင် ဆိုင်ကယ်ဖင်ထိုင်ခုံကို ဖွင့်လိုက်ခိုက်ဝယ် ၎င်း၏ စိတ်ကူးစိတ်သန်းများမှာ လေထဲသို့ လွင့်ပါပျောက်ကွယ်သွားတော့သည်ဆို၏။

အကြောင်းမှာ ၎င်းထုတ်ယူလာသော ငွေကျပ် ၄,၅၀,၀၀၀ မှာ ပျောက်ဆုံးနေသည်ကို တွေ့လိုက်ရ၍ဖြစ်သည်။ မ--- မှာ အံ့သြခြင်း၊ ဝမ်းနည်းခြင်းနှင့်အတူ ပြဿနာကို ကုစားရန် အတွေးကမ္ဘာ ချာချာလည်ခဲ့တော့သည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ခဲ့ရသည်ဆို၏။ မိဘနှင့် ဆရာသမားတို့၏အရိပ်အမြုံတွင် ခိုလှုံနေထိုင်သော မ---သည် ဦးစွာပထမ အားကိုးအားထားပြုခဲ့သူမှာ မိဘများနှင့် ဆရာသမားများသာဖြစ်ခဲ့သည်။ ၎င်းတို့ကို ဖုန်းဆက်ကာ အကြံဉာဏ်များ ရယူခဲ့ရာတွင် အမှန်တကယ် အားကိုးရာ အစစ်အမှန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်၍ ရဲတပ်ဖွဲ့ကသာ ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိလိုက်ရ၍ မြို့မရဲစခန်းသို့ ရောက်ရှိလာပြီး အားကိုးတကြီးဖြင့် အကူအညီ တောင်းခံရတော့သည်ဆို၏။

ရဲတပ်ဖွဲ့ကလည်း မှုခင်းများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားလာသော အမှုကို စုံစမ်းဖော်ထုတ်ရေး၊ တရားခံ ဖမ်းဆီးရမိရေး၊ တရားစွဲတင်နိုင်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြိတ်မြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မဆိုင်းမတွ မြိတ်ခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့၊ နယ်မြေရဲကင်းအဖွဲ့တို့နှင့် ပူးပေါင်းကာ ချက်ချင်းပင် နာရီစင်လမ်းဆုံတွင် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး၏ အစီအစဉ်ဖြင့် တပ်ဆင်ထားသော CCTV ကင်မရာမှ ရိုက်ကူးထားမှုအား ဖွင့်ကြည့်ခဲ့ရာ ၂၅-၁-၂၀၁၃ ရက်နေ့ မွန်းလွဲ ၁ နာရီ၊ ၃၉ မိနစ်၊ ၁၁ စက္ကန့်အချိန်မှ မွန်းလွဲ ၁ နာရီ၊ ၄၁ မိနစ်၊ ၃၀ စက္ကန့်အချိန်အတွင်း၌ မ---၏ ဆိုင်ကယ်ဘေးတွင် လူနှစ်ယောက်စီးနင်းလာသော ဆိုင်ကယ်တစ်စီးက ယှဉ်လျက်ရပ်လိုက်ပြီး လူသူအသွားအလာကိုကြည့်ကာ တစ်ဦးက ဆိုင်ကယ်ဖင်ထိုင်ခုံကို မ,ပေးပြီး တစ်ဦးက ဖင်ထိုင်ခုံအောက် အံဝှက်အတွင်းသို့ လက်နှိုက်ကာ အံဝှက်အတွင်းရှိငွေကို ခိုးယူသွားကြောင်း တွေ့လိုက်ရ၏။


အဆိုပါအခွေအား မ---ကို ခေါ်ယူပြသခဲ့ရာ ရဲတပ်ဖွဲ့မှ ပြည်သူအတွက် ကြိုတင်အစီအမံများ ပြုလုပ်ထားကြောင်း မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ၍ ရဲတပ်ဖွဲ့အပေါ်

www.burmeseclassic.com

www.burmeseclassic.com

အားကိုးယုံကြည်မှုနှင့်အတူ မိမိပျောက်ဆုံးသွားသည့်ငွေ ပြန်ရမည်ဖြစ်သောကြောင့် ဝမ်းသာပီတိ ဂွမ်းဆီထိသည့်နှယ် ဖြစ်ခဲ့ရသည်ဆို၏။ မိမိငွေအားဆိုင်ကယ်အံ့ဝှက်တွင် အလွယ်တကူ ထားခဲ့ခြင်းအပေါ်လည်း နောင်တရမိတော့သည်။

မ---၏ အမှုဖွင့်တိုင်ကြားချက်အရ မြိတ်မြို့နယ်၊ မြို့မရဲစခန်းမှ (ပ) ၅၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့တော့သည်။



မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး ရွှေညာမောင်က ၂၅-၁-၂၀၁၃ ရက်နေ့ မွန်းလွဲ ၂ နာရီ ၃၀ မိနစ် တွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အစည်းအဝေးခန်းမတွင် မြိတ်ခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့၊ မြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့၊ နယ်မြေရဲကင်းအဖွဲ့တို့ကို စုစည်း၍ မိမိအမာခံသတင်းပေးများနှင့်အတူ CCTV မှတ်တမ်းကို ကူးယူပြသခဲ့ရာ မ--- ဆိုင်ကယ်ရပ်ပြီးသည်နှင့် မရှေးမနှောင်းအချိန်တွင် လူနှစ်ယောက်စီးနင်းလာသော ဆိုင်ကယ်က ဘေးချင်းယှဉ်လျက် ရပ်လိုက်ကြောင်း၊ ဆိုင်ကယ်စီးနင်းမောင်းနှင်သူမှာ လိမ္မော်ရောင်နှင့် နက်ပြာရောင်အစင်းပါ စပို့ရှပ်အင်္ကျီ

ဖမ်းမိပြီးနောက်
စစ်ဆေးခဲ့စဉ်
ငြင်းကွယ်
ထွက်ဆိုခဲ့သော်လည်း
CCTV မှတ်တမ်းဖြင့်
တိုက်ဆိုင်စစ်ဆေးချိန်တွင်
ငြင်းကွယ်နိုင်စွမ်း
မရှိတော့ဘဲ
ပြစ်မှုကျူးလွန်မိကြောင်း
ဝန်ခံခဲ့ရတော့သည်။
ရှင်းထံမှ ...

www.burmeseclassic.com

www.burmeseclassic.com



လက်တို၊ ဂျင်းဘောင်းဘီရှည် (အဖြူရောင်)၊ ဆိုင်ကယ်ဦးထုပ်အဖြူရောင်တို့ကို ဝတ်ဆင်ထားပြီး နောက်မှ စီးနင်းလိုက်ပါသူမှာ တီရှပ်အနီရောင်လက်တို၊ ဘောင်းဘီရှည်နက်ပြာရောင်၊ ဆိုင်ကယ်စီးဦးထုပ် အနက်ရောင်တို့ကို ဝတ်ဆင်ထားကြောင်း၊ ၎င်းတို့နှစ်ဦးသည် ဆိုင်ကယ်ပေါ်မှဆင်းပြီး လမ်းဘေးစကြံပေါ်သို့တက်ကာ လူအရိပ်အခြည်ကြည့်ပြီးနောက် ဆိုင်ကယ်မောင်းနှင်သူက ၎င်း၏ဆိုင်ကယ်ကို အသင့်စက်နှိုးထားပြီး ဆယ်စက္ကန့်အတွင်း မ----၏ ဆိုင်ကယ်အောက်ထောက်ကို ယာခြေဖြင့်နင်းကာ ယာလက်ဖြင့် ဖင်ထိုင်ခုံကို ဆွဲမြောက်လိုက်ချိန်ဝယ် နောက်မှ စီးလာသူက လက်လျှိုနှိုက်ကာ အံဝှက်အတွင်းရှိ မ--- ထည့်ထားသည့် ကျပ် (၅၀၀၀)တန် အရွက် (၉၀)၊ ကျပ် ၄,၅၀,၀၀၀ အစည်းကို နှိုက်ယူလိုက်ကြောင်း၊ ငွေကိုနှိုက်ယူပြီးသည်နှင့် ဖင်ထိုင်ခုံကို ဆွဲမ,ပေးထားသည့် ဆိုင်ကယ်စီးသူက ချာခနဲလှည့်ထွက်၍ ၎င်း၏ ဆိုင်ကယ်ပေါ်တွင် ခွထိုင်လျက်ရှိချိန်ဝယ် ငွေနှိုက်ယူသူက ငွေကို ဘောင်းဘီခါးကြားအတွင်းထိုးထည့်ကာ ဟန်မပျက် ၎င်းတို့၏ဆိုင်ကယ်နောက်မှထိုင်လျက် လိုက်ပါသွားကြောင်း တွေ့လိုက်ရ၏။

ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အတူ ပေါင်းစပ်ညှိနှိုင်း အတည်ပြုခဲ့ရာ ဆိုင်ကယ်စီးနင်းမောင်းနှင်သူမှာ မြိတ်မြို့၊ မြို့သစ် (၇) ရပ်ကွက်၊ ယုဇနလမ်းနေ မင်းလတ် (ခ) ထွန်းမင်းလတ်ဖြစ်ကြောင်း သိရပြီး ငွေနှိုက်ယူသူမှာ မြိတ်မြို့၊ မြို့သစ် (၇) ရပ်ကွက်၊ ရွှေစံပယ် (၂)လမ်းနေ သားကြီး (ခ) ဝင်းဇော်ဖြစ်ကြောင်း အတည်ပြုဖော်ထုတ်နိုင်ခဲ့၏။

ထို့ကြောင့် ၎င်းတို့အား ဖမ်းဆီးရမိရေးအတွက် ကွက်ပြည့်နင်း စုံစမ်းထောက်လှမ်း ရှာဖွေခဲ့ရာ ၂၆-၁-၂၀၁၃ ရက်နေ့၊ မွန်းလွဲ ၁ နာရီ ၀၅ မိနစ်အချိန်၌ မင်းလတ် (ခ) ထွန်းမင်းလတ် (၂၉ နှစ်)အား မြိတ်မြို့၊ အလယ်ကျွန်းရပ်ကွက်၊ ပိုင်ယားဝပ်ရှော့ လမ်းမကြီးပေါ်တွင် တွေ့ရှိရ၍ ဖမ်းဆီးရန်ပြုလုပ်စဉ် အရိုးအသွား (၁၁)လက်မရှိ အသွားသုံးဘက်ပါ ဦးဖျားချွန်ပြီး သုံးမြှောင့်စကေဘာတစ်ချောင်းဖြင့် ပြန်လည်ခုခံရန် ပြုလုပ်ခဲ့ရာ ရဲအုပ် ချိုလွင်ဦးစီးသည့် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ခင်မောင်အေး ဦးစီးသည့်အဖွဲ့တို့က ဝိုင်းဝန်းဖမ်းဆီးရမိခဲ့၏။

၎င်းကို ဖမ်းမိပြီးနောက် စစ်ဆေးခဲ့စဉ် ငြင်းကွယ်ထွက်ဆိုခဲ့သော်လည်း CCTV မှတ်တမ်းဖြင့် တိုက်ဆိုင်စစ်ဆေးချိန်တွင် ငြင်းကွယ်နိုင်စွမ်းမရှိတော့ဘဲ ပြစ်မှုကျူးလွန်မိကြောင်း ဝန်ခံခဲ့ရတော့သည်။ ၎င်းထံမှ ခိုးရာပါ သက်သေခံငွေကျပ် ၁၀၀၀၀၀၊ အချင်းဖြစ်စဉ် ၎င်းဝတ်ဆင်ခဲ့သော လိမ္မော်ရောင်နှင့် နက်ပြာရောင်အကျား စပို့ရှပ် အင်္ကျီလက်တို တစ်ထည်၊ ဆိုင်ကယ်စီးဦးထုပ် အဖြူရောင်တို့ကို သိမ်းဆည်းနိုင်ခဲ့၏။

ထို့ပြင် ဖမ်းဆီးရမိသော မင်းလတ် (ခ) ထွန်းမင်းလတ်သည် မြိတ်မြို့မရဲစခန်း မယ(ပ) ၄၇/၂၀၀၉၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေ ပုဒ်မ ၁၅ အရ ထောင်ဒဏ် (၄)နှစ်၊ ယင်းပုဒ်မ ၁၆(ဂ)အရ ထောင်ဒဏ် (၅)နှစ်၊ စုစုပေါင်း ထောင်ဒဏ် (၉)နှစ် ကျခံနေရစဉ် ရဲဘက်စခန်းမှ ထွက်ပြေးလာသော ရဲဘက်ပြေးတစ်ဦးဖြစ်ကြောင်းနှင့် မြိတ်မြို့မရဲစခန်း (ပ) ၁၆၂/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၇၉ အမှုကိုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေးတစ်ဦးဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ သည်။

ထို့ကြောင့် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဆင်ထားသည့် CCTV မှတ်တမ်းသည် ပြစ်မှုကျူးလွန်သူ နှစ်ဦးအနက် တစ်ဦးကို (၂၄)နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သဖြင့် CCTV ကင်မရာသည် ရဲတပ်ဖွဲ့ဝင်နည်းတူ (၂၄)နာရီ တာဝန်ထမ်းဆောင်နိုင်သော ရဲတပ်ဖွဲ့ကိုယ်ပွား၊ ရဲတပ်ဖွဲ့ကိုယ်စား အငှားမျက်လုံးများဟုပင် တင်စားလိုပါသည်။

ထိုအငှားမျက်လုံးများကြောင့် ရပ်ဝေးမှ မြိတ်မြို့တွင် ပညာနို့ရည်သောက်သုံး နေသည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသူလေး၏ မျက်နှာမှာလည်း အပြုံးပန်းများဝေဆာ နိုင်ရန် ရဲတပ်ဖွဲ့မှ ဖန်တီးနိုင်ခဲ့ပါကြောင်းနှင့် CCTV မှတ်တမ်းဆိုသည်မှာ ငြင်းကွယ်၍မရ သောသက်မဲ့သက်သေ ခံချက်ဖြစ်သဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ အားကိုးအားထားရာ ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။

**ရွှေညာမောင်**

www.burmeseclassic.com

တကယ့်ဖြစ်ရပ် မဂ္ဂဇင်း

www.burmeseclassic.com

# ထက်ထက်ပိုးစေ

## လောဘအိပ်မက်



www.burmeseclassic.com

www.burmeseclassic.com


အမှတ်အသားပြုထားသော တီးလုံးနှင့် ဖုန်းမြည်သံက မကောင်းဆိုးဝါးအလား ချောက်ချားစိတ်ဖြင့် ကြားရတော့၏။ ထိုတီးလုံးသံကို ကြားလိုက်ရလျှင် ဦးကြည်ဖြူတစ်ယောက် ထိတ်လန့်နေရသည်။ တုန်တုန်ယင်ယင်ဖြင့် ဟန်းဖုန်းကို နားထောင်လိုက်တော့....

"ဦးဖြူ ကျွန်မလက်ထဲမှာ သုံးစရာ ပြတ်နေပြီရှင့်၊ ငွေပို့ပေးပါဦးနော်"

"နင့်ကို တစ်လတစ်ကြိမ် ပို့ပေးနေတာပဲ၊ ငါ့မှာ ငွေမရှိတော့ဘူး"

"ဩော်.....ဦးဖြူက ဒီလိုလား၊ ရတယ်လေ၊ သက်ဆိုင်ရာမှာပဲ လာရှင်းတော့၊ ဟင်း.....ဟင်း"

တစ်ဖက်မှ ဖုန်းချသွားသည့်နောက် ဦးကြည်ဖြူမှာ သူ့ရင်ထဲမွန်းကျပ်သွားတော့၏။ ခင်မာကြူသည် ရလေလိုလေ မိန်းကလေးတစ်ယောက်ပင်။ ထိုစိတ်မျိုးရှိသူနှင့် ပတ်သက်ခဲ့ခြင်းက သူ့အမှားဖြစ်နေ၏။ ဦးကြည်ဖြူကိုယ်တိုင်လည်း နောင်တရသွားရသည်။ နာမည်နှင့်လိုက်ဖက်သော ဦးကြည်ဖြူက လူတိုင်းကို ကူညီတတ်၊ စာနာတတ်၏။ ထိုအားနည်းချက်က သူ၏အမှားမှန်း အခုတော့ သိလိုက်ရပြီဖြစ်သည်။

ခင်မာကြူသည် ရဲစခန်းတွင် မည်သို့တိုင်ကြားဦးမည်မသိပါ။ သည်တော့ ဦးကြည်ဖြူဘက်က ကြိုတင်ပြင်ဆင်ထားမှ ဖြစ်မည်မှန်း သိနေ၏။ သည်တစ်ကြိမ်တွင် ဦးကြည်ဖြူက လုံးဝ ခွင့်မလွှတ်နိုင်တော့ပါ။ ခင်မာကြူက တစ်စထက်တစ်စ ဒုက္ခပေးလာ၏။ ယုတ်စွအဆုံး ဦးကြည်ဖြူရှိရာ ကုမ္ပဏီသို့ပင် ရောက်လာတော့သည်။

ပတ်ဝန်းကျင်၏အကြည့်နှင့် ထင်မြင်ယူဆချက်စကားများက ဦးကြည်ဖြူ၏သိက္ခာကို ကျဆင်းစေရ၏။ သည်တော့လည်း လူပျိုကြီး ဦးကြည်ဖြူအား တိတ်တိတ်ပုန်း မိန်းမယူထားသည်ဆိုသောသတင်းက ပေါ်ထွက်လာ၏။ သူ့အဖို့ ဖြေရှင်းရန် ခက်ခဲနေသည်။

"အိုး..ဦးဖြူက ရက်ရင် ကျွန်မတောင်းတဲ့ငွေပေးပေါ့ရှင်၊ မပေးရင်တော့ ကြူက လာနေမှာပဲ၊ ဒီတစ်ခါတော့ သားငယ်ပါ ခေါ်လာမယ်"

"မိကြူ နင်က ငါ့စေတနာကို မစော်ကားနဲ့နော်၊ ငါ့မှာ နင်တို့ဝဋ်ကြွေးတွေရှိလို့ ခံနေရတာ သိလား၊ အေး.....ငါကိုယ်တိုင်လည်း မှားမှန်းသိသွားပြီ၊ ငါးနှစ်ကျော်အချိန်အထိ ထောက်ပံ့နေရတာ၊ ငါ့ဘာသာငါ တောင်ငွေမသုံးနိုင်ခဲ့ဘူး"

"ဟင်း.....ဦးဖြူက ခုမှ ဒီစကားမျိုးပြောတာကိုး၊ ဒါဆိုလည်း ဘာဖြစ်လို့ ကျွန်မတို့နဲ့ လာပတ်သက်ခဲ့ရလဲ၊ ရှင်းရှင်းနေခဲ့ပါလား၊ ဦးဖြူကြောင့် ပေးဆပ်ခဲ့ရတဲ့ ဆုံးရှုံးမှုကို ပြန်စဉ်းစားကြည့်ဦးလေ၊ ဦးဖြူ မတရားဘူး၊ မစာနာဘူး"

"အေးလေ၊ အဲဒါကြောင့်လည်း နင့်ကို တစ်ဂုနှစ်သိန်း ပို့ပေးနေတာပေါ့၊ အဲဒါထက်တော့ လောဘမတက်နဲ့၊ တိုင်ချင်ရာတိုင်၊ လိုက်ဖြေရှင်းတော့မယ်"

တကယ်တမ်း တိုင်ပြန်လျှင် ဦးကြည်ဖြူပဲ စိတ်ဆင်းရဲရပေတော့မည် ခင်

www.burmeseclassic.com

www.burmeseclassic.com



မာကြူမှာလည်း အခြေအနေကိုစောင့်ပြီးနောက် တစ်လကျော်ကြာသည်နှင့် ထပ်မံအရေးဆိုလာပြန်၏။

"နင်က အမှုလုပ်လိုက်ရင် ငါ့အထောက်အပံ့နဲ့ ဝေးသွားမှာပဲ၊ ဒါမှ ငါလည်း မပေးရတော့မှာ၊ တိုင်ချင်ရင် မြန်မြန်သာ တိုင်လိုက်တော့"

"ဟုတ်တယ်လေ၊ အဲဒီလိုတိုင်ဖို့ ငွေရှိမှဖြစ်မှာပေါ့၊ ဒါကြောင့်မို့ ဦးဖြူဆီက တောင်းနေတာလေ"

ခင်မာကြူက ခနဲ့တဲ့တဲ့အမူအရာနှင့် ပြောလိုက်သည်။

"နင်သာ ငါ့အပေါ် သနားညှာတာတတ်ရင် နင့်ကလေးနှစ်ယောက်ကို နင့်အမေနဲ့ထားခဲ့ပြီး အလုပ်ထွက်လုပ်ဖို့ကောင်းတယ်၊ သက်သက်မဲ့ အလုပ်လုပ်ချင်စိတ်မရှိဘဲ ထိုင်စားချင်နေတယ်၊ အချောင်သမားစိတ်ဓာတ်ပဲ"

"ဘာဖြစ်လဲ၊ ကျွန်မဘာသာ အချောင်သမားပဲဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဒီလိုဘဝမျိုး ဖြစ်လာတာ ဘယ်သူ့ကြောင့်လဲ၊ ဦးဖြူလုပ်ခဲ့လို့ပဲ မဟုတ်လား။ ပြန်မရနိုင်တော့တဲ့ အစားထိုးမရတဲ့ ဆုံးရှုံးမှုကို ဦးဖြူက ခေါ်ပေးနိုင်တော့လို့လား။ အီး...ဟီး...ဟီး၊ ကျွန်မယောက်ျားသာရှိရင် ဒီဘဝမျိုး ကြုံရပါ့မလား၊ ဦးဖြူရယ်၊ အဲဒါ ဦးဖြူကြောင့် ဖြစ်ခဲ့ရတာပါရှင်"

ခင်မာကြူမှာ မျက်ရည်များကျကာ ဝမ်းနည်းစကားဆိုတော့၏။ သည်တော့လည်း ဦးကြည်ဖြူမှာ စိတ်မကောင်းဖြစ်သွားမိသည်။ အံဆွဲကိုဖွင့်ပြီး ငွေကိုပေးချင်သော်လည်း အစရှိအနောင်နှောင် ဖြစ်မည်စိုး၍ သက်ပြင်းကိုသာ ချလိုက်ရသည်။ မိန်းမများ၏ လက်နက်သည် မျက်ရည်ဟုဆိုကြရာ ထိုမျက်ရည်များအား ဦးကြည်ဖြူက မမြင်ချင်လောက်အောင် မုန်းမိသည်။

တစ်လနှစ်သိန်းဆိုသောငွေက နည်းသည်မဟုတ်ပါ။ မလောက်ဟု ဆိုရအောင်လည်း ခင်မာကြူတွင် မိခင်ကြီးနှင့် လူမမည်ကလေးနှစ်ယောက်သာရှိ၏။ ဦးကြည်ဖြူသာ ဖြစ်သလို စားသောက်နေထိုင်ပြီး ခင်မာကြူတို့ မိသားစုအတွက် ပြည့်မီရန် ရှာဖွေရသည်။ ထိုငွေများသာ စုထားမည်ဆိုပါက.....တွေးရင်းနှင့် နှမြောစိတ်ဖြစ်ရ၏။

အရင်ကတည်းက ရရစားစားနေလာသူအတွက် မိမိကိုယ်တိုင် မရှာဖွေရသောငွေအား တန်ဖိုးထားမည်မဟုတ်ပါ။ ထို့ကြောင့်လည်း မစာမနာတောင်းဆိုနေခြင်းဖြစ်သည်။

"အင်းလေ...ဦးဖြူ မပေးဘူးဆိုရင်တော့ မိကြူက ဆိုင်ရာနဲ့ စကားပြောရတော့မှာပေါ့ရှင်"

ခင်မာကြူက ထိုစကားဖြင့် အဆုံးသတ်ပြီး ပြန်သွား၏။ ဦးကြည်ဖြူမှာ ပြန်လည်ဖြေရှင်းရမည့် နည်းလမ်းကို ရှာဖွေရင်း မိတ်ဆွေရှေ့နေတစ်ဦးကို သတိရလိုက်သည်။

"ဟုတ်တယ်၊ ဒီကိစ္စကို တတ်



www.burmeseclassic.com

www.burmeseclassic.com


> မင်းက ပစ္စုပ္ပန်အခြေအနေပဲ ကြည့်တတ်တယ်၊ အနာဂတ်ကို မျှော်ကြည့်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ ဒီတော့ မင်းပေးထားတဲ့ ကတိအတိုင်း ထောက်ပံ့နေပေါ့ကွာ၊ ဆက်မထောက်ပံ့ချင်ရင်တော့ ခင်မာကြူကို တရားဝင်ယူလိုက်တော့ . . .

ကျွမ်းတဲ့ ဥပဒေပညာရှင်နဲ့ ဆွေးနွေးရမယ်၊ ဩော်.....ငါ့မိတ်ဆွေ ကိုရိုးရှိသားပဲ၊ ဟုတ်ပြီ၊ သူ့ဆီသွားဆွေးနွေးရမယ်"

ဦးကြည်ဖြူလည်း အနည်းငယ်စိတ်အေးသွားရတော့၏။

+++

"ဒါနဲ့ နေပါဦးကွ၊ ခင်မာကြူနဲ့ မင်းက ဘယ်လိုပတ်သက်နေကြလဲ၊ ငါ့ကို ရှင်းရှင်းပြောပြနော်၊ ဒါမှ မင်းကိစ္စကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ အကြံပေးနိုင်မှာပေါ့ကွာ"

ဦးကြည်ဖြူက ငွေတောင်းသည့်ကိစ္စအား ပြောပြသည့်နောက် ရှေ့နေကြီးက နှိုက်နှိုက်ချွတ်ချွတ်မေးလေတော့၏။

"ပြောရရင်တော့ အရှည်ကြီးပဲကွာ၊ ဒါပေမဲ့ မင်းနားလည်အောင်ပြောရရင် ခင်မာကြူရဲ့ခင်ပွန်း ဝေမိုးအောင်က ငါ့ဒရိုင်ဘာကွ၊ တစ်နေ့တော့ အရောင်းအဝယ်အတွက် ပစ္စည်းကို သွားပို့ခိုင်းလိုက်တယ်"

"ဘာပစ္စည်းလဲကွ"

"တို့ဘိုးဘွားလက်ထက်က ဂန္ဓီရပစ္စည်းတစ်ခုပါကွာ၊ ဝေမိုးအောင်ပဲ မန္တလေးမှာ သွားရောင်းပေးမယ်ဆိုပြီး ယူသွားတာလေ၊ ငါက နားမလည်ဘူး ကိုရိုးရ"

"ဟုတ်ပါပြီလေ၊ ဆက်ပြောပါ ဦး"

ဦးကြည်ဖြူက စကားကို ပြန်ဆက်ပြောလိုက်သည်။

"အဲဒီမှာ ဝေမိုးအောင်က တစ်လကျော်လောက် ကြာသွားတယ်၊ မန္တလေးမှာ ဝယ်သူမရှိလို့ တမူးဘက်တက်သွားတယ်လေ၊ ဒီတော့ ငါက ဝေမိုးအောင်မိန်းမနဲ့ ကလေးတွေကို ထောက်ပံ့ထားရတာပေါ့ကွာ၊ ငါ့ပစ္စည်းက ရောင်းရင် သိန်းထောင်ကျော်တန်နေတယ်ဆိုတော့ ထောင်မြင်ရာစွန့်လိုက်တာပဲ"

ရှေ့နေကြီးမှာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။

"ကိုယ့်ကုသိုလ်ကံပဲ မကောင်းတာလား၊ ဝေမိုးအောင်ပဲ ကံနိမ့်နေလို့လား မသိဘူး၊ တို့နှစ်ယောက်ရဲ့ စိတ်ကူးယဉ်အိပ်မက်လေးက ပြိုပျက်သွားတာပေါ့ကွာ၊ စိတ်မကောင်းစရာက ဝေမိုးအောင်ဟာ ပစ္စည်းသွားရောင်းရင်း သူငှားစီးတဲ့ ဆိုင်ကယ်မှောက်ပြီး မီးလောင်သေဆုံးသွားရတယ်၊ အလောင်းတောင် မမှတ်မိနိုင်တဲ့ အဖြစ်ဆိုတော့ ကိုယ့်ပစ္စည်းလည်း ပျောက်ဆုံးသွားရတာပေါ့ကွာ၊ ဒီတော့ ကိုယ့်မှာ မြွေပါလည်းဆုံး၊ သားလည်းဆုံး ဖြစ်ခဲ့ရ တယ်၊ ဒါကြောင့်မို့ ဝေမိုးအောင် ခရီးသွားခါနီးမှာ ပေးလိုက်တဲ့ကတိအတိုင်း ခုချိန်ထိ ငါ့မှာ သူ့မိသားစုကို ထောက်ပံ့နေရတာပေါ့ကွာ"

"မင်းက ဘယ်လိုပြောပြီး ကတိပေးလိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"အလုပ်ဖြစ်အောင်သာ လုပ်ခဲ့ကွာ၊ မင်းမိန်းမနဲ့ ကလေးအတွက် ငါ စားစရိတ်ထောက်ထားမယ်၊ ဘယ်လောက်ကြာကြာကွာ၊ အလုပ်ဖြစ်ရင်တော့ ငါတို့နှစ်ယောက် သူဌေးဖြစ်ပြီကွလို့ ပြောခဲ့တာပါကွာ"

"ဩော်.....ဒီတော့ မင်းစကားနဲ့ မင်းရဲ့ကတိအတိုင်း ခင်မာကြူတို့သားအမိကို ထောက်ပံ့ပေးနေရတာကိုး၊ ဒါပေမဲ့ကွာ မင်းက နှုတ်ကတိပဲ ပေးခဲ့တာနော်၊ ဘာစာချုပ်စာတမ်းမှ ရှိတာမဟုတ်ဘူး၊ ဒီတော့ မင်းက ဆက်ပြီး ထောက်ပံ့ပေးနေစရာ မလိုဘူးကွာ၊ ဝေမိုးအောင်က သူ့ဘာသာ အဆက်အသွယ်နဲ့ ပစ္စည်းရောင်းဖို့ ထွက်သွားတာလေ၊ ပစ္စည်းရှင် မင်းက နစ်နာတာကွ၊ မင်းကတောင် ကိုယ့်ပစ္စည်းဆုံးရှုံးရလို့ တရားပြန်စွဲရင် ရသေးတယ်"

"တော်ပါပြီကွာ၊ ပစ္စည်းလည်း မရနိုင်လို့ မစွဲချင်တော့ချင်း၊ စိတ်နာတယ်၊ ဂမ္ဘီရပစ္စည်းမျိုးဟာ ခိုက်တတ်တယ်ဆိုတာ မှန်မယ်ကွ၊ ဒါကြောင့်လည်း ဝေမိုးအောင်လေး ဒုက္ခရောက်သွားရတာပဲဖြစ်မှာပါ"

"ကဲ.....ဆက်ပြောပါဦးကွ"

"အဲဒီလို တစ်လနှစ်သိန်းထောက်နေရာကနေ ခင်မာကြူက လောဘတက်လာတယ်၊ ငွေထပ်တောင်းလာတဲ့အပြင် ငါ့ကို အရှက်ရစေအောင် ကုမ္ပဏီအထိ လိုက်လာပြီး ငွေတောင်းနေတယ်ကွာ၊ သဘောကတော့ ငါက သူနဲ့ ငြိခဲ့သလိုလိုမျိုး ပတ်ဝန်းကျင်သိအောင် ဖန်တီးနေတာကွ၊ အဲဒါကြောင့် မင်းကို ဘယ်လိုလုပ်ရမလဲလို့ အကြံတောင်းချင်တာပဲ ရွှေနေကြီးရာ"

ရွှေနေကြီးလည်း ဦးကြည်ဖြူ၏ စကားအဆုံး၌.....

"အဲဒါ စကားလွယ်တတ်တဲ့ မင်းအကျင့်ကြောင့် ခံစားနေရတာပဲ ကြည်ဖြူရေ၊ မင်းက ပစ္စုပ္ပန်အခြေအနေပဲ ကြည့်တတ်တယ်၊ အနာဂတ်ကို မျှော်ကြည့်တတ်တဲ့လူစားမျိုး မဟုတ်ဘူး၊ ဒီတော့ မင်းပေးထားတဲ့ကတိအတိုင်း ထောက်ပံ့နေပေါ့ကွာ၊ ဆက်မထောက်ပံ့ချင်ရင်တော့ ခင်မာကြူကို တရားဝင်ယူလိုက်တော့၊ မင်းလည်း လူပျိုကြီးပဲလေ"

"ဟာကွာ.....ပေါက်ကရပြောရှေ့မယ်၊ ယူချင်မှတော့ အပျိုစစ်စစ်၊ ချောချောလှလှလေးပဲ ယူမှာပေါ့ကွာ၊ ကဲပါ.....ခင်မာကြူကိစ္စကို ဘယ်လိုဖြေရှင်းရမလဲဆိုတာသာ ပြောပါတော့"

"ကဲ.....ငါပြောသလိုသာ လုပ်ပါတော့ကွာ"

ရွှေနေကြီးသည် ဦးကြည်ဖြူအနီးသို့ တိုးတိုးလေး ကပ်ပြောလိုက်တော့၏။

+++

"ခင်မာကြူဆိုတာ ဒီကတူမလား"

"ဟုတ်ပါတယ်ရှင့်၊ ကျွန်မ ခင်မာကြူပါ"

ရွှေနေကြီးသည် ခင်မာကြူရှိရာသို့လိုက်သွားပြီး လာရင်းကိစ္စကိုမပြောခင် ခင်မာကြူအား အကဲခတ်လိုက်၏။

"ဩော်.....နာမည်ကို ကြားတုန်းက အခုလို လှပလိမ့်မယ်လို့ ဦးလေး မထင်မိဘူး၊ ဒါနဲ့ ကလေးတွေရောကွယ်"

ခင်မာကြူသည် ရွှေနေကြီးအား မည်သူမှန်းမသိပေ၊ ရွှေနေကြီးမှာ လည်း သူ့ကိုယ်သူ မိတ်မဆက်သေး ဘဲ ခင်မင်ရင်းနှီးသူများပမာ မေးမြန်းနေတော့၏။

"တစ်ယောက်က ကျောင်းသွားပါတယ် ဦးလေး၊ တစ်ယောက်ကတော့ အိပ်နေပါတယ်ရှင်"

"သမီးရဲ့အမေရော နေကောင်းရဲ့လားကွယ်"

"ဟုတ်ကဲ့ အမေက ကျန်းမာရေးကောင်းလို့ တော်သေးတာပေါ့ ဦးလေးရယ်"

ရွှေနေကြီးသည် အိမ်ထဲသို့ မျက်စိကစားပြီးနောက်.....

"ဩော်...အခုလို အဆင်ပြေပြေ နေရလိမ့်မယ်လို့ ဦးလေး မထင်မိဘူး၊ ဝေမိုးအောင်တစ်ယောက်ရော ဘာတွေများ လုပ်ကိုင်နေသလဲကွယ်"

ခင်မာကြူသည် မျက်နှာကွက်

www.burmeseclassic.com

ခနဲပျက်သွား၏။ ပြီးမှ ရှုံ့မဲ့မဲ့ဖြင့် ရွှေနေကြီးကို ယုံကြည်စိတ်နှင့် ပြောပြတော့သည်။ ခင်မာကြူပြောလိုက်သော စကားက ရွှေနေကြီးအတွက် အံ့သြစရာဖြစ်နေ၏။ ရွှေနေကြီးသည် ဝမ်းသာလိုက်၊ ဝမ်းနည်းလိုက်၊ အံ့သြလိုက်၊ စိတ်မကောင်းဖြစ်လိုက်နှင့် ခင်မာကြူပြောသောစကားများအား အချိန်ကြာကြာယူပြီး နားထောင်နေရသည်။ သို့ပေမယ့် သူ့အတွက် အကျိုးရှိခဲ့၏။

တစ်နာရီကျော်ကျော်ကြာသည်အထိ ပြောနေသည်မှာ မမောမပန်းနိုင်ပေ။ ခင်မာကြူ၏မိခင်ဖြစ်သူ ကျောင်းကြိုရာမှ ပြန်လာတော့မှပင် ရပ်သွား၏။

“သမီးက ဧည့်သည်နဲ့ စကားပြောနေတာကိုး”

ရွှေနေကြီးလည်း ထပြန်မှဖြစ်တော့မည်ဆိုသောအသိဖြင့် နှုတ်ဆက်လိုက်သည်။



“ဦးလေးကို ခွင့်ပြုဦး ခင်မာကြူ၊ ကိစ္စလေးတွေရှိနေလို့ နောက်မှ ပြန်တွေ့ကြမယ်ကွယ်၊ သွားပြီနော် အစ်မ”

“ဟုတ်ကဲ့ရှင့်”

ရွှေနေကြီးလည်း သူနှင့်အတူပါလာသော ကော့်စ်အိတ်ကိုဆွဲ၍ ကမန်းကတန်း ထွက်သွားခဲ့ရ၏။ သားအမိနှစ်ဦးပြောသောစကားများက သူနှင့် ဝေးဝေးရောက်သွားတော့သည်။

“ဟဲ့….အဲဒါ ဘယ်သူလဲ သမီး”

“ဟင့်အင်း မသိဘူးလေ၊ အမေ့အသိ မဟုတ်ဘူးလား”

“မဟုတ်ပါဘူးကွယ်၊ ဒီရုပ်မျိုး မမြင်ဖူးပါဘူးတော်၊ ဒါဆိုရင် မောင်ဝေမိုးအမျိုးများလား”

“ဖြစ်နိုင်ပါတယ် အမေရယ်၊ ဒါကြောင့်မို့ ယောကျ်ားကို ရင်းရင်းနှီးနှီး မေးနေတာပါ၊ ဟုတ်ပါတယ်၊ သူ့အမျိုးပဲ ဖြစ်မှာပါရှင့်”

“ညည်းဘာတွေပြောလိုက်သေးလဲ”

“အကုန်ပြောပြလိုက်တယ်လေ၊ ဒါမှ သမီးအပေါ် စာနာနိုင်မှာပေါ့”

ဒေါ်တင်ကြည်သည် စိုးရိမ်စိတ်ဖြင့် ခင်မာကြူအား ပြောလိုက်တော့၏။

“အပိုစကားတွေ လျှောက်ပြောနေတယ်အေ၊ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်ကုန်ဦးမယ်၊ နောင်ဆို ဘယ်သူလာလာ အရင်မေးဦး၊ မမေးမစမ်းဘဲနဲ့ တော်ကြာ လူလိမ်လူညာ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ”

“ဟုတ်တယ်နော်၊ သမီး နောက်ကို ဆင်ခြင်ပါ့မယ် အမေရယ်၊ သမီးစိတ်ထဲမှာ ကိုဝေမိုးအမျိုးတစ်ယောက်လို့ ထင်ထားလို့ပါ”

ခင်မာကြူက သူ့အမှားအား ဝန်ခံရင်းဖြင့် ကျောင်းကြိုလာသော သမီးအား ရေချိုးပေးရန် ခေါ်ဆောင်သွားတော့သည်။

“ညည်းသမီး ကျောင်းမှာငိုလို့တဲ့အေ၊ သူ့ဆရာမက အမေ့ကိုပြောပြတယ်”

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား သမီး၊ ဘာဖြစ်လို့ ငိုတာလဲ"

"မီးကို မခံချင်အောင် စလို့ပါ မေမေ၊ သူတို့က ပြောကြတယ်၊ မီးမှာ အဖေမရှိဘူးတဲ့၊ ဟုတ်လား မေမေ"

ခင်မာကြူသည် စိတ်ထဲတွင်ဝမ်းနည်းသွား၏။ ဝေမိုးအောင်မရှိခြင်း ဂယက်က သူ့တွင်မက သမီးကိုပါ ထိခိုက်လာရသည်။ ဤသို့ဖြစ်ရခြင်း၏ တရားခံမှာ ဦးကြည်ဖြူကြောင့်ဆိုက မမှားပေ။ သည်တော့ ဦးကြည်ဖြူသည် ခင်မာကြူအမုန်းဆုံး ယောကျ်ားတစ်ယောက်ဖြစ်သွား၏။

"ဟင်.....ဟုတ်လားလို့"

သမီးကထပ်မေးမှ ခင်မာကြူလည်း အတွေးကိုရပ်လိုက်ပြီး သမီးငယ်၏ ဆံပင်လေးများကို ပွတ်သပ်၍ ပြောပြရတော့သည်။

"မဟုတ်ပါဘူးကွယ်၊ သမီးလေး ဖေဖေက ရှိပါတယ်၊ အဝေးကြီးမှာ အလုပ်သွားလုပ်နေတာပါ"

"ဒါဆို ပြန်မလာသေးဘူးလား မေမေ"

သမီး၏စကားက ခင်မာကြူအတွက် စိတ်မကောင်းဖြစ်သွားစေရ ၏။ သည်တော့ သမီးဖြစ်သူအား ရင် ခွင်ထဲ ထွေးဖက်၍ မျက်ရည်ဝဲမိတော့ သည်။ ပြီးမှ ရေစတင်ချိုးပေးလိုက်၏။

"အင်း.....ညည်းမလည်း အမေ တစ်ယောက် ရှိနေသေးလို့နော်၊ မောင်ဝေမိုးကို လွှတ်လိုက်တာ သမီးအမှားပဲ၊ အမေတားနေတဲ့ကြားက လောဘတက်မိတာကိုး"

"ဘဝမှာ ပြီးပြည့်စုံချင်လို့ပါ အမေရာ၊ သမီးလည်း အခုလိုဘဝမျိုး ရောက်မယ်ဆိုရင် ဘယ်လွှတ်ပါ့မလဲ၊ အခုတော့ လင်လည်းဆုံး၊ ငွေလည်းမရဖြစ်ခဲ့ရတယ်၊ ဘယ်တတ်နိုင်မလဲနော်၊ မိကြူ့ဘဝကံမကောင်းခဲ့လို့ပဲ ပေါ့"

ဒေါ်တင်ကြည်က မျက်စောင်းနှင့် အတူ အိမ်ပေါ်သို့ ပြန်တက်သွားတော့၏။ ခင်မာကြူမှာဖြင့် ယောကျ်ားအား သတိရစိတ်နှင့်အတူ နာကြည်းခြင်း သင်္ကေတတစ်ခုအား လှစ်ပြလိုက်မိ၏။

✦✦✦

"ရှင်တွေ့တာ သေချာတယ်နော် ကိုနန်းအောင်"

"သိပ်သေချာတာပေါ့ဗျာ၊ ဒါကြောင့်မို့ မကြူသွားချင်ရင် လိုက်ပို့ဖို့ အဆင်သင့်ပါဗျား"

ခင်မာကြူသည် ကိုနန်းအောင်အား မယုံရဲသဖြင့် မလိုက်ဝံ့ပေ။ သို့ပေမယ့် လိုက်ရန်လည်း ဆန္ဒရှိနေပြန်၏။

"ဘာလဲ မကြူက ကျုပ်ကိုမယုံလို့လား"

"မဟုတ်ပါဘူးရှင်၊ ကျွန်မသွားရင် ကလေးနှစ်ယောက်နဲ့ အမေ့ကို စိတ်မချလို့ပါ၊ နေ့ချင်းပြန်သွားလို့မရဘူးလားရှင်"

ဘဝမှာ
ပြီးပြည့်စုံချင်လို့ပါ
အမေရာ၊ သမီးလည်း
အခုလိုဘဝမျိုး
ရောက်မယ်ဆိုရင်
ဘယ်လွှတ်ပါ့မလဲ၊
အခုတော့
လင်လည်းဆုံး၊
ငွေလည်းမရ
ဖြစ်ခဲ့ရတယ်၊
ဘယ်တတ်နိုင်မလဲနော်၊
မိကြူ့ဘဝ
ကံမကောင်းခဲ့လို့ပဲပေါ့
...

www.burmeseclassic.com

www.burmeseclassic.com



“နေ့ချင်းပြန်သွားလို့မှ မဖြစ်နိုင်တာဗျာ၊ ခရီးကဝေးတယ်၊ အနည်းဆုံး အသွားအပြန် သုံးရက်ကြာလိမ့်မယ်”

“ခက်တာပဲရှင်”

နန်းအောင်က စဉ်းစားနိုင်ရန် ပြောလိုက်ပြန်၏။

“ပြန်လာရင် မကြူက ငွေထုပ်ပိုက်ပြီး ပြန်လာရမှာနော်၊ ခင်ဗျား တောင်းသလောက်ကို သူတို့ပေးနိုင်တယ်၊ ဒါဟာ လျှို့ဝှက်ကိစ္စဆိုတော့ ပေါက်ကြားရင် သူတို့ ထောင်နန်းစံရမှာပဲ၊ သိပ်ပြီး တွေးမနေပါနဲ့ဗျာ၊ လမ်းစရိတ်နဲ့ စားစရိတ် တစ်သိန်းလောက် ပါရင် ရတယ်”

ခင်မာကြူအတွက် ငွေတစ်သိန်းမှာ မည်သည့်နေရာမှ ရှာရမည်မဟုတ်ပေ။ သူမလက်ထဲတွင် သောင်းဂဏန်းလောက်သာရှိ၏။ ဒေါ်တင်ကြည်တွင်လည်း ရှိမည်မဟုတ်ပေ။

“ကြူကြူ ငွေရှာပြီးမှ အကြောင်းပြန်မယ်လေ၊ နော်...ကိုနန်းအောင်”

“မြန်မြန်တော့ရှာဗျာ၊ တော်ကြာ တစ်နေရာရာပြောင်းသွားမှ လက်မှိုင် ချပြန်လာနေရမယ်”

“ရှင်ကလည်းနော် မသွားရသေးဘူး၊ ပါးစပ်ပုပ်ကြီးနဲ့ မပြောပါနဲ့၊ ဒီမှာ တစ်ရက်ပဲစောင့်ရှင်၊ တစ်ရက်ပဲ”

ခင်မာကြူလည်း မခံချင်စိတ်ဖြင့် ပြောချလိုက်သည်။ ထို့နောက်တွင် နန်းအောင်ပြန်သွားပြီးမှ ငွေရနိုင်မည့်နည်းလမ်းကို ရှာကြံရတော့၏။ ခင်မာကြူက ဦးကြည်ဖြူအား သတိရသွား၏။ ကောင်းသောသတိရခြင်းမျိုးမဟုတ်ဘဲ ဒုက္ခပေးမည့် သတိရခြင်းမျိုးသာဖြစ်နေသည်။

“စိတ်တော့မကောင်းပါဘူး ဦးဖြူရယ်၊ ဒီတစ်ခါတော့ ရှင်ကိုယ်တိုင် လိုလိုလားလားပေးရအောင် လုပ်မှာပါရှင်၊ ဟင်း.....ဟင်း.....ဟင်း”

ခင်မာကြူသည် ရုတ်တရက်ပေါ်လာသည့် အကြံအစည်အတိုင်း အကောင်အထည်ဖော်ရန် စိတ်ကူးပုံဖော်နေတော့၏။ ဦးကြည်ဖြူအား ထိုသို့ပြုလုပ်မှပင် ရမည်မှန်း သိနေသည်။ နန်းအောင်ပြောပြသည့်စကားကို စဉ်းစားမိပြန်တော့ ဒေါသဖြစ်စရာကောင်းနေ၏။ ရင်ထဲတွင် မကျေနပ်စိတ်ဖြင့် ဖြစ်နိုင်လျှင် အခုချက်ချင်း သွားလိုက်ချင်သည်။ ခင်မာကြူ၏အခက်အခဲမှာ



www.burmeseclassic.com

လက်ထဲတွင် ငွေပြတ်နေခြင်းပင်။ ပတ်ဝန်းကျင်တွင် ယူထားသည့်အကြွေးက များနေ၍ မည်သူမျှ သူမအား ချေးငှားမည်မဟုတ်ပါ။

"ဦးဖြူကို ဖုန်းနဲ့ဆက်သွယ်မှပဲ၊ ဒါမှ မနက်ဖြန် ငါအဆင်ပြေမှာ၊ သူလည်း ငွေရှာဖို့ အချိန်ရတာပေါ့ လေ"

အရေးထဲ ဖုန်းငွေဖြည့်ကတ်က ကုန်နေ၍ PCO ဖုန်းဆိုင်သို့ ပြေးဆက်ရ၏။ ခင်မာကြူက သူမဖုန်းနှင့်မဆက်သောကြောင့်လားမသိပေ။ ဦးကြည်ဖြူက ချက်ချင်းပင် ဖုန်းကိုကိုင်၏။

"အမိန့်ရှိပါ ခင်ဗျာ၊ ဦးကြည်ဖြူ စကားပြောနေပါတယ်"

ခင်မာကြူသည် နားရွက်ပေါ်မှ ဆံစများကို နားရွက်နောက်သို့ ညှပ်လိုက်ပြီး ချိုသာသောအသံဖြင့် ပြောလိုက်၏။

"ဦးဖြူ မိကြူပါ"

ဦးကြည်ဖြူတစ်ယောက် အံ့ဩသွားပြီထင့်။ စကားသံထွက်မလာပေ။ ပြီးမှ.....

"ပြော၊ ငါ အချိန်မရဘူးနော်"

"ဒီလိုပါ ဦးဖြူရယ်၊ အငယ်လေး နေမကောင်းဖြစ်လို့ ဆေးရုံတင်ရမယ်၊ မိကြူမှာ ငွေမရှိဘူး ဦးဖြူ၊ ဒါကြောင့် မို့ မိကြူကို ကယ်ပါရှင် နော်...ဦးဖြူ"

ခင်မာကြူ၏ တောင်းတောင်းပန်ပန်စကားနှင့် ငိုသံနှော၍ ပြောလိုက်ပုံကြောင့် ဦးကြည်ဖြူမှာ ယုံကြည်သွားပုံရ၏။

"နင့်ကလေးက ဘာရောဂါဖြစ်လို့လဲ"

"ဟို.....ဟို သွေးလွန်တုပ်ကွေး ပါရှင်၊ ဆေးရုံမှာ ပျောက်တဲ့အထိ နေရမယ်တဲ့၊ အခုလည်း အန်လိုက်တာ ကော်ဖီရောင်တွေရှင့်၊ တစ်ကိုယ်လုံး နီနီအစက်တွေလည်း ထွက်နေတယ်၊ ကိုယ်တွေပူပြီး သတိမေ့သွားတယ် ဦးဖြူ၊ ကျွန်မကလေး သေတော့မလား မသိပါဘူး၊ သူ့အဖေရှိနေရင် သိပ်ကောင်းမှာပဲ ဦးဖြူရယ်"

ခင်မာကြူက တမင်ပင် ဦးကြည်ဖြူ သတိရသွားစေရန် ဝေမိုးအောင်၏

ပေးတယ် ခင်မာကြူ၊ အေး.....ဒါပေမဲ့ ငါ့အပေါ် ခြိမ်းလားခြောက်လား တော့ လာမလုပ်နဲ့၊ တစ်ပြားမှမပေး ဘူး"

ခင်မာကြူသည် ဖုန်းပြောရင်း မျက်စောင်းကို ပစ်ထိုးလိုက်၏။ သို့ပေမယ့် ငွေရတော့မည်ဆို၍ စိတ်မဆိုးရဲပေ။ အချိုသာဆုံးအသံဖြင့် ကျေးဇူးတင်ကြောင်း ပြောမိ၏။

"ဟုတ်ကဲ့ ဦးဖြူ၊ မိကြူ အခုပဲ လာပါ့မယ်နော်"

အသွားအပြန် တက္ကစီခတော့ အကုန်ခံလိုက်ရသည်။ ဦးကြည်ဖြူထံ သို့ ရောက်သည့်နောက် ဦးကြည်ဖြူက

**ဘုရားပွဲထွက်တယ်ဆိုပြီး**
**ဦးစံမြသမီးလို မလုပ်နဲ့၊**
**ဗိုက်ထွက်လာမှ သူ့အကောင်နဲ့**
**တည်းခိုခန်းသွားအိပ်နေမှန်းသိတယ်လေ၊**
**ဟိုက လွတ်လပ်သူမို့ တော်သေးတယ်...**

အမည်ကို ထည့်ပြောလိုက်သည်။

"ဒါဆို နင့်ကလေး အရေးကြီးနေပြီ၊ အခုပဲ ငွေလာယူလိုက်"

"ဟုတ်..ဟုတ်ကဲ့ ဦးဖြူ၊ ကျေးဇူးတင်ပါတယ်ရှင်"

"မြန်မြန်လာယူတော့၊ အခုလို အရေးကြုံရင် ငါကကြည်ကြည်ဖြူဖြူ

ကလေးအတွက် ငွေတစ်သိန်းခွဲ ထုတ်ပေးခဲ့၏။ ခင်မာကြူအဖို့ ဝမ်းသာလိုက်သည့်ဖြစ်ခြင်းပါ။ ဦးကြည်ဖြူအား ထိုင်ကန်တော့ချင်လောက်အောင် ကျေးဇူးတင်သွား၏။

"ဒီငွေက ကလေးအတွက်နော်၊ ငွေနဲ့ အသက်ကယ်[illegible] ခင်မာကြူ၊

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်လေးတွေဆိုတာ အပြစ်ကင်းတဲ့သူလေးတွေပါ၊ ကဲ.....ညည်းလည်း မြန်မြန်ပြန်တော့''

''ဟုတ်ကဲ့ ဦးဖြူ၊ ဟုတ်ကဲ့ပါ''

ဦးကြည်ဖြူသည် ခင်မာကြူအား ကားထွက်သည်အထိ ရပ်ကြည့်နေခဲ့၏။ တစ်ခါမျှ ထိုသို့ဂရုစိုက်ခြင်းမျိုး မရှိခဲ့၍ ခင်မာကြူမှာ အံ့သြနေမိ၏။



+++

''ဒီည ၉ နာရီကားနဲ့ မန္တလေးကိုသွားရမယ် မကြူ၊ လက်မှတ်ဝယ်လာတယ်၊ ခင်ဗျား အဆင်သင့်လုပ်ထားပေတော့''

''အင်း.....လမ်းစရိတ်ငွေရပြန်တော့ အမေက ခွင့်ပြုပါ့မလားမသိဘူး။ မတတ်နိုင်ဘူးလေ၊ တစ်မျိုးလှည့်ပြောရတော့မှာပဲ''

နန်းအောင်က လက်မှတ်ကိုပြ ရင်း ခင်မာကြူအား ခရီးအတွက် ပြင်ဆင်ထားရန် အသိပေးလာ၏။ ပြီးတော့.....

''အခုကတည်းက မကြူကို ပြောထားရဦးမယ်နော်၊ ဟိုကငွေရရင် ကျုပ်ကို ပါဆင်းနိုတ်နဲ့ ပေးရမယ်''

''ရှင်ကလည်း ငွေက ဘယ်ဆီနေမှန်းမသိသေးဘူး။ လောဘကတက်နေပြန်ပါပြီ''

''အခုရှင်းမှ နောင်မရှုပ်တော့မှာပေါ့ဗျ။ ကျုပ်လည်း မအားတဲ့ကြားက လိုက်ပို့ရတာလေ၊ ကျုပ်မှာလည်း မိသားစုနဲ့ဗျာ''

''ကဲပါရှင်.....စိတ်ချပါ၊ ရှင်ပြောသလိုပါပဲ၊ ဒါဆို ကျွန်မက ဘယ်ကိုလာခဲ့ရမှာလဲ''

''အဝေးပြေးဂိတ်ကို ၈ နာရီခွဲအရောက်လာဗျာ၊ ကားလမ်းပိတ်တတ်တော့ ၇ နာရီလောက် ထွက်ခဲ့ပေါ့၊ ကိုယ်က ကြိုရောက်နှင့်နေတာ ပိုပြီးကောင်းတယ်''

နန်းအောင်က လွယ်လွယ်ပြောနေသော်လည်း ခင်မာကြူမှာ ထိုသုံးရက်ခရီးအတွက် ကြံရဖန်ရပါဦးမည်။ နန်းအောင်ပြန်သွားပြီး မကြာခင်တွင် ဒေါ်တင်ကြည်လည်း တစ်ဖက်အိမ်မှ စကားစမြည်ပြောပြီး၍ အိမ်သို့ပြန်လာသည်။ နန်းအောင်လာသည်ကိုပင် မသိခဲ့ပေ။

''ကိုနန်းအောင်လာတာကို အမေမတွေ့တာ ငါ့အတွက် ပိုကောင်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ အမေက ငါ့ကို တစ်မျိုးထင်သွားရင် ဒုက္ခ၊ အင်း.....ဘယ်လို အကြောင်းပြရပါ့မလဲနော်"

ခင်မာကြူသည် ထမင်းပွဲပြင်ရင်း အကြံထုတ်နေမိ၏။ ထမင်းဝိုင်းတွင် ထမင်းထိုင်စားနေသော်လည်း သူမ၏ စိတ်က တခြားရောက်နေပြန်သည်။

"ဟဲ့...သမီး ထမင်းစားတာနည်းလှချည်လား၊ တော်ပြီလားအေ"

ညနေ ၆ နာရီထိုးခါနီးပေပြီ။ အချိန်နီးလေ ခင်မာကြူမှာ ရင်တုန်လေဖြစ်နေ၏။ အိမ်မှ ၇ နာရီထွက်ရမည်ဆိုသည့်အသိကြောင့် ထမင်းကို



ဖြောင့်အောင်မစားနိုင်ပေ။

"တော်ပြီ အမေ၊ အချိန်မရတော့ဘူး"

"အချိန်မရလောက်အောင် ညည်းက ဘယ်ကိုသွားဦးမှာလဲ"

"မိတူးတို့နဲ့ ကျိုက်ထီးရိုးဘုရားဖူးသွားမလို့ပါ၊ ညနေက တစ်ခုံစာပို လို့ သမီးကို ပြောထားတယ်၊ အဲဒါ ဒီ ည ၇ နာရီ ကားထွက်မယ်တဲ့"

ဒေါ်တင်ကြည်သည် ဘဝင်မကျသည့်ပုံဖြင့် မျက်မှောင်ကုတ်ကြည့်နေ၏။ ခင်မာကြူလည်း မလုံမလဲစိတ်ဖြင့် ယုံကြည်စေရန် ထပ်ပြောလိုက်သည်။

"ဒီနေ့ သောကြာနေ့လေ အမေ၊ ကလေးလည်း ကျောင်းပိတ်တယ်၊ ဒီတော့ သမီးလိုက်သွားမယ်နော်"

"အေး...သွားရင် ကိုယ့်ကလေးနှစ်ယောက်ကိုပါခေါ်သွား၊ ကျုပ်မထိန်းနိုင်ဘူး"

"ကလေးတွေနဲ့ ဘယ်ဖြစ်ပါ့မလဲ အမေရယ်၊ ခရီးကပန်း၊ နေကပူနဲ့၊ ဖျားနာကုန်မှာပေါ့"

ဒေါ်တင်ကြည်က ခင်မာကြူအား မျက်စောင်းကြီးထိုးလိုက်၏။ အခြေအနေကောင်းပြီဖြစ်၍ ခင်မာကြူလည်း ရေချိုးရန်အသွားတွင်.....

"ညည်းနော် ဘုရားဖူးထွက်တယ်ဆိုပြီး ဦးစံမြသမီးလို မလုပ်နဲ့၊ ဗိုက်ထွက်လာမှ သူ့အကောင်နဲ့ တည်းခိုခန်းသွားအိပ်နေမှန်းသိတယ်လေ၊ ဟိုက လွတ်လပ်သူမို့ တော်သေးတယ်၊ ညည်းမှာ လင်ရှိတာမဟုတ်ဘူး"

"အမေကလည်း.....မဟုတ်တာ ပြောတော့မယ်"

ခင်မာကြူလည်း ခရီးထွက်ရန် အလျင်အမြန် ပြင်ဆင်နေတော့၏။ ဒေါ်တင်ကြည်မှာ တဖျစ်တောက်တောက်နှင့် ဆူနေတော့သည်။

"အနေအထိုင် ဆင်ခြင်နော်၊ ပတ်ဝန်းကျင်က အပြစ်ပြောလာရင် ကိုယ်ပဲ နာမည်ပျက်ကျန်ခဲ့မှာ၊ အခုခေတ်က ပျက်စီးလွယ်တတ်တယ်၊ ကိုယ့်ဘဝကို ကိုယ်သိ၊ ဒါပဲကျုပ်ပြောမယ်အေ"

ခင်မာကြူမှာဖြင့် သူ့မျှော်မှန်းချက် ပြည့်ပြီဖြစ်၍ အိမ်မှအမြန်ဆုံးထွက်ခွာနိုင်ရန်သာ ဆန္ဒရှိနေ၏။ သည်တော့ ဒေါ်တင်ကြည်ပြောသောစကားများအား မကြားနိုင်တော့ပေ။

"အမေ ဒီမှာ အမေနဲ့ ကလေးတွေအတွက် သုံးဖို့ ငွေနှစ်သောင်းပါ၊ ဟန်းဖုန်းလည်း ထားခဲ့မယ်နော်၊ အရေးအကြောင်းဆိုရင် သမီးက လှမ်းဆက်နိုင်အောင်လို့ပါ၊ ပြီးတော့ တောင်ပေါ်မှာ ဟန်းဖုန်းပြောလို့ လိုင်းမိချင်မှ မိမှာတဲ့"

ငွေနှစ်သောင်းမြင်သည့်နောက် ဒေါ်တင်ကြည်က စိတ်ပြောင်းသွားတော့၏။ ဟန်းဖုန်းပါ ထားခဲ့သည့်အတွက် သမီးဖြစ်သူကို ယုံကြည်စိတ်ဖြစ်သွားပုံပါ။

"အေးလေ၊ ဟိုကို စိတ်ချလက်

www.burmeseclassic.com

www.burmeseclassic.com


ချသာ သွားပါကွယ်၊ သမီးက အလွန်ဆုံး နှစ်ညအိပ် သုံးရက်ခရီးမဟုတ်လား''

''ဟုတ်ပါတယ် အမေ''

''အေး.....အေး၊ အမေက ဖူးချင်ပေမယ့် ဒူးမကောင်းလို့ လျှောက်နိုင်မှာမဟုတ်ပါဘူးအေ၊ အဲဒီမှာ အဆစ်အမြစ်လိမ်းဆေးရှိတယ်၊ ဝယ်လာခဲ့နော်၊ ညည်းသမီးတွေ မသိခင်သာ ထွက်တော့၊ တော်ကြာ ကလေးတွေ မြင်ရင် မလိုက်ရလို့ ငိုနေကြဦးမယ်''

''ဟုတ်ကဲ့ အမေ၊ သမီးသွားပြီနော်''

ခွင့်ပြုချက်ရသည်နှင့် ခင်မာကြူမှာ ဖောင်းမှလွတ်သည့် မြင်းပမာ တစ်ဟုန်ထိုး ပြေးထွက်သွားတော့၏။

+++

''ဒီမှာ.....မကြူ၊ ဒီမှာဗျ''

မန္တလေးသွားမည့်ကားဂိတ်ရှိရာသို့အလာ၌ နန်းအောင်က ကြိုတင်ရောက်နှင့်နေ၏။ ခင်မာကြူအား စောင့်နေသည့်နေရာမှ လှမ်းခေါ်လိုက်ရာ ခင်ခင်မာကြူလည်း နန်းအောင်ရှိရာသို့ လျှောက်သွားတော့သည်။

''တစ်ခုခုစားပါဦးဗျာ၊ လမ်းမှာဆာနေမှာပေါ့''

''ဒါဆို လက်ဖက်ရည်သောက် ရင်ကောင်းမယ်ထင်တယ်''

''ကောင်းတာပေါ့ဗျာ၊ လမ်းရောက်လို့ နားတဲ့အချိန်အထိ အဆာခံတာပေါ့၊ ပေး.....မကြူအိတ်ကို၊ ကားပေါ်သွားတင်ထားလိုက်မယ်''

ပြီးမှ နှစ်ဦးသား နီးရာလက်ဖက်ရည်ဆိုင်သို့ သွားထိုင်ကြ၏။ ကားပေါ်တွင် ကုန်တင်ရန် အချိန်ကိုစောင့်နေရသည့်အတွက် အများနည်းတူ လက်ဖက်ရည်ဆိုင်တွင် အချိန်ဖြုန်းနေလိုက်ရသည်။

ဆယ့်ငါးမိနစ်ခန့်ကြာသည့် နောက်ခင်မာကြူက ကားပေါ်သို့ တက်ရန်နန်းအောင်ကို ပြောလိုက်၏။

''ကျွန်မ ကားပေါ်တက်နေနှင့်မယ် ကိုနန်းအောင်၊ ဒီမှာထိုင်နေရင် အသိတစ်ယောက်ယောက်တွေ့သွားမှတစ်မျိုးထင်သွားဦးမယ်၊ အဲဒါမှ ရှင်းမရအောင် ရှုပ်ကုန်မှာ''

''မကြူသဘောပါဗျာ''

ငွေတစ်သိန်းကျော်ပါသော ပိုက်ဆံအိတ်လေးကို လက်တွင်ဆုပ်ကိုင်၍ ခင်မာကြူက ကားပေါ်သို့ တက်နှင့်လိုက်သည်။ ပြတင်းဘေးရှိ ထိုင်ခုံတွင်နေရာဝင်ယူလိုက်ပြီး စဉ်းစားနေပြန်၏။

''သြော်.....တစ်လမ်းလုံး သူနဲ့ငါတွဲထိုင်သွားရမှာ အမြင်သင့်ပါ့မလား၊ နန်းအောင်က အခွင့်အရေးယူရင် ဒုက္ခပဲ၊ ပြီးတော့ ခရီးသည်တွေက သူနဲ့ငါ့ကို ဘယ်လိုထင်သွားကြမလဲ၊ စိတ်ညစ်လိုက်တာနော်၊ ခုံနေရာ တစ်နေရာစီ ယူတာမဟုတ်ဘူး၊ အင်း.....ယောကျ်ားတွေများ အသားယူချင်စိတ်



က များတတ်ကြပါလားနော်''

ခင်မာကြူဘက်က ရှောင်ရှားနိုင်ရန်အတွက် နန်းအောင် မလာခင်တွင် သူမ၏ ထိုင်ခုံဝန်းကျင်အား အကဲခတ်လိုက်သည်။ မိန်းကလေးတစ်ယောက်တည်း ထိုင်နေသည်ကိုတွေ့ရ၍ မိတ်ဖွဲ့စကားပြောလိုက်၏။

''ညီမက တစ်ယောက်တည်းလားဟင်''

''ဟုတ်ကဲ့''

ကောင်မလေးက ရှုံ့မဲ့မဲ့ဖြင့်ဖြေသည်။ ခင်မာကြူနှင့် စကားပြောနေသည့်အချိန်တွင် အမျိုးသားကြီးတစ်ဦးက ကောင်မလေးဘေးတွင် ဝင်ထိုင်ရန် ခုံနံပါတ်မေးနေရာ.....

''တစ်ယောက်တည်းဆိုရင် ဒီနေ

www.burmeseclassic.com

www.burmeseclassic.com

ရာကို ပြောင်းလာပါလားကွယ်၊ အစ်မက အဖော်အမျိုးသားနဲ့ ခရီးအတူမသွားချင်လို့၊ သူ့ကို ညီမလေးနေရာကိုပို့ချင်လို့ပါ''

ကောင်မလေးမျက်နှာမှာ ဝင်းလက်သွား၏။ ချက်ချင်းပင် သူမ၏ပစ္စည်းအိတ်ကို စင်ပေါ်မှချ၍ ခင်မာကြူရှိရာသို့ ရောက်လာ၏။

''တော်ပါသေးရဲ့ အစ်မရယ်၊ စိုးကတစ်လမ်းလုံး ဟိုလူကြီးနဲ့ အတူတူနေရမှာကို စိတ်ညစ်နေတာပါ၊ ကျေးဇူးပဲနော်''

''ရပါတယ်ကွယ်''

ခင်မာကြူလည်း စိတ်ချမ်းသာသွား၏။ တစ်ဆက်တည်းပင် ခုံနေရာလိုက်ချပေးနေသော စပယ်ယာကိုပါ ပြောပြလိုက်သည်။

''အစ်မတို့ အဆင်ပြေရင် ပြီးတာပဲဗျာ''

ကားထွက်ရန် ရှစ်မိနစ်အလိုတွင် နန်းအောင်ရောက်လာ၏။ ခင်မာကြူက ကောင်မလေးနှင့် နေရာပြောင်းထိုင်လိုက်ကြောင်း ပြောပြလိုက်ရာ မျက်နှာပျက်သွားသော်လည်း 'ရပါတယ်ဗျာ'ဟုဆို၏။ ဘာပဲပြောပြော ခင်မာကြူမှာ တွေ့ကြုံရမည့်အခက်အခဲအား အဆင်ပြေသွားရန် ဖြေရှင်းနိုင်ခဲ့သည်။

ကားထွက်သည့်နောက် အိမ်ကိုသတိရစိတ်ဖြစ်သွားသော်လည်း ခဏတာခွဲခွာခြင်းသာဖြစ်၍ ဘဝအဆင်ပြေရေးအတွက် စွန့်လွှတ်နိုင်ရမည်ဟု စိတ်မှာတင်းထားမိ၏။ ဘေးမှကောင်မလေးနှင့် စကားတပြောပြောနှင့်အပျင်းပြေသော်လည်း ထောက်ကြန့်ကျော်သည့်နောက် ကောင်မလေးလည်း စောင်ကို တစ်ကိုယ်လုံးပတ်ခြုံ၍ အိပ်နေတော့၏။ ခင်မာကြူမှာဖြင့် အေးသည့်ဒဏ်ကို မကာကွယ်နိုင်ပေ။

''ဒီလိုမှန်းသိရင် အနွေးထည်ယူလာပါတယ်၊ ဒုက္ခပဲ၊ ငါက ချမ်းတတ်တာနဲ့၊ ဘယ်လိုလုပ်ရပါတော့မလဲ''

အဲယားကွန်းကြောင့် အချမ်းဒဏ်ကိုကာကွယ်ရန် မည်သို့လုပ်ရမည်မသိတော့ပေ။ ကောင်မလေးကဖြင့် သိုးမွေးဦးထုပ်ကိုပါ ဆောင်းထားလိုက်သေးသည်။

''ဩော်...ဒီလိုမှန်းသိရင် အဝေးပြေးဂိတ်မှာကတည်းက ခြုံစောင်ဖြစ်ဖြစ်၊ အနွေးထည်ဖြစ်ဖြစ် ဝယ်ခဲ့မှာပေါ့၊ ကိုနန်းအောင်က ငါ့ကို ဘာမှမပြောတော့ ငါလည်း မသိဘူးပေါ့''

အတွေးထဲတွင် အိမ်ရောက်သွားပြန်၏။ အခုအချိန်တွင် အမေနှင့်သမီးနှစ်ယောက်တို့ အိပ်စက်နေကြပါလိမ့်မည်။ ကလေးငယ်လေးက သူမကိုမတွေ့ရ၍ ငိုနေမည်ထင်၏။ အမေသိပ်မှ အိပ်တတ်သူပါ။

''သမီးငယ်လေး အိပ်ပျော်ပြီလား၊ ဖုန်းဆက်ကြည့်ချင်လိုက်တာနော်''

တချို့က ကားထွက်သည်နှင့် ပတ်သက်ရာပတ်သက်ကြောင်းထံသို့ ဖုန်းဆက်ပြောကြ၏။ ခင်မာကြူတွင်ရှိသော လဆိုင်းသွင်းရသည့် နှစ်သိန်းတန်ဖုန်းလေးမှာ အလုပ်ရှုပ်၍ ထားခဲ့ခြင်းဖြစ်သည်။ ဦးကြည်ဖြူပေးလိုက်

**ရှင်က မယားအသစ်နဲ့ ပျော်နေတော့**

**ဒီကမယားအဟောင်းကို နင်ပြီပေါ့နော်၊ ရှင် မတရားဘူး၊**

**ဆိုင်ကယ်မှောက်ပြီးသေတာ ရှင်မဟုတ်မှန်း ကျွန်မ သိတယ်ရှင့်၊**

**ဒါပေမဲ့ ဦးဖြူကိစ္စကြောင့် ရှင်ပါလို့ ဝန်ခံခဲ့ရတယ် ...**

www.burmeseclassic.com

www.burmeseclassic.com


သောငွေထဲမှ ငါးထောင်တန်ငွေဖြည့်ကတ်ကို ဝယ်ထည့်ခဲ့၏။

ခင်မာကြူ၏ တောင်တွေးမြောက်တွေးဖြစ်နေသော အတွေးစိတ်ကို အချမ်းစိတ်က အနိုင်ယူသွားသည့်နောက် လက်လေးကိုပိုက်၍ မျက်စိ မှိတ်အိပ်နေလိုက်တော့သည်။

✦✦✦

ခင်မာကြူသည် နန်းအောင်ခေါ်ရာနောက်သို့ လိုက်နေရ၏။ မန္တလေးသို့ရောက်သည့်နောက် ချက်ချင်းပင် ကားငှား၍ မုံရွာဘက်သို့ ဆက်သွားကြသည်။ မုံရွာရှိ တည်းခိုခန်းတစ်ခုတွင်တည်းရန် ပစ္စည်းများထား၍ မုံရွာမြို့ထဲသို့ ထွက်ခဲ့ကြ၏။

"ဒီတိုက်က သူနေတဲ့တိုက်ပဲ မကြူ။ ဟင်း.....ဟင်း။ ခင်ဗျားနေအိမ်နဲ့တော့ တခြားစီပဲနော်၊ ဝင်သွားလိုက်လေ၊ ကျွန်တော် ဒီကားပေါ်မှာပဲ စောင့်နေမယ်"

အံ့ဩစရာပါ။ ခင်မာကြူသည် စိတ်ထဲတွင် ခံရခက်ခက်နှင့် ဒေါသလည်းဖြစ်မိ၏။ စိတ်မကောင်းလည်းဖြစ်နေသည်။ ငွေကြေးထောက်ပံ့ခြင်းမရှိဘဲ ဇာတ်မြှုပ်နေသူအား ခြေရာခံမိခြင်းက နန်းအောင်၏ကျေးဇူးကြောင့်ပါ။ ခမ်းနားကြီးမားသော တိုက်ကြီးကိုမော့ကြည့်၍ မျက်ရည်များပင် လည်လာရ၏။

"ချော့မော့ပြောနော်၊ ခင်ဗျားက သွားကြမ်းရင် ဘာမှရမှာမဟုတ်ဘူး၊ ဒီကောင်က လူလည်"

"ကျွန်မ သိပါတယ် ကိုနန်းအောင်"

ခင်မာကြူက မခံချင်စိတ်ဖြင့် တိုက်ဝတွင် ရပ်နေလိုက်သည်။ ခဏအကြာတွင် ခြံစောင့်ထွက်လာ၏။

"ဘာကိစ္စလဲ၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ဟိုလေ ဒီတိုက်ပိုင်ရှင်နဲ့ တွေ့ချင်လို့ပါ"

"ဘယ်သူ့ဧည့်သည်လဲ"

"ဦးဝေမိုးအောင်ရဲ့ ဧည့်သည်ပါရှင်"



"ဒါဆို ခင်ဗျား လိပ်စာမှားနေပြီ၊ ဒီမှာ ဦးဝေမိုးအောင်ဆိုတာ မရှိဘူးဗျ"

ခြံစောင့်က စိတ်မရှည်သည့်ပုံနှင့် ပြောပြီး လှည့်ထွက်မည်အပြုတွင်....

"ခဏလေးနေပါဦးရှင်၊ ကျွန်မ မေးချင်လို့ပါ"

"ဘာလဲ ပြော"

"ဒီတိုက်ပိုင်ရှင်က ဘယ်သူလဲဟင်"

"ဦးကျော်စွာသိန်း"

"ဟုတ်လား၊ အသက်ကြီးပြီလား"

"သူ့ငွေးက လေးဆယ်တောင် မပြည့်သေးဘူးဗျ"

"အိမ်ထောင်ရှိလားဟင်"

"ရှိတယ်၊ ဒေါ်စောဥမ္မာတဲ့၊ ခင်ဗျားက ဘာလုပ်မလို့ မေးနေတာလဲဗျ၊ သူတို့ဆီမှာ အိမ်အကူလျှောက်မလို့လား၊ မလိုဘူးဗျ၊ အားလုံးအပြည့်ပဲ၊ ကလေးထိန်းကအစရှိတယ်"

"ဟုတ်ကဲ့ရှင့်၊ ဒီလောက်သိရ တာ ကျေးဇူးပါပဲနော်"

သည်တော့ နန်းအောင်ရှိရာသို့ ပြန်သွားရတော့သည်။ အသက်ကို တိတိကျကျ မသိခဲ့ရပေမယ့် အမည်က လွဲနေ၏။ နန်းအောင်မှားခြင်းသာဖြစ်ပေမည်။ ထိုအကြောင်းကို နန်းအောင်အား ပြောပြလိုက်သည့်နောက်.....

"ကျွန်တော် သေသေချာချာ တွေ့ခဲ့တာဗျ၊ သူ့အမျိုးသမီးက ရွှေ

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ဖွင့်ထားတယ်၊ မုံရွာရောက်ရင်း အဲဒီရွှေဆိုင်ရှေ့က ရပ်ထားတဲ့ကားပေါ် တက်သွားတာ တွေ့လိုက်တာပဲ၊ ကားက ဟော.....ဟော ဟိုမှာထွက်လာပြီ အဲဒီကားပဲ မကြူ"

ခြံတံခါးဖွင့်ပြီး မောင်းထွက်သွားသောကားပေါ်သို့ အလုအယက်ကြည့်မိကြ၏။ အမျိုးသမီးတစ်ဦး လိုက်ပါသွားသည်ကို တွေ့ရ၏။

"အဲဒါ ဦးကျော်စွာသိန်းဇနီးပဲ ဖြစ်လိမ့်မယ် ကိုနန်းအောင်"

"ဟ.....ဒါဟာ အကွက်ကောင်းပဲ၊ တိုက်ထဲမှာ ဒီလူ ရှိကိုရှိရမယ်၊ ကဲပါဗျာ.....ကျွန်တော်ပါလိုက်မယ်၊ ဒါမှ ခြံစောင့်က တံခါးဖွင့်ပေးမှာပဲ"

နန်းအောင်နှင့်အတူ ဒုတိယအကြိမ် ရောက်သွားကြ၏။ သည်တစ်ခါတော့ နန်းအောင်က ဦးကျော်စွာသိန်းမိတ်ဆွေပါဟု တန်းပြောလိုက်ရာ တံခါးကို ဖွင့်ပေးသည်။

"စောစောကအမျိုးသမီးက ဦးကျော်စွာသိန်းဇနီးလားဟင်"

"ဟုတ်တယ်ဗျ၊ သူက ဒီအချိန် ဆိုင်ကိုသွားနေကျပဲ၊ သူဌေးက အိမ်ထဲမှာရှိတယ်၊ ညနေမှ လိုက်သွားတာပါ"

ခြံစောင့်က စောစောကလို မဟုတ်တော့ပေ။ တိုက်ထဲအထိ သူတို့ကို လိုက်ပို့ပေး၏။

"ခဏထိုင်ဦးဗျ၊ သူဌေးဆင်းလာလိမ့်မယ်၊ ကျုပ် ဖုန်းဆက်ထားပြီးပြီ"

တဆောင်တယောင်နှင့် ဖြစ်နေပြန်ရာ တခြားလူဖြစ်ပါက ရှက်ရက်နှင့် ပြန်လာရမည့်ကိန်းပင်။ စိတ်တထင့်ထင့်နှင့် စောင့်စားနေရာမှ အပေါ်ထပ်မှ တစ်လှမ်းချင်းဆင်းလာသော ခြေသံကို ကြားရ၏။ သို့ပေမယ့် ခင်မာကြူမှာလှည့်မကြည့်ရဲပေ။ နန်းအောင်က မတ်တတ်ရပ်၍ ခရီးဦးကြိုပြုလိုက်မှ ခင်မာကြူလည်း ကမန်းကတန်း ရပ်လိုက်၏။

"ထိုင်ကြပါဗျာ၊ ကျုပ်နဲ့တွေ့ချင်တာ ဘာကိစ္စလဲ"

အသံက ပြောင်းလဲခြင်းမရှိပေ။ ခင်မာကြူမှာ ဝမ်းသာသွားပြီး နောက်ဘက်သို့ လှည့်လိုက်၏။ ခင်မာကြူကို မြင်သည့်နောက် သူဌေးမှာ ထိတ်လန့်အံ့ဩသော အမူအရာဖြစ်သွား၏။ ဤသည်မှာ ဝန်ခံနေသည့်သဘောပါ။

"ယောက်ျား"

"မင်း...မင်း ကြူလေး၊ မင်း ဒီအထိ လိုက်လာတယ် ဟုတ်လား"

"ဒါပေါ့ ယောက်ျားရယ်၊ ရှင်က တစ်နေရာမှာ ခြေရာဖျောက်နေတာကို။ ကျွန်မနဲ့ ကလေးတွေကို ရှင်ပစ်ထားရက်တယ်နော်၊ ရှင့်သားသမီးတွေကို သတိမရတော့ဘူးလားဟင်"

နန်းအောင်က ပြုံးတွေတွေဖြင့် ဧည့်ခန်းထဲမှ ထွက်ပေးလိုက်၏။ ခြံထဲရှိထိုင်ခုံတွင်ထိုင်ရင်း သေချာသော အတွေးတစ်ခုဖြင့် လာရကျိုးနပ်သွားရသည်။

"ကြူလေး မင်း မြန်မြန်ပြန်ပါကွာ၊ တော်ကြာ ဥမ္မာသိသွားရင် အားလုံးရှုပ်ကုန်မယ်"

"ဩော်...ရှင်က မယားအသစ်နဲ့ ပျော်နေတော့ ဒီကမယားအဟောင်းကို နှင်ပြီပေါ့နော်၊ ရှင် မတရားဘူး၊ ဆိုင်ကယ်မှောက်ပြီးသေတာ ရှင်မဟုတ်မှန်း ကျွန်မ သိတယ်ရှင့်၊ ဒါပေမဲ့ ဦးဖြူကိစ္စကြောင့် ရှင်ပါလို့ ဝန်ခံခဲ့ရတယ်၊ ကျွန်မက ရှင့်ကို ယောက်ျားကောင်းတစ်ယောက်လို့ ထင်မိတာရှင့်"

ကျော်စွာသိန်းတစ်ဖြစ်လဲ ဝေမိုးအောင်က ခင်မာကြူအား နှုတ်ပိတ်ရန် အကြံရသွား၏။ တော်ကြာ ခင်မာကြူကြောင့် သူ၏လုပ်ရပ်များ ပေါ်ပေါက်သွားလျှင်ဖြင့် ခက်ပေမည်။

"ဒီမှာ ကြူလေး မင်းအတွက် ရင်းနှီးစားဖို့ ငွေပေးမယ်၊ ဒီအကြောင်းတွေကို ဘယ်သူမှ မသိပါစေနဲ့ကွာ၊ မင်း စိတ်တိုင်းကျ ငါပေးမယ်၊ ကျေနပ်တော့နော်"

ငွေရမည်ဆို၍ ခင်မာကြူမှာ စိတ်ထဲတွင် ဝမ်းသာသွား၏။ သို့ပေမယ့် မျက်ရည်ကျ၍ ဝမ်းနည်းကြောင်း မူယာမာယာပိုပြလိုက်ပြန်သည်။

"ဟင့်.....ဟင့်၊ ကြူကြူက လင်ယောက်ျားတစ်ယောက်လုံး ဆုံးရှုံးခဲ့ရတာပါနော်၊ ရှင့်သမီးလေးနှစ်ယောက်က ဖေဖေပြန်မလာသေးဘူးလားတဲ့၊ ကြူ့ကို အဆက်မသွယ်မလှည့် ရှင်ဖြတ်ထားရက်တယ်နော်၊ ရှင်မရှိတော့

www.burmeseclassic.com

www.burmeseclassic.com





ကြူတို့သားအမိတွေ ဘယ်လောက် အားငယ်ခဲ့ရသလဲ၊ အမေရှိနေလို့တော် သေးတာပေါ့ ယောက်ျားရယ်''

ဝေမိုးအောင်၏မျက်နှာမှာ အရင် လိုမဟုတ်တော့ပေ။ တသွေးတမွေးနှင့် အပြောင်းလဲကြီး ပြောင်းလဲနေ၏။ ခင် မာကြူမှာဖြင့် နေထိသော ဆံပင်နီ ကြောင်ကြောင်နှင့် နေလောင်သော မျက်နှာကြောင့် တင်းတိပ်ဖရပျစ်က စောဥမ္မာနှင့် ဆီနှင့်ရေပမာ ရှိနေ၏။

''မင်းရဲ့တည်းခိုခန်းကို ငွေလာ ပို့နိုင်းလိုက်မယ်၊ မနက်ဖြန် ၁၀ နာရီ တိတိ စောင့်နေ၊ ဘယ်မှာတည်းလဲ''

ခင်မာကြူက သူတို့တည်းခိုသည့် နေရာကို ပြောပြလိုက်၏။ ဝေမိုးအောင် သည် သူမအား မေတ္တာကုန်ခန်းသွား ပုံပါ။ ကြင်နာမှုမပါသော စကားများဖြင့် သာ ပြောနေတော့သည်။

''ဒါနဲ့ စောစောက မင်းနဲ့ပါလာ တဲ့သူက ဘယ်သူလဲ''

''အဲဒါ ရှင့်မိတ်ဆွေဆို၊ ကြူ့ဆီ လာပြောပြလို့ ကြူလည်း သိခဲ့ရတာ ပါ၊ ယောက်ျားရဲ့မိတ်ဆွေ မဟုတ်ဘူး လား''

''ငါ့အသိထဲမှာ ဒီလိုပုံမျိုးမရှိဘူး ကြူလေး။ သတိတော့ထားနော်၊ သူက ရန်ကုန်ကပဲလား''

''ဟုတ်တယ်ရှင့်''

ဝေမိုးအောင်က တစ်စုံတစ်ရာကို တွေးလိုက်ပြီး သက်ပြင်းမောကိုချကာ ပြောလိုက်၏။

''မင်း ပြန်တော့ ကြူလေး။ မင်း အတွက် ငွေသိန်းတစ်ရာ ပို့ပေးလိုက် မယ်၊ ဘဏ်မှာထုတ်ရမှာဆိုတော့ မနက်ဖြန်မှ အဆင်ပြေမှာလေ၊ ပြီးတော့ နောက်ကို ငါ့ကိုလာမရှာနဲ့တော့၊ မင်း နဲ့ငါက ပြတ်စဲပြီးသား ဖြစ်သွားပြီ၊ အဲ ဒီငွေနဲ့သာ ရင်းနှီးစားကြတော့ ငါဟာ မင်းရဲ့ယောက်ျား မဟုတ်တော့ဘူး''

''ရက်စက်လိုက်တာ ယောက်ျား ရယ်''

ဝေမိုးအောင်သည် ထိုစကားဖြင့် အခုံးသတ်၍ အပေါ်ထပ်သို့ ပြန်တက် သွား၏။ သည်တော့မှ ခင်မာကြူလည်း မျက်ရည်များကိုသုတ်၍ ဝမ်းသာအားရ ပြန်ထွက်လာခဲ့သည်။ ငါးစိမ်းမြင်၍ ငါး ကင်ကိုပစ်သည်မှာ အဆန်းမဟုတ်ပေ။ သူမက မည်သို့ပင် ပြုမူပါစေ စိတ်ဝင် စားမည့်အလားအလာ မရှိတော့ပါ။

''ဪ.....ရှင်က ဒီရောက်နေ တာကိုး''

''ဘယ်လိုလဲ၊ အဆင်ပြေခဲ့ရဲ့ လား''

''မိကြူပါရှင်၊ အဆင်မပြေဘဲ နေ မှာတဲ့လား၊ ကဲပါ.....တည်းခိုခန်းကို ပြန်ကြရအောင်၊ ဟိုရောက်မှ ပြောပြ မယ်ရှင်''

ခင်မာကြူခေါ်ဆောင်ရာနောက်သို့ နန်းအောင်က လိုက်ပါသွားရတော့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က
ရဲအုပ် နန်းအောင်ပါ။
ခင်ဗျားကို
တည်ကြက်လုပ်ပြီး
တရားခံအစစ်ကို
ဖော်ထုတ်လိုက်တာပါ။
ခင်ဗျားက ကျုပ်ကို
တစ်ပတ်ရိုက်ပြီး
ယောက်ျားရဲ့
အကြံအစည်အတိုင်း
လှုပ်ရှားခဲ့တာကိုး။
အသက်မသေတာဘဲ
ကံကောင်းတယ်မှတ်ဗျာ
...

"ဟား.....ခင်ဗျားတော့ ပွတာပဲနော်၊ ဒါကြောင့်မို့ ကျွန်တော်ပြောတာပေါ့ မကြူ။ ခင်ဗျားဟာ ငွေထုပ်ပိုက်ပြီး ပြန်ရမှာပါလို့"

"ဟုတ်ပါပြီရှင်၊ ဟုတ်ပါပြီ"

တည်းခိုခန်းသို့ရောက်သည်နှင့် ခင်မာကြူက နန်းအောင်အား ပြောပြလိုက်သည်။

"ရှင်က အချောင်ပွတာပဲနော်"

"ဟာဗျာ....ကျုပ်လည်း လိုက်ပြရသေးတယ်၊ ကျုပ်သာ လိုက်မပြရင် ခင်ဗျားက ဒီငွေတွေ ရမှာတဲ့လား"

"ဟုတ်သားပဲ၊ ဟုတ်ပါတယ်ရှင်၊ ရှင်က မိကြူရဲ့ ကျေးဇူးရှင်ပါနော်"

ချက်ချင်းသူဌေးဖြစ်တော့မည့် ခင်မာကြူအတွက် စိတ်ကူးယဉ်အတွေးများက တန်းစီနေတော့သည်။ တစ်ယောက်တစ်ခန်းစီနေကြ၍ ခင်မာကြူ တစ်ယောက် အူမြူးပျော်ရွှင်နေ၏။

"ကျွန်တော်တို့ မနက်ဖြန်ညကားနဲ့ ပြန်ကြမယ် မကြူ။ ကားလက်မှတ်သွားဝယ်လိုက်ဦးမယ်၊ မုံရွာက နေ့လယ် ၁၂ နာရီပြန်ထွက်ပြီး မန္တလေးမှာ ဝယ်စရာရှိတာတွေ ဝယ်ကြဦးမှာမဟုတ်လား။ ခင်ဗျားလည်း စျေးချိုကိုလျှောက်ကြည့်ပေါ့ဗျာ"

"ဟုတ်တယ် ကိုနန်းအောင်၊ အမေ့အတွက် ထိုးမုန့်ဝယ်ရမယ်၊ အမေက ထိုးမုန့်နဲ့လက်ဖက်ကို သိပ်ကြိုက်တာရှင့်၊ ပြီးတော့ အပြန်ကားပေါ်မှာ ချမ်းဦးမှာဆိုတော့ အနွေးထည်ဝယ်ရမယ်၊ ပြီးရင် သမီးနှစ်ယောက်အတွက်လည်း....."

"ကဲပါဗျာ.....ဝယ်မယ့်ပစ္စည်းကို စိတ်ကူးပြီး စာရင်းလုပ်ထားလိုက်ပေါ့၊ ကျွန်တော် ကားဂိတ်ကို သွားဦးမယ်၊ တော်ကြာ လက်မှတ်မရရင် တစ်ရက်နောက်ကျနေမယ်"

"ဒါဆိုလည်း သွားပါ ကျေးဇူးရှင်ရယ်၊ သွားပါနော်"

ခင်မာကြူမှာ အလာတုန်းကလို နန်းအောင်အား တစိမ်းဆန်ဆန်ပြောဆိုခြင်း မရှိတော့ပေ။ ရင်းရင်းနှီးနှီးနှင့် ကျေးဇူးရှင်ပမာ သဘောထားဆက်ဆံနေ၏။ ပြီးတော့လည်း သူမတွင် ငွေသိန်းတစ်ရာ ပါလာမည်ဖြစ်၍ အနီးကပ် စောင့်ရှောက်ပေးရန် နန်းအောင်ရှိမှပင် ဖြစ်ပေမည်။ သည်တော့ နန်းအောင်အား အားကိုးအားထားသဖွယ် သတ်မှတ်ထား၏။

နန်းအောင် ကားလက်မှတ်သွားဝယ်ချိန်တွင် ခင်မာကြူသည် တည်းခိုခန်းရှိဖုန်းဖြင့် ဒေါ်တင်ကြည်ထံသို့ ဆက်သွယ်လိုက်တော့သည်။

"အမေ....အမေလား၊ သမီးပါ၊ ကြူကြူ.....ကြူကြူလေ"

ဖုန်းနှင့်စကားပြောရသည်နှင့် ဒေါ်တင်ကြည်၏ ဒေါသသံကို ကြားရတော့သည်။

"ဟေ့..မိကြူ။ အမိုက်မ၊ ညည်း လင်နောက်လိုက်သွားတာ အမေသိပြီးပြီအေ့၊ ညည်းနဲ့ ညည်းအကောင်

သည်။ သို့သော် သူတို့နှစ်ဦးအား အပေါ်ထပ်မှ ကြည့်နေသူကို သူတို့နှစ်ယောက်က မမြင်နိုင်ကြပေ။

+++

www.burmeseclassic.com

ကို အဝေးပြေးကားဂိတ်က လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့တဲ့လူရှိလို့ ငါ့ကိုလာပြောပြတာပဲ၊ ညည်း ဘာငြင်းချင်သေးလဲ"

ခင်မာကြူမှာ အံ့သြသွားပြီး ငြင်းဆန်လိုက်၏။

"မဟုတ်ပါဘူး အမေရယ်၊ အဲဒါ အထင်မှားတာပါရှင်"

"ဘာမဟုတ်ပါဘူးလဲ၊ ကျိုက်ထီးရိုးကို မိတ္တူတို့ခေါ်လို့ သွားမှာဆို၊ မိတ္တူနဲ့ကျူပ် စျေးထဲမှာ တွေ့ခဲ့ပြီးပြီ ဘာလိမ်ဦးမှာလဲ"

ပိုရှုပ်သွားပြန်၏။ ခင်မာကြူလည်း အားလုံးကိုဖွင့်ပြောမှ ဖြစ်ပေတော့မည်။

"ပြီးတော့ မနေ့က ဦးကြည်ဖြူ အိမ်လာသွားတယ်၊ ညည်းက ကျူပ်မြေးငယ်လေးကို သွေးလွန်တုပ်ကွေးဖြစ်လို့ ဆေးရုံတင်ရမယ်ဆိုပြီး ငွေလိမ်တောင်းသွားသေးတယ်တဲ့၊ ရက်စက်လိုက်တာအေ၊ ညည်းလင်နောက်လိုက်ဖို့ကို ငါ့မြေးကို မဟုတ်တာပြောပြီး ငွေလိမ်တောင်းရတယ်လို့အေ၊ ဦးကြည်ဖြူပြောပြလို့ ကျူပ်သိခဲ့ရတာပဲ၊ ဘယ်လောက်ရက်စက်ဖို့ကောင်းသလဲ မိကြူ၊ အိုကြီးအိုမအမေနဲ့ ကလေးနှစ်ယောက်ကိုထားခဲ့ပြီး ညည်းက အဲဒီမှာပျော်နေသလား အမိုက်မရဲ့"

"မဟုတ်ပါဘူး အမေရယ်၊ သမီးရှင်းပြတာကို နားထောင်ပါရှင်"

"တော်.....ငါဘာမှမကြားချင်ဘူး၊ မြေးလေးတွေက ညညဆိုမအိပ်ကြဘူး၊ အမေပြန်အလာကို စောင့်မယ်တဲ့၊ ငါ့မှာ မနည်းချော့သိပ်ရတယ်၊ အခုအငယ်လေး ဖျားနေပြီ၊ ညည်းနိမိတ်ဖတ်လို့ ရောဂါဖြစ်တာပဲ၊ ညည်းဟာတော်တော်ရက်စက်တဲ့ မိန်းမပဲအေ၊ ညည်းမျက်နှာကို မမြင်ချင်ဘူး"

ဒေါ်တင်ကြည်သည် သူပြောလိုရာကိုပြောပြီးနောက် ဖုန်းချလိုက်၏။ ထပ်၍ခေါ်သော်လည်း ဖုန်းကိုမကိုင်ပေ။ သည့်နောက် ခင်မင်ကြူလည်း စိတ်မကောင်းဖြစ်သွားပြီး အခန်းဆီသို့ ပြန်လာရတော့သည်။ သူမအား လင်နောက်လိုက်သွားသည်ဟုထင်ပြီး ပတ်ဝန်းကျင်တွင် ပြောဆိုနေလျှင် ခက်ပေရော့မည်။ ထိုကိစ္စမှာ သူ့ဘဝအတွက် အရေးကြီးနေ၏။ သည်လိုမှန်း သိခဲ့လျှင် အမှန်အတိုင်းပြောပြီး ထွက်လာမိပေမည်။

"ဟိုလူကလည်း ပြန်မလာသေးဘူး၊ ဒုက္ခပဲ၊ သူ့ကိုတိုင်ပင်မယ်ဆိုမှ ဘယ်များသွားနေပါလိမ့်နော်"

တဖြည်းဖြည်းနှင့် မှောင်လာ၏။ ညနေစာ မစားရသေး၍ ဗိုက်ဆာလာသဖြင့် ခင်မာကြူက သူမတစ်ယောက်တည်း ဆင်းစားလိုက်သည်။

+++

ထမင်းစားသောက်ပြီးနောက် သူမ၏အခန်းဆီသို့ ပြန်လာရာ နန်းအောင်က ပြန်မရောက်သေးပေ။

"ဟင်း.....ဒီလူက ယုံကြည်ရပါ့မလား၊ ယောက်ျားပြောတော့ သူ့မိတ်ဆွေမဟုတ်ဘူးတဲ့၊ ဒါဆိုသူက ဘယ်သူဖြစ်နိုင်မလဲ၊ အခုလည်း ပြန်မလာတာ ဘာတွေကြံစည်နေသလဲမှမသိတာ၊ ကြည့်ရတာ ငါ့ကိုရန်မူပြီး ငွေတွေယူသွားမယ့်ပုံပဲ၊ ဘယ်လိုလုပ်ရမလဲ၊ သူ့ကြည့်ရတာ လူလည်တစ်ယောက်ပဲ"

ခင်မာကြူ၏အတွေးထဲတွင် နန်းအောင်အပေါ် သံသယဖြစ်နေ၏။ မည်သို့ပင်ဖြစ်စေ သူမဘက်က သတိထားရမည့် အနီးကပ်ဆုံးရန်သူဟု သတ်မှတ်လိုက်မိ၏။

"အစ်မ ဖုန်းလာနေပါတယ်ခင်ဗျာ"

တည်းခိုခန်းရှိကောင်လေးက အကြောင်းကြားလာ၍ ဖုန်းသွားကိုင်လိုက်ရာ.....

"ကြူလေးလား၊ ငါပါ၊ ဝေမိုးအောင်"

"ဟယ်.....ယောက်ျား ပြော"

"မနက်ဖြန် ၁၀ နာရီကို မလာတော့ဘူး၊ မင်းကို ဟိုကောင်က ပတ်သွားမှာစိုးလို့၊ မနက် ၆ နာရီတိတိမှာ ကားနဲ့လာခေါ်မယ်၊ မင်းကြိုစောင့်နေ၊ ပြီးတော့ ဟိုကောင့်ကို အသိမပေးနဲ့နော်၊ တည်းခိုခန်းရှေ့မှာ ဂျစ်ကားနဲ့ငါ့လူတွေ စောင့်နေလိမ့်မယ်၊ မှတ်မိလား"

"အင်း...အင်း၊ မှတ်မိပါတယ် ယောက်ျားရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငွေပေးပြီးရင် မင်းကို ရန်ကုန်အထိ ငါ့လူတွေက လိုက်ပို့ပေးလိမ့်မယ်၊ ဒါဟာ မင်းကို ဒုက္ခဖြစ်မှာစိုးလို့ အန္တရာယ်မပေးနိုင်အောင် ကူညီလိုက်တာနော်"

"ယောက်ျားစေတနာကို နားလည်ပါတယ်ရှင်၊ ဟုတ်ကဲ့ပါ၊ မိကြူစောင့်နေပါ့မယ်၊ ဘယ်သူမှ မသိစေရပါဘူး ယောက်ျားရယ်"

ဖုန်းချသွားမှ ခင်မာကြူလည်း စိတ်အေးသွားရတော့သည်။

"ဟုတ်တယ်၊ ယောက်ျားက ငါ့ကိုစိုးရိမ်တာ သံယောဇဉ် မပြတ်သေးလို့ပေါ့၊ ကျေးဇူးတင်ပါတယ် ယောက်ျားရယ်၊ ဟင်း.....ဒါမှ နန်းအောင်ကို ငွေတွေမပေးရမှာ၊ ဒါပေမဲ့ သူက ရန်ကုန်ရောက်ရင် ငါ့ဆီလာတောင်းမှာပဲ၊ အေး 'လေ ဒီတော့မှ ပေးလိုက်တာကောင်းပါတယ်၊ အရေးကြီးတာက ဒီငွေတွေနဲ့ ငါ့ဘဝ လုံခြုံဖို့ပဲ"

အိပ်ခါနီးအချိန်မှ နန်းအောင်က ပြန်လာ၏။ သူမထံသို့ တံခါးထု၍ ခေါ်နေသော်လည်း ခင်မာကြူမှာ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ နန်းအောင်က သောက်လာပုံရ၏။ အာလေးလျှာလေးကြီးဖြင့် မူမမှန်၍ ခင်မာကြူလည်း မတွေ့ရဲပေ။

"မနက်အတွက် အဆင်သင့်လုပ်ထားမှပဲ၊ တည်းခိုခန်းခက ကြိုရှင်းပြီးသားဖြစ်လို့ နေ့လယ်အထိ နေခွင့်ရှိသေးတာပဲလေ၊ နန်းအောင်တော့ မူးနဲ့အိပ်နေမှာပဲ၊ ဟီ.....ဟိ"

ထိုညတစ်ညလုံး ခင်မာကြူမှာ အိပ်မရပြန်ပေ။ ငွေက လက်ထဲရောက်လာမည်ဖြစ်၍ အနာဂတ်အတွက် ကြိုတင်စီမံကိန်း ရေးဆွဲနေ၏။

"မထူးပါဘူးလေ အမေ့ကို ရောက်မှပဲ ရှင်းပြရတော့မှာပဲ၊ အမေလည်း ဒီအကြောင်းတွေကို သိပြီးသားဖြစ်မှာပါ"

ထို့နောက်တွင် ခင်မာကြူတစ်ယောက် ညဉ့်နက်မှပင် အိပ်ပျော်သွားတော့၏။

နံနက်လင်းသည်နှင့် အချိန်ကို ကြည့်လိုက်ရာ ၅ နာရီခွဲရှိနေပေပြီ။ အိပ်ပျော်သွားသည့်အတွက် မြန်မြန်ဆန်ဆန်ပင် မျက်နှာသစ်လိုက်ရ၏။ ရေချိုးရန်ပင် အချိန်မရတော့ပေ။

"ဒုက္ခပဲ၊ မလာလို့ ပြန်သွားရင် ငွေတွေရတော့မှာမဟုတ်ဘူး၊ မြန်မြန်လုပ်မှပဲ"

ခင်မာကြူမှာ အပြင်သွားရန်အားလုံးပြင်ဆင်ပြီးမှ သူမ၏ အဝတ်အိတ်ကို ဆွဲကိုင်ကာ အခန်းထဲမှ တိတ်တဆိတ်ထွက်လာတော့၏။ ကောင်တာတွင် အခန်းသော့ကိုအပ်ပြီးနောက် အချိန်ကိုကြည့်လိုက်ရာ ၆ နာရီထိုးရန် ငါးမိနစ်သာလိုတော့သည်။ တည်းခိုခန်းအဝတွင် ရပ်ထားသော ဂျစ်ကားမှာ မည်သည့်အချိန်ကတည်းက ရောက်နေသည်မသိပါ။

"ခင်ဗျားက ခင်မာကြူလား"

"ဟုတ်ပါတယ်ရှင်"

"ဒါဆို ကားပေါ်တက်ပါဗျာ"

ခင်မာကြူသည် ဂျစ်ကားပေါ် တက်လိုက်သည်နှင့် ဒရိုင်ဘာနှင့်အတူ ရုပ်ရည်ကြမ်းကြမ်း အမျိုးသားသုံးဦးကို တွေ့ရ၏။ ကြောက်စိတ်ဝင်မိသော်လည်း ယောက်ျားဖြစ်သူ၏ အစီအစဉ်ဖြစ်သောကြောင့် ရဲရဲဝံ့ဝံ့ လိုက်ပါခဲ့၏။

"ဒီမှာ ခင်ဗျားအတွက် ငွေသိန်းတစ်ရာပါတဲ့အိတ်၊ ဟုတ်ပြီနော်၊ ကျုပ်တို့နဲ့ ယုံယုံကြည်ကြည်သာ လိုက်ခဲ့ပါဗျာ"

"ဟုတ်.....ဟုတ်ကဲ့ရှင့်"

ဂျစ်ကားလေးလည်း တည်းခိုခန်းရှေ့မှ ဝူးခနဲ မောင်းထွက်သွားတော့သည်။

+++

မုံရွာမှ မန္တလေးသို့သွားသည့် ကားလမ်းခရီးမှာ အလာတုန်းက သည်လောက်မကြာပေ။ စစ်ကိုင်းတံတားကြီးကို ဖြတ်ပြီးလျှင် မန္တလေးဘက်သို့ ရောက်မည်ဆိုသည့်အသိကြောင့် ခင်မာကြူမှာ သံသယဝင်လာ၏။ ယခုတော့ အဝေးမှ လှမ်းမျှော်မြင်နေရ သည့် စစ်ကိုင်းဘုရားများနှင့် စစ်ကိုင်းတံတားကြီးအား မတွေ့ရသည့်အပြင် မနက် ၆ နာရီမှ နေ့လယ် ၂ နာရီရှိသည်အထိ မည်သည့်နေရာကိုမောင်းနေမှန်း မသိပါ။ သည်တော့ ကျား

www.burmeseclassic.com

www.burmeseclassic.com


ကြောက်၍ ရှင်ကြီးကိုးမှ ရှင်ကြီးကျား ထက်ဆိုးသကဲ့သို့ ဖြစ်နေပေပြီ။

"နေပါဦး၊ ရှင်တို့က ဘယ်နေရာတွေကို သွားနေတာလဲ"

"ရန်ကုန်ကိုလေဗျာ"

"ကျွန်မ အလာတုန်းက အခုလို မဝေးပါဘူး၊ ပြီးတော့ စစ်ကိုင်းကို အခု အချိန်ထိ မရောက်သေးပါလား"

"ဒါက တခြားလမ်းဗျ၊ မြန်မြန်ရောက်တဲ့ လမ်းသစ်"

တစ်ယောက်က ခပ်မာမာပြော လိုက်၏။

"မယုံဘူး၊ အခုရပ်ပေး၊ ကျွန်မ ဘာသာ ပြန်တော့မယ်"

"ဘယ်ဖြစ်မလဲဗျ၊ ဦးကျော်စွာသိန်းက ကျုပ်တို့ကို သေသေချာချာ လိုက်ပို့ခိုင်းလိုက်တာပဲ"

ဖုန်းသံဝင်လာ၍ တစ်ယောက်က နားထောင်လိုက်၏။ အသံက ကျယ်ကျယ်လောင်လောင် ကြားနေရ၍ ခင်မာကြူက နားစွင့်နေမိသည်။

"ဒီကောင်မကို အပြတ်ရှင်းပစ်လိုက်"

"ဟုတ်ကဲ့ပါဗျာ"

ခင်မာကြူသည် ထိုစကားသံကြောင့် သူမအား ရက်စက်ယုတ်မာမည်မှန်း သိလိုက်ပြီး ကားပေါ်မှ ခုန်ချပြေးရန် ကြိုးစားလိုက်၏။

"ဖယ်.....ဖယ်၊ ကျွန်မ သေချင်သေပါစေတော့၊ ရှင်တို့သတ်လို့က တော့ အသေမခံနိုင်ဘူး"

"ဟား...ဟား..ဟား၊ ဒီလောက်လှပတဲ့ မိန်းကလေးကို မသတ်ခင်မှာတော့.....ဟဲ.....ဟဲ.....ဟဲ"

ကားရပ်သည်နှင့် ခင်မာကြူမှာ ဆင်းပြေးတော့၏။ ယောကျ်ားနှစ်ဦးက နောက်မှပြေးလိုက်လာပြီး အလွတ်ပေးမည့်ပုံမပေါ်ပေ။ ကြောက်ကြောက်လန့်လန့်နှင့် ပြေးလွှားရင်း သူမ၏အမှားကို သိသွားရသည်။ ကြောက်စိတ်ကြောင့် ပြေးမိပြေးရာ စွတ်ပြေးနေရာ ကားလမ်းမပေါ်သို့ ပြန်ရောက်သွား၏။ ကားလမ်းမပေါ်သို့အရောက်တွင် ကားတစ်စီး ထိုးဆိုက်လာသည်။

ခင်မာကြူအတွက် ကံကောင်းသွားသည်မှာ ထိုကားပေါ်မှ ရဲတပ်ဖွဲ့ဝင်များ ဆင်းလာခြင်းပင်။ ဝမ်းသာစိတ်ဖြင့်.....

"ကျွန်မကို ကယ်ပါရှင်"

မေ့လဲကျသွားပြီး ပင်ပန်းမှုများကြောင့် ဘာကိုမျှ မမြင်နိုင်တော့ပေ။ ခင်မာကြူမှာ အရုပ်ကြိုးပြတ် ဖြစ်သွားရတော့သည်။

ဂျစ်ကားနှင့်အတူ ဒုစရိုက်သမားသုံးဦးလည်း ရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ခံရတော့၏။

+++

"ဟင်.....ရှင်.....ရှင်က ကိုနန်းအောင်မဟုတ်လားဟင်"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်က ရဲအုပ် နန်းအောင်ပါ၊ ခင်ဗျားကို တည်ကြက်လုပ်ပြီး တရားခံအစစ်ကို ဖော်ထုတ်လိုက်တာပါ၊ ခင်ဗျားက ကျုပ်ကို တစ်ပတ်ရိုက်ပြီး ယောကျ်ားရဲ့ အကြံအစည်အတိုင်း လူ့ပ်ရှားခဲ့တာကို၊ အသက်မသေတာဘဲ ကံကောင်းတယ်မှတ်ဗျာ"

ခင်မာကြူသည် သူမ၏အမှားကို သိမြင်လာသည့်နောက် ရဲအုပ် နန်းအောင်အား လေးစားသွားတော့၏။

"ကြူကြူမှားပါတယ် ကိုနန်းအောင်၊ အဲလေ.....ဗိုလ်ကြီး"

"ကျွန်တော်က ၁၀ နာရီမှာ ငွေလာပေးမယ့်အကြောင်းကို သက်ဆိုင်ရာနဲ့ ချိတ်ဆက်ထားပြီးပါပြီ၊ သူတို့ပြေးနိုင်တဲ့ လမ်းကြောင်းကအစ ပိတ်ဆို့ဖို့ စီစဉ်ထားပြီးဖြစ်လို့ အခုလို ခင်ဗျားကို ကယ်တင်လိုက်နိုင်တာပဲ၊ ဒါပေမဲ့ ငွေကို လက်ထဲထည့်ပေးဖို့က မသေချာဘူးလေ၊ ခင်ဗျားကိုတော့ တစ်ခုခု အန္တရာယ်ပေးမယ်လို့ ယူဆထားကြပြီးသားပါဗျာ"

"ရက်စက်တဲ့ယောကျ်ားပါပဲ ဗိုလ်ကြီးရယ်၊ ကြူကြူက သူဟာ တစ်နေ့နေ့မှာ ကြူကြူ့ဆီ ပြန်ပေါ်လာပြီး ပေးကမ်းထောက်ပံ့လိမ့်မယ်လို့ ထင်မိပါတယ်၊ ဒါကြောင့်လည်း ဆိုင်ကယ်မှောက်တုန်းကအလောင်းကို သူပါလို့ ပြောမိပါတယ်ရှင်"

ခင်မာကြူလည်း လောဘကြောင့် ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့သလိုဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



''တကယ်သေဆုံးသွားတာက ဆိုင်ကယ် ကယ်ရီမောင်းသမားလေးပါ ဗျာ၊ ဝေမိုးအောင်ဟာ အရောင်းအဝယ် ကိစ္စကြောင့် ကယ်ရီသမားလေးကို ကျောက်ခဲနဲ့ ထုသတ်ပြီး မီးရှို့ပြီးမှ ချောက်ထဲကို တွန်းချလိုက်တာပါဗျာ၊ ပျောက်ဆုံးသွားတဲ့ ကယ်ရီသမားလေး ရဲ့ မိဘတွေက လူပျောက်တိုင်ထား တော့ အလောင်းကိုပြလိုက်ရုံနဲ့ သူတို့ သားမှန်း သိကြပါတယ်၊ တရားခံဟာ သူစီးတဲ့ဆိုင်ကယ်နံပါတ်ကို ဦးကြည်ဖြူ ဆီ ဆက်သွယ်အကြောင်းကြားတာကို က သူ့မှာ အကြံအစည်ရှိနေပြီးသား ဆိုတာ သိသာပါတယ်ဗျာ''

ရဲအုပ် နန်းအောင်က စကားကို ခဏရပ်လိုက်ပြီးမှ ဆက်ပြောပြ၏။

''နောက်တော့ ပစ္စည်းကိုဖြောင် ထားပြီး သူက တစ်နေရာမှာ နာမည် တစ်မျိုးနဲ့ ဇာတ်မြုပ်နေတာပေါ့ဗျာ၊ ရောင်းလို့ရတဲ့ငွေနဲ့ သူက ချမ်းသာ သွားပြီး စောဥမ္မာနဲ့ အိမ်ထောင်ပြု လိုက်တယ်၊ ဒီတော့ သူ့ကို ဘယ်သူ မှ မသိကြတော့ဘူးလို့ ထင်နေမှာပေါ့ ဗျာ၊ ဒါပေမဲ့ မကောင်းမှုဆိုတာ အရိပ် လို လိုက်ပါနေတတ်တာမျိုးပါ၊ ဒီ အကြောင်းတွေကို ပစ္စည်းရှင်တောင် မသိခဲ့ပါဘူး''

''အဲဒါတော့ ကြူကြူယုံပါတယ်၊ ဦးကြည်ဖြူက လူတိုင်းကို သနားတတ် တယ်၊ ယုံကြည်လွယ်တယ်၊ ကူညီ တတ်တယ်ရှင့်''

''ဒါကြောင့်လည်း သူ့ကို တစ် ပတ်ရိုက်သွားတာပေါ့ဗျာ၊ သူ့မှာ ဘိုး ဘွားပိုင် တန်ဖိုးကြီးပစ္စည်း ဆုံးရှုံးတဲ့ အပြင် မသမာသူရဲ့ ဇနီးမယားကိုပါ လစဉ် ထောက်ပံ့ပေးနေရတော့ သနား စရာကောင်းပါတယ်''

''ဟုတ်ပါတယ်ရှင်၊ ဦးဖြူက ကြူ ကြူ့ကျေးဇူးရှင်ပါပဲ''

ရဲအုပ် နန်းအောင်သည် ဝေမိုး အောင်နှင့် အပေါင်းပါများကို ဖမ်းဆီး နိုင်ခဲ့၏။ ခင်မာကြူကိုလည်း ထောက် ထားညှာတာသည့်အနေဖြင့် ရန်ကုန် သို့ ပြန်ခေါ်လာရန် သက်ဆိုင်ရာက ညွှန်ကြားထားသည်။ ပြီးမှ အမှုတွင် ပါဝင်ပတ်သက်နေမှုကို စစ်ဆေးမေး မြန်းမည်ဖြစ်၏။

''ဟော.....ဟိုမှာ လိုက်လာတ ဘယ်သူတွေလဲဆိုတာ ကြည့်လိုက်ပါ မကြူ''

''ဟာ..ဦးဖြူနဲ့ အိမ်ကိုလာလ တဲ့ ဦးလေးတို့ပဲ''

''ဟုတ်ပါတယ်၊ သူတို့က မကြ ကို ကျေးဇူးတင်နေကြတာပါဗျာ''

''ရှင်.....ဘာကြောင့်လဲဟင်''

''ရွှေနေကြီးက ရှင်းပြပေးလိုက ပါဦးဗျာ''

သည်တော့မှ အိမ်လာလည်သူ မှ ရွှေနေကြီးမှန်း ခင်မာကြူက သိ သွား

''တူမက ဝေမိုးအောင်အကြောင် ကို ဦးလေးကို ပြောပြခဲ့တယ်နော်၊ ပြ တော့ တူမခံစားချက်တွေကို ရင်ဖွင့် လိုက်တော့မှ ဝေမိုးအောင်ဟာ တကယ် သေဆုံးတာမဟုတ်မှန်း သိသွား တယ်၊ ဒီတော့ ဦးလေးက ရွှေနေပီပီ ရဲစခန်းမှာ အမှုဖွင့်လိုက်တော့ အမှု ကွင်းဆက်ရသွားတာပေါ့ကွာ၊ ဝေမိုး အောင်ရဲ့ ကလိမ်ကကျစ်လုပ်ထားတဲ့ ဇာတ်လမ်းကိုပေါ်အောင် ငါ့တူမက ညည်းစိတ်ထဲထင်တာတွေ ပြောလိုက် လို့ အမှန်တရားကို ဖော်ထုတ်နိုင်တာ ပဲကွယ်''

''ကြူကြူလည်း ကိုယ့်ယောက်ျား ဘက်က ကာကွယ်မိတာပါရှင်၊ သူက တော့ ကြူကြူ့ကို အဆက်အသွယ် မလုပ်ပါဘူး၊ ဒီကဗိုလ်ကြီးနဲ့ လိုက် သွားမှ သူ့ရဲ့ယုတ်မာမှုကို သိခဲ့ရတာ

**လောကကြီးမှာ ငွေဟာ ကြောက်စရာ ကောင်းပါလားဗျာ၊ ငွေကြောင့် လူတွေက လောဘ၊ ဒေါသတွေ ဖြစ်ကြ၊ သတ်ကြ ဖြတ်ကြနဲ့ မိကြူတောင် ကံကောင်းလို့ မသေခဲ့တာပဲကွယ်**

•••

www.burmeseclassic.com

www.burmeseclassic.com



ပါရှင်၊ ဦးဖြူလည်း မိကြူကို ခွင့်လွှတ်ပါနော်၊ မိကြူ ကန်တော့ပါတယ်''

ခင်မာကြူက ဦးကြည်ဖြူကို ရှိုရှိုသေသေ ထိုင်ကန်တော့နေ၏။ ခွင့်လွှတ်စိတ်ရှိပြီးသား ဦးကြည်ဖြူအဖို့ ခင်မာကြူအပေါ်လည်း အပြစ်မတင်တော့ပါ။ ကံတရား၏ ပြောင်းလဲခြင်းကြောင့်ဟု သဘောထားလိုက်၏။ အချုပ်ထဲတွင် ဝေမိုးအောင်ကိုလည်း သွားတွေ့ခဲ့ပြီး ခွင့်လွှတ်ပေးခဲ့သည်။

''ဩော်.....လောကကြီးမှာ ငွေဟာ ကြောက်စရာကောင်းပါလားဗျာ၊ ငွေကြောင့် လူတွေက လောဘ၊ ဒေါသတွေဖြစ်ကြ၊ သတ်ကြ၊ ဖြတ်ကြနဲ့ မိကြူတောင် ကံကောင်းလို့ မသေခဲ့တာပဲကွယ်''

''ဟုတ်ပါတယ်ဗျာ၊ လူ့သတ်မှုတိုင်းမှာ အများဆုံးက ငွေကြောင့်ဖြစ်ကြတာတွေချည်းပါပဲ၊ တချို့မှာ ငွေလေး နှစ်ရာသုံးရာနဲ့တောင် လူသတ်မှုဖြစ်ခဲ့ကြတာပါ၊ အခုလို သိန်းပေါင်းထောင်ကျော်ဆိုတော့ မပြောပါနဲ့တော့ ဦးလေးတို့ရာ''

ဦးကြည်ဖြူနှင့် ရှေ့နေကြီးတို့လည်း ခင်မာကြူအား သူတို့ကားဖြင့် ရန်ကုန်သို့ ပြန်ခေါ်သွားကြ၏။ ခင်မာကြူအတွက် ယောကျ်ား၏စာနာခြင်း မရှိသည့် လုပ်ရပ်ကြောင့် ဝေမိုးအောင်အား မတွေ့မမြင်ချင်လောက်အောင် မုန်းတီးသွား၏။

ယခုတော့ ခင်မာကြူ၏စိတ်သည် သန့်ရှင်းခြင်းဖြင့် ဦးကြည်ဖြူ၏ စေတနာကို မွန်မြတ်စိတ်ဖြင့် နှလုံးသွင်းနိုင်ခဲ့ပေပြီ။

''ကြူကြူ့ကို ငွေကြေးမထောက်ပံ့ပါနဲ့တော့ ဦးဖြူရယ်၊ ကြူကြူအလုပ်လုပ်ပြီး ရိုးသားစွာ ရှာဖွေပါတော့မယ်ရှင်''

ထိုစကားကိုတော့ ခင်မာကြူက ရက်စိတ်နှင့်အတူ ဝန်ခံလိုက်တော့၏။

**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**

---


# ဆရာမ ဒေါ်အေးမြတ်ချို B.A (MS)

## (လက္ခဏာ၊ ဗေဒင်၊ ယတြာအစီအရင်)

- မိမိနောက်ကွယ် ချစ်သူ၊ ခင်ပွန်း ရှုပ်ထွေးခြင်း အမြန်ကင်းရှင်းဖို့။
- သားနှင့်သမီး အချစ်ရေးစိတ်မဝင်စား၊ အပေါင်းအသင်းမများဘဲ ပညာကြိုးစားဖို့။
- မိမိအိမ်ထောင်ရေး၊ အချစ်ရေးတွင် ဝင်ရောက်နှောင့်ယှက်နေသူရန်မှ ကင်းဝေးဖို့။
- ချစ်ခင်နှစ်သက်သူနှင့် အတူနေထိုင်ရဖို့။
- သားသမီး လိမ္မာယဉ်ကျေးပြီး မိဘပြောဆိုစကား နားထောင်ဖို့။

**(အမျိုးသမီး သီးသန့်)**

**အမှတ် (၈၄၃)၊ ဦးဝိစာရလမ်း၊ (၁၄) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**

**ဖုန်း- ၀၉ ၄၉ ၃၃၉၈၁၄၊ ၀၉ ၅၀ ၆၂၈၄၃**


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်နေ့ထုတ်ပြန်သော အင်တာနက်သတင်းတစ်ပုဒ်တွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။

"အမေရိကန်ပြည်ထောင်စုသမ္မတအိုဘားမား
လက်နက်ထိန်းသိမ်းမှုဥပဒေများအား
တင်းကျပ်စွာ ပြင်ဆင်ချမှတ်ရန် အမိန့်ထုတ်ပြန်
ဝါရှင်တန်–ဇန်နဝါရီ–၁၇ ရက်

အမေရိကန်ပြည်ထောင်စုသမ္မတ ဘာရက်အိုဘားမားသည် ကာနေ့တီကပ်ပြည်နယ်၊ နယူးတောင်းမြို့ရှိ ဆန်ဒီဟု အလွတ်ပညာသင်ကျောင်းတွင် တစ်ကိုယ်တော်သေနတ်သမားတစ်ဦး ဝင်ရောက်၍ ကျောင်းသူကျောင်းသားငယ်များအား ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ကြေကွဲဝမ်းနည်းဖွယ်ရာအမှုကြီး ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုအတွင်း၌ လက်နက်ကိုင်ဆောင် ထိန်းသိမ်းမှုဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် ချမှတ်လုပ်ဆောင်ရန် အမိန့်ထုတ်ပြန်ခဲ့သည်ဟု သိရ၏။

ထို့အပြင် အိုဘားမားသည် လက်နက်များနှင့် စွမ်းအားမြင့် လက်နက်ခဲယမ်းမီးကျောက်များအကြောင်းနှင့် အခြားသေနတ်များအကြောင်း ရေးသားထုတ်ဝေသည့် မဂ္ဂဇင်းများကို ပိတ်ပင်တားမြစ်သည့် ဥပဒေအပါအဝင် လက်နက်ကိုင်ဆောင်ခွင့် ထိန်းချုပ်သည့် ဥပဒေတစ်ရပ်ကို အတည်ပြုပေးရန် ကွန်ဂရက်လွှတ်တော်သို့ တင်ပြထားသည်ဟုဆိုသည်။ ထိုအစီအစဉ်မှာ စတာလင်ပေါင် ၃၁၂ သန်း ကုန်ကျမည်ဟူ၍လည်း သိရသည်။

သမ္မတ အိုဘားမားအနေဖြင့် လက်နက်ပိုင်ဆိုင်သူများ၏ နောက်ခံရာဇဝင်များကို စနစ်တကျ စစ်ဆေးမှုကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြုလုပ်ရန် ဆန္ဒရှိသည်ဟု သိရသည်။

အလားတူ ဗီဒီယိုဂိမ်းများ၊ ရုပ်ရှင်များ၊ ရုပ်မြင်သံကြားများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖော်ပြခြင်းသည် စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှု၊ သို့မဟုတ် စိတ်၊ စေတသိက်တို့၏ ဖြစ်စဉ်ကို ပြောင်းလဲစေနိုင်သည်ဟု သမ္မတကြီးက ယူဆထား၏။

**ဒုတိယကမ္ဘာစစ်ကြီးအတွင်း**
**လှုံ့လှုံ့တောက်၊ ဟိုးဟိုးကျော်ခဲ့သော**
**နာဇီအက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်များသည်**
**အပြစ်မဲ့ပြည်သူများနှင့်**
**ဂျူးလူမျိုးသန်းပေါင်းများစွာကို**
**ပြုပြင်ရေးချွေးတပ်စခန်းများဟု နာမည်ပေးထားသည့်**
**လူသတ် စခန်းများတွင် ကြက်၊ ငှက်များကို**
**ရက်ရက်စက်စက် သတ်သကဲ့သို့**
**သတ်ဖြတ်ခဲ့ကြသည်...**

www.burmeseclassic.com

www.burmeseclassic.com

သို့သော် အဆိုပါ သမ္မတကြီးတင်ပြသည့် အစီအစဉ်သည် ရီပတ်ဘလီကန်အမတ်များနှင့် လက်နက်ကိုင်လိုသူများအကြား အတိုက်အခံဖြစ်ပွားနိုင်သည်ဟု သိရ၏။ သမ္မတကြီးကမူ ထိုအစီအစဉ်အား ထောက်ခံမှုရရှိစေရန် ကြိုးစားလုပ်ဆောင်သွားမည်ဟု ပြောဆိုခဲ့သည်ဟု သိရှိရကြောင်း။


**အင်တာနက်**

ဤကဲ့သို့ ရာဇဝတ်မှုကျူးလွန်ရာတွင် ရည်ရွယ်ချက်ပါရှိခြင်းမရှိဘဲ အကြောင်းမဲ့၊ အပြစ်မဲ့ လူအများကို သတ်မှုသည် သမိုင်းအဆက်ဆက်တွင် တွေ့ရှိခဲ့ကြရသည်။ ကျွန်တော်တို့ ဖတ်မိသလောက် ဂျင်ဂျစ်ခန်၊ တမူးဂျင် အပါအဝင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း လျှမ်းလျှမ်းတောက်၊ ဟိုးဟိုးကျော်ခဲ့သော နာဇီအက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်များသည် အပြစ်မဲ့ပြည်သူများနှင့် ဂျူးလူမျိုး သန်းပေါင်းများစွာကို ပြုပြင်ရေးချွေးတပ်စခန်းများဟု နာမည်ပေးထားသည့် လူသတ်စခန်းများတွင် ကြက်၊ ငှက်များကို ရက်ရက်စက်စက် သတ်သကဲ့သို့ သတ်ဖြတ်ခဲ့ကြသည်။ ထို့အတူ နေမျိုးနွယ် ဘူရှီဒိုသူရဲကောင်းများဟု သမိုင်းအဆက်ဆက် လူအများ လေးစားခဲ့ရသော ဂျပန်စစ်သည်တော်တို့သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း တရုတ်နိုင်ငံ၊ နန်ကင်းမြို့တွင် အပြစ်မဲ့ပြည်သူတစ်သိန်းတို့အား ရက်ရက်စက်စက် လူသားမဆန်စွာ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ကြသဖြင့် "The Rape of Nankin"ဟု ကမ္ဘာ့သမိုင်းတွင် ဟိုးဟိုးကျော်ခဲ့ရသည်။

ဤကဲ့သို့ လူအများအား ရာထောင်ချီ၍ သတ်ဖြတ်ခဲ့ခြင်းသည် အဘယ်ကြောင့်နည်း။ ဂျာမနီနိုင်ငံသား၊ ဂျာမန်အမျိုးသားများသည် သမိုင်းအဆက်ဆက် ယဉ်ကျေးသိမ်မွေ့သူများဟု နိုင်ငံတကာက သူတို့၏ ဒဿနပညာရပ်များကို လေးစားခြင်းခံရသည့် အစဉ်အလာရှိသူများ ဖြစ်ကြပါသည်။ နေမျိုးနွယ် ဂျပန်လူမျိုးတို့သည်လည်း မျိုးရိုးစဉ်လာ ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ကြပါလျက် အဘယ်ကြောင့် အပြစ်မဲ့ပြည်သူအများအား အကြောင်းမဲ့ သတ်ဖြတ်ခဲ့ကြသနည်း။

ပတ်ဝန်းကျင်အပြောင်းအလဲကြောင့်လော၊ လူမှုရေး၊ နိုင်ငံရေး ဖိစီးမှုကြောင့်လော၊ သို့မဟုတ် စိတ်၊ စေတသိက်တို့၏ ဆန်းကြယ်မှုကြောင့်လော။ ကျွန်တော်တို့ စဉ်းစားစရာဖြစ်လာသည်။

ဒုတိယကမ္ဘာစစ်ပြီး ၂၀ ရာစုနောက်ပိုင်းနှစ်များတွင် အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်တိုင်းနိုင်ငံ




များတွင် လူအများအား အကြောင်းမဲ့ အစဉ်မပြတ် ဆက်တိုက်သတ်ဖြတ်မှုကြီးများ ပေါ်ပေါက်လာခဲ့သည်။ ကမ္ဘာ့ရာဇဝတ်မှုများကို စောင့်ကြည့်လေ့လာ အကဲခတ်သူများနှင့် မှုခင်းသုတေသီအများကမူ ထိုမှုခင်းကြီးများ အများဆုံးဖြစ်ပွားသည့်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်သည်ဟု တညီတညွတ်တည်း ဆိုခဲ့ကြ၏။ အမေရိကန်ပြည်ထောင်စု၏ ထိပ်တန်းစုံထောက်အဖွဲ့ကြီးဖြစ်သော အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ တာဝန်ရှိသူများကမူ ထိုအစဉ်အဆက်မပြတ် သတ်ဖြတ်သည့် လူသတ်သမားများကို "Serial Killers" ဟု ကင်ပွန်းတပ်ခဲ့ကြ၏။

ဤကဲ့သို့ လူသတ်သမားများသည် အမေရိကန်ပြည်ထောင်စုကဲ့သို့ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးအနေအထားများကြောင့် စိတ်ဖိစီးမှုများပေါ်ပေါက်၍ ဤကဲ့သို့ ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သလော၊ သို့မဟုတ် အခြားနိုင်ငံများတွင် အလားတူ လူအများအား အကြောင်းမဲ့သတ်ဖြတ်မှုမျိုးများ ပေါ်ပေါက်လာခြင်းမရှိသလော။ စဉ်းစားစရာဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အလားတူ လူအများသတ်မှုတစ်မှု ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့တွင် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ဖြစ်ပွားခဲ့သည်ဟု အင်တာနက်သတင်းနှင့် အမ်အင်အေ ရိုက်တာသတင်းများအရ သိရ၏။ လူသတ်သမားဟု ဝန်ခံထားသူမှာ ဂျာဗက်အစ်ဘယ်ဆိုသူဖြစ်သည်ဟု သတင်းများအရ သိရသည်။ ထိုသူသည် ပန်ဂျပ်ပြည်နယ်၊ လာဟိုးမြို့တော်ဆင်ခြေဖုံးတွင်နေထိုင်ပြီး ယောက်ျားလေး ၁၀၀ ကို ဆက်တိုက်သတ်ဖြတ်ခဲ့ခြင်းဖြစ်ပြီး ထိုသူအား ဖမ်းဆီးမိစဉ် သူ့နေအိမ်အခန်းတစ်ခန်းအတွင်းရှိအက်ဆစ်စည်ပိုင်းထဲတွင် ယောက်ျားလေးသုံးဦး၏ အလောင်းများဟု ယူဆရသည့် ရုပ်ကြွင်းအစအနများကို ရဲနှင့်စုံထောက်တို့က ရှာဖွေတွေ့ရှိခဲ့သည်ဟု သိရသည်။ ထိုလူသတ်သမားသည် အဘယ်ကြောင့် ကလေးများကို အကြောင်းမဲ့သတ်ခဲ့သနည်း။ စဉ်းစားစရာဖြစ်ပေ သည်။

**သွားရောဂါကု**
**ဆရာဝန်တစ်ဦး၏**
**နေအိမ်အတွင်းဝင်ရောက်၍**
**ရေဒီယိုနှင့် အခြား**
**အသေးအဖွဲပစ္စည်းများ ခိုးယူခဲ့သော**
**ဟောက်ထွင်းဝိဇ္ဇာတစ်ဦးအား**
**ဒေသခံရဲအဖွဲ့လှည့်ကင်းမှ**
**ဖမ်းဆီးရမိသည်။ ထိုသူအား**
**သက်ဆိုင်ရာရဲစခန်းသို့**
**ခေါ်ယူစစ်ဆေးသောအခါမှ**
**အမေရိကန်ပြည်ထောင်စု**
**တစ်နံတစ်လျား ဖိမ့်ဖိမ့်တုန်အောင်**
**ကြောက်ရွံ့ခဲ့ရသော**
**စိတ္တဇလူသတ်သမားကြီး**
**ကား(လ်)ပင်ဇရမ်ဖြစ်သည်ကို**
**သိကြရတော့၏ . . .**

မှုခင်းသုတေသီများ၏ မှတ်တမ်းများအရ ၂၁ ရာစုနှစ်ဆန်းပိုင်းတွင် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော အကြောင်းမဲ့ လူအများအား စဉ်ဆက်မပြတ်သတ်မှုများ တရုတ်နိုင်ငံအပါအဝင် နိုင်ငံအချို့တွင် ဖြစ်ပွားခဲ့သည်။ သာဓကအားဖြင့် နော်ဝေနိုင်ငံတွင်လည်းကောင်း၊ တရုတ်နိုင်ငံတွင်လည်းကောင်း ဖြစ်ပွားခဲ့သည်။ တရုတ်နိုင်ငံတွင် ဓားကိုင်ထားသော အမျိုးသားတစ်ယောက်သည် မူလတန်းကျောင်းတစ်ကျောင်းအတွင်း ဝင်ရောက်၍ အပြစ်မဲ့ကလေးငယ်များကို အကြောင်းမဲ့တိုက်ခိုက်ခြင်းဖြစ်ပြီး နော်ဝေနိုင်ငံတွင်မူ သေနတ်ကိုင်လူငယ်တစ်ဦးက လမ်းသွားလမ်းလာများကို အကြောင်းမဲ့ပစ်ခတ်သဖြင့် လူအများ ထိခိုက်ဒဏ်ရာရခဲ့သည်။ သူအဘယ်အကြောင်းကြောင့် အပြစ်မဲ့ပြည်သူအများအား သေနတ်ဖြင့်ပစ်ခတ်သည်ကို မည်သူမျှ ရှင်းလင်းနိုင်ခြင်းမရှိဟု သိရ၏။

အမေရိကန်ပြည်ထောင်စုမှ ဆိုးဝါးရက်စက်သောမှုခင်းဖြစ်ပွားမှု စုံစမ်းစစ်ဆေးရေးကော်မတီ (National Centre for the Analysis of Violent Crimes) ကော်မတီ၏စနစ်တကျစူးစမ်းလေ့လာမှုအရ အမေရိကန်ပြည်ထောင်စုအတွင်းတွင် အကြောင်းမဲ့ လူအများအား ပစ်ခတ်တိုက်ခိုက်မှု အမှုပေါင်း ၃၀၀၀ မှ ၅၀၀၀ အထိ ဖြစ်ပွားခဲ့သည်ဟုဆိုသည်။ ဤစာရင်းဇယားအရ လူအများအား အကြောင်းမဲ့သတ်ဖြတ်မှုသည် အမေရိကန်ပြည်ထောင်စုတွင် အများဆုံးဖြစ်၏။ အဘယ်ကြောင့် ဤကဲ့သို့ ရက်စက်သော လူသတ်သမားများ ပေါ်ပေါက်လာခဲ့ရသနည်း။

ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော လူနေမှုအဆင့်ကွာခြင်းမှု၊ စိတ်ဖိစီးမှုများဖြစ်နိုင်သော ပတ်ဝန်းကျင်အခြေအနေ၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအခြေအနေအရပ်ရပ်ကြောင့်လော။ ကျွန်တော်တို့ စဉ်းစားစရာဖြစ်လာရသည်။

ယခုရေးသားဖော်ပြမည့် စိတ္တဇလူသတ်သမား "The Psychopathic Killer" ဟု သတင်းမီဒီယာများက ညွှန်းတည်ွှတ်တည်း ကင်ပွန်းတပ်ခံရသော ကား(လ်)ပင်ဇရမ်၏

www.burmeseclassic.com

www.burmeseclassic.com

ထူးခြားဖြစ်စဉ်မှာ အံ့ဖွယ်သရဲဖြစ်၏။ သူသည် အကျဉ်းထောင်များ၊ လူငယ်ပြုပြင်ရေးသင်တန်းကျောင်းများ၊ ရဲအချုပ်ခန်းများမှ အကြိမ်ကြိမ်ထွက်ပြေးလွတ်မြောက်ခဲ့သူဖြစ်ပြီး လူသတ်မှုပေါင်း မရေမတွက်နိုင်အောင် ကျူးလွန်ခဲ့ပါသည်ဟု တရားခွင်တွင် ဖြောင့်ချက်ပေးခဲ့သည့် ကမ္ဘာကျော်လူသတ်သမား(သို့မဟုတ်)စိတ္တဇလူသတ်သမားဖြစ်သည်။ စာရေးဆရာများအဖို့ ရေးကွက်များရခဲ့ကြသဖြင့် သူ့အကြောင်းကို ဆောင်းပါးများ၊ ဝတ္ထုများ လက်ဆစ်ချိုးရေတွက်မရအောင် ရေးသားထုတ်ဝေခဲ့ကြပြီး စိတ်ရောဂါဝေဒနာကုဆေးပညာရှင်များ၊ စိတ္တဗေဒပညာရှင်များကလည်း သူ့အားဖမ်းဆီးထားသည့် အကျဉ်းထောင်အတွင်း သွားရောက်တွေ့ဆုံကာ မေးမြန်းစုံစမ်းသည်။ ဖြစ်စဉ်များကိုလည်း သတင်းစာများ၊ ဂျာနယ်များ၊ ဖြစ်ရပ် မှန်မှုခင်းမဂ္ဂဇင်းများ၊ စုံထောက်မဂ္ဂဇင်းများတွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြသည်။




၁၉၂၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့မှထုတ်ဝေသော ဩဇာတိက္ကမအကြီးမားဆုံး ဝါရှင်တန်ပို့(စ်)သတင်းစာကြီး၏ မျက်နှာဖုံးတွင် စိတ္တဇလူသတ်သမားကြီး ကား(လ်)ပင်ဇရမ်ကို ဖမ်းဆီးရမိပြီဟု စာလုံးမည်းကြီးများဖြင့် ဖော်ပြ၍ သူ့ဖြောင့်ချက်အရ သူကျူးလွန်ခဲ့သည့် လူသတ်မှုများကို အသေးစိတ် ဖော်ပြခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု မှုခင်းသမိုင်းတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ လူထုအဖို့ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ကြရသည်။

ဖမ်းဆီးရမိသည်မှာလည်း အံ့ဖွယ်ဖြစ်သည်။ သူ့နောက်သို့ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ စုံထောက်ကျော်များ၊ ဒေသခံရဲအဖွဲ့အသီးသီးမှ စုံထောက်များ၊ ရဲအဖွဲ့ဝင်များသည် တကောက်ကောက် လိုက်ခဲ့ကြသော်လည်း ခြေရာခံမရခဲ့ပေ။ သူသည် လူသတ်မှုများကို တစ်မှုပြီးတစ်မှု ကျူးလွန်ခဲ့သော်လည်း ဖမ်းဆီးရမိခြင်းမရှိခဲ့ပေ။ တစ်ကိုယ်တော် လူသတ်သမားတစ်ဦးဖြစ်သဖြင့် ရဲနှင့်စုံထောက်တို့က ခြေရာခံမရခဲ့။

ဝါရှင်တန်မြို့တော်ဆင်ခြေဖုံးရှိ သွားရောဂါကု ဆရာဝန်တစ်ဦး၏နေအိမ်အတွင်းဝင်ရောက်၍ ရေဒီယိုနှင့်အခြားအသေးအဖွဲပစ္စည်းများ ခိုးယူခဲ့သော ဖောက်ထွင်းဝိဇ္ဇာတစ်ဦးအား ဒေသခံရဲအဖွဲ့ လှည့်ကင်းမှ ဖမ်းဆီးရမိသည်။ ထိုသူအား သက်ဆိုင်ရာရဲစခန်းသို့ ခေါ် ယူစစ်ဆေးသောအခါမှ အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျား ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ရသော စိတ္တဇလူသတ်သမားကြီး ကား(လ်)ပင်ဇရမ်ဖြစ်သည်ကို သိကြရ တော့၏။

ပင်ဇရမ်၏ ဘဝအစကား မှောင်ထဲကစခဲ့သည်ဟု ဆိုရမည်ဖြစ်၏။ သူ့အား အမေရိကန်ပြည်ထောင်စု၊ မီနီဆိုတာ ပြည်နယ်ရှိ ယာတောတစ်တောတွင် ခရစ်နှစ် ၁၈၉၁ ခုနှစ်၊ ဖွန်လတွင် ဖွားမြင်ခဲ့သည်။ ဖခင်ဖြစ်သူသည် သူလူမမည်ဘဝတွင် မိသားစုအား စွန့်ခွာသွားခဲ့ရကား ပင်ဇရမ်မှာ မိခင်နှင့် မိသားစုခြောက်ယောက်ကို ရှာဖွေကျွေးမွေးခဲ့ရသည်။ ငယ်စဉ်ကပင် အသေးအဖွဲခိုးမှုများ ကျူးလွန်ခဲ့သဖြင့် လူငယ်ပြုပြင်ရေးသင်တန်းကျောင်းသို့ တစ်ဆယ့်တစ်နှစ်သားဘဝက ရောက်ရှိခဲ့ရသည်။ ဤကျောင်းမှ အကြိမ်ကြိမ်ထွက် ပြေးခဲ့ပြီး ငယ်ငယ်ရွယ်ရွယ်နှင့် ဒုစရိုက်လောကသို့ ရောက်ရှိခဲ့သည်။ လူသတ်မှုပေါင်း ရေတွက်မရအောင် ကျူးလွန်ခဲ့သည်ဟု မှတ်တမ်းများအရ သိရ၏။ အကျဉ်းထောင်ဖောက်မှုအကြိမ်ကြိမ် ကျူးလွန်ခဲ့သည်သာမက အကျဉ်းထောင်မှူးနှင့် ထောင်သားများကိုလည်း သတ်ခဲ့သူ ဖြစ်၏။

သူ့အား ဝါရှင်တန်ရာဇဝတ်တရားရုံးက သေဒဏ်ချမှတ်ခဲ့၏။ သူ့အားသေဒဏ်ချမှတ်သည့် ၁၉၃၀၊ စက်တင်ဘာလ ၁၁ ရက်နေ့နံနက်တွင်မူ ကား(လ်)ပင်ဇရမ်သည် ကြိုးစင်ပေါ်သို့ အေးအေးဆေးဆေး တက်သွားပြီး ကြိုးစင်ဒေါက်ဖြုတ်သမားအား "ဟေ့ မင်းဒေါက်ဖြုတ်တာ ကြာလှပါကလား။ ငါသာဆိုရင် ဒီအချိန်အတွင်း လူဆယ်ယောက်လောက် ဒေါက်ဖြုတ်လို့ရတယ်"ဟု ပြောခဲ့သည်ဟု ဆိုကြပါကြောင်း။ ။

ကျမ်းကိုး-

-၁- World Famous Vallains By- Colin Wilson

-၂- Aplague of Murder By- Colin Wilson

လှမိုး (ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ကိုကိုယု

## ရှေ့နေကြီးဦးနက်ကျော်

နှင့်

## ဟိုလိုလို ဒီလိုလို



www.burmeseclassic.com

"ကလင်...ကလင်...ကလင်"

"ဟုတ်ကဲ့ အမိန့်ရှိပါ"

"----"

"ဟုတ်ကဲ့ မင်းကြီး"

"----"

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ"

"----"

"ဟုတ်ကဲ့ပါ၊ စိတ်ချပါ မင်းကြီး"

ရှေ့နေကြီးဦးနက်ကျော်သည် ရိုရိုသေသေ လေးလေးစားစားပြောပြီး ဖုန်းချလိုက်၏။

"ဆရာ ဘယ်သူ့ဆီကလဲ"

ဘေးနားတွင် နားထောင်နေသည့် တပည့်ကျော် သံချောင်းကစပ်စုသည်။

"ရဲမှူးကြီးတစ်ယောက်ဆီကပါ၊ သူ့မိတ်ဆွေတွေ အမှုအတွက် လွှတ်လိုက်မယ်တဲ့၊ ရှေ့နေခကို လျှော့လျှော့ပေါ့ပေါ့ယူပြီး အမှုအောင်မြင်အောင် ကြိုးစားပေးဖို့ ပြောတယ်"

"ဟာ.....မင်္ဂလာပဲ၊ ဒီနှစ်ဆန်း အတွက် ဈေးဦးပေါက်ပြီ"

သံချောင်းက ဝမ်းသာအားရ ပြောလိုက်သည်။

"သေချာတာပေါ့ တပည့်ရာ၊ ဒီနှစ်ဆန်းအတွက် ဈေးဦးမပေါက်သေးဘူးလေ"

"ဆရာ ကျွန်တော် ကွန်ပျူတာဆိုင် သွားလိုက်ဦးမယ်"

"သွားလေ၊ ကွန်ပျူတာက ကလေးတွေကိုပြောလိုက်၊ စာလုံးတွေ အမှားမများအောင် ရိုက်ပါလို့"

"ဟုတ်ကဲ့ ဆရာ"

တပည့်ကျော်သံချောင်း ထွက်သွားပြီး သိပ်မကြာလိုက်။

အသက် ၄၀ ခန့် အမျိုးသမီး တစ်ဦးနှင့် အသက် ၁၈ နှစ်ခန့်အမျိုးသမီးငယ်တို့ ဦးနက်ကျော်ရုံးခန်းရှေ့ ရောက်လာသည်။ ဦးနက်ကျော်ရုံးခန်း ခန်းဆီးမှာ အပြင်လူက အတွင်းကိုမြင်ရသကဲ့သို့ အတွင်းလူကလည်း မြင်ရသည်။

အမျိုးသမီးနှစ်ဦးသည် ရှေ့နေကြီးဆိုင်းဘုတ်အား မော့ကြည့်လိုက်၊ စားပွဲတွင်ထိုင်နေသော ရှေ့နေကြီးအား ကြည့်လိုက်လုပ်နေ၏။ သူတို့၏ ဝတ်ပုံစားပုံနှင့် အသွေးအမွေးကို ခန့်မှန်းပြီး ရဲမှူးကြီး ဖုန်းဆက်ထားသူများဟု ဦးနက်ကျော် တွက်လိုက်သည်။

"ရုံးခန်းထဲကို ကြွပါခင်ဗျာ"

ဦးနက်ကျော်က ခရီးဦးကြို နှုတ်ဆက်စကားဆိုသော်လည်း အမျိုးသမီးနှစ်ဦးမှာ ခန်းဆီးအပြင်၌ ရပ်လျက်ပင်။ ရှေ့နေဆိုင်းဘုတ်ကို မော့ကြည့်လိုက်၊ ရှေ့နေကြီးကိုလှမ်းကြည့်လိုက် လုပ်နေပြန်သည်။

"ရုံးခန်းထဲကို ကြွပါခင်ဗျာ"

ရှေ့နေကြီးဦးနက်ကျော်ကဒုတိယအကြိမ် ဖိတ်ခေါ်သောအခါ အမျိုးသမီး နှစ်ဦးမှာ အားနာသွားပုံရ၏။ လေးတွဲ့သော ခြေလှမ်းများဖြင့် ဝင်လာသည်။

"မင်းကြီးလွှတ်လိုက်တဲ့ ဧည့်သည်တွေမဟုတ်လား"

ရှေ့နေကြီးက အပိုင်တွက်ပြီး မေးလိုက်၏။

"ဟုတ်ပါတယ်ရှင်"

အမျိုးသမီးကြီးက ယဉ်ကျေးသိမ်မွေ့စွာ ပြန်ပြောသဖြင့် ရှေ့နေကြီး စိတ်လက်ပေါ့ပါးသွား၏။ အမျိုးသမီးငယ်မှာမူ ဦးနက်ကျော်ရုံးခန်းနံရံတွင် ကပ်ထားသော ဓာတ်ပုံများ၊ စာတန်းများကို လိုက်ဖတ်နေသည်မှာ စိတ်ဝင်တစား။ အမျိုးသမီးကြီးမျက်နှာကလည်း အေးတိအေးစက်။ သူတို့နှစ်ဦး၏ အသွင်အပြင်က နောက်ဆံတင်းနေသည့်နှယ်။ ဘာစကားမှလည်း မစသေး။ ဦးနက်ကျော် နာရီကို တစ်ချက်ကြည့်လိုက်ပြီး.....

"ရဲမှူးကြီးက ကျွန်တော်နဲ့ ကျောင်းအတူနေလာတဲ့ သူငယ်ချင်းတွေပါ၊ လာရင်းကိစ္စကို ပွင့်ပွင့်လင်းလင်းသာပြောပါ၊ ကျွန်တော် ဥပဒေဘောင်အတွင်းကနေ အစွမ်းကုန်အကူအညီပေးပါ့မယ်"

"ဒါနဲ့ဆရာ ဆရာ့နာမည်က ဦးနက်ကျော်လား"

အမျိုးသမီးကြီးကမေးသည်။

"ဟုတ်ပါတယ်"

အမျိုးသမီးနှစ်ယောက်လုံး မျက်နှာ ကြည်သာမှုမရှိတော့။

"ဒါဆို ဆရာက စနေသားပေါ့"

အမျိုးသမီးကြီး၏ အသံယောက်

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းကြောင့် ဦးနက်ကျော် ဘာကို နားလည်ရမှန်းမသိတော့။

"မဟုတ်ပါဘူး"

ရွှေနေကြီးအဖြေစကားကြောင့် အမျိုးသမီးနှစ်ယောက်လုံး မျက်နှာများ ကြည်လင်လာသယောင်။

"ဒါဆိုရင် ဆရာ့နာမည်က နေ့သင့်နံသင့် မဟုတ်ဘူးပေါ့"

အမျိုးသမီးကြီး၏ တတိယ မြောက်မေးခွန်း။

"ဟုတ်ကဲ့၊ ကျွန်တော့်အစ်ကိုတွေက သူတို့ခေတ်တုန်းက နာမည်ကြီးဆိုင်းဆရာ စိန်နက်ကျော်ကို သဘောကျလို့ မှည့်ထားတာပါ"

အမျိုးသမီးကြီးနှင့် အမျိုးသမီးငယ်တို့မျက်နှာဝယ် မျှော်လင့်ချက်အရိပ်အယောင်တို့က ကွက်တိကွက်ကျား။

"ဆရာက ဘာနေ့သားလဲဟင်"

အမျိုးသမီးငယ်က ဝင်မေးသည်။

"ကျွန်တော်က အင်္ဂါသားပါ"

အမျိုးသမီးနှစ်ယောက်လုံး မျက်နှာပျက်သွား၏။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။ ဘာတွေမှန်းမသိ။ ယခုအချိန်အထိ အမှုကိစ္စတစ်ခွန်းမျှမမေးသေး။ ရွှေနေကြီး ဦးနက်ကျော်အဖို့ ဗေဒင်ဆရာမနှစ်ဦးနှင့် ပက်ပင်းတိုးနေသည့်နှယ်။

"ဟုတ်ရဲ့လား ဆရာရယ်"

အမျိုးသမီးကြီး မေးလိုက်ပုံက ဦးနက်ကျော်ကပဲ မွေးနေ့ကို ကြုံသလို ပြောနေသည့်ပုံ။ ခက်တော့ အတော်ခက်နေပေပြီ။ ဦးနက်ကျော်အား ဖုန်းလှမ်းဆက်သည့် သူငယ်ချင်း ရဲမှူးကြီး၏မျက်နှာက ရွှေနေကြီးအမြင်အာရုံဝယ် ပေါ်လာသည်။ ထိုမျက်နှာကို ထောက်ရှု၍ သည်းခံ၊ စိတ်ရှည်ရမည် မဟုတ်လော။

"မဟုတ်ဘဲနဲ့ ပြောပါ့မလားဗျာ၊ ကျွန်တော် တကယ်အင်္ဂါသားပါ"

ရွှေနေကြီးစကားအဆုံးဝယ် အမျိုးသမီးနှစ်ဦးစလုံး၏ ဖွင့်ကားသောတင်အစုံသည် ရွှေနေကြီးစားပွဲရှေ့မှ ကြွမှန်းမသိ ကြွလေပြီ။ ရွှေနေကြီး ဦးနက်ကျော်သည် အမျိုးသမီးနှစ်ဦးအား တစ်ချက်အကဲခတ်ပြီး.....

"အပြင်မှာ အေးအေးဆေးဆေး တိုင်ပင်မယ်ဆိုလည်း တိုင်ပင်ကြပါ၊ ညီမတို့ကို အမှုသည်လို သဘောထားမဆက်ဆံပါဘူး၊ ဆရာ့ရဲ့ သူငယ်ချင်း ရဲမှူးကြီးရဲ့ မိတ်ဆွေများဖြစ်တဲ့အတွက် မိတ်ဆွေအရင်းအချာလိုပဲ ဆက်ဆံနေတာပါ၊ အမှုငွေးရေး၊ မငွေးရေးက အဓိကမဟုတ်ပါဘူး"

ရွှေနေကြီးက အမျိုးသမီးနှစ်ဦး အရိပ်အကဲကို ကြည့်ပြီး ပြောလိုက်ခြင်းသာ။ အမျိုးသမီးနှစ်ယောက် ဦးနက်ကျော်ရုံးခန်း ခန်းဆီးအပြင်ထွက်သွားသည်။ သူတို့အချင်းချင်း တီးတိုး တီးတိုးနှင့် ဘာတွေပြောနေသည်မသိ။ ရုံးခန်းအတွင်းမှ ဦးနက်ကျော်အား လှမ်းကြည့်ပြီး ဝင်လာစဉ်က ပုံစံအတိုင်း သူတို့နှစ်ဦးအကြည့်များက ဟိုရောက်လိုက်၊ ဒီရောက်လိုက်။



အမျိုးသမီးကြီး
စကားကြောင့်
ဦးနက်ကျော်ရင်ထဲက
ဝမ်းသာမှုမှာ
ရှေ့တိုးရမလို၊
နောက်ဆုတ်ရမလို၊
ဟိုလိုလို၊
ဒီလိုလို…

www.burmeseclassic.com

www.burmeseclassic.com

ရှေ့နေကြီးဦးနက်ကျော်သည် လျှောက်လဲချက်ရေးရန် ဘောလ်ပင်ကို ကောက်ကိုင်လိုက်၏။ လျှောက်လဲချက် ရေးရန် စိတ်ကမပါ။ ရှေ့နေကြီးအာရုံ က အမျိုးသမီးနှစ်ဦးထံ ပျံ့လွင့်လျက်။

ထိုအချိန်တွင် တပည့်ကျော် သံချောင်းသည် ကွန်ပျူတာစီပြီးသော စာရွက်များကိုင်ကာ ရုံးခန်းထဲဝင်လာ၏။ သံချောင်းမျက်နှာတစ်ပြင်လုံး လရောင် ဆမ်းထားသည့်နှယ်။

"ဆရာ"

"ပြောလေ"

"အိုကေသွားပြီ မဟုတ်လား"

တပည့်သံချောင်းက လေသံအုပ် အုပ်ဖြင့် ပြောလိုက်သည်။ ရှေ့နေကြီး ဦးနက်ကျော် မျက်နှာတွန့်သွား၏။ သံချောင်းအမေးကို ချက်ချင်းမဖြေနိုင်။

"ဆရာ အိုကေတယ် မဟုတ်လား"

ဦးနက်ကျော် ခေါင်းခါပြလိုက်ရာ သံချောင်းမျက်နှာမှ အပျော်ရိပ်များ လွင့်စဉ်သွား၏။ ထိုအချိန်အထိ အမျိုးသမီးနှစ်ဦးမှာ မပြန်သေး။ ရှေ့နေရုံးခန်းရှေ့တွင် ဝေ့လည်ဝေ့လည်။ တပည့်ကျော်သံချောင်းက လှမ်းကြည့်ပြီး.....

"ဆရာ မပြန်သေးဘူး၊ မျှော်လင့်ချက် ရှိသေးတယ်"

"အေးပါ၊ တိတ်တိတ်နေစမ်းပါ၊ သူတို့နှစ်ယောက် တိုင်ပင်နေပုံရတယ်၊ ရုံးခန်းထဲ ပြန်ဝင်လာရင်တော့ ကျိန်းသေပြီလို့သာ မှတ်ပေတော့"

"ဖျောက်....."

ဦးနက်ကျော်စကားအဆုံးတွင် တပည့်ကျော်သံချောင်းက လက်ဖျောက်တစ်ချက်တီးလိုက်သည်။ ဆရာ တပည့်နှစ်ယောက် ကွန်ပျူတာစာရွက်များကို ကြည့်နေကြသော်လည်း စိတ်ကတော့ အပြင်မှခြေသံကို နားစွင့်လျက်။ ရှေ့နေရုံးခန်း တစ်ခုလုံး တိတ်ဆိတ်လျက်။



ထိုအချိန်တွင်..

"အဟမ်း....."

အမျိုးသမီးကြီး၏ ချောင်းဟန့်သံ တစ်ချက်နှင့်အတူ ရုံးခန်းအတွင်းသို့ ဦးတည်လာသည့် ခြေလှမ်းဖွဖွများကြောင့် ဆရာ တပည့် အကြည့်ချင်းဆုံကာ ပြုံးပျော်သွား၏။

ရှေ့နေကြီးဦးနက်ကျော်သည် ရုံးခန်းထဲသို့ပြန်ဝင်လာသော အမျိုးသမီးနှစ်ဦးကို အပြုံးမျက်နှာဖြင့် ကြိုလိုက်၏။

"ကျွန်မတို့ကို ရဲမှူးကြီး---က ဆရာ့ဆီ လွှတ်လိုက်တာပါ"

အမျိုးသမီးကြီး ပြောလာသော စကားက တည်တည်ငြိမ်ငြိမ်။

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော့်ကို ဖုန်းဆက်ထားပါတယ်၊ ညီမတို့အမွေမှုကို ဥပဒေအတိုင်း အမှန်ဖြစ်ရေးအတွက် မင်းကြီးကပြောထားပါတယ်"

"ကျွန်မတို့အမှုကို ဆရာ့ကိုပဲ အပ်ဖို့ ဆုံးဖြတ်ပြီး လာခဲ့တာပါ"

ဦးဆောင်ပြောနေသော အမျိုးသမီးကြီးစကားကြောင့် ရှေ့နေကြီးဦးနက်ကျော်တို့ ဆရာတပည့် ပြုံးပျော်သွားကြသည်။

"ဒါပေမဲ့ ဆရာ....."

အမျိုးသမီးကြီးစကားကြောင့် ဦးနက်ကျော်ရင်ထဲက ဝမ်းသာမှုမှာ ရှေ့တိုးရမလို၊ နောက်ဆုတ်ရမလို၊ ဟိုလိုလို၊ ဒီလိုလို။

"ပြောပါ ညီမ၊ အားမနာပါနဲ့၊ ပွင့်ပွင့်လင်းလင်းသာပြော"

"ဖြန်း....."

အမျိုးသမီးကြီးစကားကြောင့် တပည့်ကျော်သံချောင်းက သူ့နဖူးကို လက်ဝါးဖြင့်ရိုက်လိုက်သော အသံဖြစ်ပါသည်။ အမျိုးသမီးကြီးက အားတုံ့အားနာဖြင့် ပြောလိုက်သည်ကတော့–

"ကျွန်မတို့ဖေဖေဆရာက အမှုတစ်ခုလုံး နိုင်ချင်ရင် စနေသားရှေ့နေနဲ့ အင်္ဂါသားရှေ့နေကို ရှောင်ရမယ်လို့ မှာလိုက်လို့ပါ ဆရာ"တဲ့။ ။

ချစ်ကိုကိုယု

www.burmeseclassic.com

www.burmeseclassic.com

# မောင်ကြည်အောင်

## အိမ်ထောင်ဖျက်၍ စီးပွားမက်သူ



www.burmeseclassic.com

www.burmeseclassic.com


ကိုစိန်လင်းနှင့် မသန်းမြတို့နှစ်ဦး အိမ်ထောင်ပြုခဲ့ပြီးချိန်မှစ၍ စီးပွားရေးကို အတူတကွ ကြိုးကြိုးစားစား ရှာဖွေခဲ့ကြသည်။ အိမ်ထောင်ပြုကြစဉ်က အိမ်ငှားဘဝဖြင့် နေခဲ့ကြပြီး ခေါင်းရွက်ဗျပ်ထိုးဈေးသည်ဘဝဖြင့်သာ လုပ်ကိုင်ခဲ့သည်။ မသန်းမြ၏မိဘများ ကွယ်လွန်ချိန်တွင် မိဘအိမ်နှင့်မြေအား မသန်းမြက အမွေရလိုက်သည်။

တစ်ဦးတည်းသော သမီးဖြစ်သဖြင့် မိဘထံမှအမွေရသောအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း ညီမဝမ်းကွဲတော်သူ မမြင့်မြင့်အေးအား အိမ်တွင် ကူဖော်လောင်ဖက်အဖြစ်ခေါ်ထားခဲ့သည်။ အမွေရသည့်အိမ်ရှေ့တွင် စားသောက်ဆိုင်လေးတစ်ဆိုင်ဖွင့်၏။ စားသောက်ဆိုင်တွင် ခေါက်ဆွဲပြုတ်၊ ခေါက်ဆွဲကြော်၊ အချိုရည်နှင့်မုန့်သည်ဖြင့် တွဲရောင်းသည်။ အရောင်းအဝယ်ကောင်းသဖြင့် စီးပွားတက်ခဲ့ကြသည်။

ညီမဖြစ်သူ မြင့်မြင့်အေးသည် ခေါက်ဆွဲလာစားလေ့ရှိသူ ကျင်စိန်ဆိုသည့် လူငယ်တစ်ဦးနှင့် ချစ်ကြိုက်ခဲ့သည်။ အစ်မ မသန်းမြနှင့် ခဲအို ကိုစိန်လင်းတို့က အလုပ်အကိုင် မည်မည်ရရမရှိသည့် ကျင်စိန်နှင့် သဘောမတူခဲ့။ သို့ရာတွင် မြင့်မြင့်အေးသည် ခဲအိုနှင့် အစ်မတို့၏စကားကို နားမထောင်ဘဲ ခိုးရာလိုက်ပြေးသွားခဲ့သည်။

ကိုစိန်လင်းတို့သည် စီးပွားဖြစ်လာသဖြင့် ကိုယ်ပိုင်ဆိုင်ကယ်တစ်စီး ဝယ်ပြီး ဆိုင်အတွက် ပစ္စည်းများကို ဆိုင်ကယ်ဖြင့် အလွယ်တကူ သွားရောက်ဝယ်ယူနိုင်ကြသည်။

လင်မယားနှစ်ယောက်စလုံး ဆိုင်ကယ်စီးတတ်သဖြင့် ဆိုင်တွင် တစ်ဦးမအားလပ်လျှင် တစ်ဦးက ဈေးသွားဝယ်နိုင်သည်။

"အစ်ကိုရေ ဈေးမှာ ငရုတ်ဆီတစ်ပုလင်းနဲ့ စက္ကူလိပ်တွေ ဝယ်ခဲ့ဖို့ မေ့နေမယ်နော်"

ဆိုင်ကယ်ပေါ်သို့ ရောက်နေသည့် ကိုစိန်လင်းအား မသန်းမြက ဆိုင်ထဲမှ လှမ်း၍အော်ပြောလိုက်သည်။

"အေးပါကွာ၊ ငါသတိရပါတယ်၊ မင်းသာ ဆိုင်မှာ နိုင်နိုင်နင်းနင်းဖြစ်အောင်လုပ်"

"အမြန်မစီးနဲ့နော်၊ မှန်မှန်စီး သွား၊ ဆိုင်ကို ဘာမှစိတ်မပူနဲ့"

"အေး အေး၊ သွားပြီဟေ့"

ကိုစိန်လင်းသည် ဆိုင်ကယ်စီး၍

အပျိုလူပျို
ချစ်ကြ ကြိုက်ကြတော့
အတူတူနေရရင်
ပြီးရောဆိုပြီး
အိမ်ထောင်ပြုခဲ့ကြတာပဲ၊
ဖြစ်လာမယ့်
ပြဿနာကို
မစဉ်းစားခဲ့ဘူးလေ၊
အခုမှ ငတ်တစ်လှည့်၊
ပြတ်တစ်လှည့်
ဖြစ်လာတော့
ဘာလုပ်လို့ရတော့မှာလဲ
...

www.burmeseclassic.com

ဈေးသို့ထွက်သွားသည်။ ကိုစိန်လင်း ထွက်သွားပြီး မကြာမီ ယခင်က ကို စိန်လင်းတို့အိမ်တွင်နေခဲ့သည့် မသန်း မြ၏ညီမဝမ်းကွဲ မြင့်မြင့်အေးသည် ဆိုင်ထဲသို့ဝင်လာသည်။

"ဟဲ့.....မြင့်မြင့်အေး၊ နင်တစ် ယောက်တည်းလား"

"ဟုတ်တယ် အစ်မရေ၊ အိမ်က လူက အလုပ်သွားရှာမယ်ဆိုပြီးထွက် သွားတာ နှစ်ရက်ရှိပြီ၊ အိမ်မှာက ချက် စရာ ဆန်ကလည်းမရှိ၊ ဆီကလည်း မရှိနဲ့မို့ အစ်မဆီ ထွက်လာခဲ့တာပါ"

"နင်တို့ ဒီလိုပဲ ဆီမရှိ၊ ဆန်မရှိ တိုင်း ငါ့ဆီလာနေလို့ ငါက အမြဲပေး နေရမှာလားဟဲ့၊ ရှာကြဖွေကြပေါ့၊ ကလေးမရှိလို့ တော်သေးတယ်၊ ကလေးသာရှိလာရင် ဘယ်လိုလုပ်ကြ မှာလဲ"

"အလုပ်ရှာပါတယ် အစ်မရယ်၊ ဒါပေမဲ့ အဆင်မပြေတော့ ဝတ်တစ် လှည့်၊ ပြတ်တစ်လှည့်နဲ့၊ အားကိုးစရာ ဆိုလို့ အစ်မပဲရှိတာမဟုတ်လား"

မြင့်မြင့်အေးသည် ခေါင်းမှပဝါကို ဖြုတ်ပြီး ချွေးသုတ်လိုက်သည်။ ညှိုး ငယ်သောမျက်နှာဖြင့် မသန်းမြကို ကြည့်နေလိုက်သည်။

"အေး နင့်ကို အပျိုဘဝတုန်းက ကျွေးမွေး၊ ပေးကမ်းထားနိုင်ပေမယ့် အခု နင်က အိမ်ထောင်ကွဲဖြစ်နေပြီ၊ ကိုယ့်လင်ကို ကိုယ်ယုံလို့ ယူခဲ့ပြီးပြီ၊ သူ့ကိုရှာခိုင်းပေါ့ဟဲ့"

"ဟုတ်ပါတယ် အစ်မရယ်၊ အစ်မနဲ့အစ်ကိုတို့စကား နားမထောင် ခဲ့လို့ အခုလို ဒုက္ခရောက်ရတာပါ၊ ကျင် စိန်က လက်ကြောကလည်းမတင်း၊ ဟို အလုပ် အဆင်မပြေ၊ ဒီအလုပ်အဆင် မပြေနဲ့၊ သူ့ကိုလည်း စိတ်ကုန်လာပါ ပြီ အစ်မရယ်"


"ဟဲ့ ယူပြီးမှတော့ စိတ်ကုန်နေ လို့ ရမလား၊ အလုပ်ကို ကြိုးကြိုးစား စား၊ ရိုးရိုးသားသားလုပ်ဖို့ပြောပေါ့"

"ပြောပါတယ် အစ်မရယ်"

"နင်ကပြောတော့ သူ့အိုးနဲ့အိမ် နဲ့ ဖြစ်လာရင် သူ့ဟာသူ အဆင်ပြေ သွားမှာပါဆို၊ အခုတော့ ငါတို့ပြော သလို ဖြစ်နေကြပြီမဟုတ်လား"

"အစ်မရယ် အပျိုလူပျို ချစ်ကြ ကြိုက်ကြတော့ အတူတူနေရရင် ပြီး ရောဆိုပြီး အိမ်ထောင်ပြုခဲ့ကြတာပဲ၊ ဖြစ်လာမယ့်ပြဿနာကို မစဉ်းစားခဲ့ဘူး လေ၊ အခုမှ ဝတ်တစ်လှည့်၊ ပြတ်တစ် လှည့်ဖြစ်လာတော့ ဘာလုပ်လို့ရတော့ မှာလဲ"

"လင်မယူခင် ကြိုတင်စဉ်းစားပါ လို့ ပြောပေမယ့် အငမ်းမရ၊ ကျင်စိန် ကိုမှ မယူရင် ကိုယ့်ကိုယ်ကိုယ်ပဲ သတ် သေတော့မလိုလို နင်ဖြစ်ခဲ့တာလေ၊ မှတ်မိရဲ့လား"



မြင့်မြင့်အေးသည် မျက်နှာကို ရှုံ့ မဲ့လိုက်သည်။ ကိုယ့်အပြစ်နဲ့ကိုယ်မို့ အစ်မကို ပြန်ပြောရန်စကားမရှိသော့ သဖြင့် ပါးစပ်ပိတ်၍သာ နေလိုက်ရ တော့သည်။

www.burmeseclassic.com

ညီမဖြစ်သူ၏အခြေအနေကို နားလည်သဖြင့် သနားစိတ်ဖြင့် ပေးရပြန်သည်။

"ကဲ..ရော့၊ ငွေ ၃၀၀၀ ယူထား၊ ဆန်အိုးထဲက ဆန်တစ်ပြည်ထည့်ယူပြီး မြန်မြန်ပြန်ပေတော့"

"အစ်မကလည်း ကိုစိန်လင်းကို ကြောက်လို့လား"

"ဟဲ့...ကြောက်တာမဟုတ်ဘူးဟေ့၊ နင့်ကို အခုလို ပေးကမ်းနေတာကို သူသိရင် နင့်ကိုငြိုငြင်မှာစိုးလို့ဟဲ့၊ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်၊ ကဲ.....ကဲ မြန်မြန်ပြန်ပေတော့"

မြင့်မြင့်အေးသည် ငွေ ၃၀၀၀ ကျပ်ကို အတွင်းခံအင်္ကျီအိတ်ထဲထည့်ပြီး ဆန်အိုးထဲမှ ဆန်တစ်ပြည်ကျော်ကျော်ခန့်ကို ပဝါဖြင့် ထုပ်ပိုးသယ်ဆောင်၍ ဆိုင်ထဲမှ ထွက်သွားတော့သည်။

✦ ✦ ✦

"မသန်းမြ၊ နင့်ညီမ မြင့်မြင့်အေးကို ဈေးရှေ့မှာ တွေ့ခဲ့တယ်၊ လက်ဆွဲခြင်းထဲမှာလည်း အသီးအရွက်တွေနဲ့၊ ကြက်နှစ်ကောင် ခြေထောက်ထောင်နေတာလည်းပါရဲ့၊ ဘယ်သူဝယ်ခိုင်းတာလဲမသိဘူး"

"ဩော်.....ကိုစိန်လင်းကိုပြောဖို့မေ့နေလိုက်တာ၊ အခု မြင့်မြင့်အေးက ရပ်ကွက် (၄)ထဲမှာ အလုပ်ရနေပြီတဲ့"

"ဘာလဲ ထမင်းဆိုင်မှာလား"

"မဟုတ်ဘူး၊ ဟိုသူဌေးအိမ်လေ၊ လောရုံဆိုလား"

"ဩော်.....သိပြီ...သိပြီ၊ အိမ်အကူပေါ့၊ ကောင်းပါတယ်ဟာ၊ ငါတို့ပေးရကမ်းရတာ လျော့သွားတာပေါ့"

"ဒါကတော့ သူ့ကိုသနားလို့ ပေးကမ်းနေတာပါတော်၊ ရှင့်ရဲ့သဘောထားကိုလည်း သိပါတယ်၊ အပေးအကမ်းများရင် ရှင်က သူ့ကိုငြိုငြင်မှာလည်း စိုးမိပါတယ်"

"အေးပါ၊ ဟိုတလောက ငါဈေးသွားနေတုန်း ပဝါနဲ့ ဆန်တစ်ပြည်လောက်ထုပ်ပိုးပြီး ယူသွားခဲ့တာ ငါတွေ့လိုက်ပါတယ်၊ နင့်ကိုဘာပြောခဲ့ဖူးသလဲ"

"နောက်ဆိုရင် ဒီလိုမလာတော့ပါဘူးလေ၊ အပူတစ်ခုတော့ အေးသွားရတာပေါ့ရှင်"

"အင်း..ငါတော့ အပူအေးမယ်မထင်ဘူး၊ နင်ပြောတဲ့ ရပ်ကွက်(၄)က သူဌေးဦးလောရုံဆိုတာ ငါသိပါတယ်၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး အသံထွက်နေတဲ့အိမ်လေ၊ နင့်ညီမကိုလည်း သတိပေးထားဦး"

✦ ✦ ✦

"ကျင်စိန် နင့်ကို ငါတို့သူဌေးက တွေ့ချင်လို့တဲ့"

"ဘာကိစ္စရှိလို့လဲဟ"

"ငါက သူဌေးကတော်ကို ကျွန်မယောကျ်ားမှာ အလုပ်မည်မည်ရရမရှိတဲ့အကြောင်းရယ်၊ စားဝတ်နေရေး ခက်ခဲတဲ့အကြောင်းရယ် ပြောပြလိုက်တယ်၊ သူဌေးကတော်က သူဌေး ဦးလောရုံကို ပြန်ပြောတယ်ထင်ပါရဲ့"

"အင်း ဟုတ်မှာပေါ့၊ ဒီတော့ ငါက သူဌေးနဲ့တွေ့ပြီး ဘာလုပ်ရမှာလဲ"

ထမင်းဝိုင်းတွင် မြင့်မြင့်အေးက ကျင်စိန်အား သူဌေးဦးလောရုံမှ တွေ့ချင်ကြောင်း ပြောပြလိုက်သည်။ ကျင်စိန်သည် ပင်ပင်ပန်းပန်းအလုပ်ကိုလုပ်ရမည်ကို ဝန်လေးသူဖြစ်သည်။ မည်သည့်အလုပ်အကိုင် လုပ်ရမည်ကိုတွေး၍ ဝန်လေးတတ်သူဖြစ်သဖြင့် လုပ်ရမည့်အလုပ်ကို တွေဝေနေခြင်းဖြစ်၏။

"ဒီမှာ ကျင်စိန်၊ ဒီတစ်ခါတော့ ငါပြောသလို သူဌေးနဲ့ လိုက်တွေ့လိုက်ပါဟယ်"

"အေးပါကွာ၊ မနက်ဖြန် ဘယ်အချိန် တွေ့ရမှာလဲ"

"မနက် ၁၀ နာရီလောက် သူဌေးအိမ်ကိုလာခဲ့၊ ငါပြောထားလိုက်မယ်"

မြင့်မြင့်အေးသည် သူဌေးဦးလောရုံအိမ်တွင် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ အလုပ်ဆင်းရသည်။ နံနက်စာကို သူဌေးအိမ်တွင် စားရသည်။ ညစာကို အိမ်တွင်ပြန်၍ ချက်ပြုတ်ပြီး လင်မယားနှစ်ယောက် အတူတူသွားကြ

www.burmeseclassic.com

www.burmeseclassic.com

**မှုးယစ်ဆေးဝါးလုပ်ငန်း လုပ်ကိုင်ကြတဲ့သူတွေက ခုခေတ် လူငယ်တွေထက် ဉာဏ်နီဉာဏ်နက် များကြတယ်၊ ကလိမ်ကကျစ် လုပ်တတ်နိုင်လွန်းလို့ မှုးယစ်ဆေးဝါးလုပ်ငန်းကို လုပ်ကြတာကွ ...**

သည်။ ထမင်းစားနေစဉ် သူဌေးမှာကြားသည့် စကားကို ပြောပြနေခြင်းဖြစ်သည်။

✦ ✦ ✦

"မင်းလုပ်ရမှာကတော့ အိမ်အပြင်သန့်ရှင်းရေးနဲ့ ဒီအိမ်ရဲ့ လုံခြုံရေးတာဝန်ပေါ့ကွာ၊ မင်းမိန်းမနဲ့အတူ မနက်အတူတူလာ၊ လုပ်စရာရှိတာလုပ်၊ နေ့လယ်စာကိုတော့ ဒီအိမ်မှာ မင်းမိန်းမနဲ့ အတူတူစားကြ"

"ဟုတ်ကဲ့၊ ကျွန်တော်လုပ်ပါ့မယ်"

"နောက်ပြီး နယ်ကပို့လာတဲ့ လက်ဆောင်ပစ္စည်းတွေရှိခဲ့ရင် လိုက်ပို့ပေးရလိမ့်မယ်"

"ဟုတ်ကဲ့ပါ သူဌေး"

"လခကိုတော့ ပုံမှန်ပေးမယ်၊ ငါ့မိတ်ဆွေတွေဆီကို လက်ဆောင်ပစ္စည်းတွေပို့ရတဲ့အခါကျရင်တော့ မင်းကို အပိုလုပ်အားခ ထပ်ပေးမယ်"

"ဟုတ်ကဲ့ပါ သူဌေး"

"ဒီနေ့တော့ ပြန်နား၊ မနက်ဖြန်ကစပြီး မင်းမိန်းမနဲ့အတူတူ အလုပ်စပြီးဆင်းပေတော့"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ သူဌေး"

ကျော်စိန်သည် သူဌေးဦးလောရုံအား ခေါင်းငုံ့၍ အရိုအသေပေးပြီး အိမ်ပေါက်ဝသို့ ထွက်လာခဲ့သည်။ အိမ်ခြံဝအနီးတွင် ဖနီးသည် မြင့်မြင့်အေးနှင့်တွေ့သည်။

"ကျော်စိန် နင့်ကို သူဌေးက ဘာပြောလိုက်သလဲ"

"အိမ်ရောက်မှ ပြန်ပြောပြမယ်၊ ဒီအိမ်မှာ နင်နဲ့ငါနဲ့ အတူတူအလုပ်ဆင်းရမယ်လို့ပြောတယ်"

ကျော်စိန်သည် လစာအပြင် အပိုလုပ်အားခများပါ ရမည်ဖြစ်သဖြင့် အလွန်ဝမ်းသာပျော်ရွှင်နေသည်။ မြင့်မြင့်အေးနှင့် စကားအကြာကြီးပြောနေလျှင် သူဌေး၏ငြိုငြင်မှုခံရမည်စိုး၍ စကားကိုဖြတ်ပြီး နေအိမ်သို့ အမြန်ပြန်လာခဲ့တော့သည်။

✦ ✦ ✦

"မသန်းမြရေ ဒီမှာ ပစ္စည်းတွေ သိမ်းလိုက်ပါဦးဟာ၊ ဗိုက်ဆာလို့ ခေါက်ဆွဲပြုတ်တစ်ပွဲတော့ အရင်စားလိုက်ဦးမယ်"

ဆိုင်ကယ်ဖြင့် ဈေးမှပြန်လာသော ကိုစိန်လင်းသည် ဆိုင်ကယ်ပေါ်မှ အမြန်ဆင်းပြီး ဆိုင်ထဲသို့ ပြေးဝင်လာသည်။

"အစ်ကိုရယ် ဈေးမှာ တစ်ခုခု ဝယ်စားခဲ့ပါလား"

"ဆိုင်မှာ စားစရာအဆင်သင့်ရှိနေတာ၊ ဘာဖြစ်လို့ အပိုငွေအကုန်ခံပြီး ဈေးမှာဝယ်စားတော့မှာလဲကွာ၊ အခုစားလို့ရပြီမဟုတ်လား"

ကိုစိန်လင်းသည် ပန်းကန်ထဲသို့ ခေါက်ဆွဲဖတ်များထည့်ပြီး ဟင်းရည်လောင်းထည့်လိုက်သည်။ လုပ်ကိုင်နေကျဖြစ်သဖြင့် အငွေ့တထောင်းထောင်းနှင့် ခေါက်ဆွဲပြုတ်တစ်ပွဲစားရန် အသင့်ဖြစ်သွားပြီဖြစ်သည်။

ကိုစိန်လင်းသည် ခေါက်ဆွဲပြုတ်ကို အားပါးတရစားနေစဉ် မသန်းမြသည် ဆိုင်ကယ်ပေါ်မှ ဈေးဝယ်လာသည့်ပစ္စည်းများအား ဆိုင်ထဲသို့သယ်

www.burmeseclassic.com



ဆောင်လာခဲ့သည်။ စားပွဲပေါ်သို့ပစ္စည်းများတင်ထားပြီး ကိုစိန်လင်းအနီးသို့ ဝင်ထိုင်လိုက်သည်။

"ပိုက်ဆံချွေတာတယ်ဆိုတာ သူ့နေရာနဲ့သူတော့ ရှိရမှာပေါ့ အစ်ကို ရယ်၊ အဆာလွန်ပြီး အစာအိမ်ရောဂါ ဖြစ်မှ ဆင်ဖိုးထက် ချွန်းဖိုးကြီးနေပါ့ မယ်"

"အေးပါကွာ၊ ငါသိပါတယ်၊ ဒါနဲ့ မင်းညီမရဲ့ယောကျ်ား ကျင်စိန်လည်း အလုပ်ရနေပြီလို့ကြားတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ သူတို့လင်မယားနှစ်ယောက်စလုံး သူဌေးဦးလောရုံအိမ်မှာ အတူတူအလုပ်ဆင်းနေတယ်လို့တော့ ပြောတာပဲ"

"အင်း....ငါကတော့ သူတို့နှစ်ယောက်စလုံးကို ဦးလောရုံအိမ်မှာ အလုပ်လုပ်နေတာကို သိပ်ပြီးသဘောမတွေ့မိဘူးကွာ"

ကိုစိန်လင်း၏စကားကြောင့် မသန်းမြသည် အံ့အားသင့်သွားသည်။ လင်မယားနှစ်ယောက်စလုံး အလုပ်လုပ်ကြလျှင် အိမ်ထောင်တစ်ခု၏ စီးပွားရေး အဆင်ပြေမည်ဟု ထင်သော်လည်း ကိုစိန်လင်းအနေဖြင့် မည်သည့်အတွက် မကျေနပ်သည်ကို သိချင်မိသည်။

"ဘာဖြစ်လို့လဲ အစ်ကို"

"ဘာဖြစ်ရမှာလဲ၊ ဦးလောရုံက မူးယစ်ဆေးဝါးနဲ့ နာမည်ထွက်တယ်၊ မင်းညီမလင်မယားကို အသုံးချသွားမှာစိုးလို့ ပြောတာ"


"အစ်ကိုရယ် မြင့်မြင့်အေးတို့က ဒီလောက်တော့ အကြံမယ်မထင်ပါဘူး၊ သူတို့လည်း ခေတ်လူငယ်လေးတွေဆိုတော့ ဒုစရိုက်မကောင်းတဲ့ အလုပ်တွေ့ရင် လုပ်ကြမယ်မထင်ပါဘူး"

"အေး မူးယစ်ဆေးဝါးလုပ်ငန်းလုပ်ကိုင်ကြတဲ့သူတွေက ခုခေတ်လူငယ်တွေထက် ဉာဏ်နီဉာဏ်နက်များကြတယ်၊ ကလိမ်ကကျစ် လုပ်တတ်နိုင်လွန်းလို့ မူးယစ်ဆေးဝါးလုပ်ငန်းကို လုပ်ကြတာကွ"

"ဒါဆိုရင်တော့ တွေ့ရင် သတိပေးထားပါ့မယ်ရှင်"

"ဖြစ်ပြီးကာမှ နာမည်ပျက်စရာရှိရင် မင်းနဲ့ငါက ဘာမဆိုင်ညာမဆိုင် ဆွေမျိုးတော်နေလို့ ရောပြီးနာမည်ပျက်သွားနိုင်တယ်၊ မင်းညီမက တစ်ဖွတ်ထိုး လုပ်တတ်တယ်နော်၊ ကျင်စိန်ကို ယူတုန်းကလည်း အတန်တန် တားတဲ့ကြားက ခိုးရာလိုက်ပြေးတယ်၊ အခု မင်းက သတိပေးပြန်ရင်လည်း သူတို့နှစ်ယောက် အဆင်ပြေနေတာကို ဖျက်လိုဖျက်ဆီးလုပ်တယ်လို့ ထင်နေပါ့မယ်ကွာ"

"ဟုတ်ကဲ့ပါရှင်၊ ကျွန်မ သတိထားပြောပါ့မယ်"



\+ + +

ကျင်စိန်သည် ဦးလောရုံအိမ်တွင်

www.burmeseclassic.com

www.burmeseclassic.com

သန့်ရှင်းရေးနှင့် ဝင်းခြံလုံခြုံရေး ဆောင်ရွက်ရသည့်အပြင် တစ်ဖက်ကမ်းသို့ ဦးလောရုံနှင့်အတူ မကြာခဏ လိုက်ပါသွားရသည်။ တစ်ဖက်ကမ်းရှိ ဦးလောရုံ၏မိတ်ဆွေများအိမ်သို့ အဝင်အထွက်ရှိလာခဲ့သည်။

ယနေ့ အိမ်သို့ ကျင်စိန်သည် စော၍ပြန်လာခဲ့သည်။ မြင့်မြင့်အေးသည် ဦးလောရုံ၏မိတ်ဆွေများ ရောက်နေသဖြင့် သူဌေးကတော်နှင့်အတူ ညည့်ခံပေးရင်း အိမ်ပြန်နောက်ကျခဲ့သည်။ အိမ်ပေါ်သို့တက်လာသည့် မြင့်မြင့်အေးအား ကျင်စိန်က ထမင်းစားပွဲတွင်ထိုင်ရင်း စောင့်နေခဲ့သည်။

"နင်ဒီနေ့ တော်တော်နောက်ကျပါလား"

"ပြန်ခါနီးမှ ဦးလောရုံရဲ့ ညည့်သည်တွေကို သူဌေးကတော်နဲ့ ညည့်ခံပေးနေရတယ်၊ ညည့်သည်တွေပြန်တော့ သူဌေးကခေါ်တွေ့လို့ သွားတွေ့ရသေးတယ်"

"ဘာဖြစ်လို့လဲ"

"ဒီမှာ ကျောပိုးအိတ်တစ်လုံးပေးလိုက်တယ်၊ အထဲမှာ ပါဆယ်စက္ကူနဲ့ ထုပ်ထားတဲ့ အထုပ်တစ်ထုပ်လည်းပါတယ်၊ မုန့်ထုပ်လို့ပြောတယ်၊ ဟိုဘက်ကမ်းက နင်နဲ့သူဌေးတို့ သွားခဲ့ဖူးတဲ့ သူဌေးရဲ့အိမ်ကို ပို့ပေးပါတဲ့၊ မနက်ဆိုရင် အိတ်ထဲကမုန့်တွေ ဆီစော်နံသွားမှာစိုးလို့တဲ့၊ ရော့.....ဒီမှာ နင့်အတွက် အပိုလုပ်အားခငွေ ထည့်ထားတဲ့ စာအိတ်"

မြင့်မြင့်အေးသည် လက်တွင်ဆွဲလာသော ကျောပိုးအိတ်နှင့် စာအိတ်တစ်အိတ်ကို ကျင်စိန်အား ပေးလိုက်သည်။

"သူ့မိတ်ဆွေအိမ်တွေက များတယ်၊ ဘယ်အိမ်ဆိုတာ ပြောလိုက်လား"

"နင့်ကိုလက်ဖက်ရည်တိုက်တဲ့အိမ်ဆို နင်သိတယ်လို့ပြောတယ်"

"ဪ...သိပြီ၊ သူဌေးနဲ့ တော်တော်ရင်းနှီးတဲ့အိမ်ပဲ၊ အခုသွားလိုက်မယ်၊ ပြန်ရောက်မှ ထမင်းစားတော့မယ်ဟာ၊ ဝါးဖောင်ဂိတ်က ကူးသွားရင် မကြာပါဘူး"

"ငါသိပါတယ်ဟာ၊ အပြန်မှာ အရက်ဆိုင်ဝင်ပြီး ထိုင်ဦးမယ်မဟုတ်လား၊ မကြာစေနဲ့နော်၊ ငါထမင်းစားစောင့်နေမယ်"

"အေး.....အေး၊ ငါသွားပြီ"

+ + +

"ဟဲ့.....မြင့်မြင့်အေး၊ နင့်ကို သူဌေးခေါ်နေတယ်၊ ညည့်ခန်းကို သွားတွေ့လိုက်ဦး"

သူဌေးကတော်သည် မှိုင်မှိုင်တွေတွေဖြစ်နေသော မြင့်မြင့်အေးကို သူ၏ယောက်ျားထံ သွားတွေ့ရန် ပြောလိုက်သည်။

"ဟုတ်.....ဟုတ်ကဲ့ရှင့်"

မြင့်မြင့်အေးသည် ညည့်ခန်းသို့ ထွက်လာခဲ့သည်။ ညည့်ခန်းတွင် သူဌေးဦးလောရုံထိုင်နေသည်ကိုတွေ့၍ ခါးညွတ်ပြီး ခေါင်းငုံ့လျက် အရိုအသေပေးလိုက်သည်။

"ညက နင့်ယောက်ျား ဘယ်အချိန် ပြန်ရောက်လဲ"

"ဟို...ဟို အခုမနက်အထိ ပြန်ရောက်မလာဘူး၊ သူဌေးဆီက ဘာသတင်းကြားရမလဲလို့ သိချင်တာပါ"

"ငါလည်း ဘာသတင်းမှ မရ ဘူး၊ အခုမနက် သူ့ကိုမတွေ့လို့ နင့်ကိုခေါ်မေးတာ၊ ငါ့မိတ်ဆွေအိမ်ကိုရောရောက်ရဲ့လား မသိပါဘူးကွာ"

"ကျင်စိန်က ခိုင်းရင် ခိုင်းတဲ့အတိုင်း လုပ်တတ်ပါတယ်၊ သူဌေးမိတ်ဆွေအိမ်ကိုတော့ ရောက်အောင်သွားမှာပါ၊ ဟိုမှာ ဘာဖြစ်လို့လဲမသိဘူး"

"ဘာဖြစ်စရာရှိမှာလဲ၊ မုန့်ထုပ်ပို့ပြီး ပြန်လာရမှာပေါ့"

"ဟုတ်ကဲ့ရှင့်"

"အေး.....အေး၊ နင့်အလုပ်နင်ပြန်လုပ်တော့၊ ဟိုဘက်ကမ်းကို ငါစုံစမ်းကြည့်လိုက်မယ်"

မြင့်မြင့်အေးသည် သူဌေးကို အရိုအသေပြုပြီး မီးဖိုချောင်သို့ ပြန်လာခဲ့သည်။ အိမ်ကိုလည်းပြန်မရောက်၊ သူဌေးထံသို့လည်း ပြန်ရောက်မလာသည့် ကျင်စိန်ကို စိတ်ပူပန်မှုဖြင့်သာ မီးဖိုချောင်အလုပ်ကို ဆက်၍လုပ်ကိုင်နေရတော့သည်။

ညနေစောင်းအချိန်တွင် သူဌေး

www.burmeseclassic.com

www.burmeseclassic.com




ထံသို့ ဧည့်သည်နှစ်ယောက် ရောက်လာသည်။ စကားပြောနေစဉ် သူဌေးကတော်မှ အအေးခွက်ပို့နိုင်း၍ ဧည့်ခန်းသို့ အအေးခွက်များ သွားပို့ပေးရသည်။ ဧည့်ခန်းမှ ပြန်ထွက်လာစဉ် မြင့်မြင့်အေးသည် ကျင်စိန်ဆိုသော အသံကို စကားဝိုင်းထဲမှ မသဲမကွဲ ကြားလိုက်ရသည်။

သူမယောက်ျား ကျင်စိန်နှင့်ပတ်သက်၍ ပြောဆိုနေကြလိမ့်မည်ဟုသာ ထင်လိုက်သည်။ မည်သည့်ကိစ္စဆိုသည်ကို မသိရပေ။ ဧည့်သည်နှစ်ယောက် ပြန်သွားပြီး မကြာမီ သူဌေးကတော်သည် မြင့်မြင့်အေးအား သူဌေးထံသွားရန် လာပြောသည်။ ဧည့်ခန်းသို့ဝင်လာပြီး သူဌေးကို အရိုအသေပြုလိုက်သည်။

သူဌေးက မြင့်မြင့်အေးအား ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရန် ပြောသဖြင့် မြင့်မြင့်အေးသည် အလွန်အံ့အားသင့်သွားမိသည်။ ရပ်မြဲတိုင်း သာ ရပ်နေလိုက်သည်။

"ထိုင်၊ နင့်ကို သတင်းထူးတစ်ခုပြောစရာရှိလို့ ခေါ်လိုက်တာ၊ စိတ်အေးအေးထား"

"ဟုတ်ကဲ့၊ ကျွန်မ မထိုင်ပါဘူး၊ ပြောပါရှင့်"

"ဒီလို၊ မင်းယောက်ျား ကျင်စိန်ကို ဟိုဘက်ကမ်းမှာ ညက မူးယစ်ဆေးဝါးတွေနဲ့ ဖမ်းလိုက်တယ်လို့ သတင်းရတယ်၊ အခုပြန်သွားတဲ့ဧည့်သည်တွေက လာပြောသွားတယ်"

"ရှင်....."

"ငါပို့ခိုင်းတာက မုန့်ထုပ်တွေပါ၊ ဒီကောင် ဘာတွေလုပ်နေသလဲ မသိဘူး"

"သူ.....သူ ဒီလိုမဟုတ်တာတွေ မလုပ်ပါဘူး၊ သူဌေးခိုင်းတဲ့အတိုင်း မုန့်ထုပ်ယူပြီး ဟိုဘက်ကမ်းကို ထွက်သွားတာပါရှင်"

"ငါ့မုန့်ထုပ်သွားပို့ရင်းက တစ်ယောက်ယောက်က ထပ်ခိုင်းတဲ့မူးယစ်ဆေးဝါးတွေကို ယူသွားတာဖြစ်နေရင်တော့ အဖမ်းခံရမှာပဲလေ"

"ဒုက္ခပါပဲရှင်၊ ကျွန်မ ဘယ်လိုလုပ်ရမလဲ"

"အေး ဖြစ်ပြီးမှတော့ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားကြရမှာပေါ့ဟာ၊ ဟိုဘက်ကမ်းကို အခုနေ နင်လိုက်သွားရင်လည်း နင့်ကို ထပ်ပြီး ဖမ်းကြလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း လိုက်မသွားရဲပါဘူး"

"အဲဒီတော့ အခုကိစ္စတွေကို ဘယ်သူ့မှလျှောက်မပြောနဲ့၊ ငါ့မိတ်ဆွေတွေကတစ်ဆင့် နင့်ယောက်ျားကို လွတ်အောင်ကြိုးစားပြီး လုပ်ပေးမယ်၊ အခုတော့ နင့်ယောက်ျား မလွတ်သေးခင် နင့်အတွက် အဆင်ပြေအောင် ကျောင်စိန့်လစာကို လတိုင်း နင့်ကိုထုတ်ပေးထားမယ်၊ ဟုတ်ပြီလား"

"သူ့လစာထက် သူလွတ်လာအောင် လုပ်ပေးဖို့က အရေးကြီးပါ တယ် သူဌေးရယ်"

"အေး.....အေး၊ သူ့ကိုလည်း လွတ်အောင်လုပ်မယ်၊ နင့်အတွက် အဆင်ပြေအောင် လစာလည်းပေးထားမယ်"

✦ ✦ ✦

"ငါပြောတာ အခုတော့ မှန်နေပြီမဟုတ်လား"

"ဘာဖြစ်လို့လဲ အစ်ကိုရယ်"

ကိုစိန်လင်းနှင့် မသန်းမြတို့သည် ဆိုင်သိမ်းပြီးချိန်တွင် စပ်မိစပ်ရာပြောဆိုနေကြရာမှ ကိုစိန်လင်းက အမှတ်မထင် မသန်းမြကို မေးလိုက်သည်။

"နင့်ညီမအကြောင်းဘာသတင်းကြားသလဲ"

"ဟင့်အင်း မကြားပါဘူး၊ ဒီကို မလာတာလည်း လေးငါးလရှိနေပြီ၊ အခု ဘာသတင်းကြားလို့လဲ"

"နင်က ဆိုင်မှာအချိန်ကုန်နေရတော့ ဘာမှသတင်းမကြားဘူးပေါ့၊ ငါလည်း နင့်ညီမသတင်းကြားရတာ မကြာသေးဘူး၊ နင့်ကိုပြောမလို့ပဲ၊ ဒါပေမဲ့ နင်စိတ်မကောင်းမှာစိုးလို့မပြောမိတာ"

"ပြောစမ်းပါ အစ်ကိုရယ်၊ ဘာတွေဖြစ်နေလဲ"

"နင့်ညီမရဲ့ယောက်ျားကို ဟိုဘက်ကမ်းမှာ လွန်ခဲ့တဲ့ ၆ လလောက်က ဘိန်းဖြူတွေနဲ့ ဖမ်းမိသွားတယ်၊ အခု ဟိုဘက်ကမ်းက ကိုယ်စားလှယ် တစ်ယောက်လာပြီး မြင့်မြင့်အေးဆီကို အကြောင်းလာကြားတယ်၊ မနက်ဖြန် ၁၀ နာရီမှာ ကျောင်စိန်ကို ဘိန်းဖြူမှုနဲ့ သေဒဏ်ပေးမယ်တဲ့"

"အို.....ဖြစ်မှဖြစ်ရလေရှင်"

"အေး၊ အဲဒါ လာကြည့်ပါတဲ့၊ သေနတ်နဲ့ပစ်သတ်မှာ၊ ကျည်ဆန်ဖိုး ပါ ယူခဲ့ပါတဲ့လေ"

"ဟင်.....ပစ်သတ်မယ့်ကျည်ဆန်ဖိုးကို မြင့်မြင့်အေးက ပေးရဦးမယ်တဲ့လား"

"အေး ဟုတ်တယ်၊ ဒါက သူတို့ရဲ့ ဥပဒေဖြစ်မှာပေါ့ကွာ"

"ဒါဖြင့် မြင့်မြင့်အေးက သွားမှာတဲ့လား၊ ကျွန်မ သွားမေးဦးမှထင်တယ်"

"သွားမလားဟာ၊ ကိုယ့်လင်ကို သေနတ်နဲ့ပစ်သတ်တာကို မျက်စိရှေ့မှာ ဘယ်သူကြည့်ဝံ့မှာတဲ့လဲ"

မသန်းမြသည် ကိုစိန်လင်းပြောဆိုနေသည်ကို နားထောင်ရင်း မျက်ရည်များ စီးကျလာတော့သည်။

"အေး၊ နင်က စိတ်မကောင်းဖြစ်လို့ ငိုနေတယ်၊ နင့်ညီမက အရေးတောင်မစိုက်ဘူး"

"ဟင်.....ဘာ...ဘာဖြစ်လို့လဲ"

"နင့်ညီမက အခု နောက်ထပ်ယောက်ျားတစ်ယောက်တောင် ယူထားပြီးပြီတဲ့၊ အဲဒါကြောင့် နင့်ဆီမလာတာ ဖြစ်မှာပေါ့ဟာ"

"ဟုတ်ရဲ့လား အစ်ကိုရယ်"

"ငါက မဟုတ်ဘဲပြောပါ့မလား၊ နင်ကသာ မသိတာ၊ ဒီမြို့တစ်မြို့လုံး အကုန်သိတယ်"

"အင်း.....မြင့်မြင့်အေးက တစ်ဖွတ်ထိုးလုပ်တာ အခုထိ မပျောက်သေးဘူးနော်၊ သူ့ဘဝကလည်း ဆိုးပါတယ်"

"ရိုးရိုးသားသားနဲ့ ကြိုးကြိုးစားစား လုပ်ကိုင်စားသောက်တဲ့ အိမ်ထောင်တွေက သာယာမယ်၊ မိသားစုအတွက် မကြိုးမစားနေတတ်သူတွေ အတွက်ကတော့ အခုလို ဒုက္ခမျိုးတွေနဲ့ ရင်ဆိုင်နေရမှာပဲပေါ့ကွာ၊ သူကတောင် နင့်ကိုပစ်ထားနိုင်သေးတာ၊ နင်က မနေနိုင်ဘူးလား၊ သူ့အတွက်ကြောင့် နင်နဲ့ငါပါ မကောင်းသတင်း ထွက်လာနိုင်တယ်နော်၊ အဲဒါသတိထား"

www.burmeseclassic.com

www.burmeseclassic.com


+ + +

မြင့်မြင့်အေးသည် တစ်ဖက်ကမ်းတွင် ဘိန်းဖြူမှုဖြင့် အဖမ်းခံရသော ကျင်စိန်ထံ မသွားရဲသဖြင့် မသွားခဲ့ရာမှ အဆက်အသွယ် လုံးဝပြတ်သွားခဲ့သည်။

ကြားသိရသည့် သတင်းများကလည်း မူးယစ်ဆေးဝါးမှုဖြင့် အဖမ်းခံရသူအား တစ်ဖက်ကမ်းတွင် သေဒဏ်ပေးရာတွင် သေနတ်ဖြင့်ပစ်သတ်သည့် ပြစ်ဒဏ်များသာဖြစ်ကြောင်းနှင့် လုံးဝလွတ်လာနိုင်တော့မည်မဟုတ်ကြောင်းများသာဖြစ်သည်။ စိတ်တုံးတုံးချ၍ နေလိုက်တော့သည်။

ထိုအချိန်ကာလအတွင်း သူဌေးဦးလောရုံ၏အိမ်သို့ ထင်းနှင့်မီးသွေးလာပို့နေသည့် မောင်စိန်ဆိုသူ လူငယ်တစ်ဦးနှင့် မြင့်မြင့်အေးသည် ခင်မင်ရင်းနှီးနေခဲ့သည်။ သူဌေးကတော်ကြီးက မြင့်မြင့်အေးအား ကျင်စိန်ကို မေ့ပျောက်စေရန် မောင်စိန်ဆိုသူနှင့် နီးစပ်အောင် ဖန်တီးပေးခဲ့ပြန်သည်။

မောင်စိန်၏ ကြိုးစားမှု၊ ရိုးသားမှုတို့ကို မြင့်မြင့်အေး မြင်တွေ့လာ၏။ သူဌေးကတော်ကြီးကလည်း မောင်စိန်အား စိတ်ဝင်စားစေရန် လှုံ့ဆော်ပေးခြင်းများကြောင့် မောင်စိန်နှင့် မြင့်မြင့်အေးတို့နှစ်ဦး နီးစပ်သွားရာမှ အိမ်ထောင်ပြုလိုက်ကြသည်။

မြင့်မြင့်အေးသည် သူဌေးထံမှ လစာကို နှစ်ဆရသည့်အပြင် မောင်စိန်၏ဝင်ငွေကြောင့် အိမ်ထောင်ရေး သာယာစိုပြည် တိုးတက်လာခဲ့သည်။ ညအချိန် အိမ်တွင် လင်မယားနှစ်ယောက် ပြန်လည်ဆုံတွေ့စဉ် ငွေပိုငွေလျှံလေးများရှိလာပြန်တော့ အအေးဆိုင်ထိုင်ကြသည်။ ကာရာအိုကေဆိုင်ဝင်ကြသည်။ ကြင်စဦးဇနီးမောင်နှံ၏ ပျော်ရွှင်စရာဘဝလေးကို ခံစားတတ်လာကြသည်။

အအေးဆိုင်တစ်ဆိုင်တွင် မြင့်မြင့်အေးတို့စုံတွဲ ထိုင်နေစဉ် မူးယစ်တပ်ဆွယ်တွင် တာဝန်ကျသည့် ရဲအုပ်ကြည်အောင်နှင့် ရဲတပ်ကြပ် အောင်နိုင်တို့လည်း အအေးသောက်ရန် ရောက်လာကြသည်။

"ဆရာ ဟိုစားပွဲကအတွဲကို သိသလား"

"အခုမှရောက်စဆိုတော့ ဘယ်သူ့ကိုမှ မသိသေးပါဘူးကွာ၊ မင်းက သိလို့လား"

"သိတယ် ဆရာ၊ ဟိုတလောက ဟိုဘက်ကမ်းမှာ ဘိန်းဖြူမှုနဲ့ သေဒဏ်အပေးခံရတဲ့ ကျင်စိန်ရဲ့မိန်းမ မြင့်မြင့်အေးတို့အတွဲဆရာ"

"ဟ.....ယောကျ်ားက ဟိုဘက်ကမ်းမှာ သေဒဏ်အပေးခံရတာမှ မကြာသေးဘူး၊ သူတို့က အတွဲဖြစ်နေကြပြီလား၊ မင်းကဘယ်လိုသိတာလဲ"

"ဟိုဘက်မှာ ကျင်စိန်အဖမ်းခံရတော့ သတင်းရလို့ မြင့်မြင့်အေးကို သတင်းစုံစမ်း စစ်ဆေးခဲ့ဖူးတယ်၊ သူက မသိဘူးလို့ပဲ ငြင်းခဲ့တာ၊ သူ့ရဲ့အလုပ်ရှင် ဦးလောရုံကိုလည်း မေးမြန်းစုံစမ်းပေမယ့် ဘာမှမထူးပါဘူး၊ နောက်ပြီး ဟိုဘက်မှာဖမ်းမိတာဖြစ်သလို ကျွန်တော်တို့ဆီကိုလည်း ကွင်းဆက်

**မြင့်မြင့်အေးသည် မျက်နှာထားတင်းမာစွာဖြင့် ခါးထောက်လျက် ကြည့်နေလိုက်သည်။ အတွေးများစွာဖြင့် ခံပြင်းဒေါသများလည်း ပေါက်ကွဲလျက်ရှိသည်။ သူမအပေါ် မောင်စိန်၏ ဆက်ဆံမှုများကို ပြန်လည်စဉ်းစားရင်းဖြင့် သူမအပေါ် မောင်စိန်သည် ဖောက်ပြန်နေပြီဟုသာ သတ်မှတ်လိုက်တော့သည်...**

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ် သတင်းဖလှယ်တာလည်း မရှိခဲ့တော့ ကွင်းဆက်ပြတ်သွားခဲ့ တယ်"

"မင်းပြောတာ စိတ်ဝင်စားဖို့ ကောင်းတယ်၊ အဲဒီ မြင့်မြင့်အေးက သူ့ယောက်ျားအတွက် ဘာမှမလုပ်ဘူး လား"

"မလုပ်တဲ့အပြင် အခုကောင် လေးနဲ့ ယူလိုက်တာလည်း မကြာသေး ဘူး ဆရာ"

"ဩော်...မေ့မေ့ပျောက်ပျောက် နေနိုင်အောင် အဲဒီကောင်ကို ယူလိုက် တာဖြစ်မယ်"

ရဲအုပ် ကြည်အောင်တို့ စကား ပြောနေစဉ် မြင့်မြင့်အေးသည် ရဲတပ် ကြပ် အောင်နိုင်ကို မြင်သဖြင့် ပြုံးပြ ၍ နှုတ်ဆက်လိုက်သည်ကို ရဲအုပ် ကြည်အောင်က မြင်လိုက်သည်။

"မင်းကိုတော့ သိနေသားပဲ"

"သူ့ကို မေးမြန်းစုံစမ်းရင်းကသိ နေခဲ့တာပါ"

"ဒါပေမဲ့ကွာ နောက်အိမ်ထောင် ပြုလိုက်တာ မမြန်လွန်းဘူးလား"

"ဒါကတော့ ဆရာရယ် ဘဝ အခက်အခဲကို ဖြေရှင်းတဲ့သဘောနဲ့ နောက်အိမ်ထောင် ထပ်ပြုတာ မဆန်း ပါဘူး"

"မင်းက အိမ်ထောင်ကျဖူးလို့ လား"

"ဟင့်အင်း၊ အိမ်ထောင်မကျဖူး ပေမယ့် သူများတွေ ပြောတာဆိုတာ ကြားဘူးလို့ ဆရာ့ကို ပြောပြတာပါ"

"ထားပါတော့ကွာ၊ မြင့်မြင့်အေး နဲ့ သူ့ရဲ့သူဌေးကိုတော့ ပစ်မှတ်ထား ပြီး စောင့်ကြည့်သင့်တယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် တို့အဖွဲ့တွေ အမြဲသတိရှိပါတယ်"

+ + +

"မောင်စိန် နင့်ကို သူဌေးက ခိုင်းစရာရှိလို့ ည ၇ နာရီလောက် သူ နဲ့လာတွေ့ပါလို့ ငါ့ကိုမှာလိုက်တယ်"

"ဟုတ်လား၊ အခုပဲ ၇ နာရီထိုး တော့မယ်"

"ဒါဆိုလည်း သွားတော့လေ"

"သွားရမယ်ဟ၊ နင်တို့သူဌေးက သူခိုင်းတာလုပ်ပေးရင် ပိုက်ဆံများများ ပေးတတ်တယ်"

"အေးပါ၊ နင်က ရသမျှအပိုဝင် ငွေကို သုံးဖြုန်းနေတာမဟုတ်လား၊ ငါ့ ကိုလည်း ပြန်ခွဲအပ်ဦးလေ"

မောင်စိန်သည် မီးသွေးပို့သည့် သူ၏စက်ဘီးဖြင့် သူဌေးဦးလောရုံအိမ် သို့ ထွက်သွားတော့သည်။ သူဌေးဦး လောရုံအား ခြံပေါက်ဝတွင် ရပ်နေ သည်ကို တွေ့လိုက်ရသည်။

"လာ.....လာ၊ မောင်စိန်၊ မင်း ကို ခိုင်းစရာလေးရှိလို့ မင်းမိန်းမကို မှာ လိုက်တာ"

"ဟုတ်ကဲ့ သူဌေး"

သူဌေးဦးလောရုံသည် လက်ထဲ တွင် ဆွဲထားသောအိတ်ကို မောင်စိန် အား လှမ်းပေးလိုက်သည်။ ပိုက်ဆံ ထည့်ထားသည့် စာအိတ်တစ်အိတ်ကို လည်းပေးသည်။

"အဲဒီမုန့်ပုံးကို ဟိုဘက်ကမ်းက ငါ့မိတ်ဆွေ လိကျိုရှိဆီကို ပို့ပေးစမ်း ပါကွာ"

"ဟိုနေ့က သူဌေးနဲ့ သွားခဲ့တဲ့ အိမ်လား"



www.burmeseclassic.com

www.burmeseclassic.com


တစ်ဖက်ကမ်းမှ ယူနီဖောင်းဝတ် ရဲတပ်ဖွဲ့ဝင်သုံးဦးသည် မှောင်ရိပ်မှ ထွက်လာပြီး စက်ဘီးနင်းတော့မည့် မောင်စိန်ကို တားဆီးလိုက်သည်။ မောင်စိန်သည် ဟန်မပျက် စက်ဘီးပေါ်မှဆင်း၍ ရပ်နေလိုက်သည်။

ရဲတပ်ဖွဲ့ဝင်တစ်ဦးက မောင်စိန်၏ကုပ်ပိုးမှ အင်္ကျီကော်လံစကိုဆွဲလိုက်သည်။ တခြားတစ်ဦးသည် စက်ဘီးလက်ကိုင်ကို ကိုင်လိုက်သည်။ ကျန်တစ်ဦးက မောင်စိန်၏လက်ထဲမှ မုန့်ပုံးအိတ်ကို ဆွဲယူပြီး မုန့်ပုံးအဖုံးကို မောင်းချခါးဖြင့် ကလန့်၍ ဖွင့်လိုက်သည်။

မုန့်ပုံးထဲတွင် ဘီစကစ်မုန့်များကို တွေ့ရသည်။ မုန့်ပုံးကို လှုပ်ခါကြည့်သည်၊ ခေါင်းငုံ့ပြီး နမ်းကြည့်ပြန်သည်။ ကျေနပ်လောက်သည်အထိကြည့်ပြီး မောင်စိန့်ကို မော့ကြည့်၍ ပြုံးပြလိုက်သည်။

မောင်စိန်၏လက်ထဲသို့ မုန့်ပုံးအိတ်ကို ပြန်ပေးသည်။ ကျန်တပ်ဖွဲ့ဝင်နှစ်ဦးကလည်း မောင်စိန့်ဘေးတွင်လာရပ်၍ မောင်စိန်ကို ခေါင်းငုံ့ပြီး အရိုအသေပေးလိုက်သည်။ အမှားလုပ်မိသဖြင့် တစ်ဖက်လူကို တောင်းပန်ခြင်းမျိုးဖြစ်သည်။ မောင်စိန်ကလည်း ပြန်ပြုံးပြလျက် သူတို့ကဲ့သို့ပင် ခေါင်းငုံ့ပြီး အရိုအသေပြန်ပေးလိုက်သည်။ စက်ဘီးစီး၍ သွားလိုသည့်နေရာသို့ ဆက်ထွက်သွားခဲ့သည်။

"မဟုတ်ဘူးကွ၊ အဲဒီအိမ်က ရန်ချီကွေးရဲ့အိမ်၊ အခုအိမ်က အဲဒီအိမ်ရဲ့ တစ်အိမ်ကျော်က အိမ်ရှေ့မှာ ခြံသေ့ရုပ်နှစ်ကောင်ထားတဲ့အိမ်"

"ဪ....ဟုတ်ကဲ့....ဟုတ်ကဲ့၊ သိတယ်.....သိတယ်"

"မနက်စောစော သူ့ဦးလေးဆီကိုပို့ချင်လို့ အခုညအရောက် ပို့ပေးပါဆိုလို့ကွ၊ အိတ်ထဲမှာ မင်းသုံးဖို့ ပိုက်ဆံ"

မောင်စိန်သည် မုန့်ပုံးထည့်ထားသည့်အိတ်နှင့် ပိုက်ဆံထည့်ထားသည့် စက္ကူအိတ်ကိုယူပြီး သူ၏စက်ဘီးဖြင့် ဝါးဖောင်ဂိတ်သို့ ထွက်သွားတော့သည်။ ဝါးဖောင်ဖြင့် တစ်ဖက်ကမ်းသို့ကူး၏။ တစ်ဖက်ကမ်းပေါ်သို့ စက်ဘီးနှင့်အတူ ဆင်းလိုက်ပြီး စက်ဘီးပေါ်တက်၍ နင်းမည်ပြုလိုက်သည်။

ဝါးဖောင်ဂိတ်သည် တစ်ဖက်ကမ်းသို့ တရားမဝင်ကူးသည့် ကူးတို့ဆိပ်ဖြစ်သည်။ ထို့အတူ ဝါးတံတားဖြင့် ကူးသွားနိုင်သည့် တရားမဝင်သည့်အခြားဂိတ်တစ်ဂိတ်လည်း ရှိသေးသည်။ ဝါးတံတားဂိတ်သည် အလှမ်းဝေးသဖြင့် အသွားအလာနည်းသည်။ တရားဝင်သွားလာနိုင်သော ကွန်ကရစ်တံတားဂိတ်ကြီးလည်းရှိသည်။ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ တရားဝင်သွားလာနိုင်သော်လည်း တရားမဝင်သည့် ဝါးဖောင်ဂိတ်နှင့် ဝါးတံတားဂိတ်များကိုသာ အသုံးပြုတတ်ကြသည်။

ကာရာအိုကေ
သို့ရောက်နေသော
အမျိုးသမီးတစ်ဦးနှင့်
စုံတွဲသီချင်း
တွဲ၍ဆိုပြန်သည်။
သီချင်းဆိုရာမှ
တွဲ၍ကသည်အထိ
ပွဲဆူလာသည်။
မြင့်မြင့်အေးက
ထိန်းသော်လည်း
မရသည့်အပြင်
မြင့်မြင့်အေးကိုပင်
ရန်လုပ်လာသည်
. . .

www.burmeseclassic.com

www.burmeseclassic.com

ည ၁၀ နာရီခန့်တွင် မောင်စိန်သည် အရက်မူးပြီး အိမ်သို့ပြန်လာသည်။

"မြင့်မြင့်အေး လာဟာ၊ ကာရာအိုကေသွားကြရအောင်"

"အလို.....ဒီအချိန်မှ ဘာသွားလုပ်မှာလဲ"

"ဟ.....ဒီအချိန်မှ လူစည်တာကွ၊ လာပါဟာ၊ သွားကြမယ်"

"ဒီမှာ မောင်စိန်၊ ပိုက်ဆံမဖြုန်းချင်ပါနဲ့ဟာ၊ အိမ်မှာပဲ ထမင်းစားပြီး အိပ်လိုက်ပါတော့လား"

"ဒါဆိုလည်းရတယ်၊ ငါတစ်ယောက်တည်းသွားမယ်"

"ကဲ.....ကဲ တစ်ယောက်တည်းတော့ မသွားနဲ့၊ ငါပါလိုက်ခဲ့ပါ့မယ်"

မြင့်မြင့်အေးသည် အရက်မူးနေသော မောင်စိန်ကို စိတ်မချသဖြင့် အဖော်အဖြစ် လိုက်သွားတော့သည်။ မောင်စိန်သည် ကာရာအိုကေဆိုင်တွင် အရက်ထပ်သောက်ပြီး အသံသေးအသံကြောင်ဖြင့် သီချင်းဆိုပြန်သည်။

မြင့်မြင့်အေးက အိမ်ပြန်ရန်ပြောသော်လည်း မောင်စိန်သည် ကာရာအိုကေသို့ရောက်နေသော အမျိုးသမီးတစ်ဦးနှင့် စုံတွဲသီချင်း တွဲ၍ဆိုပြန်သည်။ သီချင်းဆိုရာမှ တွဲ၍ကသည်အထိ ပွဲဆူလာသည်။ မြင့်မြင့်အေးက ထိန်းသော်လည်း မရသည့်အပြင် မြင့်မြင့်အေးကိုပင် ရန်လုပ်လာသည်။



"သွားစမ်းဟာ၊ ဒီမှာ သူငယ်ချင်းနဲ့တွေ့လို့ ငယ်ငယ်ကလို သီချင်းဆိုပြီး တွဲကနေတာ မတွေ့ဘူးလား၊ နင်ပြန်ချင်ရင် ပြန်တော့"

မောင်စိန်နှင့်တွဲကနေသည့် အမျိုးသမီးတို့၏ အခြေအနေသည် သာမန်သူငယ်ချင်းမျိုးမဟုတ်ဘဲ သမီးရည်းစားပုံမျိုးဖြစ်နေသဖြင့် မြင့်မြင့်အေးသည် ဒေါသထွက်လာသည်။

"ကဲ.....မောင်စိန် ပြောလို့မရလည်း နေခဲ့တော့၊ နင်တို့က သူငယ်ချင်းမဟုတ်ဘူး၊ လင်မယားပုံပေါက်နေပြီ"

"ဘာ.....ကဲဟာ.....ပြောဦး"

မောင်စိန်က မြင့်မြင့်အေးကို ရိုက်လိုက်သည်။ မြင့်မြင့်အေးက ရှောင်တိမ်းပြီး အိမ်သို့သာ အပြေးပြန်လာတော့သည်။ နောက်နေ့မနက်မှ မောင်စိန်သည် အိမ်သို့ပြန်ရောက်လာခဲ့သော်လည်း မြင့်မြင့်အေးသည် အလုပ်ဆင်းရန် ဦးလောရုံအိမ်သို့ ထွက်သွားပြီဖြစ်သည်။

+ + +

ညနေ ၆ နာရီခန့်တွင် မြင့်မြင့်အေးသည် အိမ်ပြန်ရန် ပြင်ဆင်နေစဉ် ဦးလောရုံခေါ်ခိုင်း၍ ဧည့်ခန်းသို့သွား ပြီး ဦးလောရုံကို သွားတွေ့သည်။

"ဒီကျောပိုးအိတ်ကို မောင်စိန့်ကိုပေးလိုက်၊ ဒီည ဟိုနေ့က မုန့်ပုံးပေးခဲ့တဲ့ ငါ့မိတ်ဆွေ လိဂျ်ရှိအိမ်ကို ပို့ ပေးလို့ပြောလိုက်"

"ရှင်.....လိကျိုရှိ ဟုတ်လား"

"အေး၊ သေသေချာချာမှတ် သွား

www.burmeseclassic.com

www.burmeseclassic.com


ရော့.....မောင်စိန်အတွက် ပိုက်ဆံအိတ်''

ဦးလောရုံသည် ပိုက်ဆံထည့်ထားသည့် စက္ကူအိတ်ကိုလည်း မြင့်မြင့်အေးလက်ထဲသို့ ထည့်ပေးလိုက်သည်။ မြင့်မြင့်အေးသည် ကျောပိုးအိတ်နှင့် စက္ကူအိတ်ကိုယူပြီး ဦးလောရုံအိမ်မှ သူမ၏နေအိမ်သို့ ပြန်ခဲ့၏။

လမ်းတွင် မြင့်မြင့်အေးသည် စက္ကူအိတ်ကို ဖွင့်ကြည့်လိုက်သည်။ ထင်ထားသည့်ထက် ငွေကများနေသည်။ ငွေတစ်ဝက်ကို ခွဲယူပြီး သူမ၏ ရွှေးခံအင်္ကျီအတွင်းအိတ်ထဲသို့ ထိုးထည့်လိုက်သည်။

အိမ်ပြန်ရောက်လျှင် အိမ်ရှေ့ခန်းတွင် ကာရာအိုကေဆိုင်၌တွေ့ခဲ့သူ မောင်စိန်၏ ငယ်သူငယ်ချင်းဆိုသည့် အမျိုးသမီးနှင့် မောင်စိန်တို့သည် ဟားလားဟားလားဖြင့် အပျော်ကြူးနေကြသည်ကို တွေ့လိုက်ရသည်။ မြင့်မြင့်အေးမှာ ဒေါသအလွန်ထွက်သွားသော်လည်း ချက်ချင်းမျိုသိပ်လိုက်သည်။

အိမ်ပေါက်ဝတွင် မြင့်မြင့်အေးရပ်နေသည်ကို မောင်စိန်နှင့် အမျိုးသမီးငယ်တို့တွေ့ပြီး အံ့အားသင့်လျက် အမျိုးသမီးက မတ်တတ်ရပ်လိုက်၏။

''ဩော်..အစ်မ ပြန်လာပြီလား''

''အေး ဟုတ်တယ်၊ နင်တို့အရှိန်မသေကြသေးဘူးလား''

''အို....မဟုတ်တာ အစ်မရယ်၊ ကျွန်မ ပြန်တော့မယ်နော်၊ ကိုစိန်...

ငါက
သူ့အပေါ်မှာ
ကြင်ကြင်နာနာနဲ့
သစ္စာရှိရှိနေခဲ့တယ်၊
ငွေရှင်လာတော့
အပျော်အပါး
ပါလာပြီး
ငါ့အပေါ် ဖောက်ပြန်လာပြီ၊
ဦးလောရုံက
ဒီလိုပစ္စည်းတွေပို့ပေးရင်
ငွေတွေ
အများကြီးပေးတယ်၊
ကျင်စိန်တုန်းကလည်း
...

ကျွန်မ ပြန်ပြီ''

အမျိုးသမီးသည် မြင့်မြင့်အေးကို တစ်လှည့်၊ မောင်စိန်ကိုတစ်လှည့်နှုတ်ဆက်ပြီး အိမ်ပေါ်မှ ဆင်းသွားသည်။ မောင်စိန်က ထိုင်ရာမှထ၍ အိမ်ပေါ်မှ ဆင်းသွားသော အမျိုးသမီးထံလိုက်ရန် ပြင်လိုက်သည်။

''ဒီမှာ မောင်စိန်၊ နင် ဟိုကောင်မနောက်ကို လိုက်မသွားနဲ့ဦး၊ ဒီအိတ်ကို ဦးလောရုံက ဟိုဘက်ကမ်းမှာနေတဲ့ သူ့မိတ်ဆွေ လိကျိရှုံဆီကို ည ၉ နာရီလောက်အရောက် ပို့ပေးတဲ့၊ ဒါ က နင့်အတွက် ပိုက်ဆံအိတ်''

မြင့်မြင့်အေးက မောင်စိန်ကို ကျောပိုးအိတ်နှင့် ပိုက်ဆံအိတ်အား ဆောင့်ဆောင့်အောင့်အောင့် ပေးလိုက်သည်။ မောင်စိန်က ဝမ်းသာအားရဖြင့် ယူလိုက်သည်။

''ဟာ....အတော်ပဲကွာ၊ ပိုက်ဆံလိုနေတာ အဆင်ပြေသွားပြီ၊ ဒီကျောပိုးအိတ်ကို နင်ခဏသိမ်းပေးထား၊ ငါ အပြင်ခဏသွားမလို့''

''မြန်မြန်ပြန်လာခဲ့၊ အိတ်ပို့ပေးရမယ်မဟုတ်လား''

''အေးပါဟာ၊ ငါ့အလုပ် ငါသိပါတယ်၊ ငါ့ကျေးဇူးရှင် ဦးလောရုံကြီးကို ပစ်ပစ်ခါခါ လုပ်ပါ့မလား''

မောင်စိန်သည် ပိုက်ဆံအိတ်ကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်ပြီး အိမ်ပေါ်မှ အပြေးဆင်းသွားသည်။

အိမ်ပေါ်မှ ပြေးဆင်းသွားသော မောင်စိန်ကို မြင့်မြင့်အေးသည် မျက်နှာထားတင်းမာစွာဖြင့် ခါးထောက်လျက် ကြည့်နေလိုက်သည်။ အတွေးများစွာဖြင့် ခံပြင်းဒေါသများလည်း ပေါက်ကွဲလျက်ရှိသည်။ သူမအပေါ် မောင်စိန်၏ ဆက်ဆံမှုများကို ပြန်လည်စဉ်းစားရင်းဖြင့် သူမအပေါ် မောင်စိန်

www.burmeseclassic.com

www.burmeseclassic.com

သည် ဖောက်ပြန်နေပြီဟုသာ သတ်မှတ်လိုက်တော့သည်။

"အင်း.....ငါက သူ့အပေါ်မှာ ကြင်ကြင်နာနာနဲ့ သစ္စာရှိရှိ နေခဲ့တယ်၊ ငွေရှင်လာတော့ အပျော်အပါး ပါလာပြီး ငါ့အပေါ် ဖောက်ပြန်လာပြီ၊ ဦးလောရုံက ဒီလိုပစ္စည်းတွေပို့ပေးရင် ငွေတွေ အများကြီးပေးတယ်၊ ကျင်စိန်တုန်းကလည်း ဘိန်းဖြူတွေနဲ့ ဟိုဘက်ကမ်းမှာ အဖမ်းခံရတယ်၊ အခု ဒီကျောပိုးအိတ်ထဲမှာ ဘာတွေပါသလဲ"

တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုသကဲ့သို့ မြင့်မြင့်အေးသည် ဦးလောရုံ အပေါ် မသင်္ကာဖြစ်လာသည်။ ကျောပိုးအိတ်ကိုဖွင့်ပြီးကြည့်သည်။ အထဲတွင် ပါဆယ်စက္ကူဖြင့် ထုပ်ထားသည့် အထုပ်ရှည်ရှည်နှစ်ထုပ်ကို တွေ့ရ၏။ ပါဆယ်စက္ကူကို ဖွင့်လိုက်သည်။ ရောင်စုံ ဆပ်ပြာခွက်လေးများ တွေ့ရသည်။ ဆပ်ပြာခွက်တစ်ခွက်ကိုယူ၍ အဖုံးဖွင့်လိုက်သည်။

ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသည့် အဖြူမှုန့်များကို တွေ့လိုက်ရသည်။ ဘိန်းဖြူမှုန့်များသာ ဖြစ်ရမည်ဟု မြင့်မြင့်အေး တစ်ထစ်ချ မှတ်ယူလိုက်သည်။

✦ ✦ ✦

"ဆရာ သတင်းပေးတစ်ယောက်က ည ၇ နာရီမှာ မြို့ထိပ်ဂေါက်ကွင်း ဝင်ပေါက်နားကို လာခဲ့ပါတဲ့၊ သတင်းပေးမယ်လို့ မှာလိုက်ပါတယ်"

"ဘယ်သူလဲကွ"

"ဟိုတစ်ခါ ဆရာ့ကို အအေးဆိုင်မှာပြခဲ့တဲ့ မြင့်မြင့်အေးပါ ဆရာ"

"မင်းနဲ့ ဘယ်မှာတွေ့တာလဲ"

"အပြင်က ကျွန်တော်ပြန်လာတော့ လမ်းထိပ် မှောင်ရိပ်မှာ သူ့ကို တွေ့တယ်၊ ကျွန်တော့်ကို စောင့်နေတာတဲ့၊ အမြန်ပြောပြီး အမြန်ပြန်ပြေးသွားတယ် ဆရာ"

ရဲအုပ် ကြည်အောင်က နာရီကို ကြည့်လိုက်သည်။

"ဟ.....အခု ၇ နာရီထိုးတော့မယ်ကွ၊ သေချာရဲ့လားကွာ"

"သူလည်း ကမန်းကတန်းပြောပြီး ပြေးတာပဲ ဆရာ၊ သေသေချာချာ မမေးလိုက်ရဘူး"

ရဲအုပ် ကြည်အောင်သည် ရဲတပ်ကြပ် အောင်နိုင်အား သတင်းနှင့်ပတ်သက်၍ သေချာစေရန် မေးနေသော်လည်း သတင်းသည် မတိမကျဖြစ်နေသည်။

"အေး၊ မင်းသတင်းက မတိကျပေမယ့် သတင်းပေးကခေါ်ရင်တော့ သွားတွေ့ရမှာပဲကွာ၊ လာကွာ၊ ရုံးဆိုင်ကယ်နဲ့သွားရင် အချိန်မီပါတယ်"

ရဲအုပ် ကြည်အောင်နှင့် ရဲတပ်ကြပ် အောင်နိုင်တို့ ဆရာတပည့်နှစ်ယောက်သည် ရုံးဆိုင်ကယ်ဖြင့် မြို့ဝင်ဂေါက်ကွင်းပေါက်သို့ ထွက်သွားခဲ့ကြသည်။ ရုံးအဖွဲ့ကိုလည်း အသင့်စုစည်းပြီး အထိုင်စက်နားတွင်နေရန် မှာခဲ့သည်။

✦ ✦ ✦

ရဲအုပ် ကြည်အောင်တို့နှစ်ဦးသည် ဂေါက်ကွင်းဝင်ပေါက်အနီးတွင် ဆိုင်ကယ်အား ရပ်ထားခဲ့ပြီး အပေါက်ထိပ်သို့ လမ်းလျှောက်သွားကြသည်။ မှုန်ပျပျ အလင်းရောင်အောက်တွင် အမျိုးသမီးတစ်ဦး ရပ်နေသည်ကိုတွေ့ရသည်။ အနီးသို့ရောက်သည့်အခါ သတင်းပေးမည့်သူ မြင့်မြင့်အေးဖြစ်နေသည်ကို တွေ့ရသည်။

"မြင့်မြင့်အေး၊ ငါနဲ့ဆရာကြည်အောင်တို့နှစ်ယောက် လာခဲ့တယ်"

"ဟုတ်ကဲ့ ရပါတယ်၊ ဒီည ၉ နာရီကျော်ကျော်လောက်မှာ ဟိုဘက်ကမ်းကို တရားမဝင်ကူးတဲ့ ဝါးဖောင်ကူးတို့ဆိပ်ကို ဘိန်းဖြူပါတဲ့အိတ်နဲ့ အမျိုးသားတစ်ယောက် ဖြတ်သွားလိမ့်မယ်၊ အဲဒီသတင်းကို လာပေးတာပါ"

"နင့်သတင်းက သေချာပါလား၊ ဘယ်လိုရခဲ့တာလဲ"

"မိတ်ဆွေတစ်ယောက်က ပြောနိုင်းလိုက်လို့ပါ၊ ဒါပဲပြောနိုင်ပါတယ်၊ ဆရာတို့ စောင့်ဖမ်းရင် မိမှာပါ"

"ကျေးဇူးတင်တယ်ဟာ၊ နင့်နဲ့ ဘယ်လိုပြန်ပြီး တွေ့ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဘာဖြစ်လို့လဲ"

"နင့်သတင်းမှန်ခဲ့ရင် နင့်ကိုကျေးဇူးတုံ့ပြန်ချင်လို့ပါ"

"ဒီအတွက်မလိုပါဘူးရှင်၊ ဆရာတို့သာ မိအောင်ဖမ်းနိုင်ဖို့ အရေးကြီးပါတယ်"

+ + +

"ဟာ..ဆရာ၊ ကျောပိုးအိတ်ထဲ မှာ ဘိန်းဖြူထည့်ထားတဲ့ ဆပ်ပြာခွက် တွေ တွေ့ရတယ်၊ စုစုပေါင်း ဆပ်ပြာ ခွက် (၃၀)မှာ (၁၀)ခွက်က ဘာမှမပါ ဘူး၊ ခွက်လွတ်တွေ ဆရာ"

"သက်သေတွေရှေ့မှာ သိမ်းဆည်းတာဆိုတော့ အရှိကိုအရှိအတိုင်း သိမ်းရမှာပေါ့ကွာ"

"ဒါနဲ့ ဆရာ တရားခံကို သေသေချာချာ ကြည့်ပြီးပြီလား"

မြင့်မြင့်အေးသတင်းဖြင့် ရဲအုပ်ကြည်အောင်အဖွဲ့သည် တစ်ဖက်ကမ်းသို့ တရားမဝင်ကူးသော ဝါးဖောင်ဂိတ်တွင် ဘိန်းဖြူပါသည့် ဆပ်ပြာခွက်များ ထည့်ထားသော ကျောပိုးအိတ်တစ်လုံးနှင့် တရားခံအမျိုးသားတစ်ဦးအား ဖမ်းဆီးမိခဲ့ကြသည်။

"အေး ကြည့်တယ်၊ ဘာဖြစ်လို့လဲ"

"အဲဒါ မြင့်မြင့်အေးရဲ့ နောက်ယောက်ျားလေ၊ အအေးဆိုင်မှာ ကျွန်တော်ပြခဲ့တဲ့သူပေါ့"

"ဟာ.....ဟုတ်ပါရဲ့ကွာ၊ ငါက အဲဒါကို သတိမထားလိုက်မိဘူး၊ မြင်တော့မြင်ဘူးပါတယ်လို့ ထင်နေတာ ကွ"

"ဆရာက အမှုရလို့ ပျော်နေတာမဟုတ်လား"

"အေး၊ တစ်ခုခုတော့ လွဲနေပြီကွ၊ မြင့်မြင့်အေးကိုယ်တိုင် သူ့ယောကျ်ား ဘိန်းဖြူသယ်တာကို သတင်းပေးတယ်၊ ထိုးကျွေးတာပေါ့ကွာ၊ အကြောင်းတော့ရှိရမယ်၊ သူကိုယ်တိုင် ဖောက်ပြန်နေတာလား၊ ဒါမှမဟုတ် သူ့ယောကျ်ားက ဖောက်ပြန်နေတာလား၊ တစ်ခုခုပေါ့ကွာ"



သူခိုးဓားရိုးကမ်းတယ်
ဆိုတဲ့စကားပုံမှာ
ဓားပြနဲ့လင်ယောက်ျားတို့
တိုက်ခိုက်နေချိန်
အနားမှာရှိတဲ့
မိန်းမက
ဓားပြလူဆိုးဘက်ကို
ဓားရိုးထားပြီး
လင်သားဘက်မှာ
ဓားသွားပေးခဲ့တာလည်း
ရှိသလို မဟာပဒုမ
ဇာတ်တော်ကြီးမှာ မိဖုရားက
ပေါင်တို လူဆိုးအပေါ်မှာ
စိတ်ညွတ်နေလို့
...

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ဆရာ၊ သူကိုယ်တိုင် ဖောက်ပြန်တာတော့ မဖြစ်နိုင်ဘူး၊ သူ့ယောကျ်ား မောင်စိန်က ဖောက်ပြန်နေတာ ဖြစ်နိုင်တယ်၊ မောင်စိန့်ကို ကာရာအိုကေဆိုင်မှာ ကောင်မလေး တစ်ယောက်နဲ့ တွဲနေတာ မြင်ခဲ့ဖူးတယ်"

"မြင့်မြင့်အေးကိုလည်း လျှော့မတွက်နဲ့ကွ၊ အခု ဆပ်ပြာခွက် (၃၀) မှာ (၁၀)ခွက်က လွတ်နေတယ်၊ မြင့်မြင့်အေးက ဖြောင်ထားပြီး မောင်စိန်ကို ဖမ်းမိအောင်လုပ်လိုက်တာကော မဖြစ်နိုင်ဘူးလား"

"ဒါဆိုရင် မြင့်မြင့်အေးက သူဖြောင်ထားတဲ့ ဘိန်းဖြူတွေနဲ့ တစ်လမ်းကနေ ထွက်သွားတာလည်း ဖြစ်နိုင်တယ်နော်"

"အေး၊ လာကွာ၊ ရဲစခန်းမှာ မောင်စိန်ကို ကွင်းဆက်စစ်ကြရအောင်၊ ဆရာကြီးပေါ်ဌေးတို့လည်း ခုလောက်ဆိုရင် စစ်ဆေးနေကြပြီဖြစ်မှာပါ"

တပ်ဆွယ်ရုံးတွင် တိုင်စာအချော ရေးသားပြီး ရဲအုပ် ကြည်အောင်နှင့် ရဲတပ်ကြပ် အောင်နိုင်တို့သည် တရားခံစစ်ဆေးနေသော ဆရာကြီးပေါ်ဌေး တို့ရှိသည့် ရဲစခန်းသို့ လိုက်သွားကြသည်။

တရားခံ၏ ထွက်ဆိုချက်အရ တစ်ဖက်ကမ်းသို့ မီးသွေးပို့ရန်သွားစဉ် လမ်းဘေးတွင်တွေ့ရသည့် ကျော်ပိုးအိတ်အား ချုံထဲတွင် ဝှက်ထားခဲ့သည်၊



ယခုညတွင် ပြန်ယူပြီး တစ်ဖက်ကမ်း သို့ပို့ရန် ထွက်လာစဉ် မူးယစ်အဖွဲ့မှ ဖမ်းဆီးခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

တရားခံမောင်စိန်သည် သူဌေး ဦးလောရုံနှင့် ကျော်ပိုးအိတ် ယူလာပေးသော မြင့်မြင့်အေးတို့အား ကွင်းဆက်ဖြတ်၍ ထွက်ဆိုခဲ့ခြင်းသာဖြစ်သည်ကို ရဲအုပ် ကြည်အောင်အဖွဲ့က သိနေသည်။ သို့ရာတွင် ဆက်လက် စစ်မေးခြင်း မပြုတော့ဘဲ ကနဦးထွက်ဆိုချက်ဖြင့်သာ မူးယစ်(ဗဟို)သို့ တင်ပြခဲ့ကြသည်။ သို့သော် ဦးလောရုံနှင့် မြင့်မြင့်အေးတို့၏ အခြေအနေကို စောင့်ကြည့်ရန် တပ်ဖွဲ့ဝင်များအား ညွှန်ကြားထားလိုက်သည်။

\+ + +

မူးယစ်တပ်ဆွယ်ရုံးတွင် တပ်ဆွယ်လှုပ်ရှားမှု အစီရင်ခံစာရေးနေသော ရဲအုပ် ကြည်အောင်သည် တပ်ပြင်မှ သတင်းစုံစမ်းပြီး ပြန်ရောက်လာသည့် ရဲတပ်ကြပ် အောင်နိုင်အား ရုံးခန်းထဲသို့ ခေါ်လိုက်သည်။

"အောင်နိုင် ဘာထူးသလဲ"

"ဘာမှထူးခြားမှုမရှိပါဘူး ဆရာ"

"သတင်းစုံစမ်းထွက်ဆိုပြီး လက်ဖက်ရည်ဆိုင်က ပြန်လာတာလား"

"မဟုတ်ပါဘူး ဆရာရယ်၊ တကယ်သတင်းစုံစမ်းသွားတာပါ၊ မြင့်မြင့်အေးတို့အိမ်နားမှာ သတင်းစုံစမ်းရင်း အခြေအနေ စောင့်ကြည့်နေခဲ့တာပါ"

"အေးပါကွာ၊ ငါငယ်ငယ်က ငါ့ဆရာကို သတင်းစုံစမ်းထွက်မယ်ဆိုပြီး ဗီဒီယိုရုံထဲမှာ ရုပ်ရှင်ဝင်ကြည့်နေတာ

www.burmeseclassic.com

www.burmeseclassic.com


မျိုး လုပ်ခဲ့ဖူးလို့ မေးကြည့်တာပါကွာ၊ ကဲ...မြင့်မြင့်အေးသတင်း ပြောပါဦး''

''အခု မြင့်မြင့်အေးက ဦးလော နဲ့အိမ်မှာလည်း အလုပ်မလုပ်တော့ဘူး၊ အိမ်မှာလည်း မရှိဘူး၊ ဘေးနားက အိမ်တွေက ပြောတယ်၊ မြင့်မြင့်အေး က အိမ်ကိုပြန်မလာတာ ကြာလှပြီတဲ့၊ အဲဒါနဲ့ သူ့အစ်မဝမ်းကွဲ ဈေးရောင်းတဲ့ မသန်းမြတို့လင်မယားဆီမှာ စုံစမ်း တော့လည်း သူတို့နဲ့ အဆက်အသွယ် ပြတ်နေတာ တော်တော်ကြာပြီဆိုတာ ပဲ သိခဲ့ရတယ် ဆရာ''

''အင်း.....မြင့်မြင့်အေးက သူ့ ယောက်ျားအပေါ် နာကြည်းစိတ်တစ်ခု ကြောင့် သတင်းပေးတယ်၊ ဘိန်းဖြူ ဆပ်ပြာခွက် (၁၀)ခွက်ကို ယူလိုက် တယ်၊ ပြီးတော့ အစဖျောက်သွားပြီ ပေါ့ကွာ၊ တစ်ချိန်ချိန်တော့ ပြန်ပေါ် လာဦးမှာပါပဲ၊ စောင့်ကြည့်နေပေါ့ကွာ''

''ဆရာရယ် ယောက်ျားအပေါ် ဘယ်လောက်ပဲ နာကြည်းပါစေ ဘိန်း ဖြူမှုနဲ့ ထောင်ကျအောင်တော့ လုပ် မယ်မထင်မိခဲ့ဘူး''

''အင်း.....သူခိုးဓားရိုးကမ်းတယ် ဆိုတဲ့စကားပုံမှာဓားပြနဲ့လင်ယောက်ျား တို့ တိုက်ခိုက်နေချိန် အနားမှာရှိတဲ့ မိန်းမက ဓားပြလူဆိုးဘက်ကို ဓားရိုး ကမ်းပြီး လင်သားဘက်မှာ ဓားသွား ပေးခဲ့တာလည်းရှိသလို မဟာပဒုမ ဇာတ်တော်ကြီးမှာ မိဖုရားက ပေါင်တို လူဆိုးအပေါ်မှာ စိတ်ညွတ်နေလို့ သူ့

> ပြောင်ပြောင်
> တင်းတင်းဝင်တာ၊
> ဝင်တဲ့ပုံက
> ကားသမားတွေလို
> ဟန်ဆောင်ပြီး
> ပလတ်စတစ်ပုံး
> ကိုင်တဲ့သူကကိုင်၊
> ကားတာယာ
> ထမ်းတဲ့သူကထမ်းပြီး
> အော်ကြီးဟစ်ကျယ်
> သီချင်းတွေဆိုပြီး
> ဝင်သွားကြတယ်
> ...

ယောက်ျားကို ချောက်ထဲတွန်းချခဲ့တာ လည်း ရှိခဲ့ဖူးတာပဲကွာ၊ မိန်းမတွေ စိတ်ဖောက်လာရင် အရမ်းကြောက် စရာကောင်းတယ်ကွ''

''အဲဒါကြောင့် ဆရာက မိန်းမ မယူတာလား''

''အဲဒီလိုလည်း မဟုတ်ပါဘူး ကွာ၊ မိန်းမတွေမှာ ချစ်စရာကောင်း တာတွေ အများကြီးရှိပါတယ်၊ အဲဒါ ကြောင့်လည်း ယောက်ျားနဲ့မိန်းမ အိမ် ထောင်ပြုကြတာပေါ့ကွာ''

''ဆရာ ကျွန်တော် ဘာလုပ်ပေး စရာရှိသေးလဲ''

''မရှိပါဘူးကွာ၊ ညစာစားပြီးရင် ညဘက် လမ်းကြောင်းပိတ်ဖို့ ပြင်ဆင် ထား၊ ငါလည်း အစီရင်ခံစာ ဆက် ရေးလိုက်ဦးမယ်''

✦ ✦ ✦

ရဲအုပ် ကြည်အောင်တို့ လှုပ်ရှား အဖွဲ့သည် တပ်ဆွယ်တစ်ခုတွင် နှစ် လတာဝန်ယူ ဆောင်ရွက်ကြရသည်။ တပ်ဆွယ် (၃)ဆွယ်ရှိသဖြင့် တာဝန် ကျသည့်နေရာတွင် နှစ်လတာဝန် ဆောင်ရွက်ပြီး အလှည့်ကျ လှည့်ပတ် နေရသဖြင့် နောက် (၄)လကြာမှသာ ထိုတပ်ဆွယ်သို့ ပြန်ရောက်ကြရ၏။

ယခု (၄)လကြာပြီး နယ်စပ်တပ် ဆွယ်လေးသို့ ပြန်လည်ရောက်ရှိခဲ့ပြန် သည်။ ရဲတပ်ကြပ် အောင်နိုင်သည် ရဲ

www.burmeseclassic.com

www.burmeseclassic.com

အုပ် ကြည်အောင်ထံ သတင်းပို့ပြီး နယ်မြေသတင်းစုံစမ်းရန် အဖော်တပ်ဖွဲ့ဝင်နှစ်ဦးနှင့်အတူ ရုံးမှထွက်လာကြသည်။ အမှတ်မထင် စားသောက်ဆိုင်တစ်ဆိုင်တွင် မြင့်မြင့်အေးအား တွေ့လိုက်သည်။

"ဟဲ့.....နင် မြင့်မြင့်အေးမဟုတ်လား"

မြင့်မြင့်အေးသည် ယခင်တွေ့ခဲ့ကြစဉ်က ပုံစံမျိုးမဟုတ်တော့ဘဲ ခေတ်မီဝတ်စားဆင်ယင်မှုဖြင့် နုပျိုလှပနေသည်။ ရဲတပ်ကြပ် အောင်နိုင်အား မသိသလို ပြန်ကြည့်နေသည်။

"နင်ကလည်း ငါ့ကို မမှတ်မိတော့ဘူးလား၊ မမှတ်မိချင်ယောင်ဆောင်နေတာလား"

"ဩော်...မဟုတ်ပါဘူး၊ ဆရာ့ကို မှတ်မိပါတယ်၊ ဆရာအောင်နိုင်မဟုတ်လား၊ ဆရာတို့ ဒီမြို့ကို ပြန်ရောက်လာကြတာလား"

"အေး ဟုတ်တယ်၊ ခဏထိုင်မယ်နော်"

ရဲတပ်ကြပ် အောင်နိုင်က မြင့်မြင့်အေး၏ရှေ့ထိုင်ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ထိုင်ပါ ဆရာ၊ ဘာသောက် မလဲ၊ ဘာစားမလဲ"

"မစားပါဘူးဟာ၊ ဟိုတစ်ခါက နင့်ကို ငါတို့ ရှာကြသေးတယ်၊ မတွေ့လို့၊ အဲဒါ....."

"ဘာ.....ဘာဖြစ်လို့လဲဟင်"

"ဩော်.....နင့်ကို သတင်းပေးအနေနဲ့ ကျေးဇူးဆပ်ချင်လို့ပေါ့ဟာ၊ ဒါနဲ့ နင်က ဘယ်ကိုပျောက်နေတာလဲ"

"တောပြန်သွားတာပါ၊ ဦးလောရုံက သူနာမည်ပျက်တယ်ဆိုပြီး ကျွန်မကို အလုပ်ထုတ်လိုက်တယ်လေ"

"မောင်စိန်ကိုကော တောင်ဝင် စာသွားတွေ့သေးသလား"

"မတွေ့ပါဘူး၊ သူ့အကြောင်း မပြောပါနဲ့ ဆရာရယ်၊ သူက ကျွန်မအပေါ် သစ္စာမရှိဘူး"

"အေးပါ၊ မပြောတော့ပါဘူး၊ အကူအညီလိုတာရှိရင် ပြောနော်၊ ငါတို့ ကူညီပါ့မယ်"

"ရပါတယ် ဆရာရယ်၊ ကျွန်မဘဝနဲ့ကျွန်မအကြောင်းမို့ ဆရာတို့ဆီက အကူအညီလည်း မယူချင်ပါဘူး"

"ဒါပေမဲ့ဟာ သတင်းထူးလေးဘာလေးရှိလာရင်တော့ ငါတို့ကို သတင်းပေးပါဦးနော်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မ သွားစရာလေးတွေရှိသေးလို့ သွားလိုက်ဦးမယ်နော်၊ နောက်မှတွေ့ကြတာပေါ့"

"အေး.....အေး"

မြင့်မြင့်အေးသည် ရဲတပ်ကြပ်အောင်နိုင်အား နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်သွားသည်။ ရဲတပ်ကြပ်အောင်နိုင်သည် ပြောင်းလဲသွားသော မြင့်မြင့်အေးကိုကြည့်ရင်း ကျန်ခဲ့သည်။ ယခင်တွေ့စဉ်က ဝတ်စားဆင်ယင်မှုနှင့်လုံးဝကွာခြားနေသည်။ မုဆိုးမ၊ တစ်လင်ကွာနှင့်မတူ။ လှပကြော့ရှင်းပြီး သနပ်ခါးနံ့အစား အဖိုးတန် ရေမွှေးနံ့များ ပျံ့လွင့်နေသည်။ ဂျင်းဘောင်းဘီရှည်၊ ဂျင်းအနွေးထည်ခါးပြတ် ဝတ်ထား၍ ကိုယ်ခန္ဓာအလှကလည်း ပေါ်လွင်နေသည်။

ရဲတပ်ကြပ် အောင်နိုင်သည် မြင့်မြင့်အေးနှင့် တွေ့ခဲ့သည့်အကြောင်းကို ရဲအုပ် ကြည်အောင်အား သတင်းပို့လိုသဖြင့် ရုံးသို့ တပ်ဖွဲ့ဝင်အဖော်များကို လာခေါ်ပြီး ပြန်လာခဲ့သည်။ ရဲအုပ်


www.burmeseclassic.com

www.burmeseclassic.com


ကြည်အောင်အား မြင့်မြင့်အေးနှင့်တွေ့ခဲ့ကြောင်း၊ တောသို့ပြန်နေကြောင်းများကို အားပါးတရ ပြောပြနေသည်။

"ငါတို့နဲ့တွေ့ဖို့ကော မပြောလိုက်ဘူးလား"

"ပြောတာပေါ့ ဆရာရယ်၊ သူကိုယ်တိုင်က ကျွန်တော်တို့အဖွဲ့နဲ့မတွေ့ချင်သလို ကျွန်တော်တို့ဆီကလည်း ဘာအကူအညီမှ မလိုချင်ဘူးလို့ပြောပါတယ်"

"သူ့အခြေအနေကကော ဘယ်လိုလဲ"

"လုံးဝကို ပြောင်းလဲနေတယ်၊ အခြေအနေ တော်တော်အဆင်ပြေနေပုံရတယ်၊ ဝတ်စားထားတာက နိုင်ငံခြားမင်းသမီးတွေလိုပဲ၊ ခေတ်မီတယ်ဆိုတာထက် ခေတ်ဆန်တယ်လို့ပြောရင် ပိုမှန်လိမ့်မယ် ဆရာ၊ နောက်ပြီး ကိုယ်လုံးကိုယ်ပေါက်ကလည်း ခါးသေးရင်ချီဆိုတော့ အပျိုလေးတစ်ယောက်လိုပါပဲ"

"ဘာလဲကွ၊ ခေတ်မီတာထက် ခေတ်ဆန်တယ်ဆိုတာက....."

"ခေတ်ဆန်တာကို ကျော်ပြီး ခေတ်လွန်နေပြီလို့တောင် ပြောလို့ရတယ်၊ စတိုင်လ်က အပြည့်ပဲဆရာ"

"အင်း.....ဒီအရပ်မှာ လူတစ်ယောက်ရဲ့ နေ့ချင်းညချင်း ပြောင်းလဲကြီးပွားသွားနိုင်တာကတော့ မူးယစ်ဆေးဝါးအရောင်းအဝယ်ကိစ္စကြောင့်လည်း ဖြစ်နိုင်တယ်၊ တောမှာပြောင်းနေတယ်ဆိုပြီး သူက ဘာဖြစ်လို့ ခေတ်လွန်တဲ့ အဝတ်အစားတွေ ဝတ်ထားရတာလဲ"

"ဒါကတော့ ဆရာရယ် မြို့ပေါ်ရောက်တုန်း ပြင်ဆင်ထားတာနေမှာပေါ့"

"သူ့ကိုတော့ ငါတို့ လေ့လာစောင့်ကြည့်ရမှာပေါ့ကွာ၊ မထင်မှတ်တဲ့သူက မူးယစ်ဆေးဝါးသယ်နေတဲ့သူလည်း ဖြစ်နေတတ်တယ်၊ ငါကိုယ်တိုင်ကြုံခဲ့ဖူးတာ ရှိခဲ့တယ်"

"ဘယ်မှာလဲ ဆရာ"

"မူဆယ် မူးယစ်အထူးအဖွဲ့မှာ တာဝန်ကျခဲ့တုန်းကပေါ့ကွာ၊ အခုတစ်ဖက်နိုင်ငံ ကျယ်ခေါင်ကွင်းကြီးနဲ့ မျက်နှာချင်းဆိုင် ကားလမ်းတစ်ဖက် ငါတို့နိုင်ငံပိုင်နက်ထဲမှာ မြေနီကွင်းကျယ်ကြီးတစ်ခုရှိတယ်၊ အဲဒီကွင်းကြီးရဲ့နောက်မှာ တောတန်းကြီးရှိတယ်၊ ကွင်းကြီးအလယ်မှာကတော့ ဘိန်းစားတွေရဲ့ အဓိက ဘိန်းဈေးကွက်ကြီး ဖြစ်နေခဲ့တယ်၊ ကားလမ်းပေါ်ကနေ အတိုင်းသား မြင်နေရတယ်"

"ဟင်.....ဒါကို ဆရာတို့က မဖမ်းနိုင်ဘူးလား"

"ကွင်းထဲကို ငါတို့ဝင်လိုက်တာနဲ့ ဘိန်းစားတွေက ပြေးလမ်းတွေ အများကြီးဆိုတော့ ဘယ်လိုမှ ဝင်ဖမ်းလို့မရဘူး၊ နောက်ဆုံးတော့ အကွက်ဆင်ပြီး ဝင်ဖြိုခဲ့ရတယ်"

"ဘယ်လိုအကွက်ဆင်တာလဲ ဆရာ"

"ပြောင်ပြောင်တင်းတင်းဝင်တာ၊ ဝင်တဲ့ပုံက ကားသမားတွေလို ဟန်ဆောင်ပြီး ပလတ်စတစ်ပုံး ကိုင်တဲ့သူကကိုင်၊ ကားတာယာ ထမ်းတဲ့သူက ထမ်းပြီး အော်ကြီးဟစ်ကျယ် သီချင်းတွေဆိုပြီး ဝင်သွားကြတယ်"

"ဘိန်းစားတွေက မသိဘူးလား"

"နယ်က ကားသမားတွေအရက်မူးပြီး ကွင်းကိုဖြတ်လာတယ်ထင်မှာပေါ့ကွာ၊ သူတို့လည်း ငါတို့ကိုအရေးမစိုက်ကြတော့ဘူး၊ အနားရောက်မှ ဘိန်းဖြူအဓိကရောင်းနေတဲ့သူနဲ့ သူ့ရဲ့လက်ထောက်ကောင်တွေကို ပစ်မှတ်ထားပြီး ဖမ်းလိုက်ကြတယ်"

"မိသလား ဆရာ"

"အေး၊ အဓိက ဘိန်းဖြူရောင်းတဲ့သူရယ်၊ သူ့လက်ထောက်တစ်ဦးနဲ့ ဘိန်းဖြူဝယ်တဲ့သူ သုံးလေးယောက်လောက် ဖမ်းမိခဲ့တယ်"

"ဆရာပြောတဲ့ မထင်မှတ်တဲ့သူက မူးယစ်ဆေးဝါးသယ်တဲ့သူ ဖြစ်နေတယ်ဆိုတာက ဘယ်သူလဲ ဆရာ"

ရဲအုပ် ကြည်အောင် ပြောပြနေသည့် အကြောင်းအရာထဲတွင် မထင်မှတ်တဲ့သူဆိုသည့် စကားမပါသဖြင့် ရဲတပ်ကြပ် အောင်နိုင်က သိချင်စိတ်ဖြင့် ဖြည့်စွက်မေးလိုက်သည်။

"ဒီလိုကွ၊ အဲဒီ အဓိက ဘိန်းဖြူရောင်းတဲ့နေရာကို ဘိန်းဖြူတွေ နေ့တိုင်းလာပို့နေတဲ့သူက အနူရောဂါသည်

www.burmeseclassic.com

www.burmeseclassic.com

ကြီး ဖြစ်နေတယ်၊ အဲဒီလူကြီးကို ငါတို့အဖွဲ့တွေ လမ်းကြောင်းပိတ်တိုင်း လမ်းပေါ်မှာ အမြဲတွေ့နေရတယ်၊ သူ ဝတ်စားထားတာက ဘောင်းဘီပွပွ၊ အင်္ကျီပွပွအပြင် ရှပ်အင်္ကျီပေါ်မှာ ကွန်မင်ဒိုဝတ်စကုတ်ကို ထပ်ဝတ်ပြီး အနွေးထည်ကြီးတစ်ထည်ကိုလည်း ထပ်ဝတ်ထားသေးတယ်''

''ချမ်းလို့ပေါ့နော်''

''အေး၊ ချမ်းတယ်ဆိုတာထက် ဝတ်စကုတ်ဆိုတော့ အိတ်တွေက ရှေ့တွေရော၊ နောက်ရောရှိတယ်မဟုတ်လား၊ အဲဒီအိတ်တွေထဲမှာ ဘိန်းဖြူပါတဲ့ ဆပ်ပြာခွက်တွေထည့်ပြီး ဘိန်းဖြူသယ်နေတာကွ''

''ဒါဆို လူက ပွပွဖောင်းဖောင်းကြီး ဖြစ်နေမှာပေါ့ ဆရာ''

''အေး ဟုတ်တယ်၊ ငါတို့က လည်း နူနာသည်ကြီးဆိုတော့ ခန္ဓာ ကိုယ်ရှာဖွေစစ်ဆေးတာ မလုပ်ခဲ့တဲ့ အပြင် အရေးကိုမစိုက်ခဲ့ကြဘူးလေ၊ ဒါကို သူက အခွင့်ကောင်းယူပြီး ဘိန်းဖြူပို့နေတာကွ''

''ဘယ်လိုသတင်းရလိုက်တာလဲ''

''ကွင်းထဲမှာ ဘိန်းဖြူရောင်းတဲ့ လူနဲ့ သူ့လက်ထောက်တွေ မိတော့မှ ဘိန်းဖြူလာပို့တဲ့သူဟာ အဲဒီနူနာသည်ကြီးဆိုတာ သိရတယ်၊ ဒါကြောင့် သူလာနေကျလမ်းမှာစောင့်ပြီး ကိုယ်ခန္ဓာရှာဖွေရေးလုပ်တော့မှ ဘိန်းဖြူခွက်တွေ ဖမ်းမိခဲ့ရတယ်''

''သြော်....ဒါကြောင့် မထင်မှတ်တဲ့သူက မူးယစ်ဆေးဝါးသယ်တဲ့သူ ဖြစ်နေတာကိုး၊ ဆရာတို့အဖွဲ့ တစ်ရက်တည်း နှစ်မှုသုံးမှုမိလိုက်တော့ ကြီးကြပ်သူအရာရှိက ချီးကျူးမှာပေါ့နော်''

''အေး၊ ဆရာကတော့ ချီးကျူးတာပေါ့ကွာ၊ ဒါပေမဲ့ ရဲစခန်းက စခန်းမှူးနဲ့ တပ်ဖွဲ့ဝင်တွေက အနူကြီးဖမ်းလာပို့လို့ ငါတို့ကို ငြိုငြင်ချင်တာပေါ့ ကွာ၊ ဒါပေမဲ့ မဖမ်းလို့မဖြစ်လို့ ဖမ်းခဲ့ရတဲ့အကြောင်း ရှင်းပြလိုက်ရတယ်''

+ + +

''ဆရာ မြင့်မြင့်အေးနဲ့တွေ့တယ်၊ ဟိုတစ်ခါလိုပဲ ဆရာ၊ ဝါးဖောင်ဂိတ်ကို ဘိန်းဖြူနဲ့ မနက် (၅)နာရီလောက် အမျိုးသားတစ်ဦး ဖြတ်သယ်မယ်လို့ ပြောတယ်''

''သူ့ရဲ့သတင်းကတော့ သေချာမယ်ထင်တယ်၊ ဒီတော့ မနက်ဖြန် ၃ နာရီလောက် ငါတို့အဖွဲ့တွေ သွားပြီး စောင့်ကြတာပေါ့ကွာ''

ရဲအုပ် ကြည်အောင်သည် ရဲတပ်ကြပ် အောင်နိုင်အား ရဲတပ်ကြပ်ကြီး ပေါ်ဌေးနှင့် တပ်ဖွဲ့ဝင်များကို ခေါ်ခိုင်းလိုက်သည်။ တပ်ဖွဲ့ဝင်များအားလုံး မနက်ဖြန်မနက် (၃)နာရီတွင် ရုံးမှ ပစ်မှတ်နေရာသို့ ထွက်မည့်အကြောင်းနှင့် စောစောအိပ်ရာဝင်ပြီး ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားလိုက်သည်။

''ဆရာ အားလုံးသွားမှာလား၊ ရုံးစောင့်မထားတော့ဘူးလား''

''အေး၊ အင်အားသုံးစရာရှိတယ်၊ ရုံးကိုသော့ခတ်ထားခဲ့၊ လက်နက်တွေလည်း အကုန်ယူလာမယ်''

''ဟုတ်ကဲ့ ဆရာ''

နံနက် (၃)နာရီတွင် ရဲအုပ် ကြည်အောင်နှင့်အဖွဲ့သည် ပစ်မှတ်ဝါးဖောင်ဂိတ်သို့ ထွက်လာခဲ့သည်။ လမ်းခွဲသို့ ရောက်သည့်အခါ အဖွဲ့အား ခေတ္တာ စုစည်းလိုက်သည်။ ဝါးဖောင်ဂိတ်နှင့် ဝါးတံတားဂိတ်သို့ခွဲသည့် လမ်းခွဲဖြစ်သည်။

''ဒီမှာ အဖွဲ့နှစ်ဖွဲ့ခွဲမယ်၊ ဆရာကြီးပေါ်ဌေးက ဦးဆောင်ပြီး တပ်ဖွဲ့ဝင် ငါးယောက် ခေါ်သွားလိုက်ပါ၊ ဝါးဖောင်ဂိတ်မှာ သေသေချာချာစောင့်ပြီး ပစ်မှတ်ကို မိအောင်ဖမ်းပါ၊ တပ်ကြပ်အောင်နိုင်နဲ့ ကျန်တဲ့သူတွေ ဒီမှာ ငါနဲ့အတူ နေကြမယ်''

''ဆရာ ဒီကပိတ်ဖမ်းမလို့လား၊ ဝါးဖောင်ဂိတ်ကို တခြားလမ်းတွေကလည်း သွားလို့ရတယ်မဟုတ်လား''

''အေး မင်းပြောတာ ဟုတ်ပါတယ်၊ ခဏစောင့်ပါကွာ၊ ရဲစခန်းမှူးဆီက ရဲမေနှစ်ယောက် ခေါ်ထားတယ်၊ ရဲစခန်းမှူးကိုယ်တိုင် ပါရင်ပါလာလိမ့်မယ်ထင်တယ်''

ရဲအုပ် ကြည်အောင်တို့ တိုးတိုးတိတ်တိတ် စကားပြောနေစဉ် ရဲစခန်းမှူးနှင့် ရဲမေနှစ်ဦး ရောက်လာသည်။

''ကိုကြည်အောင်တို့ ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com


ဘာ ကြာပြီလား''

''အခုပဲရောက်တာပါ၊ ဆရာပေါ်ဌေးအဖွဲ့ကိုတော့ ဝါးဖောင်ဂိတ်ကို လွှတ်လိုက်ပြီ၊ ကျွန်တော်နဲ့ စခန်းမှူးတို့အဖွဲ့က ဝါးတံတားဂိတ်ကို သွားကြမယ်ဗျာ''

''နှစ်ဖွဲ့ခွဲပြီး လမ်းကြောင်းပိတ်မှာလား''

''ဟုတ်တယ် ဆရာ၊ သတင်းအရကတော့ ဝါးဖောင်ဂိတ်မှာပါ၊ ဒါပေမဲ့ ဝါးတံတားဂိတ်ကိုလည်း ပိတ်ထားချင်လို့ ခုလို အဖွဲ့ခွဲလိုက်တာပါ''

''ပိုသေချာတာပေါ့ ဆရာ၊ ကဲ.. သွားကြမလား''

''ဆရာတို့ ဆရာတပည့်တွေ ရှေ့ကသွားနှင့်ပါ၊ ကျွန်တော်တို့ နောက်က လိုက်ခဲ့ပါ့မယ်''

\+ + +

နံနက် (၅)နာရီခွဲခန့်တွင် ဆရာကြီး ပေါ်ဌေးအဖွဲ့သည် အမျိုးသားတစ်ဦးအား ဘိန်းဖြူဆပ်ပြာခွက် (၃၀) ဖြင့် ဖမ်းမိထားကြောင်း၊ စစ်ဆေးကြည့်ရာ ခွက်လွတ် (၁၅)ခွက်ပါရှိကြောင်း ဆက်သွယ်ရေးစက်ဖြင့် သတင်းရရှိခဲ့သည်။

ရဲအုပ် ကြည်အောင်သည် ဆက်သွယ်ရေးစက်အား နားကြပ်ဖြင့် နားထောင်နေသောကြောင့် စခန်းမှူးက လက်ကိုင်စက်ထုတ်၍ စက်ဖွင့်မည်ပြုလိုက်သည်။

''ဆရာ စက်ဖွင့်မယ်ဆိုရင် နားကြပ်တပ်လိုက်ပါလား၊ အသံမထွက်စေချင်လို့ပါ''

''ဟုတ်ကဲ့၊ နားကြပ်တပ်ထားပါတယ်၊ ခုနက ဆရာကြီးပေါ်ဌေးဆီက သတင်းပို့တာလား''

''ဟုတ်တယ် ဆရာ၊ ဘိန်းဖြူခွက်တွေနဲ့ တရားခံတစ်ယောက် မိထားပြီလို့ပြောတယ်''

''ဒါဆိုရင် ကျွန်တော်တို့ အဲဒီကို ရွှေ့ကြမှာလား''

''ခဏလောက်စောင့်ကြရအောင်ဗျာ''

ရဲအုပ်ကြည်အောင်နှင့် ရဲစခန်းမှူးတို့ တိုးတိုးတိတ်တိတ် စကားပြောနေကြစဉ် ဝါးတံတားဂိတ်အနီးသို့ အမျိုးသမီးတစ်ဦး လျှောက်လာသည် ကို တွေ့နေရသည်။ နှင်းမှုန်များကြားတွင်ဖြစ်သဖြင့် သဲသဲကွဲကွဲ မမြင်နိုင်သဖြင့် ရုပ်ကိုခွဲခြား၍ မသိနိုင်အောင် ဖြစ်နေသည်။

ရဲတပ်ကြပ် အောင်နိုင်သည် လမ်းဘေးချုံပုတ်မှထွက်၍ လမ်းလျှောက်လာသည့် အမျိုးသမီးရှေ့တွင် ရပ်လိုက်သည်။

''ဟင်.....မြင့်မြင့်အေးပါလား၊ နင်ဘယ်ကို သွားမလို့လဲ''

မြင့်မြင့်အေးသည် ရဲတပ်ကြပ်အောင်နိုင်ကို မြင်လိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားသည်။

''ဩော်.....ဆရာအောင်နိုင်ပါလား၊ ဟို ဝါးဖောင်ဂိတ်မှာ မစောင့်ကြဘူးလား''

''အေး ဆရာကြည်အောင်အစီအစဉ်နဲ့ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဒီမှာလာစောင့်နေကြတာ၊ နင့်သတင်းက သေချာရဲ့လား''

''သေချာတယ် ဆရာ၊ အဲဒီကို မြန်မြန်သွားလိုက်ပါလား၊ လွတ်သွားမှာစိုးလို့''

''နင်က စောစောစီးစီး ဘယ်ကို သွားမှာလဲ''

''ဟိုဘက်ကမ်းမှာနေတဲ့ ကျွန်မအဒေါ်တစ်ယောက် ညကလူကြုံနဲ့ နေမကောင်းဘူးလို့ လာပြောတယ်၊ အခုမနက် ဆေးရုံတင်မှာမို့ အစောကြီးထွက်လာတာပါ၊ ကျွန်မ သွားတော့မယ်နော်''

''အေး...အေး၊ ဖြည်းဖြည်းသွားနော်''

ရဲအုပ် ကြည်အောင်သည် မြင့်မြင့်အေးနှင့် တပ်ကြပ် အောင်နိုင်တို့ စကားပြောနေသည်ကို နောက်နားမှ ရပ်၍ ကြည့်နေလိုက်သည်။ မြင့်မြင့်အေးကိုကြည့်ပြီး တပ်ကြပ်အောင်နိုင် ပြောခဲ့သောစကားများကို ပြန်လည်ကြားယောင်နေမိသည်။

''လုံးဝကို ပြောင်းလဲနေတယ်၊ အခြေအနေ တော်တော်အဆင်ပြေနေပုံရတယ်၊ ဝတ်စားထားတာက နိုင်ငံခြားမင်းသမီးတွေလိုပဲ၊ ခေတ်မီတယ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာထက် ခေတ်ဆန်တယ်လို့ပြော ရင် ပိုမှန်လိမ့်မယ် ဆရာ၊ နောက်ပြီး ကိုယ်လုံးကိုယ်ပေါက်ကလည်း ခါးသေး ရင်ချီဆိုတော့ အပျိုလေးတစ်ယောက် လိုပါပဲ''

အခုမြင်တွေ့နေရသည့် မြင့်မြင့် အေးသည် ဗိုက်ဖုံးအင်္ကျီနှင့် ဖြစ်နေ သည်။ မြင့်မြင့်အေးသည် တပ်ကြပ် အောင်နိုင်ကို နှုတ်ဆက်ပြီး ရှေ့သို့ခြေ လှမ်းနှစ်လှမ်းခန့် သွက်လက်စွာလှမ်း ထွက်လိုက်သည်။

''ဟေ့..အောင်နိုင်၊ သူ့ကိုတား ထားလိုက်စမ်း''

''ဗျာ...ဆရာ၊ မြင့်မြင့်အေးကို လား''

''ဟုတ်တယ်၊ ရဲမေနှစ်ယောက်က အဲဒီမြင့်မြင့်အေးကို ထိန်းထားလိုက်''

လမ်းဘေးနှင်းမှုန်များထဲမှ ရဲမေ နှစ်ယောက် ထွက်လာပြီး မြင့်မြင့်အေး ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက် ကြသည်။

''ဟင်...ဒါ...ဒါ ဘာလုပ်ကြတာ လဲ၊ ဆရာအောင်နိုင်၊ ဒီမှာပြောပါဦး၊ ကျွန်မကို ဆွဲထားကြတယ်''

အနားရောက်လာသော ရဲအုပ် ကြည်အောင်ကို တပ်ကြပ် အောင်နိုင် က တအံ့တသြဖြင့် ကြည့်လိုက်သည်။

''မင်း ဘာမှမပြောနဲ့တော့၊ ရဲမေ တို့က မြင့်မြင့်အေးရဲ့ ဗိုက်ဖုံးအင်္ကျီကို လှန်ပြီးစစ်ကြည့်ပါ၊ မင်းကိုငါပြောခဲ့တဲ့ နူနာရောဂါသည်ကြီးတစ်ယောက်တော့



ထပ်တွေ့ပြန်ပြီနဲ့တူတယ်''

ရဲအုပ် ကြည်အောင်သည် ရဲမေ များအား မြင့်မြင့်အေး၏ ဗိုက်ဖုံးအင်္ကျီ ကို စစ်ဆေးရန်နှင့် မူဆယ်တွင် ကြုံ တွေ့ခဲ့ရသော မထင်မှတ်သူ ဘိန်းဖြူ သယ်သည့် နူနာရောဂါသည်ကြီး အကြောင်းကိုပါ ပြောပြလိုက်သည်။

''ဆရာ သူ့ဗိုက်က အတုကြီး''

✦ ✦ ✦

''အင်း.....မြင့်မြင့်အေးဘဝက သနားစရာလည်းကောင်းတယ်၊ မုန်း တီးစရာလည်းကောင်းတယ်''

''ဘာဖြစ်လို့လဲ ဆရာ''

''ပထမဆုံး ရှုးရှုးမိုက်မိုက်နဲ့ ယူ ခဲ့တဲ့ယောကျ်ားက ဟိုဘက်ကမ်းမှာ ဘိန်းဖြူနဲ့အဖမ်းခံရပြီး သေဒဏ်ပေးခံ ခဲ့ရတယ်၊ နောက်အိမ်ထောင် ထပ်ပြု တယ်၊ သူ့အပေါ် သစ္စာဖောက်လို့ နာ ကြည်းပြီး ထောင်ကျအောင် သတင်း ပေးခဲ့တယ်၊ ဘိန်းဖြူတစ်ဝက်နဲ့ သယ် ခငွေတစ်ဝက်ကိုတော့ သူကယူခဲ့တယ်၊ အဲဒီဘိန်းဖြူတွေနဲ့ ဟိုဘက်ကလူတွေ ကို ဆက်သွယ်ပြီး ဘိန်းဖြူအရောင်း အဝယ်လုပ်တယ်၊ အဆက်အသွယ်နဲ့ အရောင်းအဝယ် ကောင်းလာတော့ နောက်ထပ်ယောကျ်ားတစ်ယောက်ယူ ပြီး ခိုင်းစားတယ်''

''လင်သုံးယောက်မြောက်ပေါ့''

''အခု ငါတို့ဖမ်းလိုက်တဲ့သူက

www.burmeseclassic.com

www.burmeseclassic.com


သည်း သူ့ရဲ့နောက်ဆုံး တတိယလင် ယောကျ်ားပေါ့ကွာ၊ သူ့နာမည်ထွက် လာစိုးတော့ အဲဒီယောကျ်ားကို ထိုးကျွေး ပြီး တစ်ဖက်လမ်းကနေ သူပို့ရမယ့် ဗွှည်းရဲ့တစ်ဝက်ကို ဖြောင်လိုက်ပြီး သူကိုယ်တိုင်က ဗိုက်ဖုံးအင်္ကျီဝတ်ပြီး ဗိုက်အတုထဲမှာ ဘိန်းဖြူတွေ ထည့် သယ်ရင်းက အဖမ်းခံလိုက်ရတယ်''

''ဒီတစ်ခါတော့ သူ့ဘဝ ပြီးဆုံး သွားပြီပေါ့ ဆရာရယ်''

ရဲအုပ် ကြည်အောင်နှင့် တပ် ကြပ် အောင်နိုင်တို့သည် မြင့်မြင့်အေး အကြောင်းကို ပြန်ပြောနေကြသည်။

''ရှုးရှုးမိုက်မိုက်နဲ့ အိမ်ထောင်ပြု ပြီး ဘဝမလှလို့ သနားစရာကောင်းပေ မယ့် ရိုးရိုးသားသား လုပ်ကိုင်မစားခဲ့ ပြန်တော့ မုန်းတီးစရာဖြစ်သွားတာပေါ့ ကွာ''

''----''

''မူးယစ်ဆေးဝါးလောကမှာ မူး ယစ်ရာဇာတွေက ဒုက္ခရောက်နေတဲ့သူ ကို ကယ်တင်ရှင်ယောင်ဆောင်ပြီး မူး ယစ်ဆေးဝါးလောကထဲကို ဆွဲသွင်း တတ်ကြတယ်ဆိုတာကို သိထားကြဖို့ လိုတယ်၊ နောက်ပြီး မြင့်မြင့်အေးရဲ့ အစ်မ မသန်းမြတို့လင်မယားက ဆင်း ရဲခဲ့ပေမယ့် ရိုးသားကြိုးစားလို့အန္တရာယ် ကင်းပြီး ဘဝသာယာလှပခဲ့တယ်၊ မြင့် မြင့်အေးကတော့ ဘဝမလှတဲ့အထဲမှာ မရိုးသား၊ မကြိုးစားတော့ အန္တရာယ်နဲ့ တွေ့ရတယ်၊ ငါတို့အဖွဲ့တွေကိုလည်း ယုံကြည်အောင်ပေါင်းပြီး နောက်ကွယ် မှာ မဟုတ်တာလုပ်ကြတဲ့သူတွေရှိတာ ကို သတိထားဖို့လိုတယ်''

''မြင့်မြင့်အေးက ကျွန်တော်တို့ အဖွဲ့အတွက် သင်ခန်းစာပေးခဲ့တာပေါ့ ဆရာရယ်''

မောင်ကြည်အောင်

---


# အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဗိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-
ဆရာကြီး၏သား **ဆရာဦးရဲဝင်း**
ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။
ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျင်နာ ၊
ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများတို့အချိန်တိုတိုဖြင့်
ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းတည်နေရာ**
၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
အမှတ် (၄၃) ဘေမာသိကားစီး၍နွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။
ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်၊ ၊ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)
အကြောဗိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး
၎င်းဆေးခန်းတွင် ရနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# ထက်ထက်

## ဟာသများ

### မှဒီတာမထားသူ

စာရေးဆရာတစ်ဦးသည် အယ်ဒီတာစားပွဲရှေ့တွင်ထိုင်၍ စာမူအကြောင်းမေးနေ၏။

**စာရေးဆရာ။** ။ ဆရာ.....ကျွန်တော့်စာမူ ဘယ်လပါ မလဲ ခင်ဗျာ။

**အယ်ဒီတာ။** ။ စောင့်ကြည့်ပါဗျာ၊ ထည့်တဲ့လ ပါမှာပဲ၊ စာမူရှင်တွေကို အလှည့်ကျထည့်ပေးနေတာပါ၊ခဏတော့စောင့်ပါဗျာ။

အလုပ်များသော အယ်ဒီတာက ပြေပြေလည်လည် ရှင်းပြသော်လည်း စာရေးဆရာက မကျေမနပ်ဖြင့် ထပ်မေးပြန်၏။ သူ့မျက်နှာက မထီမဲ့မြင် မျက်နှာထားနှင့် ပြောလိုက်သည်။

**စာရေးဆရာ။** ။ ဆရာတို့တိုက်က လစဉ်ဖော်ပြပေးနေတဲ့ စာရေးဆရာမလေးကျတော့ နေရာပေးတယ်နော်၊သူကအရည်အချင်းတော့ ရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က မိန်းကလေးမဟုတ်လို့လားဆရာရယ်၊ ဟဲ.....ဟဲ.....ဟဲ။

အယ်ဒီတာလည်း စိတ်ထားမပြည့်သူ စာရေးဆရာ အား လေအေးအေးဖြင့် ပြန်ပြောလိုက်၏။

**အယ်ဒီတာ။** ။ ခင်ဗျားပြောတဲ့ စာရေးဆရာမက ကျုပ် အမျိုးသမီးပါဗျာ။

**စာရေးဆရာ။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ပြန်ပါဦးမယ်။

စာရေးဆရာလည်း ရှက်ရှက်နှင့် ထပြန်သွားတော့ သည်။ သို့သော် နောက်ထပ် မလာရဲတော့ပေ။




www.burmeseclassic.com

www.burmeseclassic.com




## မင်းသမီးဖြစ်လိုသူ

ရိုက်ကွင်းတစ်ခုတွင်ဖြစ်၏။ ဒါရိုက်တာတစ်ဦးသည် ကင်မရာမင်းနှင့် ဇာတ်ဝင်ခန်းရိုက်ရန် စီစဉ်နေသည်။

**ဒါရိုက်တာ။** ။ ဇာတ်ညွှန်းဆရာရေ့ မင်းသမီးခေါ်လာခဲ့ဦး။

ဇာတ်ညွှန်းဆရာလည်း အားရဝမ်းသာနှင့် အပြေးအလွှားထွက်သွားသည်။ ခဏအကြာတွင်တော့.....

**ဇာတ်ညွှန်းဆရာ။** ။ ကျွန်တော့်သမီးလေး ရောက်ပါပြီ ဒါရိုက်တာကြီးရေ ဘယ်နေရာကသရုပ်ဆောင်ရမလဲဗျာ။

ဒါရိုက်တာလည်း လှည့်ကြည့်ပြီး ဒေါသဖြစ်သွားတော့သည်။

**ဒါရိုက်တာ။** ။ ကျုပ်ခေါ်ခိုင်းတာ မင်းသမီးဗျ။ ခင်ဗျားသမီးကို ပြောတာမဟုတ်ဘူး။

**ဇာတ်ညွှန်းဆရာ။** ။ သိဘူးလေဗျာ၊ ဆရာက ကျွန်တော့်သမီးကို ခေါ်ခိုင်းတယ်ထင်နေတာ၊ အဟီး.....။

## သနားစရာကောင်းသူ

အမျိုးသမီးတစ်ဦးသည် လမ်းသွားတိုင်း ချည့်နဲ့နေသော ဒုက္ခိတတစ်ဦးကို မြင်တွေ့နေကျပါ။ သည်တော့ ငွေကြေးပေးလှူမိ၏။ သည်နေ့တွင်လည်း အိမ်မှပန်းသီးနှစ်လုံး ယူလာပြီး ပေးလိုက်၏။

**အမျိုးသမီး။** ။ ရော့.....ဦးလေး၊ အားရှိအောင် ပန်းသီးစားလိုက်။

**ဒုက္ခိတ။** ။ ပန်းသီးငါမကြိုက်ဘူး၊ နင့်ဟာပြန်ယူသွား။

အမျိုးသမီးလည်း စေတနာက ဝေဒနာဖြစ်သွား၍ ထိုပန်းသီးများကို ပြေးလွှားကစားနေသော ကလေးငယ်နှစ်ဦးကို ပေးလိုက်သည်။ ပြီးမှ ထိုအနီးမှထွက်သွားရန် ခြေလှမ်းလိုက်စဉ်.....

**ဒုက္ခိတ။** ။ ခဏနေဦး၊ ငါ့ကို လက်ဖက်ရည်တိုက်ခဲ့စမ်း။

**အမျိုးသမီး။** ။ လက်ဖက်ရည်သောက်ချင်ရင် ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်သောက်ပေါ့။

အမြင်ကတ်ကတ်ဖြင့် ပြောလိုက်တော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# အနီးဆုံးလူ

ဘတ်စ်ကားပေါ်တွင် ချစ်သူနှစ်ဦး ခုံတွင်ထိုင်လျက် လိုက်ပါလာကြ၏။ မိန်းကလေး၏ချစ်သူသည် ခါးပိုက်နှိုက် တစ်ဦးဖြစ်ရာ မိန်းကလေးက မသိပေ။ သည်တော့ ချစ်သူကို ယုံကြည်စိတ်ဖြင့် ပထမဆုံး ဘတ်စ်ကားအတူစီးလာခြင်း ဖြစ်သည်။

ချစ်သူကောင်လေးက မိန်းကလေး၏ ကျောပိုးအိတ်ထဲမှ ပိုက်ဆံအိတ်ကို နှိုက်ယူလိုက်သောလုပ်ရပ်ကို နောက်ခုံ ရှိ အမျိုးသားတစ်ဦးက လှမ်းမြင်လိုက်သည်။

**အမျိုးသား။** ။ အနီးဆုံးလူတွေကိုသတိထားကြနော်၊ သတိထားကြ။

အမျိုးသားကြီး၏ သတိပေးစကားအား မိန်းကလေးက သတိမပြုမိသော်လည်း ချစ်သူကောင်လေးက မိန်းကလေးကို တိုးတိုးပြောပြီး မှတ်တိုင်ရောက်သည်နှင့် ပြေးဆင်းသွားတော့၏။ သည့်နောက် အမျိုးသားက မနေနိုင်တော့ပေ။

**အမျိုးသား။** ။ ဟဲ့.....ကောင်မလေး၊ စောစောကလူ မင်းပိုက်ဆံအိတ်ကို နှိုက်ယူဆင်းပြေးသွားပြီနော်။

**ကောင်မလေး။** ။ ရှင်...မဟုတ်ပါဘူး၊ ခရီးသွားဖို့ မေ့နေလို့ပါရှင်။

**အမျိုးသား။** ။ မယုံရင် မင်းအိတ်ကိုရှာကြည့်လေ။

မိန်းကလေးလည်း သူ့ကျောပိုးအိတ်ထဲမှ ပိုက်ဆံအိတ်ကို ရှာဖွေကြည့်လိုက်ရာ မရှိတော့ပေ။ ထိုမှ ချစ်သူသည် ခါးပိုက်နှိုက်တစ်ဦးဖြစ်မှန်း သိသွားရတော့သည်။



ဟာသများ

www.burmeseclassic.com

www.burmeseclassic.com


# ဒီတစ်ခါနောက်ဆုံး

တစ်နေ့တွင် သူခိုးတစ်ယောက်ကို ရဲတပ်ဖွဲ့ဝင်များက လက်ပူးလက်ကြပ် ဖမ်းဆီးမိ၍ ရဲစခန်းသို့ခေါ်လာသည်။ ရဲစခန်းမှူးမှာ ဘာသာရေးသမားဖြစ်ရာ သူခိုးအား နောင်တွင် မခိုးရန် တရားပြဆုံးမ၏။

**သူခိုး။** ။ ဟုတ်ကဲ့ပါ ဆရာ၊ ဒီတစ်ခါနောက်ဆုံး ပါပဲ။

**ရဲစခန်းမှူး။** ။ အေး.....အေး၊ ဝမ်းသာပါတယ်ကွာ။

သို့နှင့် သူခိုးမှာ ထိုက်သင့်သည့်ထောင်ဒဏ် ကျခံသွားရ၏။ ထိုသူခိုးမှာ ထောင်မှလွတ်လာပြီးနောက် ခိုးမြဲတိုင်း ခိုး၏။ တစ်နေ့ ရဲတပ်ဖွဲ့ဝင်များက မိပြန်ရာ ယခင်ရဲစခန်းမှူး ထံသို့ပင် ပြန်ရောက်လာပြန်၏။



**ရဲစခန်းမှူး။** ။ ဟေ့ကောင် မင်းငါ့ကိုပြောတုန်းက ဒီတစ်ခါ နောက်ဆုံးဆိုကွ။

**သူခိုး။** ။ ဟုတ်ပါတယ် ဆရာ၊ ဆရာတို့ ကျွန်တော့်ကိုမိပြီဆိုကတည်းက ကျွန်တော် ခိုးလို့မရတော့ဘူး။ ထောင်ကျမှာက အသေအချာပဲလေ၊ ဒါကြောင့်မို့ဒီတစ်ခါ နောက်ဆုံးလို့ ပြောတာပါ၊ ထောင်ကလွတ်မှ ထပ်ခိုးမယ်လေ။

**ရဲစခန်းမှူး။** ။ ကောင်းပါ့ကွာ။

**ထက်ထက်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


BURMESE CLASSIC .com

အမေရိကတောင်ပိုင်းတွင် 'ဟတ်ဖီးလ်' (Hatfields)နှင့် 'မက်ကွိုင်း' (Mc Coys) တို့ မိသားစုချင်း အပြန်အလှန်ကလဲ့စားချေသတ်မှုကြီး ပေါ်ပေါက်ခဲ့ပြီးနောက် ၁၉၄၀ ပြည့်နှစ်တွင် အမျိုးသားငါးယောက် ကျည်သင့်ပြီး သေဆုံးကာ နောက်အမျိုးသားနှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ကို လျှပ်စစ်ကုလားထိုင်တွင် ပြစ်ဒဏ်စီရင်ခံခဲ့ရသည်။ ဖြစ်စဉ်မှာ

တောင်ကာရိုလိုင်းနားပြည်နယ်တွင် အကြွင်အမျိုးသားတစ်ဦး၏ သွေးကြောထဲတွင် ရန်လိုတတ်သည့်သွေးရှိပြီး အကယ်၍ သူ့နွားပေါက်ကလေးကို ခြံချင်းကပ်ပုဂ္ဂိုလ်တစ်ဦး၏မြင်းက ကန်ကျောက်၍ သေရသည်ဆိုပါက သည်အခြေအနေက ထိုနေရာမှာပင် ဆုံးခန်းတိုင် ရပ်သွားလိမ့်မည်မဟုတ်။ ပို၍ပို၍ ဆိုးသည်ထက်ဆိုးလာပေလိမ့်မည်။ သည်ဖြစ်စဉ်သည် ၁၉၄၀ ပြည့်နှစ်က တောင်ကာရိုလိုင်းနားပြည်နယ်၊ အဂ္ဂါဖီးလ်မြို့၊ မီးဒင်းလမ်းဆုံလမ်းခွတွင်ဖြစ်ခဲ့သည့် အထုမြူပုံးပေါက်ကွဲရာမှ ဖြစ်ပေါ်လာသည့် ကြောက်မက်ဖွယ်ရာ အကျိုးဆက်များပမာ သွေးပျက်ရလောက်အောင် ကြောက်ခမန်းလိလိ ဖြစ်ရသည်။ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နွားပေါက်ကလေးတစ်ကောင် ဆုံးရှုံးခဲ့ရခြင်းအတွက် လူ့အသက်ရှစ်ချောင်း ဆုံးရှုံးခဲ့ရသည်။

မျိုးကောင်းမျိုးသန့် နွားသိုးနှင့် စပ်၍ကျထားသော နွားပေါက်ကလေးမှာ တန်ဖိုးကြီးမည်မှာမလွဲ။ သည်နွားပေါက်ကလေးကို ပိုင်ဆိုင်သူက 'ဝဲလေ့စ်လော့စ်'(၄၉ နှစ်)ဖြစ်သည်။ ဝဝဖိုင့်ဖိုင့် လယ်ပိုင်ရှင် လယ်သမားကြီး။ ငယ်စဉ်ကတည်းက စိတ်ဆတ်သူ၊ ဒေါသကြီးသူ၊ ရန်လိုသူအဖြစ် သတင်းကြီးသူဖြစ်သည်။ သူက ဇနီး 'ဆူး'၊ အစ်ကို လူပျိုကြီး 'ဂျော့'တို့နှင့်အတူ မီးဒင်းလမ်းရှိ ရှေးစံအိမ်ကြီးတွင်နေထိုင်သည်။

ဆူးလော့စ်သည် တစ်ချိန်က ကျောင်းဆရာမဖြစ်သည်။ ဂင်တိုတိုနှင့် အမျိုးသမီးတစ်ဦးအဖို့ ခွန်အားဗလကြီးသည်ဟု ဆိုရလောကသည်။ အစ်ကိုဂျော့က ညီလိုပင် စိတ်ဆတ် သည်၊ ဒေါသကြီးသည်၊ ရန်လိုသည်။ မိသားစုအချင်းချင်း လည်းကတောက်ကဆတ်များလားများရဲ့၊ ရံဖန်ရံခါ နပန်းလုံးသည်အထိ အထွတ်အထိပ်သို့ ရောက်သွားတတ်သည်။ အားမနာလျှာမကျိုး သည်မိသားစုကို ဝေဖန်ရမည်ဆိုလျှင် ပရမ်းပတာမှ တကယ့်ပရမ်းပတာ။ သို့ရာတွင် သူတို့တစ်ဦးတစ်ယောက်ကို ထိပါးလာလျှင် ဝိုင်းအုံတုံ့ပြန်တတ်လေ့ရှိ သည်။

**သည်လိုပုဂ္ဂိုလ်က သတ္တိဗျတ္တိရှိသည်ဆိုလျှင်**
**ယုံနိုင်ဖွယ်မရှိ။ သို့ရာတွင်**
**အိမ်နီးနားချင်း လူရမ်းကား ဝဲလေ့စ်၏ ခြိမ်းခြောက်မှု၊**
**အနိုင်ကျင့်မှုများကို လုံးဝအလျှော့မပေး၊**
**အညံ့မခံဘဲ အာခံနိုင်သူလေ။ သူ့အကြောင်း**
**ကောင်းကောင်းသိသူများက သူ့အား ...**

သူတို့နှင့် ဗီလာဆန့်ကျင်ဖြစ်သူကတော့ အိမ်နီးနား ချင်း၊ ခြံချင်းကပ်နေသူ 'ဒေးဗစ်တင်မာမင်း'(၄၃ နှစ်)၊ ယဉ်ကျေးသိမ်မွေ့သည်၊ ပျူပျူငှာငှာရှိသည်၊ ကိုယ်လုံးကိုယ်ထည်က တော်ရုံသင့်ရုံမျှသာ။ သူလည်း လယ်ပိုင်ရှင်၊ လယ်သမားတစ်ဦးပင်။ ပြီး သူနေထိုင်သောအိမ်နှင့် မျက်စောင်းထိုးတွင် ကုန်မျိုးစုံရောင်း စတိုးဆိုင်ဖွင့်ကာ တစ်ဖက်တစ်လမ်းမှ ငွေရှာနေသူ။ တနင်္ဂနွေနေ့တိုင်း ဥပုသ်စာဖြေကျောင်းတွင် ကျမ်းစာသင်တန်းဆရာတစ်ဦးဖြစ်သလို ရပ်ကွက် ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ ဇနီးမယား ရှိသည်။ သည်လိုပုဂ္ဂိုလ်က သတ္တိဗျတ္တိရှိသည်ဆိုလျှင် ယုံနိုင်ဖွယ်မရှိ။ သို့ရာတွင် အိမ်နီးနားချင်း လူရမ်းကား ဝဲလှေ့စ်၏ ခြိမ်းခြောက်မှု၊ အနိုင်ကျင့်မှုများကို လုံးဝအလျှော့မပေး၊ အညံ့မခံဘဲ အာခံနိုင်သူလေ။ သူ့အကြောင်း ကောင်းကောင်း သိသူများက သူ့အား မဟုတ်မခံသမားဟု သိထားကြသည်။ သို့ရာတွင် ခြံချင်းကပ်နေသူ ဝဲလှေ့စ်ကမူ ထဲထဲဝင်ဝင် သိထားသူမဟုတ်။ သူ့နွားပေါက်ကလေးကို ဒေးဗစ်၏မြင်းက ကန်လိုက်၍ သေရခြင်းကို အကြောင်းပြုပြီး တွေ့တွေ့ဆိုင်ဆိုင် တွေ့ရသောအခါမှ ဒေးဗစ်အကြောင်း သိလိုက်ရသည်။ သို့ရာတွင် သိပ်ကိုနောက်ကျသွားခဲ့ရပြီ။

+++

BURMESE CLASSIC .com

၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လ။

ဒေးဗစ်မြင်းက ခြံထဲမှ လွတ်ထွက်သွားပြီး ဝဲလှေ့စ်ပိုင် စားကျက်ထဲသို့ ကျူးကျူးကျော်ကျော် ရောက်သွားသည်။ စားကျက်တွင် ဝဲလှေ့စ်ပိုင် နွားပေါက်ကလေးက မြက်စားနေသည်။ မြင်းက နွားပေါက်ကလေးကို အားကုန်ကန်လိုက်သည်။ နွားပေါက်ကလေးမှာ နေရာတွင်ပင် ပွဲချင်းပြီး။ သည်အဖြစ်ကို သိလျှင်သိချင်း ဝဲလှေ့စ်ကိုသွားတွေ့သည်။ သည်ဖြစ်ရပ်အတွက် တောင်းပန်သည်။ ဆုံးရှုံးမှုအတွက် လျော်ကြေးပေးရန်လည်း ကမ်းလှမ်းသည်။ ဝဲလှေ့စ်က ခိုင်ခိုင်လုံလုံ ခြံမခတ်ထားလို့သာ အခုလို မြင်းက လွတ်ထွက်သွားရခြင်းဖြစ်သည်ဆိုကာ ဒေးဗစ်ကို အမနာပပြောသည်။ လျော်ကြေးအဖြစ် ဒေါ်လာ ၅၀ တောင်းသည်။ (သည်ငွေပမာဏသည် ထိုအချိန်၊ထိုအခါက အဆမတန်များမှန်း တစ်လောကလုံးအသိ။)

ဒေးဗစ်က ဘက်မလိုက်ကျွမ်းကျင်သူ၏ အဆုံးအဖြတ်ကိုရယူရန် ကမ်းလှမ်းသည်။ ဝဲလှေ့စ်က သဘောတူသည်။ ကျွမ်းကျင်ပညာရှင်က ၃၅ ဒေါ်လာ သတ်မှတ်သည်။ ဒေးဗစ်က ချက်ချင်းပင် ချက်လက်မှတ်ဖြင့် ၃၅ ဒေါ်လာပေးသည်။

ဝဲလှေ့စ်ကလည်း ချက်လက်မှတ်ဖြင့် ငွေထုတ်ယူခဲ့ သည်။ သို့ရာတွင် သည်ဖြစ်ရပ်က သူ့ခေါင်းထဲမှ မထွက်နိုင်ဘဲရှိနေသည်။ အခံရခက်နေသည်၊ အခဲမကျေနိုင်အောင်ဖြစ်နေသည်။ နေ့စဉ်နေ့တိုင်းလိုလို ဝဲလှေ့စ်က ဒေးဗစ်ပိုင်စတိုးဆိုင်သို့ ရောက်ရှိလာသည်။ လျော်ကြေးငွေပိုပေးရန် တောင်းဆိုသည်။ ဈေးဝယ်လာသူ အမျိုးသမီးများရှေ့မှာပင် မကြားဝံ့မနာသာ ပြောဆိုတတ်သည်။ ဒေးဗစ်က တင်းခံသည်။ နောက်ထပ် တစ်ပြားမှ ပိုမပေးနိုင်ဟု ငြင်းဆန်၏။ အခုလို ခါးခါးသီးသီးငြင်းဆန်ခြင်းက အကြမ်းဖက်ဖို့ အကြောင်းဖန်လာရသည်ဟု ဆိုရမလားမသိ။

စက်တင်ဘာလ ၃၀ ရက်နေ့.....

ဝဲလှေ့စ်က ဒေးဗစ်၏စတိုးဆိုင်သို့ နောက်ဆုံးအကြိမ် ရောက်လာသည်။

"ဒီမှာ ဒေးဗစ်၊ ငါတောင်းတဲ့ ဒေါ်လာ ၅၀ ကို ပြည့်အောင် ပေးမလား၊ မပေးဘူးလား အပြတ်ပြော၊ မပေးရင်တော့ ငါ့အဆိုးမဆိုနဲ့၊ ငါ့အကြောင်း သိစေရမယ်"

ဓားကြိမ်း၊ လှံကြိမ်း ကြိမ်းသည်။

ဝဲလှေ့စ်က ဒေးဗစ်ထက် ခေါင်းတစ်လုံးစာလောက်မြင့်သလို ကိုယ်အလေးချိန်လည်း တစ်ဆလောက်ပိုသည်။ သို့ရာတွင် ဒေးဗစ်ကလည်း စိုးစဉ်းမျှမကြောက်။ အရောင်းကောင်တာမှ နောက်သို့ဆုတ်ပြီး ဟားတိုက်ရယ်ကာ ပြက်ရယ်ပြုသည်။ ဝဲလှေ့စ်မှာ ဒေါသမထိန်းနိုင်တော့ပြီ။ လက်တစ်ကမ်းရှိ ပုဆိန်များထောင်ထားသောစင်မှ တစ်ချောင်းကို ဆွဲယူပြီး ဒေးဗစ်ကိုခုတ်ဖို့ဟန်ပြင်သည်။ ခုတ်သည်။ သို့ရာတွင် ဒေးဗစ်ကလည်း အရှောင်အတိမ်းကောင်းသည်။ နောက်တစ်ကြိမ် ပုဆိန်ကို မဝှေ့ယမ်းနိုင်တော့မှန်း ဒေးဗစ်ကသိသည်။ အံဆွဲကိုဆွဲ၍ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ကာ ဝဲလှေ့စ်၏နဖူးတည့်တည့်သို့ ပစ်ထည့်လိုက်သည်။ သည်ဖြစ်ရပ်ကို ဈေးဝယ်လာသူအားလုံးကတွေ့သည်။ ဒေးဗစ်က တယ်လီဖုန်းရှိရာသို့ တည်တည်ငြိမ်ငြိမ်လှမ်းသွားပြီး ပထမဆရာဝန်ဆီ ဆက်ခေါ်သည်။ ပြီးမှ ရဲစခန်းသို့ ဖုန်းဆက်သည်။

ဆရာဝန် ဒေါက်တာ 'နီကိုလ်ဆင်'နှင့် ရဲအရာရှိ 'ဟတ်ဒင်း'တို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ ဆရာဝန်က ဝဲလှေ့စ်တွင် အသက်မရှိတော့ဟု တရားဝင် ကြေညာပေးရုံကလွဲ၍ သူ့ဝန်ဆောင်မှု မလိုအပ်တော့။ ဒေးဗစ်က ရဲအရာရှိထံ အဖမ်းခံသည်။ ရောက်လာသော ရဲသားများထံ ထိုးအပ်သည်။ ပြီး ရဲအချုပ်ခန်းဆီ ခေါ်ဆောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


လောလောလတ်လတ် ပူပူနွေးနွေး မုဆိုးမဖြစ်သွားရသူ ဝဲလေ့စ်ဖနီး ဆူးကို အကြောင်းကြားလျှင် ချက်ချင်းအချင်းဖြစ်နေရာသို့ ရောက်လာသည်။ ခင်ပွန်း၏အလောင်းကို တစ်ချက်သာငုံ့ကြည့်သည်။ မျက်ရည်တစ်ပေါက်မျှမကျ။ ခင်ပွန်းအတွက် ကလဲ့စားချေရန် အကြံထုတ်နေသည်။

''သူဘယ်မှာလဲ''

သူမက 'ဒေးဗစ်ဘယ်မှာလဲ' ဆိုကာ ရဲအရာရှိကို မေးခြင်းဖြစ်သည်။

''ရဲစခန်းခေါ်သွားပြီး ချုပ်ထားလိုက်ပြီ''

ရဲအရာရှိက ပြန်ဖြေသည်။

''ကောင်းပြီလေ၊ ရှင်တို့ သူ့ကို လုံလုံခြုံခြုံ ချုပ်ထားပေါ့၊ ကျွန်မ တွေ့ချင်ပါသေးတယ်၊ လုပ်ရဲသလို ခံရဲရမှာပေါ့၊ ဟုတ်စ''

ထိုနေ့မှာပင် ဒေးဗစ်က အာမခံပေးရန် လျှောက်ထားသည်။ သူ့အနေဖြင့် ခုခံကာကွယ်လိုက်ရခြင်းသာဖြစ်သည့်အကြောင်း မျက်မြင်သက်သေ အများအပြားရှိ၍ ချက်ချင်းအာမခံပေးလိုက်သည်။ မကြာပါ။ ဒေးဗစ်ကို ရုံးတင်စစ်ဆေးသည်။ သို့ရာတွင် ခုခံကာကွယ်ပိုင်ခွင့်အချက်ဖြင့် ဒေးဗစ်ကို တရားသေလွှတ်လိုက်သည်။

သည်အခိုက်အတန့်တွင် ဒေးဗစ်က လုပ်မြဲတိုင်းအလုပ်ကို ဆက်လုပ်နေသည်။ ဘာမှမဖြစ်ခဲ့သလိုလို နေ့စဉ်နေ့ တိုင်း သွားမြဲတိုင်းသွား၊ လာမြဲတိုင်းလာလျက်ရှိသည်။ သူ့ကိုစေတနာထားသူများက အတန်တန်သတိပေးပြီး မြေကွက်ကိုရောင်းချကာ သည်ဝန်းကျင်မှ စွန့်ခွာသွားဖို့ အကြံပေးသူများလည်းရှိသည်။

''ကျွန်တော်ဟာ သိပ်သတ္တိကောင်းသူတော့လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ သူရဲဘောကြောင်သူတော့လည်း မဟုတ်ဘူး''

ဒေးဗစ်က သည်အပြောဖြင့် အကြံပေးသမျှကို ပယ်ချခဲ့သည်ချည်း။

လနှင့်ချီ၍ပင် ကြာခဲ့ပြီ။ ဘာပြဿနာဆို ဘာပြဿနာမှမပေါ်ခဲ့။ တစ်ချိန်က ဒေးဗစ်က သည်နေရာမှပြောင်းသွားဖို့ အကြံပေးခဲ့သူများပင်လျှင် မိမိတို့အတွေးများလေခြင်းဟု နောင်တရကြသည်အထိ ဖြစ်ခဲ့ရသည်။

✦✦✦

၁၉၄၁ ခုနှစ်၊ စက်တင်ဘာလသို့ ရောက်လာခဲ့ပြီ။

ဝဲလေ့စ် သေဆုံးခဲ့သည့် နှစ်ပတ်လည်ဖြစ်သည်။

စက်တင်ဘာလ ၁၅ ရက်၊ တနင်္လာနေ့.....

မုဆိုးမ ဆူးက ညီမဝမ်းကွဲတစ်ယောက်နှင့် အယ်လ်ဘန်နီမြို့သို့ ခရီးထွက်သွားသည်။ ဝဲလေ့စ်ပိုင်ခြံကို ထုခွဲရောင်းချရန်ဟု ဆူးက အကြောင်းပြသည်။ အင်္ဂါနေ့တစ်နေ့လုံး၊ ဗုဒ္ဓဟူးနေ့တစ်နေ့လုံး အစ်ကိုဂျော့ တစ်နေကုန်တစ်နေခန်း လမ်းသလားနေပြီး တွေ့သမျှ အပေါင်းအသင်း မိတ်ဆွေများကိုနှုတ်ဆက်၊ စားသောက်ဆိုင်မှာဝင်စားနှင့် အလုပ်ရှုပ်နေသည်။

ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ.....

ဒေးဗစ်ဖနီးက ခြံဝင်းထဲတွင် ဗာဟီရအလုပ်တွေနှင့် ရှုပ်နေသည်။

သည်စဉ်အခိုက်.....

လမ်းတစ်ဖက် မျက်စောင်းထိုးရှိ ခင်ပွန်း၏စတိုးဆိုင်ရှေ့သို့ အနက်ရောင် ဖို့ဒ်ဆီဒင်ကားတစ်စင်း ထိုးဆိုက်လာသည်။ လှမ်းကြည့်သောအခါ ကားပေါ်မှ လူရွယ်တစ်ဦးဆင်းလာသည်။ ပြီး ဆိုင်ထဲဝင်သွားသည်ကို တွေ့လိုက်ရသည်။ သူမက လုပ်မြဲအလုပ်ကို ဆက်လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

**ဘောစ့်ဝဲလ် နှုတ်ခမ်းတွေက တုန်တုန်ယင်ယင်ဖြစ်လာသည်။ ပြီး ထောင်ထွက်ကြီးတစ်ဦးဖြစ်ပါလျက် ဣန္ဒြေမဆည်နိုင်အောင် ချုံးပွဲချငိုသည်။ အခကြေးငွေ ဒေါ်လာ ၅၀၀ ရယူပြီး ဒေးဗစ်အား သတ်ခဲ့ကြောင်း ဖြောင့်ချက်ပေးသည်။ သည်ကိစ္စကိုဆောင်ရွက်ပေးရန် "စပါတင်ဘတ်မြို့"နေ သေသူ ဝဲလေ့စ်၏ ဆွေမျိုးသားချင်းတစ်ဦးက ခိုင်းစေခဲ့ကြောင်း . . .**

တစ်မိနစ်မျှပင် မကြာလိုက်ပါ။ စတိုးဆိုင်ဆီမှ သေနတ်သံများ ထွက်ပေါ်လာသည်။ စောစောက ဆိုင်ထဲဝင်သွားသူလူရွယ်က ဆိုင်ထဲမှ ပြေးထွက်လာပြီး ဖို့ဒ်ကားပေါ် ခုန်တက်ကာ ကားမောင်းထွက်သွားသည်ကို တွေ့လိုက်ရသည်။ ဒေးဗစ်၏ဖနီးက စတိုးဆိုင်ဆီ အပြေးအလွှားသွားသည်။ ဆိုင်ထဲတွင် တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ။ သို့ရာတွင် သွေးစီးကြောင်းကလေးကို တွေ့လိုက်ရသည်နှင့် အခြေအနေကို ချက်ချင်းရိပ်စားမိလိုက်သည်။ ခင်ပွန်းဒေးဗစ် ဒူးထောက်၊ လက်ထောက်ပြီး ကုန်းထဖို့ အားထုတ်နေသည်။ ပြီး တညည်းညည်းတညူညူနှင့်။ သွေးများက သေနတ်ဒဏ်ရာများမှ ပန်းထွက်နေသည်။ ကေန္တ ဒေးဗစ်သည် ဒဏ်ရာများရထားလင့်ကစား အိမ်ဆီကူးလာဖို့ အားထုတ်နေပုံရသည်။

ဖနီးကတွေ့လိုက်ချိန်တွင် ဒေးဗစ် ပြန်လဲကျသွားသည်။ ခင်ပွန်း၏ဦးခေါင်းအောက်သို့ လက်မောင်းထိုးခံလိုက်သည်။ ဒေးဗစ်က တစ်စုံတစ်ရာပြောဖို့ ကြိုးစားပါသေးသည်။ သို့ရာတွင် ပြောမရခဲ့။ သူမလက်မောင်းပေါ် ခေါင်းတင်ရင်းက ဒေးဗစ် သတိမေ့သွားသည်။ သည်အချိန်တွင် အနီးအနားမှလူများ ဝိုင်းအုံရောက်ရှိလာသည်။ တစ်ဦးက တယ်လီဖုန်းဆက်သည်။ တစ်နှစ်မျှကာလအတွင်းမှာပင် အကြမ်းဖက်မှုကြောင့် စတိုးဆိုင်မှဖုန်းက သက်ဆိုင်ရာများထံ အကြောင်းကြားရပြန်သည်။ ဒေါက်တာနီကိုလ်ဆင်နှင့် ရဲအရာရှိအသစ် 'အယ်လင်'တို့ဆီ အကြောင်းကြားသည်။ လွန်ခဲ့သည့်နှစ် စက်တင်ဘာလဖြစ်ရပ်မျိုး နောက်တစ်ကျော့ပြန်ဖြစ်လာ၏။ ဆရာဝန်က စတိုးဆိုင်ထဲဝင်ချိန်တွင် ဒေးဗစ်တွင် အသက်မရှိတော့။

ဘယ်သူ့လက်ချက်ဖြစ်သည်ကို ရဲအရာရှိအနေဖြင့် ယခင်အမှုတုန်းက ယခင်ရဲအရာအရှိ ဖော်ထုတ်ခဲ့ရခြင်းထက် ပို၍ရှုပ်ထွေးမှာ သေချာသည်။ ဒေးဗစ်ခန္ဓာကိုယ်တွင် သေနတ်ဒဏ်ရာ ငါးချက်တွေ့ရသည်။ (နောင်တွင် စစ်ဆေးတွေ့ရှိချက်အရ ၃၂–ဗို့ ခြောက်လုံးပြူးနှင့်ပစ်ကြောင်း သိရသည်) သည်အချက်များအပြင် မိမိခင်ပွန်းကို ပစ်သတ်သွားသူ လူသတ်ကောင်၏ပြေးအသွားတွင် တွေ့လိုက်ရသည့် ပုံပန်း သူ့အစ ဖို့ဒ်စကားစသည့် အချက်များကိုသာ အခြေခံပြီး စုံစမ်းဖော်ထုတ်ရမှာဖြစ်သည်။

သက်သေခံအထောက်အထားဆိုလို့ သည်မျှသာရှိမည်ဟု ထင်မှတ်စရာရှိသည်။ သို့ရာတွင် သည်အမှုတွင် သက်သေခံအထောက်အထား များစွာပေါ်ထွက်လာနိုင်စရာလည်း ရှိနိုင်သည်။ ဒေးဗစ်၏စတိုးဆိုင်အတွင်းမှ ရောင်းရငွေများမှာ မတို့မထိဘဲ ရှိနေခြင်းကြောင့် လူသတ်ကောင်မှာ လုယက်ဖို့ ရည်ရွယ်ရင်းမရှိသည်မှာ သေချာသည်။ ဖြစ်နိုင်ခြေရှိသည်က လူသတ်ကောင်၏ ရည်ရွယ်ရင်းကို လူတိုင်း အတွေးပေါ်မည်မှာမလွဲ။ ဒေးဗစ်သည် လက်စားချေ အသတ်ခံရခြင်း ဖြစ်မည်။

လွန်ခဲ့သောနှစ်၊ စက်တင်ဘာလက ဒေးဗစ်သည် ဝဲလေ့စ်ကို သည်စတိုးဆိုင်ထဲမှာပင် ပစ်သတ်ခဲ့ဖူးသည်မဟုတ်ပါလား။ ဘယ်သူ့လက်စားချေမှုဖြစ်မည်ကို ခေါင်းစားလောက်အောင် တွေးစရာလိုအံ့မထင်။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် လက်စားချေသူ လူသတ်ကောင်ဟာ ဘယ်သူလဲ။

ဝဲလေ့စ်ဇနီး ဆူးလည်း မဟုတ်တန်ရာ။

ဝဲလေ့စ်အစ်ကို ဂျော့လည်း မဟုတ်တန်ရာ။

ပြောကြစတမ်းဆိုလျှင် ဝဲလေ့စ်၏ ဆွေမျိုးသားချင်းထဲကလည်း မဟုတ်တန်ရာ။

အဆက်အစပ်အလှမ်းမည်မျှပင်ဝေးဝေး၊ မည်သို့ပင်ရှုပ်ပြောင်းရှုပ်လွှဲပဲလုပ်လုပ် ဒေးဗစ်၏ဇနီးကမူ မြင်လျှင် မှတ်မိနိုင်စရာရှိမည်။

ဝဲလေ့စ်၏မိသားစုက ငှားပြီးသတ်ခိုင်းသော ကြေးစားလူသတ်ကောင်၏လက်ချက်ရော မဖြစ်နိုင်ဘူးလား။

ရဲအရာရှိ အယ်လင်သည် ဝဲလေ့စ်နှင့် ဆွေနီးမျိုးစပ်တော်သူတစ်ဦးဖြစ်၍ သည်အမှုကို စုံစမ်းဖော်ထုတ်ဖို့ရာမှာ သည်တရားလို၏ထွက်ဆိုချက်က အကျိုးဖြစ်ထွန်းစရာရှိသည်ဟု သဘောရသည်။

သည်အမှုတွင် မိမိ၏ဝမ်းကွဲညီအစ်ကို၊ မောင်နှမတွေကို သံသယနှင့်ကြည့်ရမည့်၊ မိမိပါဝင်ပတ်သက်ရမည့် အခန်းကဏ္ဍအတွက် စိတ်မကောင်းဖြစ်မိသည်မှာအမှန်။

သို့ရာတွင် ဥပဒေဘက်တော်သားပီပီ အရာရာထက်တရားဥပဒေစိုးမိုးမှုကို ရှေ့တန်းတင်ရမည်မှန်း သူကောင်းစွာ သဘောပေါက်နားလည်သည်။



သည်အမှုကို စုံစမ်းဖော်ထုတ်ဖို့အတွက် သူ့လက်ထောက် 'ကလပ်'၊ မြို့နယ်ဥပဒေအရာရှိ 'ဂရီးဖစ်'တို့၏အကူအညီကိုပါ ရရှိသည်။ သူတို့သုံးဦးအဖွဲ့က တကယ်တမ်းစုံစမ်းစစ်ဆေးမှုများကို မစရသေးမီမှာပင် သူတို့ရရှိသောအဖြေများအရ သူတို့သည် မှန်ကန်သောလမ်းကြောင်းကိုဦးတည်နေပြီဖြစ်ကြောင်းသိသည်။ သည်ရပ်ကွက်အတွင်း လူအများသိထားပြီးသားအချက်ကို သူတို့လည်း သိခွင့်ရလာသည်။ အချင်းမဖြစ်မီ နှစ်ရက်အလိုတွင် ဝဲလေ့စ်၏ဇနီး ဆူးက အယ်လ်ဘန်နီမြို့ရှိ ညီမဝမ်းကွဲထံ အလည်အပတ်ထွက်သွားသည်။

အချင်းမဖြစ်မီ နာရီပိုင်းအလိုမှာ ဝဲလေ့စ်အစ်ကို ဂျော့က ရွာရိုးကိုးပေါက် လမ်းသလားနေသည်။ အရေးကိစ္စပေါ်လျှင် သူ့ဘက်မှ သက်သေထွက်ဆိုပေးမည့်သူများက တစ်လှေကြီးရှိသည်။

ဘာကြောင့်လဲ.....

အချင်းဖြစ်ချိန်၊ အချင်းဖြစ်နေရာအနီးတစ်ဝိုက်တွင် မိမိတို့မရှိကြောင်း အလီဘိုင်(Alibi)ပြနိုင်ဖို့ ဖန်တီးခြင်းဖြစ်သည်။ အကယ်၍ သည်အတိုင်းမှန်ခဲ့လျှင် ဒေးဗစ်ကိုသတ်ရာတွင် ဆူးရော၊ ခဲအို ဂျော့တို့ပါ ကိုယ်တိုင်ကိုယ်ကျ မပါဝင်သော်လည်း ဘယ်အချိန်တွင် လူသတ်မှုဖြစ်မည်ကို ယေဘုယျအားဖြင့် သိထားကြမှာမလွဲ။

ဂျော့ကို အနီးကပ်စောင့်ကြည့်နေရသည်။ အချင်းဖြစ်ပြီး မနက်မှာ ဂျော့က အယ်လ်ဘန်နီမြို့သို့ အလည်အပတ်ရောက်နေသော ခယ်မထံ သံကြိုးရိုက်သတင်းပေးသည်။

"ဒေးဗစ်တစ်ယောက် မနေ့က ပစ်သတ်ခံရတယ်"

သည်သံကြိုးစာ ရသည်နှင့်တစ်ပြိုင်နက် ဆူးက နေအိမ်သို့ ပြန်ရောက်လာသည်။ ပြန်ရောက်လာသောအခါတွင်လည်း ဒေးဗစ်သေဆုံးရခြင်းအပေါ် မကျေမနပ်ဖြစ်သည့်လက္ခဏာမျိုးကို မဖော်ပြခဲ့။

သည်အချက်များက သက်သေခံအထောက်အထားဟုဆိုသော်လည်း လောက်လောက်လားလားမဟုတ်။ စုံစမ်းစစ်ဆေးသူများက မည်မျှပင် ကြိုးစားကြိုးစား လောက်လောက်လားလား သက်သေခံအထောက်အထားဟူ၍ မည်မည်ရရ မရကြ။ မျက်နှာစိမ်းလူသတ်ကောင်နှင့် ဆူး၊ သို့မဟုတ် ဂျော့တို့နှင့် ဆက်စပ်၍မရနိုင်ဘဲရှိသည်။ ထိုနည်းတူ မျက်နှာစိမ်းလူသတ်ကောင် မည်သူမည်ဝါဖြစ်သည်ကို

www.burmeseclassic.com

www.burmeseclassic.com

မဖော်ထုတ်နိုင်သလို သူမောင်းလာသော ဖို့ဒ်ကားကိုလည်း ရှာဖွေဖော်ထုတ်၍ မရနိုင်သေး။

အချို့သော ဆောင်ရွက်စရာရှိသည်များကိုမူ ဆောင်ရွက်နိုင်ခဲ့သည်။ သေသူဒေးဗစ်၏ ကျန်ရစ်သူဇနီးပြောပြချက်အရ လူသတ်ကောင်၏ ပုံပန်းသဏ္ဌာန်ကို တောင်ပိုင်းရှိရဲစခန်းအသီးသီးသို့ ပေးပို့ဖြန့်ဝေနိုင်ခဲ့သည်။ သည်ပုဂ္ဂိုလ်သည် ကြေးစားလူသတ်သမားဖြစ်နိုင်သည်ဟုလည်း ပြောပြနိုင်ခဲ့သည်။

ကျန်စက်တင်ဘာလရက်များနှင့် အောက်တိုဘာလတစ်လလုံးတွင် အမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများမှာ ရှေ့မတိုးနိုင်ဘဲရှိနေသည်။ နိုဝင်ဘာလ ၄ ရက်နေ့တွင် အချင်းဖြစ်မြို့အနောက်ဘက် မိုင် ၁၀၀ ခန့်အကွာ 'စပါတင်ဘတ်မြို့'နေ အထက်တန်းစုံထောက်အရာရှိ 'ဘရန်ဒီ'ကသတင်းတစ်ခု လက်ခံရရှိသည်။

သတင်းပေးသူမှာ အမျိုးသမီးတစ်ဦးဖြစ်သည်။ လွန်ခဲ့သောညက မြို့ပြင်လမ်းဘေးအိမ်ထဲတွင် လူတစ်စု စကားပြောနေရာမှ သံသယဖြစ်ဖွယ်စကားကို ကြားခဲ့ရကြောင်း အစချီပြီး သတင်းပေးခြင်းဖြစ်သည်။

''အမျိုးသားတွေ အရက်သောက်နေကြတာလေ၊ အဲဒီအထဲမှာ 'ကလဲရင့်ဘော့စ်ဝဲလ်'ဆိုသူ အမျိုးသားလည်း ပါနိုင်တယ်ရှင့်၊ သူ့မှာ ငွေတွေတစ်ထပ်ကြီးပါလာတယ်၊ အပေါင်းအသင်းတွေက ဒီငွေတွေ ဘယ်ကရသလဲလို့ စပ်စုတော့ သူက ဝင့်ဝင့်ကြွားကြွားနဲ့ 'အင်္ဂါဖီးလ်မြို့မှာ ကြေးယူပြီး လူသတ်ပေးလို့ ရခဲ့တာကွ'လို့ ပြောသံကြားရတာပဲ''

အကယ်၍ စုံထောက်အရာရှိက ကလဲရင့်ဘော့စ်ဝဲလ်ဆိုသည့်အမည်ကိုသာ မကြားလိုက်ရလျှင် သည်သတင်းပေးချက်ကို အလေးထားမည်မဟုတ်။ အသက်မွေးဝမ်းကျောင်းအဖြစ် ဆေးသုတ်သော်လည်း ဘယ်အလုပ်ကိုမှ တည်တည်တံ့တံ့မလုပ်ခဲ့။ ကလဲရင့်ဘော့စ်ဝဲလ် (၃၅ နှစ်)တွင် ဖို့ဒ်ဆီဒင်ကားလည်းရှိသည်။ စုံထောက်အရာရှိကိုယ်တိုင် အကြိမ်ကြိမ် ဖမ်းချုပ်ခဲ့ရဖူးသည်။ များသောအားဖြင့် အမှုသေးများသာဖြစ်သည်။ သို့ရာတွင် မကြာမတင်က အမှုကြီးတစ်ခုဖြင့် ဖမ်းခဲ့ပြန်သေးသည်။ ဆောင်ကြာမြိုင်တစ်ခုတွင် ကလဲရင့်ဘော့စ်ဝဲလ်က ပျော်ပါးရန်ရောက်လာသော အမျိုးသားတစ်ဦးနှင့် စကားများရန်ဖြစ်သည်။ ထိုသူကို တွန်းချရာမှ လှေကားမှလိမ့်ကျပြီး သေဆုံးသွားမှုကြောင့် ကလဲရင့်ဘော့စ်ဝဲလ်ကို ဖမ်းချုပ်ခဲ့ရသည်။ လူသတ်မှုဖြင့် ပြစ်ဒဏ်စီရင်ခြင်း ခံရသော်လည်း ပညာပေးအကျဉ်းတွင်သာ ကျခံရသည်။ အေ ဗစ် အသတ်မခံရမီ လအနည်းငယ်ကမှ အကျဉ်းမှလွတ်ခွင့် ရခဲ့သည်။ သည်ထောင်ထွက်ဟာ မက်လောက်သည့် ငွေ ကြေးသာရပါက လူတစ်ယောက်ကိုသတ်ဖို့ ဝန်လေးမည် မဟုတ်ဟု စုံထောက်အရာရှိက ယူဆမိသည်။

စုံထောက်အရာရှိက ကလဲရင့်ဘော့စ်ဝဲလ်ကို လွတ် ငြိမ်းချမ်းသာခွင့်စည်းကမ်းဖောက်ဖျက်မှုဖြင့် အချုပ်ထဲထည့် ခဲ့ပြန်သည်။ သံသယရှိသူကို သံတိုင်နောက်သို့ ပို့ပြီးသည် နှင့်တစ်ပြိုင်နက် စုံထောက်အရာရှိက ဝဲလေ့စ်နှင့် ဒေးဗစ် တို့ကိုသိ၊ မသိ စုံစမ်းမေးမြန်းသည်။ သည်အမည်နှစ်ခုစလုံး က ဘော့စ်ဝဲလ်နှင့် ဆက်စပ်ပတ်သက်နေပုံပေါ်သည်။ သို့ ရာတွင် ယခင်က သည်အမည်များနှင့် တရင်းတနှီးရှိသည် ကို သူကငြင်းဆန်သည်။ နှစ်ရက်တိုင်တိုင် စစ်ကြောလိုက် နားလိုက်လုပ်သည်။ အခြားအရာရှိများကလည်း ကူညီစစ် ကြောပေးကြသည်။ ဘော့စ်ဝဲလ်က ခြေကုန်လက်ပန်းကျ လာလင့်ကစား ဝန်ခံခြင်းမရှိခဲ့။ လမ်းဘေးအိမ်တစ်လုံးမှာ သောက်ဖော်သောက်ဖက်များနှင့်ပြောသောစကားမှာ အမှန် မဟုတ်၊ နောက်ပြောင်ပြောခြင်းသာဖြစ်ကြောင်း၊ ဖောဖော သီသီ သုံးဖြုန်းနေသော ငွေများမှာလည်း လောင်းကစား ဝိုင်းမှ နိုင်ခဲ့ခြင်းဖြစ်ကြောင်း သူကထုတ်ဖော်ပြောသည်။

ဒုတိယနေ့ ညနေစောင်းတွင်မူ ဘော့စ်ဝဲလ်မှာ အရုပ် ကြိုးပြတ်သလို ဖြစ်သွားရသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း သေသူဒေးဗစ်၏ဇနီး မုဆိုးမနှင့် ဆုံပေးလိုက်ခြင်းကြောင့် ဖြစ်သည်။

''ကျွန်မယောက်ျားရဲ့စတိုးဆိုင်ကပြေးထွက်လာတာကို မြင်လိုက်ရတဲ့လူဟာ သူမှသူပါပဲ၊ ဖို့ဒ်ကားပေါ် ခုန်တက်ပြီး မောင်းပြေးတာ သူပါပဲ''

ဟု ဒေးဗစ်၏ဇနီးသည်က စွပ်စွဲသည်။

ဘော့စ်ဝဲလ် နှုတ်ခမ်းတွေက တုန်တုန်ယင်ယင်ဖြစ်လာ သည်။ ပြီး ထောင်ထွက်ကြီးတစ်ဦးဖြစ်ပါလျက် ကလေးမဆည် နိုင်အောင် ချုံးပွဲချငိုသည်။ အခကြေးငွေ ဒေါ်လာ ၅၀၀ ရယူပြီး ဒေးဗစ်အား သတ်ခဲ့ကြောင်း ဖြောင့်ချက်ပေးသည်။ သည်ကိစ္စကိုဆောင်ရွက်ပေးရန် 'စပါတင်ဘတ်မြို့'နေ သေ သူ ဝဲလေ့စ်၏ဆွေမျိုးသားချင်းတစ်ဦးက ခိုင်းစေခဲ့ကြောင်း၊ ခိုင်းစေသူမှာ စပါတင်ဘတ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ယာဉ်

www.burmeseclassic.com

www.burmeseclassic.com



**ဝဲလေ့စ်ကို ဒေးဗစ် ပစ်သတ်ခဲ့တဲ့ညက အလောင်းပြင်ထားတဲ့ လယ်တောကအိမ်ကို ကျွန်တော်ရောက်တယ်၊ ကျွန်တော့်ရှေ့မှာပဲ ဘကြီးရဲ့ဇနီး အဒေါ်ဆူးက အလွန်ကြောက်စရာကောင်းတဲ့ကျိန်စာကို ရွတ်ဆိုတယ်လေ၊ "ဒေးဗစ်မသေမချင်း ကျွန်မဘဝ အေးအေးချမ်းချမ်း မရှိပါရစေနဲ့"တဲ့၊ ကျွန်တော်လည်း တုန်လှုပ်သွားတယ် . . .**

ဆိုင်ရှင်ပိုင်းရဲ့အရာရှိ 'ဖရန့်လိုဂူး'ဖြစ်သည်ဟုဆိုသည်။ လူသတ်မှု ကျူးလွန်မည့်နေ့တွင် မိမိနှင့် ဖရန့်လိုဂူးတို့ မြို့ပြင်တစ်နေရာတွင် ချိန်းတွေ့ပြီး 'အီဂဲလ်ဘတ်မြို့'သို့ ဖို့ဒ်ကားဖြင့် အတူသွားခဲ့ကြသည်။ မီးဒင့်လမ်းဆုံအနီးသို့ ရောက်လာလျှင် ဖရန့်လိုဂူးက နောက်ထိုင်ခုံသို့ ပြောင်းထိုင်ပြီး ငုံ့လျှိုးနေရုံမျှမက စောင်ကာအကျီပါ အုပ်ထားလိုက်သေးသည်။ သူတို့သည် အနီးအနားဝန်းကျင်မှ လူသိသူသိများသောကြောင့်ဖြစ်သည်။ ဆိုင်ထဲဝင်ပြီး ဒေးဗစ်ကို ပစ်သတ်နေချိန်တွင် ဖရန့်လိုဂူးကသည်ပုံစံအတိုင်း ရှိနေသည်။ စပါတင်ဘတ်မြို့သို့ ပြန်မောင်းလာချိန်ကျမှ ရှေ့ခုံသို့ပြောင်းထိုင်သည်။

ဖရန့်သည် စပါတင်ဘတ်မြို့ရဲစခန်းတွင် မိမိ၏လက်ထောက်အရာရှိဖြစ်၍ စုံထောက်အရာရှိ ဘရန်ဒီက ကောင်းကောင်းသိသည်။ ဘော့စ်ဝဲလ်၏ဖြောင့်ချက်ကို ကြားလိုက်ရလျှင် အလွန်အံ့သြသွားသည်။ ဖရန့်သည် ရဲတပ်ဖွဲ့သို့ဝင်လာသည်မှာ ၄ နှစ်သာရှိသေးသည်။ ပြီး နာမည်ကောင်းရှိသူဖြစ်သည်။

မေးခွန်းထုတ်စရာရှိလာသည်။

အကယ်၍ ဘော့စ်ဝဲလ်၏ဖြောင့်ချက် အမှန်ဖြစ်ခဲ့လျှင် ဖရန့် သူ့သဘောနှင့်သူ ကြေးစားလူသတ်သမားကိုငှားရမ်းကာ ဒေးဗစ်ကို ရှင်းလင်းခဲ့ခြင်းလား.....

သို့မဟုတ်.....

တစ်စုံတစ်ဦးရဲ့ ညွှန်ကြားချက်အရ သည်အလုပ်ကို သူလုပ်တာများလား.....

စုံထောက်အရာရှိက ဘော့စ်ဝဲလ်ကို ဆက်ချုပ်ထားဖို့ အမိန့်ပေးသည်။ ပြီး သည်ကိစ္စကို စုံစမ်းဖော်ထုတ်ဖို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ပူးပေါင်းဆောင်ရွက်သည်။ ဖရန့်ကိုဖမ်းချုပ်ပြီး စစ်ကြောမေးမြန်းသည်။ ဘော့စ်ဝဲလ်ကိုသိကြောင်းဝန်ခံသည်။ သို့ရာတွင် တရင်းတနှီးမသိဟု ထွက်ဆိုသည်။ ဒေးဗစ်ကိုသတ်ဖို့ ဘော့စ်ဝဲလ်အား အခကြေးငွေပေး၍ ငှားသည်ဆိုခြင်းကိုမူ အကျောက်အကန် ငြင်းဆန်သည်။ သို့ရာတွင် သူ့ငြင်းချက်ကို စစ်ကြောသူများက သံသယရှိကြသည်။ ထို့ကြောင့် သူ့ကိုချုပ်ထားသည်။ အဂ္ဂါဖီးလ်မြို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးကလည်း ဖရန့်ကို လာရောက်စစ်ဆေးမေးမြန်းပြန်သည်။ သို့ရာတွင် အချည်းနှီးသက်သက်ပင်ဖြစ်၏။ အခြားစိတ်ဝင်စားဖွယ်ရာသတင်းများကိုတော့ ကြားသိခဲ့ရသည်။

ဥပမာ သေသူဝဲလေ့စ်၏ ကျန်ရစ်သူဇနီး ဆူးနှင့် အစ်ကိုကြီး ဂျော့တို့က ဖရန့်အားတွေ့ဆုံခွင့်လျှောက်လွှာတင်လာသည်။ သို့ရာတွင် အကျဉ်းဝန်ထမ်းတစ်ဦးရှေ့မှောက်မှာသာ စကားပြောခွင့်ပေးမည်ဆို၍ တွေ့ခွင့်လျှောက်လွှာကို ပြန်လည်ရုပ်သိမ်းသွားသည်ဟုဆိုသည်။ ဘာကြောင့်လဲ။ ကြေးစားလူသတ်ကောင် ဘော့စ်ဝဲလ်ကို ငှားရာတွင် မိမိတို့နှစ်ဦးပါ ပတ်သက်စရာရှိကြောင်း ဖရန့်က တစ်စွန်းတစ်စ ပြောမှာကို ထိတ်လန့်လို့လား.....

အဂ္ဂါဖီးလ်မြို့သို့ရောက်ပြီး အမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆက်လုပ်ရာမှ ဆူးနှင့် ခဲအိုဂျော့တို့သည် ဒေးဗစ် အသတ်ခံရမှုတွင် ပါဝင်ပတ်သက်နိုင်စရာရှိကြောင်း သိခွင့်ရလာသည်။ ဆူးသည် အဂ္ဂါဖီးလ်မြို့ရှိဘဏ်မှ ဒေါ်လာ ၅၀၀ ချေးယူကြောင်း သိရသည်။ (ဒေးဗစ်ကိုသတ်ပေးမှုဖြင့် ဘော့စ်ဝဲလ်ရရှိသည့် ငွေပမာဏ အတိအကျပင်ဖြစ်သည်။) တိုက်ဆိုင်မှုများလား.....

မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြည်နယ်ဥပဒေအရာရှိနှင့် ညှိနှိုင်း၍ရရှိချက်အရ ဆူးနှင့် ခဲအိုဂျော့တို့ကိုဖမ်းရန် ဖမ်းဝရမ်းရယူသည်။ လက်ထောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ကယ်ပ်ကို စေ

www.burmeseclassic.com

www.burmeseclassic.com

လွှတ်လိုက်သည်။ တစ်နာရီခန့်အကြာတွင် ကလပ်ပြန်ရောက်လာသည်။ သူတစ်ဦးတည်းဖြစ်သည်။ ဆူးနှင့် ခဲအိုဂျော့တို့က မိမိတို့ကိုယ်တိုင် ရဲစခန်းမှာလာပြီး အဖမ်းခံမည်ဟုပြော၍ ပြန်လာကြောင်း ပြောပြသည်။

သို့ရာတွင် ဆူးနှင့်ဂျော့တို့နှစ်ဦး ရဲစခန်းသို့ ရောက်မလာခဲ့။ ရဲအရာရှိကလပ်ကိုပေးလိုက်သောကတိကို ဖောက်ဖျက်ခဲ့ကြသည်။ သို့ရာတွင် သူတို့နှင့်အိမ်နီးနားချင်း အသက် ၁၀ နှစ်အရွယ် ယောကျ်ားလေးတစ်ဦး ရဲစခန်းသို့ရောက်လာသည်။ ဆူးနှင့်ဂျော့တို့ ရုတ်တရက် ဖျားနာ၍ ရောက်မလာနိုင်သည့်အတွက် ဝမ်းနည်းကြောင်း ပြောခိုင်း၍ လာပြောရခြင်းဖြစ်ကြောင်း သတင်းပေးသည်။



မြို့နယ်ရဲတပ်ဖွဲ့မှူးက လုံးဝအယုံအကြည်မရှိ။ သို့သော်လည်း နောက်ထပ်ပြဿနာတစ်စုံတစ်ရာပေါ်လိမ့်မည်ကိုမူ သူလုံးဝမျှော်လင့်မထားခဲ့။

''ကျုပ်ကိုယ်တိုင်သွားခေါ်ခဲ့မယ်''

မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောပြောဆိုဆိုနှင့် ထွက်သွားသည်။ သူ့ခါးတွင် သေနတ်ချိတ်ဖို့ပင် သတိမရခဲ့။ လက်ထောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ကလပ်က နောက်ပါးမှ လိုက်ပါသွားသည်။ သူ့တွင် ခြောက်လုံးပြူးသေနတ်ပါသွားသည်။ လယ်တောသို့ ဝင်သွားသည့်အခါ ဂျော့ကို ဝရန်တာအောက်တွင် ရပ်နေသည်ကို တွေ့ရသည်။ ရဲအရာရှိများ ကားပေါ်မှဆင်းလျှင် ဂျော့က မြက်ခင်းပြင်ကို ဖြတ်လျှောက်လာပြီး ဆီးနှုတ်ဆက်သည်။

''ကျွန်တော့်ကို အလိုရှိနေကြတယ်ထင်ပါ့၊ ခင်ဗျားတို့နဲ့အတူ ကျွန်တော်လိုက်ခဲ့ပါ့မယ်၊ ဆူးလည်းလိုက်မှာပါ၊ အင်္ကျီတော့ လဲခွင့်ပြုပါ၊ အေးအေးဆေးဆေး ထိုင်ကြပါ''

ဟုပြောသည်။

ရဲအရာရှိနှစ်ဦးက ဧည့်ခန်းထဲမှာရှိနေသည်။ ဂျော့က သူ့အိပ်ခန်းထဲ ဝင်သွားသည်။ မိနစ်ပိုင်းအတွင်းမှာပင် သူ ပြန်ထွက်လာသည်။ ဘာမပြောညာမပြောနှင့် ခြောက်လုံးပြူးကိုဆွဲထုတ်ပြီး နှစ်ချက်ဆင့်ပစ်သည်။ ကျည်တစ်တောင့်က မြို့နယ်ရဲတပ်ဖွဲ့မှူးခေါင်းကို တည့်တည့်မှန်သည်။ ပွဲချင်းပြီးပါပဲ။ နောက်ကျည်တစ်တောင့်က လက်ထောက်ရဲအရာရှိ၏ဝမ်းဗိုက်ကို ထိမှန်သည်။ နံရံကိုမှီ၍ နောက်ပြန်လဲကျသွားသည်။ လက်ထောက်ရဲအရာရှိက ပြန်ထပြီး သူ့သေနတ်ဖြင့် ပြန်ပစ်သည်။ ကျည်က ဂျော့၏လက်မောင်းကို ထိုးဖောက်သွားလျက် စားပွဲပေါ် မှီကျသွားသည်။

''မပစ်ပါနဲ့တော့၊ ကျွန်တော်အဖမ်းခံပါ့မယ်''

ဂျော့ကပြောသည်။

ရရှိသောဒဏ်ရာက နာကျင်၍ ညည်းညူနေခြင်းကြောင့်တစ်ကြောင်း၊ အဖမ်းခံပါမည်ဟု တိုးလျှိုးတောင်းပန်နေခြင်းကတစ်ကြောင်းကြောင့် လက်ထောက်ရဲအရာရှိက သတိထားသင့်သလောက်မထားမိဘဲ ပေါ့ပြက်ပြက်ဖြစ်သွားသည်။ ဧည့်ခန်းအလယ်သို့ ဒယီးဒယိုင်နှင့်သွားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး အလောင်းကို စစ်ဆေးကြည့်သည်။

သည်စဥ်အခိုက်.....

သူ့နောက်ကျောမှ အခန်းတံခါးပွင့်လာပြီး သေနတ်ကို အသင့်ချိန်လျက် နောက်အမျိုးသားတစ်ယောက် ထွက်လာသည်။ သူက 'ဒွန်'(၃၅ နှစ်)ဖြစ်သည်။ ဂျော့တို့လယ်တောမှ အလုပ်သမားတစ်ဦးဖြစ်သည်။ လက်ထောက်ရဲအရာရှိ၏ နောက်ကျောကို အနီးကပ်ပစ်လိုက်လျှင် ကျောတစ်ခုလုံး ပွင့်ထွက်သွားသည်။ လက်ထောက်ရဲအရာရှိက လဲအကျတွင် ဒွန်ကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် သေနတ်ခလုတ်ကိုဆွဲလိုက်ရာ ဒွန်၏ရင်ဘတ်ကို ထိမှန်သွားသည်။

လက်ထောက်ရဲအရာရှိက ကုန်းထသည်။ ပြီးအိမ်နောက်ခန်းဆီ ဒယီးဒယိုင်နှင့်သွားသည်။ နောက်ခန်းတွင် နောက်ရန်သူတစ်ဦးနှင့်ဆုံပြန်သည်။ ဆူးက လက်ထောက်

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိကို ခုံနှင့်ဆီးရိုက်သည်။ ပန်းခုံပေါ် လဲကျသွားသည်။ ဆူးက နောက်ထပ် မတိုက်ခိုက်မီမှာပင် ထိုနေရာမှလွတ်အောင် ရုန်းသွားသည်။ လမ်းမပေါ်ရောက်သည်။

ကားတစ်စင်းရောက်လာပြီး လက်ထောက်ရဲအရာရှိကို ရဲစခန်းသို့ပြန်ပို့ပေးသည်။ သတိမေ့မြောမသွားမီ ဖြစ်ကြောင်းကုန်စင်ကို ပြည်နယ်ဥပဒေအရာရှိအား ပြောပြနိုင်ခဲ့သည်။ လက်ထောက်ရဲအရာရှိကို ဆေးရုံတင်လိုက်သည်။

တစ်ချိန်တည်းမှာပင် လက်နက်အပြည့်အစုံနှင့် ရဲတပ်ဖွဲ့ဝင်များကို လယ်တောအိမ်သို့ စေလွှတ်လိုက်သည်။ နောက်ထပ် စစ်ကူတောင်းသည့် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များလည်း ရောက်လာလိမ့်မည်ဟု သတင်းရရှိသည်။

ဆူးက ပြည်နယ်ဥပဒေအရာရှိထံတွင် အဖမ်းခံသည်။ ခဲအိုဂျော့လည်း ခုခံခြင်းမရှိဘဲ အဖမ်းခံသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးအလောင်းကို သယ်ထုတ်နိုင်ခဲ့သည်။ သတိမေ့မြောနေသူ အလုပ်သမား ဒွန်ကို သေနတ်ဒဏ်ရာနှင့် ဆေးရုံတင်လိုက်သည်။ ဆေးရုံသို့ရောက်ပြီး ဒွန်သေဆုံးသွား၏။ ဒဏ်ရာအပြင်းအထန်ရရှိခဲ့သော လက်ထောက်ရဲအရာရှိမှာ နှစ်ရက်အကြာတွင် ဆေးရုံ၌ ကွယ်လွန်သည်။

နွားပေါက်ကို မြင်းကန်၍
သေပွဲဝင်ခဲ့ရသည့်ဖြစ်ရပ်၏
နောက်ဆက်တွဲတွင်
လူငါးဦး သေဆုံးခဲ့ရသည်။
ဝဲလေ့စ်၊ ဒေးဗစ်၊
မြို့နယ်ရဲတပ်ဖွဲ့မှူး အယ်လင်၊
အလုပ်သမားဒွန်နှင့်
လက်ထောက်ရဲအရာရှိ
ကလပ်တို့ဖြစ်ကြသည်။
လယ်တောက
ဖြစ်ရပ်မှန်ကို
ထောင်ထဲမှ
ကြားသိရလျှင်...



www.burmeseclassic.com

www.burmeseclassic.com



နွားပေါက်ကို မြင်းကန်၍ သေပွဲဝင်ခဲ့ရသည့်ဖြစ်ရပ်၏ နောက်ဆက်တွဲတွင် လူငါးဦး သေဆုံးခဲ့ရသည်။ ဝဲလေ့စ်၊ ဒေးဗစ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး အယ်လင်၊ အလုပ်သမားဒွန်နှင့် လက်ထောက်ရဲအရာရှိ ကလပ်တို့ဖြစ်ကြသည်။

လယ်တောကဖြစ်ရပ်မှန်ကို ထောင်ထဲမှကြားသိရလျှင် ဖရန့်က ကြေးစားလူသတ်သမားကို မိမိငှားရမ်း၍ ဒေးဗစ်ကို သတ်စေခဲ့ကြောင်း ဖြောင့်ချက်ပေးသည်။

ဘကြီးတော်သူ ဂျော့နှင့် နောက်ဘကြီး သေသူ ဝဲလေ့စ်၏ ကျန်ရစ်သူဇနီး (အဒေါ်) ဆူးတို့အတွက် ကျူးလွန်မိခဲ့ခြင်းဖြစ်ကြောင်း ဖရန့်က ပြောပြသည်။ ဘကြီးနှင့်အဒေါ်တို့က ကြေးစားလူသတ်သမားတစ်ဦးကို ရှာပေးရန် မြှောက်ချည်တစ်ခါ၊ ခြောက်ချည်တစ်လှည့်လုပ်ခဲ့၍ မိမိသိဖူးသော ကြေးစားလူသတ်ကောင်နှင့် ဘကြီး၊ အဒေါ်တို့ကြားတွင် 'ပွဲစား'လုပ်ပေးခဲ့ရကြောင်း ပြောပြသည်။

''ကျွန်တော်နဲ့ဒေးဗစ်နဲ့ ဘာရန်ငြိုးရန်စမှ မရှိဖူးပါဘူး၊ သူ့ကို သဘောကောင်းသူတစ်ယောက်လို့ ကြားသိထားဖူးပါတယ်၊ ကျွန်တော်ကျူးလွန်ခဲ့တဲ့အပြစ်အတွက် ကျွန်တော် ဝမ်းနည်းလို့မဆုံးပါဘူး၊ လျှပ်စစ်ကုလားထိုင်ပေါ်မှာ ကွပ်မျက်ခံရစေဦးတော့ ကျွန်တော့်စိတ်မှာ သန့်သွားအောင် အဖြစ်စုံသနစ်စုံကို ကျွန်တော် ပြောပြမှာပါ''

ဖရန့်ကဆိုသည်။

အင်္ဂါဖီးလ်မြို့၊ မီးဒင်းလမ်းဆုံလမ်းခွနေ ဘကြီးတို့မိသားစု၏ သူ့အပေါ် သြဇာတိက္ကမ ကြီးပုံကို သူ့ဘဝဇာတ်လမ်းအကျဉ်းအား ဖရန့်ကရှင်းပြသည်။ သူကလေးဘဝကတည်းက ဖခင်ဆုံးပါးသွား၍ သေသူဘကြီးဝဲလေ့စ်တို့ဇနီးမောင်နှံ၏ ပြုစုစောင့်ရှောက်မှုဖြင့် ကြီးပြင်းခဲ့ရကြောင်း ပြောပြသည်။ ကောလိပ်သို့ပို့၍ ပညာသင်စေပြီး ကျောင်းပြီးသောအခါ မိမိ၏ပထမဆုံး စီးပွားရေးလုပ်ငန်း (အာမခံလုပ်ငန်း)အတွက် ငွေအရင်းအနှီး ထုတ်ပေးခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် မိခင်မုဆိုးမကိုပါ ထောက်ပံ့ပေးခဲ့၍ မိမိသည် ဘကြီးမိသားစု၏သြဇာကို မလွန်ဆန်နိုင်ခဲ့ကြောင်း အကျယ်တဝင့်ရှင်းပြသည်။

''ဘကြီးဝဲလေ့စ်ကို ဒေးဗစ် ပစ်သတ်ခဲ့တဲ့ညက အလောင်းပြင်ထားတဲ့ လယ်တောကအိမ်ကို ကျွန်တော် ရောက်တယ်၊ ကျွန်တော့်ရှေ့မှာပဲ ဘကြီးရဲ့ဇနီး အဒေါ်ဆူးက အလွန်ကြောက်စရာကောင်းတဲ့ကျိန်စာကို ရွတ်ဆိုတယ်

www.burmeseclassic.com

www.burmeseclassic.com




လေ၊ 'ဒေးဗစ်မသေမချင်း ကျွန်မဘဝ အေးအေးချမ်းချမ်း မရှိပါရစေနဲ့'တဲ့၊ ကျွန်တော်လည်း တုန်လှုပ်သွားတယ်၊ လက်စားချေတုံ့ပြန်တာမျိုးမလုပ်ဖို့ ကျွန်တော်က အဒေါ့်ကို ဖျောင်းဖျခဲ့ပါသေးတယ်၊ အသုဘကိစ္စအတွက် ကျွန်တော်လာတာလေ၊ ဒီကိစ္စမှာ ကျွန်တော်ပါဝင်ပတ်သက်ခဲ့ရလိမ့်မယ်လို့ စိုးစဉ်းမျှ မတွေးခဲ့မိပါဘူးဗျာ၊ အခုတော့ ကျွန်တော်ဟာ ကြံရာပါ လုံးလုံးလျားလျားဖြစ်ရပြီ၊ အစပထမမှာ ဘယ်လိုမျိုး အကျိုးဆက်တွေ ပေါ်လာလိမ့်မယ်လို့ မတွေးခဲ့မိရိုး အမှန်ပါ''

ဟု ဖရန့်ကဆိုသည်။

ဘကြီးဝဲလေ့စ်ဆုံးပြီး သုံးလအကြာ ခရစ္စမတ်အချိန်တွင် ဖရန့်သည် ဘကြီး၏လယ်တောအိမ်သို့ ဒုတိယအကြိမ် အလည်အပတ်ရောက်ခဲ့ပြန်သည်။ သည်တွင် ဘကြီးဂျော့ နှင့် အဒေါ် မုဆိုးမ ဆူးတို့က သူတို့လယ်တောက အလုပ် သမား ဖရက်ဒွန်ကို ဒေးဗစ်အားသတ်ဖို့ခိုင်းရန် အစီအစဉ် ရှိကြောင်း သိရသည်။

ဖရက်ဒွန်က ဂျော့နှင့်ဆူးတို့ ဝယ်ပေးသော ရိုင်ဖယ်သေနတ်ကို ကားပေါ်တင်ကာ ဒေးဗစ်အားသတ်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သည်။ သို့ရာတွင် ဆိုင်တွင် ဝယ်သူတွေနှင့် ကြုံရ၍ အထမမြောက်ဘဲ ပြန်လာခဲ့ရသည်ချည်း။ ဂျော့နှင့် ဆူးတို့ကမူ ဖရက်ဒွန်အား သူရဲဘောကြောင်သူဟု စွပ်စွဲကာ လက်လျှော့လိုက်သည်။

''ဒီနှစ်ဇူလိုင်လလယ်လောက်မှာ ဘကြီးနဲ့အဒေါ်တို့ ကျွန်တော်နဲ့တွေ့ဖို့ စပါတင်ဘတ်မြို့ကို ရောက်လာတယ်၊ ဖရက်ဒွန်ဟာ အားမကိုးလောက်ဘူး၊ ဒါကြောင့် ကြေးစားလူသတ်ကောင်ရှာပေးဖို့ ကျွန်တော့်ကို အပူကပ်ကြတယ်၊ ကျွန်တော့်အပေါ်တင်ခဲ့တဲ့ ကျေးဇူးတွေကို တသီကြီးပြောပြပြီး အကျပ်ကိုင်တော့တာပဲ၊ ကျွန်တော်ကလည်း ငြင်းတယ်၊ နောက်ဆုံးတော့ ဘော့စ်ဝဲလ်ကို သတိရပြီး ပြောပြလိုက်မိတယ်''

ဟု ဖရန့်က ရှင်းပြသည်။

ထို့ကြောင့် ဘော့စ်ဝဲလ်နှင့်တွေ့ပြီး ဒေါ်လာ ၅၀၀ နှင့် လူသတ်ပေးရန် ညှိနှိုင်းသောအခါ ဘော့စ်ဝဲလ်ကလည်း သဘောတူ လက်ခံသည်။

ထို့နောက် ကြေးစားလူသတ်ကောင် ဘော့စ်ဝဲလ်ကို ဘကြီး၊ အဒေါ်တို့နှင့် ဆုံပေးသည်။

+++

www.burmeseclassic.com

www.burmeseclassic.com





လူသတ်တရားခံ ဘော့စ်ဝဲလ်နှင့် ကြဲရာပါ ဆူး၊ ဂျော့တို့ကို ရုံးတင်တရားစွဲသည်။ စေ့စေ့စုံစုံ စစ်ဆေးပြီးနောက် ခုံသမာဓိလူကြီးများ(ဂျူရီ)က တရားခံ သုံးဦးစလုံးတွင် အပြစ်ရှိသည်ဟု စီရင်ချက်ချသည်။ သုံးဦးစလုံးကို သေဒဏ်အပြစ်ပေးသည်။

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလနှင့် ၁၉၄၃ ခုနှစ် ဇန်နဝါရီလအတွင်း တရားခံများက အဆင့်ဆင့် အယူခံတက်သည်။ အယူခံအဆင့်ဆင့်တွင် အပယ်ခံရသည်။ နောက်ဆုံး ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြည်နယ်မြို့တော် ကိုလံဘီယာရှိ အကျဉ်းထောင်၌ လျှပ်စစ်ကုလားထိုင်တွင် သေဒဏ်စီရင်ခြင်းခံရသည်။

ဖရန့်ကိုမူ ရဲနှင့်ပူးပေါင်းကူညီမှုဖြင့် လျှော့ပေါ့ကာ ထောင်ဒဏ်မျှသာ အပြစ်ပေးခံရသည်။

သည်ဖြစ်စဉ်ကြီးတစ်ခုလုံးကို စတင်မီးမွှေးခဲ့သည့် အဟိတ်တိရစ္ဆာန်မြင်းမှာမူ ပြစ်ဒဏ်မကျဘဲ အသက်ရှင်ရပ်တည်ခွင့်ရခဲ့သည်။

**ကျော်ထက်ထွန်း**

Charles Boswell+ Lewis Thompson

ရေး

Harvesters Murder

စာအုပ်မှ

Mayhem at Meeding Street ကို ပြန်ဆိုပါသည်။


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိဖြူ-ရိနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅


www.burmeseclassic.com

www.burmeseclassic.com



# ချစ်မှုခင်း

**အိမ့်** (ရွှေပဗေဒ)



ဘတ်စ်ကားမှတ်တိုင်တွင် သူနှင့် အမြဲဆုံနေကျပင်။ အစက သူ့အား ထားရီ မသိခဲ့ပေ။ လေးခါငါးခါ ဆုံရသည့်နောက်တွင်တော့ မျက်မှန်းတန်းမိတော့၏။

"ညီမက ကျောင်းသူလားဟင်"

ထားရီ ဖြေရခက်နေသည်။ နေ့စဉ် ကျောင်းလွယ်အိတ်နှင့် တွေ့မြင်နေ၍ မေးသည်ထင်၏။ ထားရီက အိမ်ရှင်ကလေးအတွက် ကျူရှင်လွယ်အိတ်သွားပို့ခြင်းဖြစ်၏။ သို့သော် သူ့ကိုယ်သူ အိမ်အကူဟုပြောရမည်ကို ရှက်မိ၏။

"ဟုတ်.....ဟုတ်ပါတယ်ရှင်"

"အစ်ကိုက ထင်တော့ထင်သားပဲ၊ လှည်းတန်းမှတ်တိုင်မှာ ဆင်းပုံထောက်ရင် တက္ကသိုလ်ကျောင်းသူပဲ ဖြစ်ရမယ်နော်"

အိမ်ရှင်က ချမ်းသာတော့ ထားရီပါ အဝတ်အစားက သန့်သန့်ပြန့်ပြန့်၊ သပ်သပ်ရပ်ရပ်ရှိနေ၏။ တချို့ကျောင်းသူများနည်းတူပါ။ ထားရီအသက် ၁၈ နှစ်ရောက်သည်အထိ ရင်မခုန်ဘူးသော နှလုံးသားသန့်သန့်လေးက ရင်ခုန်လာ၏။

"အစ်ကိုက ဂရပ်ဖစ်ဒီဇိုင်း ကွန်ပျူတာပညာရှင်တစ်ယောက်ပါ၊ အကူအညီလိုရင် ပြောနော်"

"ဟုတ်ကဲ့ရှင့်"

+++

သူနှင့်ရင်းနှီးလာသည့်နောက် ထားရီက အရင်ထက် အလှအပကို ပြင်ဆင်တတ်လာ၏။ ဆယ်မိနစ်နီးပါး ခရီးသွားလာရင်း ဘတ်စ်ကားပေါ်တွင် စကားပြောနေရ၏။ သူ့အကြည့်များအောက်တွင် ထားရီတစ်ယောက် အရည်ပျော်မကျရုံတမယ်ပါ။ တစ်နေ့နေ့တွင် ချစ်သူဖြစ်လာမည်ကို သိနေသလို ထားရီဘဝမှန်အား သိရှိသွားလျှင်ဖြင့် မတွေးဝံ့တော့ပေ။

သို့သော် ကံကြမ္မာက ရက်စက်တတ်၏။ သူတို့နှစ်ဦး ကားမှတ်တိုင် တွင် စကားရပ်ပြော၍ ရယ်မောနေကြ စဉ် အိမ်ရှင်ကားက ဖြတ်သွားရာမှ သူ တို့ကို တွေ့မြင်ခဲ့၏။ သည်တော့ ထား ရီ အလုပ်ထွက်လိုက်ရတော့သည်။

"ရရာအလုပ်သာ လုပ်လိုက်ပါကွယ်၊ အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝပေါ့ သမီးရယ်"

ထားရီအဖို့ ငြင်းခွင့်မရှိတော့ပေ။ အမေခက်ခက်ခဲခဲပြောမှရလာသည့် ထိုအလုပ်အား မျက်စိစုံမှိတ် လုပ်ခဲ့ရတော့သည်။ ထားရီပြန်လာတိုင်း အလုပ်ထဲမှရလာသည့် အသီးအနှံနှင့် မုန့်မျိုးစုံမှာ တစ်အိမ်လုံး စားမကုန်ပေ။ အိမ်နီးချင်းများကိုပါ ဝေပေးရ၏။ ကြာတော့လည်း ထိုအလုပ်ကို ပျော်မွေ့သွားရသည်။

+++

"ထားရီရေ....ဟိုစုံတွဲကို ကြည့်ပါဦး၊ မလိုက်ဖက်လိုက်တာဟာ၊ ယောကျ်ားက ချောချော၊ မိန်းမက ရုပ်ဆိုးလိုက်တာနော်၊ ငွေရှိလို့ယူတာလားမသိပါဘူး"

သူတို့ပတ်ဝန်းကျင်တွင် လူအမျိုးမျိုးကို တွေ့မြင်နေရသည်။

"သူများတကာကို သွားကဲ့ရဲ့မနေနဲ့၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ တော်ကြာ လာစစ်ဆေးတော့မှာ"

ထားရီနှင့်အတူတူ တာဝန်ကျသော ချစ်စုကိုပြောရင်း ကျောက်ပြားများပေါ်ရှိ အညစ်အကြေးနှင့် ဖယောင်းစက်များအား တိုက်ချွတ်သုတ်သင်ရှင်းလင်းနေ၏။ ထိုစဉ် ငုံ့လျက်အလုပ်လုပ်နေသော ထားရီအနီးသို့ ရပ်လာသော ဖြူဖွေးလှပသော ခြေအစုံ ကြောင့် မော့ကြည့်မိ၏။

"ဟင်.....သူပါလား"

အားရဝမ်းသာဖြင့် ခေါ်မည်ပြုပြီးမှ ထားရီက ဝမ်းနည်းသွားရ၏။ ထားရီဘဝနှင့် သူ့ဘဝက မိုးနှင့်မြေပါ။ သူက မမြင်ဘဲ ဂြိုဟ်တိုင်တွင် ရေသပ္ပာယ်နေသော အမျိုးသမီးလေးအား.....

"ချစ်လေးရေ နေပူတယ်နော်၊ မြန်မြန်လုပ်ဦး"


"ပြီးပါပြီ ကိုကိုရဲ့"

ထားရီတစ်ယောက် မျက်ရည်စက်စက်ကျ၍ အလုပ်လုပ်နေရ၏။ ခေါင်းကို ပြန်မမော့ရဲပါ။ သူမဘဝက ဘုရားတွင် သန့်ရှင်းရေးတာဝန်ထမ်းဆောင်နေရသော မိန်းကလေးဖြစ်နေသောကြောင့် အားငယ်မိခြင်းဖြစ်သည်။ ပြီးတော့လည်း လိမ်ညာထားခြင်းက မှုခင်းတစ်ခု ဖြစ်နေပေမည်။

**အိမ့်** (ရွှေပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com



# လာမတားနဲ့နော်

ဦးဝင်းမြင့်
(သရုပ်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com




မြန်မာပရိသတ်ကြီး ကိုးရီးယားဇာတ်လမ်းတွေ Crazy ဖြစ်နေကြတဲ့အချိန်မှာ ကိုးရီးယားမင်းသား၊ မင်းသမီးလေးတွေနဲ့ တူတဲ့ မြန်မာမင်းသား၊ မင်းသမီးလေးတွေက မြန်မာပရိသတ်ကို ဆွဲဆောင်မှုတွေ ရှိလာခဲ့ကြပါတယ်။ ကိုးရီးယားစတိုင်လ် မင်းသားလေး အောင်ရဲလင်းနဲ့ ကိုးရီးယားစတိုင်လ် မင်းသမီးလေး ဖွေးဖွေးတို့က မြန်မာပရိသတ်ရဲ့ ရင်ခွင်အတွင်းကို အရှိန်အဟုန်နဲ့ ဝင်လာခဲ့ကြပါတယ်။ အောင်ရဲလင်းနဲ့ ဖွေးဖွေးက အင်မတန်လိုက်ဖက်ညီတဲ့အတွဲလို့ပြောရရင် မှားနိုင်မယ်မထင်ပါဘူးနော်။



www.burmeseclassic.com

Body Structure ခပ်မိုက်မိုက်၊ ရုပ်ချောချော၊ အရပ်မြင့်မြင့် မိန်းကလေး ပရိသတ်အကြိုက် မင်းသားလေး အောင်ရဲလင်းနဲ့ မျက်လုံးလှလှ၊ ချစ်စရာမျက်နှာပေး၊ နှစ်သက်စရာ ကိုယ်ဟန်အမူအရာ၊ စွဲလမ်းစရာ သရုပ်ဆောင်မှုလေးတွေနဲ့ မင်းသမီးချောလေး ဖွေးဖွေးတို့ အတွဲညီညီ တွဲထားပြန်တဲ့ ဒီလအတွက် ''လာမစားနဲ့ နော်''ဆိုတဲ့ ဇာတ်လမ်းလေးနဲ့ ပရိသတ်ကြီးကို မိတ်ဆက်ပေးချင်ပါတယ်။

ဝတ္ထုက မယ်မင်းဘုံ၊ ဇာတ်ညွှန်းက ကိုကျော်၊ ဒါရိုက်တာက ကျော်ဇောလင်း(အတွေးပုံရိပ်)၊ အောင်ရဲလင်း၊ ဖွေးဖွေး၊ ကျော်ဇေယျ၊ ခင်သန်းနွယ်၊ ဇင်မျိုး၊ နေလင်း၊ အေးအေးခိုင်၊ ခိုင်ပွင့်၊ ယွန်းရွှေရည်၊ ဦးဝင်းမြိုင်၊ ဒေါ်မယ်လနီတို့က သရုပ်ဆောင်ထားကြပြီး အောင်သီရိဗီဒီယိုထုတ်လုပ်ရေးက ရိုက်ကူးထားပါတယ်။

ဇာတ်လမ်းထဲမှာ ဖွေးဖွေးရဲ့အမည်က 'အမှုန်'တဲ့။ ရွာသွန်းဖြိုးတဲ့မိုးဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဒါပေမဲ့ အသံထွက်ကို နားထောင်ကြည့်လိုက်။ 'အံပုံ'ဆိုပြီး ကြားရလိမ့်မယ်။ အဓိပ္ပာယ်ကတော့ သွားတုကြီးပေါ့နော်။ ဟား.....ဟား။ နာမည်အပြည့်အစုံက 'အမှုန်မိုးမြတ်'ပါ။ ဒါပေမဲ့ သူငယ်ချင်းတွေက အဖျားဆွတ်ပြီး 'အံပုံ' လို့ပဲ ခေါ်ကြတယ်။ ထားပါတော့ ရေးတဲ့လူလည်း ရေးလို့လွယ်သွားအောင် အံပုံလို့ပဲ ရေးခေါ်လိုက်တော့မယ်။ အံပုံမှာ သူငယ်ချင်းကောင်း၊ တိုင်ပင်ဖော်တိုင်ပင်ဖက် 'ဆန္ဒ'ရှိနေသလို အငေါ်တူးတူး ပြိုင်



ဘက်သူငယ်ချင်းဆိုး 'ခင်မေလတ်'ဆိုတာ[illegible] တယ်။ သင်တန်းတစ်ခုမှာ အတူတက်နေကြသူ[illegible] တွေပေါ့။

သင်တန်းဆရာက အံပုံကို မေးခွန်းတစ်ခု[illegible] မေးတယ်။ အံပုံဖြေတာ မှားသွားတယ်။ သင်တန်းသားတွေ ဝိုင်းရယ်ကြတယ်။ ဒီထဲမှာ ခင်မေလတ်က သူများတွေထက် ပိုရယ်နေ[illegible] တယ်။ အံပုံ တင်းသွားတယ်။ သင်တန်း[illegible] ဆင်းတော့ ခင်မေလတ်က အံပုံကြား[illegible] အောင် သွားတုကြီးက သိပ်ရယ်ရ[illegible] တယ်ဆိုပြီး စတယ်။ အံပုံသွားချဲတော့ ခင်မေလတ်က သူ့ သူငယ်ချင်း ထိပ် တင်ထား သွားတုကြီးနဲ့ ကောက် ညှင်းပေါင်းစားတာ သွားတုကြီး ကျွတ်ထွက်သွားလို့ ရယ်ကြတာ လို့ ဝေ့ပြီးဖြေတယ်။ အံပုံက သူ[illegible] ကိုစောင်းတာသိလို့ ဒေါကန်ပြီး လည်ပင်းသွားညှစ်လို့ ရှုတ်ရှုတ်သဲသဲ တွေ ဖြစ်ကုန်ကြတော့ ဆန္ဒက ဝင်ပြီး ဖျန်ဖြေပေးလိုက်ရပါတယ်။ အဲဒီကိစ္စကို သင်တန်းဆရာက အိမ်ကိုဖုန်းဆက်ပြီး တိုင် ထားတော့ အံပုံတို့ အိမ်ပြန်ရောက်တော့ အဖေနဲ့အမေက ဆူပါလေရော။

နောက်ထပ် ပြဿနာတစ်ခုက Night Club တစ်ခုမှာ အံပုံနဲ့ ခင်မေလတ်တို့ Dancing Floor မှာကရင်း ငြိကြပြန်ရော။ အဖေနဲ့အမေသိတော့ အဆူခံရပြန်ရော။ အဖေက ကုမ္ပဏီပိုင်ရှင် ဦးကျော်ဇေယျ၊ အမေ ဒေါ်ဝါဝင်းဘုံ၊ တစ်ဦးတည်းသောသမီးလေးက အံပုံဆိုတော့ သမီးလေးရဲ့ တိုးတက်ရာ တိုးတက်ကြောင်း စီစဉ်ရတော့မှာပေါ့။ ဦးကျော်ဇေယျတို့ တောင်ကြီးမှာနေခဲ့စဉ်က မိတ်ဆွေ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com





အုပ်ဆရာကြီး ဦးကျော်ဦးရဲ့သား လူညိုချောဆိုတာ သမီးနဲ့ ရွယ်တူပဲတဲ့၊ အဲဒီတုန်းက သမီးကငယ်လို့ မမှတ်မိတာတဲ့။ အခု လူညိုချောရဲ့မိဘတွေက မရှိကြတော့ဘူးတဲ့၊ သူ့မိဘတွေရဲ့ ကျေးဇူးက ရှိနေတော့ လူညိုချောကို အိမ်မှာ ခေါ်ထားပြီး စောင့်ရှောက်ထားမှာတဲ့။ လူညိုချောက စာတော်တဲ့အတွက် သမီးကို Guide လုပ်ခိုင်းမှာတဲ့။ မိဘတွေကတော့ အကွက်ချပြီး စီစဉ်တော့တာပေါ့။ အံပုံပေါက်ကွဲသွားတယ်။ ဒါပေမဲ့ မိဘတွေကိုတော့ မဟုတ်ဘူး။ သူနိုင်တဲ့ အိမ်အကူ ချစ်ပုနဲ့ မျိုးမျိုးခိုင်တို့ကိုပေါ့။ ဆန္ဒကတော့ အံပုံကို ထိန်းရတာပေါ့။

ဒီလိုနဲ့ လူညိုချော အံပုံတို့အိမ် ရောက်လာခဲ့ရတယ်။ ရောက်ရောက်ချင်းဆိုသလိုပဲ အံပုံက လူညိုချောကို ကော်စေ့သေနတ်နဲ့ပစ်တယ်။ လူညိုချော နာသွားတော့ အံပုံကို ဖမ်းချုပ်ပြီး လက်ကိုလိမ်ထားတယ်။ ဆူဆူပူပူနဲ့ ပြဿနာဖြစ်ကြတော့ မိဘတွေရောက်လာပြီး ထိန်းလိုက်ရတာပေါ့။ ချစ်ပုနဲ့ မျိုးမျိုးခိုင်က လူညိုချောကို အံပုံအကြောင်း ရှင်းပြကြတယ်။ တစ်ဦးတည်းသောသမီးမို့ ဆိုးပေမယ့် စိတ်ရင်းကောင်းတဲ့အကြောင်း၊ ညီမဝမ်းကွဲလည်းဖြစ်၊ သူငယ်ချင်း




www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်တဲ့ ဆန္ဒက လိုက်ထိန်းနေရတဲ့ အကြောင်းတွေပေါ့။ ဒီဇာတ်မှာ လူညိုချော အဖြစ် Korea Style မင်းသားချော အောင်ရဲလင်းက သရုပ်ဆောင်ထားပါတယ်။ ဆန္ဒအဖြစ် ခိုင်ပွင့်၊ ချစ်ပုနဲ့ မျိုးမျိုးခိုင်အဖြစ် နေလင်းနဲ့ အေးအေးခိုင်၊ ခင်မေလတ်အဖြစ် ယွန်းရွှေရည်၊ ဦးကျော်ဇေယျနဲ့ ဒေါ်ဝါဝင်းဘုံအဖြစ် ကျော်ဇေယျနဲ့ ခင်သန်းနွယ်တို့က သရုပ်ဆောင်ထားကြပါတယ်။

အံပုံက မိဘတွေကို ပြန်ရစ်တယ်။ ရွယ်တူချင်း ဆရာမတင်နိုင်လို့ သူ့ကိုတာဝန်ပေးချင်ရင် အံပုံရဲ့ Body Guard အဖြစ်ပဲ လက်ခံနိုင်မယ်တဲ့လေ။ လူညိုချောကလည်း လျှော့ တွက်လို့မရဘူး။ OK. Body Guard ပဲ လုပ်မယ်တဲ့။ ကောင်းရော။ အဲဒီမှာ အံပုံက စည်းကမ်းချက်တွေ ထုတ်တော့တာပေါ့။ လူညိုချော စိတ်ထဲမခံချင်ပေမယ့် ပြုံးပြုံးလေးပဲ နားထောင်နေလိုက်တယ်။ နောက်နေ့ သင်တန်းသွားတော့မယ်ဆိုတော့ ကားနားမှာ တောင့်တောင့်ကြီးရပ်နေတဲ့ လူညိုချောကို အံပုံတွေ့ရပါတော့တယ်။ Style ကို ကြည့်လိုက်။ နိုင်ငံခြားကားထဲက Body Guard Style ပဲ။ Coat အနက်၊ ဘောင်းဘီအနက်၊ ရှပ်အဖြူမှာ လည်စည်းအနက်စည်းထားတယ်။ အံပုံကို Style မိုက်ရဲ့လားတဲ့ မေးတော့ အရွဲ့တိုက်မယ်ဆိုရင်လည်း ကမ်းကုန်အောင် အရွဲ့တိုက်ပါတဲ့။ ဒီလိုနဲ့ပဲ သင်တန်းကို ထွက်လာခဲ့ကြပါတော့တယ်။

ဗရုတ်သုတ်ခက သင်တန်းကျောင်းရောက်တော့ စတော့တာပဲ။ Car Parking မှာ ကားရပ်ပြီးတာနဲ့ လူညိုချောက အံပုံဘေးမှာ နိုင်ငံခြားသက်တော်စောင့်စတိုင်လ်နဲ့ တောင့်နေအောင် ရပ်နေလိုက်တယ်။ အံပုံသွားတဲ့နောက်ကို သတိအနေအထားအပြည့်နဲ့ ထက်ကြပ်မကွာလိုက်တယ်။ ခင်မေလတ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဝိုင်းလောင်ကြတာပေါ့။ စာသင်ခန်းထဲရောက်တော့လည်း အံပုံ့ဘေးမှာ တောင့်တောင့်ကြီးနဲ့ ငြိမ်နေအောင်နေတယ်။ ဆရာက လူညိုချောကို ခုံလွတ်တစ်ခုမှာ ဝင်ထိုင်ခိုင်းပါတယ်။ အံပုံက ဒီလောက်တောင်ဖြစ်လှဟာဆိုပြီး Lady Toilet ကိုသွားတယ်။ လူညိုချော ဝင်လိုက်သွားတယ်။ မိန်းကလေးတွေ ဝိုင်းအော်ကြလို့ လူညိုချော ပြန်ထွက်ပြေးရတယ်။ အံပုံရဲ့မိဘတွေသဘောထားက ရွယ်တူချင်း ဆရာလုပ်တာခံရရင် ရှက်ပြီး အံပုံ အနေအထိုင် ပြုပြင် သွားအောင်ပါ။

အံပုံက မပြုပြင်တဲ့အပြင် လူညိုချောကို Lesson ပြန်ပေးလိုက်တယ်။ သူ့နောက်ကို လိုက်လို့မရအောင် ဘောင်းဘီကို မီးပူတိုက်ရင်း မီးကျွမ်းပြီး ပေါက်သွားအောင် လုပ်လိုက်တယ်၊ မရပါဘူး။ နောက်နေ့ သင်တန်းသွားမယ့်အချိန်မှာ လူညိုချော ဝတ်စုံပြည့်နဲ့ အသင့်ရောက်နေပါပြီ။ တွေ့မယ်။ သင်တန်းရောက်တော့ Toilet ဝင်တယ်၊ ရှုပ်ဖျက်ပြီး ပြန်ထွက်လာတယ်။ လူညိုချော မသိလိုက်ဘူး။ သိတဲ့အချိန်ကျတော့ အံပုံမရှိတော့ဘူး။ ဖုန်းပိတ်ထားပြီး ဆန္ဒနဲ့အတူ Club ကိုသွားတယ်။ Club ကိုသွားတာ ခင်မေလတ်တို့ သိသွားတဲ့အတွက် လူညိုချောကို ပြောလိုက်တယ်။ လူညိုချော Club ကို လိုက်ခေါ်ပြီး အိမ်ရောက်တော့ ဦးကျော်ဇေယျကို တိုင်လိုက်တယ်။ ဦးကျော်ဇေယျက သူ့သမီးကို ပြောစကားနားမထောင်ရင် နိုက်နက်ဆုံးမခွင့်ကိုပါ ပေးလိုက်တော့ အံပုံ အကြပ်ရိုက်သွားတာပေါ့။ လူညိုချောက ရတဲ့အခွင့်အရေး လက်လွှတ်မခံပါဘူး။ အံပုံ့ကို စာမေးတယ်၊ မရရင် ဒဏ်ပေးတယ်။ အံပုံတင်းပေမယ့် လုပ်လိုက်ရတယ်။



နောက်ပြဿနာတစ်ခုက ဦးကျော်ဇေယျရဲ့ လုပ်ဖော်ကိုင်ဖက်တွေဖြစ်တဲ့ ဦးဝင်းမြိုင်၊ ဒေါ်နီနီတို့ရဲ့ တစ်ဦးတည်းသောသား ကောင်းပြည့်ဆိုတာ အင်္ဂလန်ကနေ ပြန်လာတာ။ နှစ်ဖက်မိဘက သားရေးသမီးရေး ဆွေးနွေးကြပါတယ်။ ကောင်းပြည့်က အတင်းပူဆာနေပေမယ့် ဦးကျော်ဇေယျက သမီးကို ဒီ့ထက်ပိုပြီး ပညာဗဟုသုတတွေ ပြည့်စုံစေချင်တာရယ်၊ ပိုပြီး ရင့်ကျက်စေချင်တာရယ်ကြောင့် စဉ်းစားပါဦးမယ်ဆိုပြီး ပြောထားတယ်။ လူငယ်တွေကိုတော့ မိဘတွေသဘောထားအတိုင်း ရင်းရင်းနှီးနှီးနေဖို့ ခွင့်ပြုထားခဲ့တယ်။ ကောင်းပြည့်နဲ့ လူညိုချောကို မိတ်ဆက်ပေးတဲ့အခါ ကောင်းပြည့်က လူညိုချောကို သိပ်လက်မခံချင်တဲ့ပုံစံ လုပ်ပြတယ်။ အံပုံ ရိပ်မိလိုက်ပါတယ်။ အဲဒီတော့ လူညိုချောကလည်း သူရထားတဲ့ အခွင့်အရေးကို အပြည့်အဝအသုံးချတယ်။ ကောင်းပြည့်နဲ့အံပုံ အတူရှိနေတဲ့အချိန်၊ ကောင်းပြည့် စကားပြောကောင်းနေချိန်ဆိုရင် အံပုံ့ကို စာလုပ်ဖို့ အချိန်ရောက်ပြီ၊ သင်တန်းသွားဖို့ အချိန်နီးပြီဆိုပြီး ပွဲသွားသွားဖျက်တယ်။ အံပုံကလည်း အားကျမခံပေါ့။ ဖေဖေနဲ့မေမေ ခွင့်ပြုထားတာဆိုပြီး ပြန်ပြောတာပေါ့။ လူညိုချောကလည်း သူ့ကို အံပုံရဲ့ဖေဖေနဲ့မေမေက တာဝန်ပေးထားတာဆိုပြီး ပြန်အကျပ်ကိုင်တာပေါ့။ ပွဲကတော့ ကြည့်လို့ကောင်းပါတယ်။ ကောင်းပြည့်အဖြစ် ဇင်မျိုးက သရုပ်ဆောင်ထားပါတယ်။

အဲဒီမှာတင် လူညိုချောက ကောင်းပြည့်ရဲ့ အားနည်းချက်ကိုရှာတယ်။ ကောင်းပြည့်က လန့်စရာကြုံရင် နီးတဲ့လူကို ရိုက်တတ်တယ်။ အဲဒီမှာ ကောင်းပြည့်နဲ့ အံပုံ စကားပြောနေတုန်း ပူဖောင်းလေး မှုတ်ပြီး ဖောက်လိုက်တယ်။ 'ဖောင်း' ခနဲ အသံမြည်ရော ကောင်းပြည့်က လန့်ပြီး

www.burmeseclassic.com

www.burmeseclassic.com






အံ့ပုံကိုရိုက်လိုက်ရော။ အံ့ပုံကို တောင်းပန်ရရော။ နောက်တစ်ခါ ထပ်ဖောက်၊ နောက်တစ်ခါထပ်ရိုက်၊ နောက်တစ်ခါ ပြန်တောင်းပန်၊ နှစ်ခါသုံးခါဆိုတော့ အံ့ပုံ ဒေါကန်ပြီး ထွက်သွားရော။ ကောင်းပြည့်က လူညိုချောကို ကြိမ်းတာပေါ့။ ကောင်းပြည့်လည်းထွက်သွားရော လူညိုချောက ပူဖောင်းထပ်ဖောက်ပြန်ရော။ ကောင်းပြည့်က အံ့ပုံရဲ့ သူငယ်ချင်းတစ်ယောက်ကို ယောင်ပြီးရိုက်လိုက်တော့ အံ့ပုံရဲ့ သူငယ်ချင်းတွေက ကောင်းပြည့်ကို လိုက်ရိုက်ကြပါလေရော။

ကောင်းပြည့်အိမ်လာလည်တဲ့အချိန် အံ့ပုံနဲ့အတူ Game ဆော့မယ်ဆိုတော့ လူညိုချောက Main ကို ချထားလိုက် ပြီး မီးပျက်နေတယ်လို့ပြောတော့ အံ့ပုံက ချစ်ပုကို မီးစက်နှိုးခိုင်းတယ်။ ချစ်ပုက မီးစက်နှိုးဖို့ ဆီကုန်နေတယ်လို့ပြောတယ်။ အဲဒီမှာကောင်းပြည့်က ပလပ်တွေကို စစ်ပေးမယ်ဆိုပြီး ပလပ်လည်းကိုင်လိုက်ရော လူညိုချောက Main ပြန်တင်လိုက်တော့ ကောင်းပြည့်ဓာတ်လိုက်သွားတယ်။ ရှက်ပြီးတော့ ကောင်းပြည့်ပြန်သွားတော့တာပေါ့။ အံ့ပုံက လူညိုချောလက်ချက်ဆိုတာသိသွားပြီး တင်းသွားတယ်။ လူညိုချောကို ဘယ်လို Lesson ပြန်ပေးရမလဲဆိုတာ စဉ်းစားတယ်။

အံ့ပုံ နံပါတ်အသစ် ဖုန်းတစ်လုံးဝယ်လိုက်တယ်။ ပြီးတော့ လူညိုချောဖုန်းကိုခေါ်ပြီး အီလိုက်တယ်။ လူညိုချောက ဘယ်သူ့ဖုန်းမှန်းမသိတော့ ဖုန်းမှားနေတယ်ဆိုပြီး ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ချပစ်လိုက်တယ်။ အံ့ပုံက ထပ်ခေါ်ပြီး အီပြွန်ရော၊ တွေ့ချင်တယ်ဆိုပြီး ချိန်းတယ်။ လူညီချောက သူ့ကိုဦးနှောက်မစားဖို့ ပြောမယ်ဆိုပြီး တွေ့ဖို့ချိန်းလိုက်တယ်။ ချိန်းတဲ့နေရာမှာ အံ့ပုံရဲ့သူငယ်ချင်းတစ်ယောက်ကိုတွေ့တယ်။ အဲဒီမိန်းကလေးက သူဆက်တာမဟုတ်ဘူးလို့ပြောပြီး သူ့ဖုန်းနံပါတ်ကိုပြတယ်။ လူညီချော စိတ်ညစ်သွားတယ်။ ဒီလိုနဲ့ ဖုန်းနဲ့စားရင်းစားရင်း ရက်တွေကြာလာတော့ လူညီချော ဖုန်းဆက်နေတဲ့ မိန်းကလေးကို စိတ်ဝင်စားသွားတယ်။

ဒီလိုနဲ့ ကောင်းပြည့်က အံ့ပုံ့ကို လက်ထပ်ချင်တယ်လို့ မိဘတွေကို ဘယ်လိုပူဆာပူဆာ မရတဲ့အဆုံး အံ့ပုံ့ကိုကားတင်ပြေးပြီး တိုက်ခန်းတစ်ခုထဲမှာ ပိတ်ထားတော့ အံ့ပုံက လူညီချောကို ပညာပေးနေတဲ့ဖုန်းနဲ့ သူ့ကိုလာကယ်ဖို့ဆက်လိုက်တော့ လူညီချောရောက်လာပြီးကယ်တယ်။ အံ့ပုံဖြစ်နေတာကို တအံ့တသြ တွေ့လိုက်ရပါတော့တယ်။ ကောင်းပြည့်ရဲ့မိဘတွေက တောင်းပန်တဲ့အတွက် မိဘချင်းက ပြေလည်သွားပါတယ်။ လူညီချောက အံ့ပုံကို တခြားဘယ်လိုနည်းနဲ့ဖြစ်ဖြစ် စားလို့ရတယ်၊ အချစ်နဲ့ပတ်သက်ပြီးတော့ 'လာမစားနဲ့နော်' တဲ့။

ကြည့်ကောင်းမယ့် Fancy အချစ်ဇာတ်လမ်းလေးပါ။ အောင်ရဲလင်းနဲ့ ဖွေးဖွေးတို့ရဲ့ အတွဲညီတဲ့ဇာတ်လမ်းလေးကို ကြည့်ဖြစ်အောင်ကြည့်ဖို့ မိတ်ဆက်တင်ပြလိုက်ပါတယ်။



ဦးဆင်မြိုင် (သရုပ်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com



# ဆွေမြင့်

## လျှို့ဝှက်ခြင်း၏ နိဂုံး

www.burmeseclassic.com

www.burmeseclassic.com


အမှုအရာကို လေ့လာ လိုက်သည်။ လူနာသည် ငွေကြေးချမ်း သာသူ လူကြီးပိုင်းတစ်ဦးဖြစ်ဟန်တူ သည်။ ဥပဓိရုပ်အားဖြင့် သားသားနား နားရှိသော်လည်း အဝတ်အစားကို ထည်ထည်ဝါဝါ ဝတ်ဆင်ထားခြင်းမရှိပါချေ။ ဖြစ်သလို ဝတ်စားဆင်ယင်ခဲ့ပုံရသည်။ ဆံပင်သည်လည်း ဖွာလန်ကြဲလျက် နဖူးထက်သို့ ကျရောက်နေသည်။ သူနာပြုဆရာမက ထိုသူကို ကုလားထိုင်ပေါ်တွင် နေရာချသည်။

**ဒီဝေဒနာကို**
**နောက်ထပ်**
**တစ်နာရီလောက်ဆက်ပြီး**
**ခံစားနေရရင် ကျွန်တော်**
**ရူးသွားလိမ့်မယ်**
**ထင်ပါတယ်၊**
**ဒါကြောင့် အဲဒီ**
**နာကျင်ကိုက်ခဲနေတဲ့**
**နေရာကအသားကို**
**ဓားနဲ့လှီးဖြတ်ပယ်ရှားပေးပါ**
**ဆရာဝန်ကြီး ...**

'မြတ်မွန်မင်္ဂလာ'ဆေးခန်းသည် နံနက် ၉ နာရီတိတိအချိန်တွင် ပုံမှန်ဖွင့်လေ့ရှိသည်။ နေ့စဉ်ဖွင့်ခြင်းဖြစ်သောကြောင့် စနေ၊ တနင်္ဂနွေနေ့တွင်လည်း ပိတ်ရက်မရှိပါချေ။

မည်သို့ပင်ဖြစ်စေ ဆရာဝန်ကြီး ဦးအောင်သစ်မင်းသည် ဆေးခန်းသို့ တစ်နာရီခန့်စော၍ ရောက်လေ့ရှိ၏။ ယနေ့လည်း ထုံးစံအတိုင်း ကြိုတင်၍ ရောက်ရှိနေသည်။ ကုသခန်းထဲတွင် ဆေးခန်းဆိုင်ရာ ပစ္စည်းပစ္စယများ သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း နေသားတကျ ရှိ၊ မရှိ ဆေးခန်းသူနာပြုဆရာမ၏ တာဝန်ကျေ၊ မကျေ စစ်ဆေးရန် ရောက်ရှိနေခြင်းဖြစ်သည်။

ထိုအခိုက်အတန့်တွင် ဆေးခန်းသူနာပြုဆရာမသည် ဆရာဝန်ကြီးရှိရာ အတွင်းခန်းသို့ ခြေလှမ်းစိပ်စိပ်ဖြင့် ဝင်လာသည်။ စားပွဲနောက်တွင် ထိုင်နေသော ဆရာဝန်ကြီးသည် မျက်မှန်အထက်သို့ မျက်လွှာပင့်၍ ကြည့်လိုက်သည်။ ထိုအကြည့်တွင် ဘဝင်မကျမှု အပြည့်အဝပါရှိသည်။

"စိတ်မရှိပါနဲ့ ဆရာကြီးရှင့်၊ ဆေးခန်းမဖွင့်ခင် ရောက်နေတဲ့လူနာဟာ ဆေးခန်းဖွင့်ချိန်အထိ စောင့်နေရမယ်ဆိုရင် သူ့အသက်အန္တရာယ် စိုးရိမ်ရပါတယ်လို့ ပြောနေပါတယ်၊ ဒါကြောင့် ဆရာကြီးအနေနဲ့ အဲဒီလူနာကို ဘယ်လိုသဘောထားသလဲဆိုတာ သိပါရစေ"

ဆေးခန်းသူနာပြုဆရာမက အားတုံ့အားနာဖြင့် မေးသည်။

"အတွင်းကိုလွှတ်လိုက်ပါ၊ ကျုပ်စမ်းသပ်စစ်ဆေးကြည့်ပါ့မယ်"

ဆရာဝန်ကြီး ဦးအောင်သစ်မင်းက စဉ်းစဉ်းစားစားဖြင့် ခွင့်ပြုလိုက်သည်။

ထို့ကြောင့် ဆေးခန်းသူနာပြုဆရာမလေးသည် အပြင်ခန်းသို့ သွက်လက်ဖျတ်လတ်စွာ ပြန်ထွက်သွားလေသည်။ မကြာမီ လူနာတစ်ယောက်နှင့်အတူ ဆေးခန်းတွင်းသို့ ရောက်ရှိလာသည်။

ဆရာဝန်ကြီး ဦးအောင်သစ်မင်းက လူနာအမျိုးသား၏ အသွင် သဏ္ဌာန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် လူနာ၏မျက်နှာကြီးသည် ပြင်းထန်သော ဝေဒနာတစ်ခုခုကို အသည်းအသန် ခံစားနေရသည့်အလား ရှုံ့မဲ့နေသည်။ ညည်းတွားသံလည်း ထိုသူ၏နှုတ်ဖျားမှ မခံမရပ်နိုင်ဘဲ ထွက်ပေါ်နေလေသည်။ ထိုသူသည် သူ့ညာလက်ကို ပတ်တီးဖြင့် စည်းနှောင်လျက် ပခုံးသိုင်းကြိုးဖြင့် ဆိုင်းထားသည်။

"ဘယ်လိုဖြစ်တာလဲ မိတ်ဆွေ"

ဆရာဝန်ကြီးက ချိုသာမွန်ရည်သော လေယူလေသိမ်းဖြင့် မေးလိုက်သည်။

"ကျွန်တော် စံလင်းထွန်းပါ၊ ကျွန်တော့် ဟောဒီ ညာလက်ဖမိုးဟာ အလိုလိုနေရင်း ကိုက်ခဲလာတယ်၊ သည်းမခံနိုင်လောက်အောင် ကိုက်နေလို့ အကိုက်အခဲပျောက်ဆေးတွေသောက်ပြီး လက်ဖမိုးကိုလည်း လူးဆေးတွေ လူးပါတယ်၊ ဒါပေမဲ့ လုံးဝမသက်သာပါဘူး၊ ပိုပြီးဆိုးသထက်ဆိုးလာလို့ ဆရာဝန်ကြီးဆီမှာ အကူအညီလာတောင်းရတာပါ၊ ဒီဝေဒနာကို နောက်ထပ် တစ်နာရီလောက်ဆက်ပြီး ခံစားနေရရင် ကျွန်တော် ရူးသွားလိမ့်မယ်ထင်ပါတယ်၊ ဒါကြောင့် အဲဒီ နာကျင်ကိုက်ခဲနေတဲ့နေရာကအသားကို ဓားနဲ့လှီးဖြတ်ဖယ်ရှားပေးပါ ဆရာဝန်ကြီးခင်ဗျာ"

စံလင်းထွန်းဆိုသောလူနာသည် မခံမရပ်နိုင်လောက်အောင် နာကျင်ကိုက်ခဲနေခြင်းကြောင့် ညာလက်တစ်ဖက်လုံး တဆတ်ဆတ်တုန်ယင်နေသည်။ ထိုသူသည် မေးကြောကြီးများ ထောင်ထလာသည့်အထိ အံကိုတင်းတင်းကြိတ်ထားရသည်။

"ကျုပ် အဲဒီနေရာကို သေချာစစ်ဆေးကြည့်ပေးပါ့မယ်၊ တကယ်လို့ အသားကို လှီးဖြတ်ဖယ်ရှားမှ ရမှာဆိုရင်လည်း လှီးဖြတ်ပေးပါ့မယ်"

ဆရာဝန်ကြီးက ချိုချိုသာသာ ပြောသည်။ ထို့နောက် ပတ်တီးအထပ်ထပ် စည်းနှောင်ထားခြင်းကိုဖြေရန် သူနာပြုဆရာမလေးအား အမူအရာဖြင့် ခိုင်းစေလိုက်သည်။

သူနာပြုဆရာမလေးသည် လူနာ၏ ညာလက်ဖမိုးတစ်ခုလုံးတွင် ရစ်ပတ်စည်းနှောင်ထားသော ပတ်တီးကို ညင်သာစွာဖြင့် တစ်ပတ်ချင်း ဖြေပေးလိုက်သည်။ နောက်ဆုံးတွင် လူနာ၏ လက်ဖမိုးတစ်ခုလုံးကို မြင်လိုက်ရလေပြီ။

ထိုလက်ဖမိုးတစ်ပြင်လုံး ဒဏ်ရာဟူ၍ လုံးဝမရှိပါချေ။ အဖုအပိမ့်ဖြစ်စေ၊ ရောင်ရမ်းမှုဖြစ်စေ လုံးဝမတွေ့ရ ပကတိအကောင်းအတိုင်းပင်။

"နာကျင်ကိုက်ခဲနေတယ်ဆိုတာ ဘယ်နေရာမှာလဲ၊ ပြပါဦး"

ဆရာဝန်ကြီးက ထိုသူ၏ လက်ကို အသာအယာ ပွတ်သပ်စမ်းကြည့်လျက် မေးခြင်းဖြစ်သည်။

"အဲ.....အဲ..... အဲဒီနေရာက နာတာပါဗျာ၊ နာလွန်းလို့ ရူးရပါတော့မယ်၊ အဲဒီ နေရာက အသားကို အခုချက်ချင်း လှီးပေးပါတော့ ဆရာဝန်ကြီးရယ်"

ထိုသူက လက်ဖမိုးပေါ်ရှိ သွေးကြောနှစ်ကြော ဆုံရာနေရာကို လက်ညှိုးညွှန်ပြသည်။ ဆရာဝန်ကြီးက အသာအယာ ကိုင်တွယ်ပွတ်သပ်နေရာမှ ရုတ်တရက် ဖိညှစ်လိုက်သောအခါ ထိုသူသည် ဆွေ့ဆွေ့ခုန်ဖြစ်သွား၏။

"အ.....အ၊ အား....အမယ်လေးဗျာ"

ဟူ၍လည်း မချိမဆံ့ ဖျစ်ညှစ်၍ အော်သည်။

"မင်းအပြင်ထွက်နေစမ်း၊ တခြားလူနာတွေလာရင် ထိုင်စောင့်ခိုင်းထား၊ ငါမခေါ်ဘဲ ဘာအကြောင်းနဲ့မှ မဝင်နဲ့"

ဆရာဝန်ကြီးက သူနာပြုဆရာမလေးကို ထွက်ခိုင်းလိုက်သည်။ ထို့

www.burmeseclassic.com

www.burmeseclassic.com



နောက် လူနာကို ဆေးခန်းအတွင်းရှိ ခုတင်ပေါ်မှ မွေ့ရာပေါ်တွင် ပက်လက်ထဲလျောင်းခိုင်းသည်။

ဆရာဝန်ကြီးသည် နာကျင်ကိုက်ခဲနေသည်ဆိုသောနေရာကို မှန်ဘီလူးဖြင့် သေချာစွာ ကြည့်ရှုစစ်ဆေးပြီးသောအခါ မျက်နှာထား တင်းခနဲဖြစ်သွားသည်။

"ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ အခုလို အနာမရှိဘဲ ရှိချင်ယောင်ဆောင်ပြီး လာပြတာ ဘာအဓိပ္ပာယ်သဲ၊ ဒါ သက်သက်မဲ့ ကျုပ်ကိုသရော်ဖို့ ကြိုးစားတာပဲ၊ အခုချက်ချင်း ထွက်သွားပေတော့၊ နောက်တစ်ကြိမ်ဆိုရင်တော့ ကျုပ် သည်းခံမှာမဟုတ်ဘူး၊ သွားစမ်းဗျာ"

ဆရာဝန်ကြီးက ဒေါသသံကို ထိန်း၍ ကျိတ်ပြောလိုက်သည်။ ထို့နောက် သူ့စားပွဲနောက်တွင် ပြန်ထိုင်လိုက်ပြီးလျှင် အသက်ပြင်းပြင်းရှူ၍ စိတ်လျှော့နေသည်။

လူနာသည် လဲလျောင်းရာမှ ထလာ၍ ခုတင်ပေါ်မှဆင်းသည်။ သူ၏ အိတ်တွင်းမှ ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ်ပြီးလျှင် ဆရာဝန်ကြီး၏ရှေ့ စားပွဲပေါ်တွင် အသာအယာ ချပေးလိုက်သည်။

"ကျွန်တော် တကယ်ခံစားနေရလို့ လာခဲ့တာပါ ဆရာဝန်ကြီးရယ်၊ ဆရာဝန်ကြီးက ကျွန်တော့်ကိုမယုံလို့ လိုးမပေးနိုင်ဘူးဆိုရင်တော့ ကျွန်တော့် ဘာသာ လိုးထုတ်ပစ်လိုက်ပါတော့မယ်"

ထိုသူသည် ပြောပြောဆိုဆိုဖြင့် ခွဲစိတ်ကိရိယာများတင်ထားသော ကြွေဘေစင်အနီးရှိ စတီးလ်လင်ပန်းပေါ်မှ ထက်မြသော ခွဲစိတ်ဓားတစ်ချောင်းကို သွားယူကာ သူ၏ဘယ်လက်ဖြင့် ဆုပ်ကိုင်၍ သွက်သွက်လက်လက် လိုးလိုက်လေတော့သည်။

ဆရာဝန်ကြီးအနေနှင့် ယင်းသို့ ဖြစ်လာလိမ့်မည်ဟူ၍ လုံးဝမျှော်လင့်မထားပါချေ။ လူနာဟန်ဆောင်လာသော ထိုသူသည် ဆေးကုသရာ အတွင်းခန်းထဲမှ ထွက်သွားလိမ့်မည်ဟု သာမန်အားဖြင့် ယူဆထားခဲ့သည်။

ထို့ကြောင့် လူနာသည် စိတ်မကျန်းမာသောသူတစ်ယောက်ပမာ သူ့သဘောနှင့်သူ အရမ်းကာရော ပြုလုပ်လိုက်ခြင်းကို ကိုယ်ထိလက်ရောက် တားမြစ်ရန် အချိန်မရလိုက်ပါချေ။

လူနာအနီးသို့ ရောက်သွားသော ဆရာဝန်ကြီးသည် လူနာ၏ဘယ်လက်ထဲမှ ခွဲစိတ်ဓားကို ပြန်လည်သိမ်းယူလိုက်၍ စတီးလ်လင်ပန်းပေါ်သို့ ပစ်ချလိုက်သည်။ ထို့နောက် လူနာ၏လက်ကိုကိုင်၍ လက်ဖမိုးပေါ်တွင် နက်ရှိုင်းစွာ ဖြစ်ပေါ်နေသော ဓားဒဏ်ရာကို သေချာစွာ ကြည့်ရှုစစ်ဆေးသည်။

"အဲဒီလို အရမ်းကာရောလုပ်ရင် အန္တရာယ်ပိုကြီးနိုင်တယ်၊ အရေးကြီး တဲ့ သွေးကြောကြီးပြတ်သွားရင် ခင်ဗျား့ ညာလက်ဟာ တစ်သက်လုံး အသုံးပြုလို့မရဘဲ ဖြစ်သွားနိုင်တယ်"

ဆရာဝန်ကြီးသည် မျက်နှာပြင်ပေါ်တွင် သနားကြင်နာသော အသွင်ဩဇာ ဖြစ်ပေါ်လာသည်။ သူနာပြုဆရာမအား လှမ်းခေါ်လိုက်ပြီးနောက် ဓားဒဏ်ရာကို လိုအပ်သလို ဒရက်ဆင်လုပ်ပေးရန် စေခိုင်းညွှန်ကြားလိုက်သည်။ သူနာပြုဆရာမလေးက ထုံးစံအတိုင်း ဆောင်ရွက်ပေးသည်။

**ထိုအချိန်မှစ၍ မကြာခဏ ဇနီးဖြစ်သူ၏သွေးစွန်းသော လက်ဖမိုးမှ မကြာခဏ အသည်းအသန် ကိုက်ခဲသောဝေဒနာဖြင့် ဆရာဝန်ကြီးထံသို့ ရောက်ရှိကာ ကုသမှုခံခဲ့ရပါသည်။ ဤစာကို ဆရာဝန်ကြီး ဖတ်နေချိန်တွင် ကျွန်တော်သည် ဇနီးသည်ကို တောင်းပန်ရန် တမလွန်ဘဝသို့ . . .**

www.burmeseclassic.com

www.burmeseclassic.com



''ကဲ.....အခုလို လှိုးဖြတ်လိုက်တော့ ဘယ်လိုခံစားရသေးသလဲ''

ဆရာဝန်ကြီးက လူနာနှင့်မျက်လုံးချင်းဆိုင်၍ မေးလိုက်သည်။

''ကျွန်တော်ခံစားနေရတဲ့ ဝေဒနာမှန်သမျှ လုံးဝပျောက်ကင်းသွားပါပြီ ဆရာဝန်ကြီးရယ်၊ ဆရာဝန်ကြီးရဲ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့တော့ပါဘူး။ အဲဒီလို ပျောက်ကင်းသွားတဲ့အတွက် ကျွန်တော်ပေးထားခဲ့တဲ့ ငွေကြေးဟာ မဖြစ်စလောက်ပဲရှိပါတယ်၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ဆရာဝန်ကြီးရော၊ ဆရာမလေးကိုပါ နှုတ်ဆက်ပါတယ်၊ သွားခွင့်ပြုပါနော်''

ထိုသူသည် စကားကို အမျှင်မပြတ် ပြောနေရာမှ ကြည်လင်လန်းဆန်း သွက်လက်ဖျတ်လတ်စွာဖြင့် ဆေးခန်းတွင်းမှ ထွက်သွားသည်။ မိနစ်ပိုင်းအတွင်း ဆေးခန်းပြင်ဘက် ကားလမ်းပေါ်မှ ကားစက်နှိုးသံနှင့် မောင်းထွက်သွားသံတို့ကို ဆက်တိုက်ကြားလိုက်ရတော့သည်။

''မင်း အဲဒီလူနာရဲ့ လိပ်စာကို ရေးမှတ်ထားသေးသလား''

ဆရာဝန်ကြီးက သူနာပြုဆရာမလေးကို မေးလိုက်သည်။

''အဲဒီ ပေးရှင့်ရဲ့ နာမည်က ဦးစံလင်းထွန်း ဆိုတာကို သူပြောပြလို့ သိလိုက်ရတာကလွဲလို့ ဘာမှမရေးမှတ်ရသေးပါဘူး ဒေါက်တာ၊ သူ့ဝေဒနာကို ကုသပြီးမှ မှတ်တမ်းစာအုပ်ထဲမှာ စာရင်းသွင်းဖို့ ရည်ရွယ်ထားတာပါ''

သူနာပြုဆရာမလေးက တာဝန်မကျေမှုကို ဖုံးဖုံးဖိဖိ၊ သိုသိုသိပ်သိပ် ဆင်ခြေပေးသည်။

''ထားပါတော့လေ၊ ဒီလူနာဟာ ဦးနှောက်မပြည့်စုံသူ ဖြစ်နေပုံပဲ''

ဆရာဝန်ကြီးက ဦးခေါင်းတခါခါဖြင့် ကောက်ချက်ချလိုက်လေသည်။

+ + +

ယင်းသို့ဖြစ်ပွားခဲ့ပြီးနောက် ရက်ပေါင်း ၂၀ မျှအကြာတွင် ဆရာဝန်ကြီး ဦးအောင်သစ်မင်း၏ ဆေးခန်းသို့ ဦး[စံ]လင်းထွန်းအမည်ရှိ လူနာသည် ထူ[း]ထူးခြားခြား ရောက်ရှိလာပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ယခင်အခါက အတိုင်း ဆေးခန်းဖွင့်ချိန်မတိုင်မီ တစ်[]နာရီစော၍ ကမူးရှူးထိုး ရောက်လာခဲ့ခြင်းဖြစ်သည်။ ဆရာဝန်ကြီး၏ စ[]ဆေးကုသရာ အတွင်းခန်းတွင်းသို့ အဆောတလျင် ဝင်ရောက်သွားသည်။

အပြင်ဘက်ခန်း၊ လူနာစာရင်းသွင်းသောစားပွဲတွင်ထိုင်နေသော သူနာပြုဆရာမလေးသည်ပင်လျှင် ထို[]သူ၏နောက်မှ ထက်ကြပ်မကွာ ဝင်[]လိုက်လာသည်။

ဆရာဝန်ကြီးက သူနာပြုဆရာမ[]လေးအား ပြန်ထွက်သွားရန်နှင့် အပြင်[]ခန်းတွင်စောင့်နေရန် အမူအရာဖြင့် ညွှန်ကြားစေခိုင်းလိုက်သည်။

လူနာသည် စကားတစ်ခွန်းတစ်ပါဒမျှမပြောဘဲ သူ၏ညာလက်ကို ဆရာဝန်ကြီး၏စားပွဲပေါ်သို့ တင်ထားလိုက်သည်။ သူ၏ညာလက်ဖမိုးတစ်ခုလုံးကို ပတ်တီးဖြင့် ထူထူထဲထဲ၊ တင်းတင်းကျပ်ကျပ် စည်းနှောင်ထားသည်ကို တွေ့ရသည်။

''အခုတစ်ခါကော ဘယ်လိုဖြစ်လာတာလဲ၊ ပြောပါဦး''

ဆရာဝန်ကြီးက အပြုံးသဲ့သဲ့ဖြင့် ကြင်နာစွာမေးသည်။

ဤတစ်ကြိမ်တွင် ဦးစံလင်းထွန်းအမည်ရှိ လူနာသည် ဆရာဝန်ကြီး၏ မေးခွန်းကို လုံးဝဖြေကြားခြင်းမပြုဘဲ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

ဆရာဝန်ကြီး ဦးအောင်သစ်မင်းသည် မိမိ၏မျက်မှောက်တွင် ထိုကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com


ယောကျ်ားရင့်မာကြီးတစ်ယောက် နှိုက်ကြီးတငင် ငိုကြွေးခြင်းမျိုးကို တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မတွေ့ဖူးခဲ့ပါချေ။ ထို့ကြောင့် စိတ်မကောင်းစွာဖြင့် ငေးကြည့်နေမိသည်။ ထိုလူနာ သည် အားရပါးရ ငိုကြွေးပြီးနောက် ခေတ္တရပ်နားလျက် သူ၏မျက်နှာပြင်တွင် စိုရွှဲနေသော မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်သုတ်သုတ်သည်။

''အခုတစ်ခါ ခံစားရတဲ့ဝေဒနာဟာ အရင်ထက်ပိုပြီး ပြင်းထန်ပါတယ် ဆရာဝန်ကြီးရယ်၊ ကျေးဇူးပြုပြီး ခပ်နက်နက်လေးလှီးပြီး အသားကို ထွင်းထုတ်ပေးပါဗျာ၊ ဆရာဝန်ကြီးတစ်ယောက်သာ အားကိုးစရာ ရှိပါတော့တယ်ဗျာ၊ ဆရာဝန်ကြီးမကယ်ရင် ကျွန်တော် သေရတော့မှာပါဗျာ''

လူနာက ရှိုက်သံနှောရှိ ပြောနေရှာသည်။

+ + +

ဆရာဝန်ကြီးသည် သမားရိုးကျ သာမန်ခွဲစိတ်မှုတစ်ခုကဲ့သို့ လူနာ၏ နာကျင်ကိုက်ခဲနေသောနေရာကို ခွဲစိတ်ပြီးစီးသွားသည်။ ထို့နောက် အနာကျက်စေမည့်ဆေးထည့်ပြီး ပတ်တီးစည်းပေးလိုက်သည်။

ထိုအခါ လူနာ၏မျက်နှာကြီးသည် ပကတိ ပျော်ရွှင်ကြည်နူးသွားသည်။ စောစောက ကြေကွဲဝမ်းနည်းမှုများ လုံးလုံးလျားလျား ပျောက်ကွယ်နေလေပြီ။

''ကျေးဇူးတင်ပါတယ် ဆရာဝန်ကြီးခင်ဗျာ၊ ဒီတစ်ခါ နာကျင်မှုလည်း

**စိတ်မထိန်းနိုင်သော ကျွန်တော်သည် ငနီးကို ကိုယ်ထိလက်ရောက် ငိုဝိုန်ခြွေလိုက်မိသည်။ သူမ၏ နှုတ်ခမ်းထောင့်မှ စီးစိမ့်ထွက်ကျလာသော သွေးတစ်စက်သည် ကျွန်တော့်လက်ဖမိုးပေါ်တွင် စွန်းထင်းသွားပြီးနောက် ယခုထက်တိုင် တစ်ခါတစ်ရံ မခံမရပ်နိုင်လောက်အောင် နာကျင်ကိုက်ခဲခြင်း ဖြစ်သည် . . .**

လုံးဝပျောက်သွားပါပြီ၊ ဒါပေမဲ့ နောက်ထပ် ရက်သတ္တပတ် အနည်းငယ်ကြာတဲ့အခါ အနာကျက်သွားပြီး ကိုက်ခဲတဲ့ ဝေဒနာတစ်ခု မခံမရပ်နိုင်အောင် ထပ်မံဖြစ်ပေါ် ခံစားရလိမ့်ဦးမယ်ဆိုတာကိုတွေးပြီး ကြောက်နေမိတယ်ဗျာ''

လူနာကကြိုတင်၍ စိုးရိမ်သောကဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

''အကောင်းဆုံးနဲ့ အသင့်လျော်ဆုံး ကျုပ်အကြံပေးချင်တာက အဲဒီလို နောက်ဘာဖြစ်တော့မှာပဲဆိုတာကို လုံးဝမတွေးပါနဲ့၊ နောက်တစ်ကြိမ် ကျုပ်ဆီကို ထပ်မလာဖြစ်အောင် ပျော်ပျော်ရွှင်ရွှင်နေဖို့ပါပဲ၊ ပြီးခဲ့တဲ့ ဝေဒနာကိုမေ့ပစ်လိုက်ပါ၊ ဒါဆိုရင် ပိုပြီးအဆင်ပြေသွားပါလိမ့်မယ်''

ဆရာဝန်ကြီးက လေးနက်စွာ အကြံပေးလိုက်သည်။

ထိုလူနာ၏ဖြစ်ရပ်နှင့်ပတ်သက်၍ ဆရာဝန်ကြီး ဦးအောင်သစ်မင်းက သူ၏မိတ်ဆွေများဖြစ်ကြသော စိတ်ကျန်းမာရေးဆိုင်ရာ ပါရဂူများအား ပြန်လည်ပြောပြခဲ့သည်။ မည်သို့ပင်ဖြစ်စေ ထိုဝေဒနာ မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်ခံစားရသည်ကို မည်သူကမှ ပိုင်ပိုင်နိုင်နိုင် ကောက်ချက်ချခဲ့ခြင်း မရှိကြပါချေ။

+ + +

သည်လိုနှင့် ရက်သတ္တ ခြောက်ပတ်ကျော်မျှ ကြာခဲ့သည်။ လူနာ စံလင်းထွန်းကို နောက်ထပ်မတွေ့ရတော့သောကြောင့် မိမိ၏အကြံပြုချက်မှာ အောင်မြင်လေပြီဟူ၍ ထင်မြင်ယူဆလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ရက်သတ္တ ခုနစ်ပတ်မြောက်သော အခါ ဆရာဝန်ကြီး ဦးအောင်သစ်မင်း ၏ဆေးခန်းသို့ စာတစ်စောင်ရောက်လာသည်။ ထိုစာကို ပေးပို့လိုက်သူမှာ ထူးခြားဆန်းကြယ်သော ဝေဒနာရှင် စံလင်းထွန်းဖြစ်ကြောင်း စာအိတ်၏ထောင့်တွင် ရေးသားဖော်ပြထားသည်။

ဆရာဝန်ကြီးသည် ထိုစာကို သူ၏အိမ်သို့ရောက်ပြီး ညစာစားပြီးမှသာလျှင် ဖွင့်ဖောက်ဖတ်ရှုသည်။ စာပါအကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည်–

ဆရာဝန်ကြီး၊ ဦးအောင်သစ်မင်းခင်ဗျာ...

ကျွန်တော်၏ ထူးခြားဆန်းကြယ်သော စိတ်ချောက်ချားဖွယ်ရာ ဝေဒနာနှင့်ပတ်သက်၍ ဆရာဝန်ကြီးအား အသိပေးရန် လိုအပ်သည်ဟု ထင်မြင်ယူဆမိပါသောကြောင့် ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် လွန်ခဲ့သော ၁၂ လကမှ အိမ်ထောင်ကျခဲ့သူဖြစ်ပါသည်။ ကျွန်တော်၏အသက် (၃၅)နှစ်ကျမှ စီးပွားရေးအဆင်ပြေကာ ဇနီးတစ်ယောက်ကို တင့်တယ်တည်ဝါစွာ ထားနိုင်သောအခါကျမှ အိမ်ထောင်ပြုခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်၏ဇနီးမှာ အသက်(၂၅) နှစ်ဖြစ်သောကြောင့် ကျွန်တော်ထက် (၁၀)နှစ်မျှ ငယ်ပါသည်။

မည်သို့ပင်ဖြစ်စေ ဇနီးဖြစ်သူသည် မိဘဆွေမျိုးသားချင်းများ ရှားပါးသောကြောင့် ကျွန်တော့်အား အိမ်ထောင်ရှင်မ ပီသစွာ ပြုစုခဲ့ပါသည်။ ရုပ်ရည်ချောမော ၍ စိတ်ထားကောင်းမွန်သူဖြစ်ပါသည်။

ကျွန်တော်နှင့် အိမ်ထောင်မကျမီ ကျွန်တော်နှင့်ခြံချင်းကပ်လျက် စံအိမ်ကြီးတွင် နေထိုင်သော အရေးပိုင်ကတော်ထံတွင် အလုပ်လုပ်ခဲ့ပါသည်။ မိဘဆွေမျိုးသားချင်းရှားပါးသော သူမကို အရေးပိုင်ကတော်က မွေးစား၍ ပညာသင်ပေးခဲ့ပြီးနောက် စံအိမ်တော်တွင် အစစအရာရာ စီမံခန့်ခွဲ ထိန်းသိမ်းအုပ်ချုပ်သူအဖြစ် ဆောင်ရွက်ရပါသည်။ အရေးပိုင်ကတော်သည် သူမကို ယုံကြည်စိတ်ချရသော အမျိုးသမီးလူယုံတော်အဖြစ် ထားရှိခြင်းဖြစ်ပါသည်။

ကျွန်တော်နှင့်သူမ လက်ထပ်ပေါင်းသင်းနေကြသော်လည်း ကျွန်တော့်ဇနီးကို အရေးပိုင်ကတော်က ဆက်လက်၍ ယုံကြည်စိတ်ချစွာ ဆက်ဆံနေဆဲဖြစ်ပါသည်။ ခြံချင်းကပ်လျက်ဖြစ်သောကြောင့် ရက်သတ္တ တစ်ပတ်လျှင် တစ်ကြိမ် အရေးပိုင်ကတော်ထံသို့သွား၍ လိုအပ်သည်များကို အကူအညီပေးလျက်ရှိပါသည်။ ကျွန်တော့်အနေနှင့် ယင်းသို့သွားလာ အကူအညီပေး ဆောင်ရွက်ခြင်းများကို



တန့်တားပိတ်ပင်ခြင်း မရှိခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ဇနီးက ကျွန်တော့်အား လင်ယောကျ်ားအဖြစ်နှင့်သာမက တစ်ဦးတည်းသော အားကိုးအားထားပြုစရာအဖြစ် လေးလေးစားစား ရှိသေမြတ်နိုးစွာ ပေါင်းသင်းနေသူဖြစ်ပါသည်။

အိမ်ထောင်သက် တစ်နှစ်နီးပါးမျှ ကြာခဲ့သောအခါတွင် ကျွန်တော်သည် ဇနီးဖြစ်သူ၏ ထူးခြားမှုတစ်ခုကို အလိုအလျောက် သတိပြုလာမိပါသည်။ သူမ၏ကိုယ်ရေးကိုယ်တာ ကိစ္စများကို မည်သည့်အခါမှ ပြောပြလေ့မရှိခြင်းနှင့် သူမ၏ကိုယ်ပိုင် သံသေတ္တာကြီးတစ်လုံးကို လုံခြုံစွာ သော့ခတ်ထားခြင်းတို့ဖြစ်သည်။ ထိုသေတ္တာကြီးကို ကျွန်တော့်မျက်မှောက်တွင် မည်သည့်အခါမှ ဖွင့်လေ့မရှိပါ။

ထို့ကြောင့် ထိုသံသေတ္တာကြီးထဲတွင် လျှို့ဝှက်ချက်တစ်ခုခုများ ရှိနေမလားဟူ၍ သံသယအတွေးများ တွေးမိပါသည်။ ထို့ကြောင့် တစ်နေ့သ၌ ကျွန်တော့်ဇနီးသည် အရေးပိုင်ကတော်၏စံအိမ်သို့ သွားနေခိုက်တွင် ထို သံသေတ္တာကြီးကို သော့တူဖြင့် ဖွင့်လိုက်ပြီးနောက် သေတ္တာတွင်းရှိ ပစ္စည်းများကို အနေအထား မပျက်စေဘဲ တစ်ခုချင်းသေချာစွာ စစ်ဆေးကြည့်ရှုခဲ့ပါသည်။

အခြားအရာများထက် သေတ္တာအောက်ခြေတွင် ဖဲပန်းထိုးထားသော အဝတ်စဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို တွေ့လိုက်ရသည်။ ငွေရောင်အနားကွပ်နှင့်ဆီနီရောင် ဖဲပြားကြိုးဖြင့် သေသပ်စွာ ချည်နှောင်ထားသည့် စာအိတ်တစ်ထပ်ကို မြင်ရသောအခါ ကျွန်တော့် နှလုံးခုန်နှုန်းက အဆမတန် မြန်ဆန်လာသည်။ ထိုစာအိတ်များထဲမှ မေတ္တာစာများကို ဖတ်လိုက်မိသောအခါ ကျွန်တော့်ဒေါသမှာ မထိန်းနိုင်မသိမ်းနိုင် ပေါက်ကွဲထွက်လာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





ရှင့်ဇနီး
မရှိတော့လို့
ကျွန်မ လျှို့ဝှက်ချစ်သူရဲ့
စာတွေကို ကျွန်မ
ပြန်ယူသွားတော့မယ်။
အဲဒီစာတွေကို
ဇာပဝါနဲ့ ပတ်ထားပြီး
ငွေရောင်အနားကွပ်
နင်းဆီရောင် ဖဲပြားကြိုးနဲ့
သေသေသပ်သပ်
ချည်ထားပါတယ်...

ကျွန်တော့်ဇနီးသည် မြန်လာသောအခါ ကျွန်တော် ဖတ်လက်စ စာကို မဖတ်ရန် တားမြစ်သည်။ စာကိုအတင်း အကျပ်လုသည်။ စိတ်မထိန်းနိုင်သော ကျွန်တော်သည် ဇနီးကို ကိုယ်ထိလက်ရောက် ဓိပိနှိပ်ခြွေလိုက်မိသည်။ သူမ၏ နှုတ်ခမ်းထောင့်မှ စိမ့်စိမ့်ထွက်ကျလာသော သွေးတစ်စက်သည် ကျွန်တော့်လက်ဖမိုးပေါ်တွင် စွန်းထင်သွားပြီးနောက် ယခုထက်တိုင် တစ်ခါ တစ်ရံ မခံမရပ်နိုင်လောက်အောင် နာကျင်ကိုက်ခဲခြင်းဖြစ်သည်။

ကျွန်တော်၏ဇနီးသည် သေဆုံးသည့်ကိစ္စတွင် မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်တော့်အပေါ်တွင် သံသယ မရှိကြပါချေ။ ငယ်ငယ်ချောချောဇနီးမယား ရုတ်တရက် သေဆုံးသွားသဖြင့် အလွန်အကျွံ ကြေကွဲနေသူဟူ၍ပင် ဓာနာစိတ်ဖြင့် သနားနေကြသည်။

ဇနီးအသုဘကိစ္စ ချောချောမောမော ပြေပြေလည်လည် သင်္ဂြိုဟ်ခြင်း ပြီးဆုံးခဲ့သည်။ ထိုအခါ အရေးပိုင်ကတော်သည် ကျွန်တော်တစ်ဦးတည်းနေထိုင်ရာ အိမ်ဂေဟာသို့ မမျှော်လင့်ဘဲ ရောက်ချလာသည်။ ထို့နောက် ခရီးရောက်မဆိုက်ပင် ယခုကဲ့သို့ လာခဲ့ရသောအကြောင်းကို တောက်လျှောက်ပြောပြလေသည်။

"ရှင့်ဇနီးချောလေးကို ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်စာတွေ ယုံယုံကြည်ကြည် စိတ်ချစွာ အပ်ထားခဲ့တယ်၊ ရှင့်ဇနီးဟာ ရှင့်အပေါ်မှာတင်မက ကျွန်မအပေါ်မှာလည်း အလွန်တရာ သစ္စာရှိသူပါ။ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကိုလည်း ဘယ်တော့မှ ဖေါ်ခုလေ့မရှိပါဘူး။ အဲဒီလို အင်မတန် သစ္စာရှိတဲ့ ဇနီးကောင်းမျိုး ကွယ်လွန်သွားရတာဟာ

www.burmeseclassic.com

www.burmeseclassic.com

ရှင့်အတွက်သာမက ကျွန်မအတွက်ပါ အကြီးအကျယ် ဆုံးရှုံးမှုတစ်ရပ်ပါပဲရှင်၊ အဆားထိုးမရနိုင်တော့ပါဘူးရှင်။

အရေးပိုင်ကတော်က မျက်နှာညိုးညိုး၊ မျက်ရည်များ ပြည့်လျှံနေသော မျက်လုံးအစုံဖြင့်ပြောသည်။ ကျွန်တော်သည် စိတ်ထိခိုက်သည့်အမူအရာဖြင့် ဟန်ဆောင်နေရသည်။ သို့ရာတွင် ကြာရှည်ဟန်ဆောင်နိုင်မည်မထင်။

''အမျိုးသမီး အခုလိုလာတွေ့တာဟာ ကျွန်တော့်ဇနီးအကြောင်းပြောဖို့ သက်သက်ပဲလား၊ တခြား ဘာအကြောင်းအရာများ ပြောစရာရှိပါသလဲဗျာ''

ကျွန်တော်က အသံကတုန်ကယင်ဖြင့် မေးလိုက်ရာ သူမက ဆက်လက်၍....

''ရှင့်ဇနီးဆီမှာ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ မေတ္တာစာတွေကို အပ်နှံထားတယ်၊ အခု ရှင့်ဇနီး မရှိတော့လို့ ကျွန်မ လျှို့ဝှက်ချစ်သူရဲ့စာတွေကို ကျွန်မ ပြန်ယူသွားတော့မယ်၊ အဲဒီစာတွေကို ဇာပဝါနဲ့ ပတ်ထားပြီး ငွေရောင်အနားကွပ် နှင်းဆီရောင် ပဲပြားကြိုးနဲ့ သေသေသပ်သပ် ချည်ထားပါတယ်''

ဟူ၍ပြောလေသည်။ ထို့ကြောင့် ကျွန်တော်သည် ဇနီးဖြစ်သူ၏ စာများဟူ၍ တစ်ထစ်ချ ယူဆကာ (တစ်နေ့နေ့ တစ်ချိန်ချိန်တွင်) သေချာစွာ ပြန်လည်ဖတ်ကြည့်ရန် သံသေတ္တာကြီးထဲသို့ မူလအတိုင်း သိမ်းဆည်းထားခြင်းမှယူ၍ မူလပိုင်ရှင်လက်သို့ ပြန်လည်ပေးအပ်လိုက်သည်။

ထိုနေ့၊ ထိုအချိန်မှစ၍ မကြာခဏ ဇနီးဖြစ်သူ၏သွေးစွန်းသော လက်ဗမိုးမှ မကြာခဏ အသည်းအသန်ကိုက်ခဲသောဝေဒနာဖြင့် ဆရာဝန်ကြီးထံသို့ ရောက်ရှိ[...]ကုသမှုခံခဲ့ရပါသည်။ ဤစာကို ဆရာဝန်ကြီး ဖတ်နေချိန်[...]တွင် ကျွန်တော်သည် ဇနီးသည်ကို ကောင်းမွန်ရန် တမလွန်[...]ဘဝသို့ လိုက်သွားခဲ့ပါပြီ။

မှတ်ချက်။ ။

မူရင်းစာရေးဆရာ

Maurus Jokai

ရေးသားသော

"The Bundle Of Letters"

ကို ဆီလျော်အောင် မြန်မာမှုပြု၍

မှီငြမ်းရေးဖွဲ့ပါသည်။

**ဆွေမြင့်**

# ခရာသင်း၊ သမင်ဖြူ

ခရာသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ခရာသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း- ၀၉-၅၀၄၁၂၃၈။

www.burmeseclassic.com

www.burmeseclassic.com

ထိရောက် ဆိုးကျိုးကင်း အရသာရှိ

# ပုပ္ပအေးအောင်

1504YR0768

## လေးဘက်နာပျောက်ဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com


ဇော်မင်းထွန်းဟာ
သူ့ကောင်မလေးနဲ့အတူ
ပျောက်နေတာနော်၊
မင်းကိုယ်မင်း
ဇော်မင်းထွန်းရဲ့နေရာမှာ
ခဏဝင်ကြည့်လိုက်စမ်း၊
လက်ထဲမှာ ရေလျှံနေတဲ့
ကြင်စဦးဇနီးမောင်နှံ
ပျားရည်ဆမ်းခရီး
ထွက်မယ်ဆိုရင်
ဘယ်နေရာကို ရွေးမှာလဲ
...

ဖုလိုင်မိုးတို့ တစိမ့်စိမ့်ဖြင့် ပျင်းရိဖွယ်ကောင်းအောင် တဖြည်းဖြည်းရွာချနေခဲ့ခြင်းကြောင့် နေပြည်တော်ပျဉ်းမနားမြို့၏ နံနက်ခင်းအလှအပများအပေါ် အကျည်းတန်စေခဲ့သည်။ သဲသဲမဲမဲ ရွာသွန်းခြင်းမရှိသော်လည်း တဖွဲဖွဲကျဲချနေသည့် မိုးစက်မိုးပေါက်တို့ကြောင့် သွားရေးလာရေး ခက်လှပေသည်။ ဦးချမ်းသာမှာ သည်မိုးရပ်ဆိုင်းသည်အထိ စောင့်နေ၍ကမဖြစ်။ မြို့မဈေးအနီးတွင်ရှိသော သူ၏ 'ဆင်ဖြူတော်' အမည်ရှိ ရတနာဆိုင်အား သူများနည်းတူ အချိန်မီဖွင့်နိုင်ဖို့က အရေးကြီးနေသည်။

သို့မို့ကြောင့်လည်း တစိမ့်စိမ့်တဖွဲဖွဲကျနေသည့် မိုးစက်တို့ကို စောင့်စားနေ၍မဖြစ်တော့သောကြောင့် နံနက် ၈ နာရီမထိုးမီဆိုင်သို့ အရောက်လှမ်းခဲ့သည်။ သဘောတော်ကောင်းလှသည့် ကိုရွှေမိုးတို့မှာ သူ့ဆိုင်ဝသို့ရောက်တော့မှ ဘယ်အရပ်ဆီ ပြေးထွက်သွားသည်မသိ လွင့်စဉ်ပျောက်ကွယ်သွားကြပြီဖြစ်သည်။

သူ့ဆိုင်အတွင်း တံခါးဖွင့်ဝင်ရောက်ပြီးသည်နှင့် ထုံးစံအတိုင်း ပြုလုပ်နေကျ အရောင်းကောင်တာ မှန်ချိုင့်ထဲသို့ ရွှေထည်ပစ္စည်းများ နေရာချထားရန် ယခင်သိမ်းဆည်းနေကျဖြစ်သည့် နှစ်ထပ်ဗီရိုလေးခန်းတွဲ၏ အပေါ်ဆုံးထပ်အံဝှက်အား ဖွင့်လိုက်သည်။

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ရတနာဆိုင်ရှင် ဦးချမ်းသာအတွက် မူးမေ့ပြီး ပြိုလဲကျမတတ် ဖြစ်ခဲ့ရသည်။ သူ့မျက်လုံးကိုပင် မယုံနိုင်ဖြစ်၍ လက်နှစ်ဖက်နှင့် မျက်လုံးကိုပွတ်သပ်၍ ထပ်ကြည့်မိ၏။ မြင်ကွင်းက ပြောင်းလဲ၍မလာ။ ပထမမြင်ကွင်းအတိုင်း တွေ့ရသည်။

မနေ့ညနေ ဆိုင်ပိတ်စဉ်က သူထားရစ်ခဲ့သည့် ရွှေထည်ပစ္စည်းတွေအားလုံး ပျောက်ခြင်းမလှ ပျောက်ဆုံးနေခဲ့လေပြီ။ ရွှေ၊ မိုး၊ ဆောင်း ကာလသုံးပါးလုံး သည်နေရာမှာ ထားနေကျမို့ ဘယ်အရပ်က ဘိုးတော်ကများ သိဒ္ဓိတန်ခိုးနဲ့ ရွှေ့ပြောင်းသယ်ယူသွားပါလိမ့်ဟု အံ့သြဘနန်းဖြစ်ခဲ့ရသည်။

www.burmeseclassic.com

ဦးချမ်းသာမှာ နေ့စဉ်သိမ်းဆည်းနေကျမို့ ပစ္စည်းများအားလုံးကို မှတ်မိနေခဲ့သည်။ ရွှေသားနားကပ် (၅၂) ရန်၊ ရွှေလက်စွပ် ကွင်း (၃၀)၊ ရွှေဆွဲသီး (၅)ခု၊ ကျောက်ဆွဲသီး (၇)ခု၊ ကျောက်လက်စွပ် (၅)ကွင်း။ ပစ္စည်းအားလုံး၏ ကာလတန်ဖိုးက မနည်းလှ။ ကျပ်သိန်း (၁၀၀)ကျော်၏။ မြင်ကွင်းက သူ့အား ဝမ်းနည်းစိတ်၊ ခံပြင်းစိတ်တို့ ဖြစ်ပေါ်စေခဲ့သော်လည်း သည်ပစ္စည်းတွေ ပြန်လည်ရနိုင်ရေးအတွက် စွမ်းဆောင်နိုင်သော အရည်အချင်းက သူ့ထံမရှိ။ သူသိနေသည်က ပြည်သူအပေါ် 'ကူညီပါရစေ'ဟု ကြွေးကြော်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလွဲ၍ ကယ်မည့်သူ မရှိနိုင်တော့ပြီ။ သို့ကြောင့်လည်း နေပြည်တော် ပျဉ်းမနားရဲစခန်းသို့ အမြန်ဆုံးရောက်ရန် ထွက်ခဲ့တော့သည်။

ဦးချမ်းသာက မနေ့ညနေ ရွှေဆိုင်ပိတ်၍ ပစ္စည်းများသိမ်းဆည်းခဲ့ပုံမှအစပြု၍ ယနေ့နံနက် ဆိုင်ဖွင့်ချိန်တွင် သူထားခဲ့သည့် အံ့ဝှက်ထဲမှ ရွှေထည်များ ပျောက်ဆုံးနေပုံကို ခရေစေ့တွင်းကျ ရှင်းပြပြောဆိုခဲ့သည်။

ရဲစခန်းမှူးက သူ၏ပြောပြချက်အား စာကြမ်းရေးစေ၍ လိုအပ်သည်များကို ထပ်မံမေးမြန်းပြီး မှုခင်းတပ်ကြပ်ကြီးစာရေးအား တိုင်ချက်ရေးဖွင့်ရန် ညွှန်ကြားခဲ့သည်။ ထို့နောက် တရားလို ဦးချမ်းသာအား တည်ငြိမ်လေးနက်သောအသံဖြင့် ရှင်းပြပြောဆိုလေသည်။

"အမှုနဲ့ပတ်သက်ပြီး ခေါင်းအေးအေးထားပါ၊ ထူးခြားသတင်းမျိုး ရခဲ့ရင်လည်း ကျွန်တော့်ကိုဆက်သွယ်ပါ၊ ဒုစရိုက်သမားနဲ့ ကျွန်တော်တို့ရဲတပ်ဖွဲ့ ဆိုတာ စစ်တုရင်ကစားသလိုပါပဲ၊ ဉာဏ်ရည်သာတဲ့ဘက်က အောင်ပွဲရမှာပဲလေ၊ အမှောင်ထဲကလူအားလုံး ဟာ ကျွန်တော်တို့ ဥပဒေဘက်တော်သားတွေအပေါ် ဘယ်သောအခါမှ အန်တုစိုးမိုးလို့ မရနိုင်ဘူးဆိုတာ ယုံကြည်ပါနော်၊ ကျွန်တော်တို့ရဲ့အနီးမှာ ပြည်သူတွေရှိတယ်၊ လမ်းဆုံးရင်တော့ ရွာတွေ့မှာပေါ့ဗျာ၊ ကျွန်တော်တို့အတွက် နည်းနည်းတော့ အချိန်လေးပေးပါလို့ တောင်းပန်ပါတယ်"

"ဟုတ်ကဲ့ပါ စခန်းမှူး၊ ကျွန်တော်လည်း ယုံကြည်အားကိုးပါတယ်"

ဦးချမ်းသာအဖို့ စခန်းမှူး ရဲအုပ်အောင်သန်းထံမှ ကြားရသည့်စကားကြောင့် သူ့ရင်ထဲ ခံစားနေရသည့် ဝေဒနာများမှာ ထက်ဝက်ခန့်သက်သာသွားရသည်။ ထို့နောက် သွက်လက်ပေါ့ပါးစွာ အဖြေစကား ပြန်ကြားရင်း နှုတ်ဆက်စကားဆို၍ ပြန်သွားခဲ့သည်။

စခန်းမှူးက မကြာမီ သူရောက်လာမည်ဖြစ်၍ ရပ်ကွက်တာဝန်ရှိလူကြီးများ ခေါ်ယူထားရန် မှာကြားလိုက်သောကြောင့် မြို့မဈေးအနီး၊ မင်္ဂလာရပ်ကွက်၊ (၈) လမ်းတွင်ရှိသော သူ၏ ဆင်ဖြူတော် ရတနာရွှေဆိုင်သို့ ပြန်ခဲ့ပြီး လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်၍ စောင့်ဆိုင်းနေခဲ့သည်။



မင်္ဂလာရပ်ကွက်၊ (၈)လမ်းသို့ ချိုး ကွေ့ဝင်လာသည့် ရဲကားမှာ ဆင်ဖြူတော် ရတနာရွှေဆိုင်၏ ဆိုင်းဘုတ်ရှေ့တွင်ရပ်လိုက်၏။ စခန်းမှူးက ကားတံခါးဖွင့်၍ ဆိုင်ထဲသို့ ဝင်လာသည်နှင့် ရွှေဆိုင်ပိုင်ရှင် ဦးချမ်းသာနှင့် ရပ်ကွက်လူကြီးများက ကြိုဆို၍ ဆိုင်အတွင်း ဦးဆောင်ခေါ်သွားလေသည်။

ထို့နောက် ဆိုင်ထဲသို့ရောက်သည်နှင့် ဦးချမ်းသာက ဆိုင်ပိတ်သိမ်းပြီး ရွှေထည်များအား သိမ်းထားခဲ့သည့် ဗီရိုအံ့ဝှက်ကို ပြသသည်။ စခန်းမှူး ရဲအုပ် အောင်သန်းမှာ ဗီရိုအံ့ဝှက်ကို အသေးစိတ် စစ်ဆေးကြည့်သည်။ နှစ်

www.burmeseclassic.com

ထပ်ဗီရို လေးခန်းတွဲအပေါ်ဆုံးအထပ် အကန့်၏အံ့ဝှက်မှာ အတော့်ကို လုံခြုံသပ်ရပ်၏။ စခန်းမှူးက ဒုရဲအုပ် မင်းကိုထွေးအား အဆိုပါ အံ့ဝှက်နေရာ ဗီရိုနှင့် ပြစ်မှုကျူးလွန်သူ၏ ဝင်ပေါက်၊ ထွက်ပေါက်တို့ကို မိမိရရ ဓာတ်ပုံမှတ်တမ်းယူစေခဲ့သည်။

ပြစ်မှုကျူးလွန်သွားသူသည် ရွှေဆိုင်ထဲရှိ အခြားသော ဗီရို၊ အံ့ဆွဲ စသည့် နေရာအနှံ့ မွှေနှောက်ရှာဖွေသွားသော ခြေရာလက်ရာ လုံးဝမတွေ့ရ။ ရွှေများထည့်ထားသော အံ့ဝှက်တစ်နေရာတည်းကိုသာ အလွယ်တကူ ရှာဖွေသွားသော လက္ခဏာ တွေ့ရှိရသည်။

အချင်းဖြစ်နေရာအား စေ့စပ်သေချာစွာ စစ်ဆေးနေသူ စခန်းမှူး ရဲအုပ် အောင်သန်းမှာ ဝါရင့်အတွေ့အကြုံရင့်ကျက်မှုရှိသူပီပီ သည်မြင်ကွင်းများက တရားခံ ဘယ်သူဖြစ်နိုင်ခြေရှိကြောင်း သူ့အားညွှန်ပြနေသည်ကို သဘောပေါက်နားလည်နိုင်စေခဲ့သည်။ တရားခံအား မင်းဘယ်ပြေးမလဲဟူပင် စိန်ခေါ်ချင်စိတ် ဖြစ်လာခဲ့ရသည်။

ပစ္စည်းများထားသည့်အံ့ဝှက်က သာမန်မျှမြင်တွေ့သည်နှင့် သိရှိနိုင်ရန် ခဲယဉ်းလှပါဘိ။ ဤမျှ လျှို့ဝှက်ခက်ခဲလှသောနေရာတွင်ထားသည့် ရွှေထည်များအား လွယ်လင့်တကူ ခိုးယူနိုင်လောက်သည့်အရည်အချင်း ဘယ်လိုလူမျိုးမှာ ရှိမည်နည်း။ အခြားနေရာများတွင် မည်သည့်အတွက် ရှာဖွေခဲ့ခြင်းမရှိသနည်း၊ သည်နေရာကိုမှ ရွေးချယ်ခြင်းသည် အဘယ်ကြောင့်နည်း စသော မေးခွန်းပေါင်းများစွာတို့ကို စခန်းမှူး ရဲအုပ် အောင်သန်းကတွေးရင်း သူ၏ကွန်ပျူတာဦးနှောက်ထဲတွင် အဖြေကပေါ်နေခဲ့ပြီးသားဖြစ်သည်။

✦✦✦

စခန်းမှူး ရဲအုပ် အောင်သန်းက ဆင်ဖြူတော် ရတနာရွှေဆိုင်မှ ပစ္စည်းများခိုးယူမှုနှင့်ပတ်သက်၍ အမှုစစ်အရာရှိ ဒုရဲအုပ် မင်းကိုထွေးအား လိုအပ်သည်များကို အသေးစိတ်မှာကြား၍ ဆောင်ရွက်စေခဲ့သည်။

''တို့ရဲစခန်းအပိုင်နယ်မြေထဲက ရွှက်ပုန်းသီးလူဆိုးစာရင်း၊ ရာဇဝင်လူဆိုးစာရင်းနဲ့ လူဆိုးအညွှန်းမာတိကာ စာချုပ်ထဲက ခိုးမှု၊ ဖောက်ထွင်းမှုနဲ့ အပြစ်ကျကတ်ဖွင့်ထားတဲ့ လူဆိုးစာရင်း အပါအဝင် မသင်္ကာကတ်ဖွင့်ထားခြင်းခံရပြီး လောလောဆယ် ပြင်ပမှာ ရောက်ရှိနေတယ်ဆိုတဲ့လူတွေ စိစစ်စာရင်းပြုစုထားပါ၊ အရေးကြီးဆုံးက ရွှေဆိုင်က လက်ရှိအလုပ်သမားနဲ့ တစ်နှစ်အတွင်း ဆိုင်က အလုပ်ထွက်သွားတဲ့လူစာရင်းအတိအကျကို ဆိုင်ရှင်နဲ့ တွေ့ပြီး အသေအချာ မေးမြန်းရေးမှတ်ထားပါ၊ နောက်ပြီး တစ်ဦးချင်း စိစစ်ထုတ်ပါ၊ လိုအပ်သလို စစ်ဆေးပါ၊ စုံစမ်းပါ၊ ငါပြောတဲ့အတိုင်း ဆက်လုပ်၊ ဆင်ဖြူတော်ဆိုင်က သိန်း (၁၀၀)ကျော် အမှု ပေါ်ရမယ်ဆိုတာ ယုံကြည်ချက်အရ အာမခံတယ်''

ဒုရဲအုပ် မင်းကိုထွေးမှာ စခန်းမှူး ပြောသည့်အချက်များကို သူ၏မှတ်စုစာအုပ်တွင် ရေးမှတ်ခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ရန် ပျဉ်းမနားမြို့ထဲ ထွက်ခဲ့သည်။ ဆင်ဖြူတော်မှ လက်ရှိ အလုပ်သမားသုံးဦးအနက် တစ်ဦးချင်းစီ၏ နောက်ကြောင်းက ရိုးစင်းလှ၏။

လွန်ခဲ့သော တစ်နှစ်ကျော်ကာလက သည်ရွှေဆိုင်တွင် ပန်းထိမ်လုပ်ခဲ့ဖူးသူသုံးယောက်ခန့်အား ကိုယ်တိုင်တွေ့၍ စုံစမ်းမေးမြန်းခဲ့သလို လျှို့ဝှက်ထောက်လှမ်းခဲ့ရာ ထူးခြားမှုသတင်း တစ်စုံတစ်ရာမတွေ့ခဲ့ရ။

အထူးသဖြင့် လွန်ခဲ့သည့် ရှစ်လခန့်က အလုပ်ထွက်သွားသူ ပန်းထိမ်ဆရာ ဇော်မင်းထွန်းတစ်ယောက် ပျောက်ချက်သားကောင်းနေသည့်ကိစ္စ။ ဘယ်နေရာ၊ ဘယ်ဒေသသို့ ခြေဆန့်နေမှန်း မသိရသော်လည်း 'လှရိပ်မြုံ' အလှပြင်ဆိုင်မှ စိုးစိုးအေးဆိုသည့် ကောင်မလေးတစ်ယောက်ကို ခေါ်ဆောင်သွားသည်ဆိုသောသတင်းက ရာနှုန်းပြည့် တိကျလှသည်။ မကြာသေးမီရက်ပိုင်းက မုန့်လုံးအမြန်ယာဉ်နှင့် ရန်ကုန်ဘက်သို့ ထွက်သွားကြသည်ကိုတော့ အသေအချာ သိခဲ့ရသည်။

ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက် ဟု ဆိုရမည်လား၊ သို့တည်းမဟုတ် လွတ်သွားတဲ့ငါး ကြီးလှချည်ရဲ့ဟု ဆိုရမည်လားတော့မသိ။ အမှုစစ် ဒုရဲအုပ် မင်းကိုထွေးဘက်ကတော့ ဇော်မင်းထွန်း ဘယ်နေရာရောက်နေပြီလဲဆိုသော မေးခွန်းအတွက် အဖြေရှာရချေတော့မည်။ ခြေရာခံ၍ နေရာအနှံ့ ရှာပုံတော်ဖွင့်ရမည်က သူ့တာဝန်မို့ ဇော်မင်းထွန်းနှင့် စိုးစိုးအေးတို့ မိုးအဆုံးမြေအဆုံး ပြေးကြပါစေ စိန်ခေါ်လျှင် တိမ်ပေါ်သို့ပင် လိုက်ဝံ့ရမည်က သူ့အပေါ် ပြည်သူက အပ်နှင်းထားသော တာဝန်ကြောင့်ဖြစ်သည်။

ပုံလေသည့်ငှက်ခါး နောက်လာမှသိ

www.burmeseclassic.com

www.burmeseclassic.com

မည်ဆိုပြီး စောင့်နေ၍ကမဖြစ်။ ရှာဆုံးလျှင် လမ်းတော့တွေ့မည်ဟုသာ ဆုံးဖြတ်ချက်ချပြီး သူ၏ရှာပုံတော်ခရီးအတွက် သတင်းအချက်အလက်များ ရနိုင်သရွေ့ စုဆောင်းရင်း အတွေ့အကြုံ မရင့်ကျက်သေးသူ အမှုစစ် ဒုရဲအုပ် မင်းကိုထွေးမှာ အမှုနှင့်ပတ်သက်ပြီး တရားခံဖမ်းဆီးရမိနိုင်ရေးအတွက် သူ့အားညွှန်ကြားခဲ့သည့် စခန်းမှူး၏ စကားများကို ပြန်လည်ကြားယောင်နေမိသည်။

"မင်းအခု စုံထောက်စစ်ဆေးနေတဲ့ ဆင်ဖြူတော်ရွှေဆိုင်က ခိုးယူပျောက်ဆုံးသွားတဲ့ ရွှေထည်တွေ ပြန်ရနိုင်ဖို့အတွက် အဓိကပစ်မှတ်ဖြစ်တဲ့ ဇော်မင်းထွန်း ဘယ်မှာအောင်းနေသလဲ ဆိုတဲ့ကိစ္စကို စဉ်းစားရမယ်၊ မင်းစိတ်ထဲမှာ အာရုံတွေ ဝေဝါးမနေနဲ့တော့၊ မင်းရတဲ့သတင်းအတိုင်းပြောမယ်၊ ဇော်မင်းထွန်းဟာ သူ့ကောင်မလေးနဲ့အတူ ပျောက်နေတာနော်၊ မင်းကိုယ်မင်း ဇော်မင်းထွန်းရဲ့နေရာမှာ ခဏဝင်ကြည့်လိုက်စမ်း၊ လက်ထဲမှာ ရေလျှံနေတဲ့ ကြင်စဦးဖနီးမောင်နှံ ပျားရည်ဆမ်းခရီးထွက်မယ်ဆိုရင် ဘယ်နေရာကို ရွေးမှာလဲ၊ သေသေချာချာ စဉ်းစားလိုက်ပါ၊ အဖြေတွေ့လိမ့်မယ် ကြားလား၊ အဲ့ဒီ ရတဲ့အဖြေအတိုင်းသာ ဆက်လုပ်၊ မိုးလေဝသသတင်းစကားအတိုင်းပြောမယ်ကွာ၊ ရာနှုန်းပြည့်ပဲ"

"ကြင်စဦး ဖနီးမောင်နှံရဲ့ ပျားရည်ဆမ်းခရီးက နှစ်ယောက်တည်း"

ဒုရဲအုပ် မင်းကိုထွေးသည် စခန်းမှူး ပြောသွားသော စကားများအား ပြန်လည်တွေးတောနေရင်း အသိတစ်ခု ရသွားခဲ့သည်။ ရန်ကုန်ရောက်လျှင်



ဘယ်ခရီးကို ဆက်ကြမည်နည်း။ ဒုရဲအုပ် မင်းကိုထွေး မသိမသာ ပြုံးလိုက်မိရင်း သူ့ရင်ထဲတွင် မှတ်ချက်ချလိုက်သည်။ ချောင်းသာ၊ သို့မဟုတ် ငပလီဆိုသောခရီးက သေချာနိုင်သည်။

သူ့အတွေးဆုံးသွားသည်နှင့် အချိန်ဆွဲမနေတော့ပါ။ ပစ္စည်းပျောက်ကြော်ငြာနှင့်အတူ ဇော်မင်းထွန်းနှင့် စိုးစိုးအေးတို့၏ပုံစံနှင့် အမှုဖြစ်စဉ်အကျဉ်းချုပ်တို့ကို ပူးတွဲလျက် တရားခံအားကူညီဖမ်းဆီးပေးရန် အကြောင်းကြားစာများအား သံတွဲနှင့် ချောင်းသာရဲစခန်းများသို့ မှတ်ပုံတင်ဖြင့် ပေးပို့ခဲ့သည်။

တစ်ဆက်တည်းမှာပင် နေပြည်တော်မှ ပြောင်းရွှေ့သွားပြီး ချောင်းသာရဲစခန်းသို့ ရောက်ရှိတာဝန်ထမ်းဆောင်

သူတို့၏
ဘဝများအတွက်
အရာရာကို
ဖြည့်စွမ်းပေးနိုင်မည့်
ငွေနှင့်ရွှေထည်တွေ
ရှိနေသည်ဖြစ်၍
တူနှစ်ကိုယ်
တဲအိုပျက်မှာ
နေစရာမလိုတော့ပေ။
ရွှေဘုံပေါ်မှာ
စံရမည့်ကိန်း
ဆိုက်နေပြီမို့
...

www.burmeseclassic.com

www.burmeseclassic.com



နေသော သူငယ်ချင်းဖြစ်သူ ဒုရဲအုပ် နေဝင်းအောင်ထံ ဖုန်းဖြင့်သတင်းပေး ဆက်သွယ်ထားခဲ့လေသည်။

+++

"တီ.....တီ.....တီ"

တာဝန်မှူးစားပွဲရှိ တယ်လီဖုန်းဆီမှ လူခေါ်ခေါင်းလောင်းသံက အဆက်မပြတ် မြည်သံပေးနေ၍ အမှုများထိုင်ရေးနေသော တာဝန်မှူး ဒုရဲအုပ် မင်းကိုထွေးမှာ ဖုန်းခွက်ကိုမ,၍ နားထောင်လိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ၊ နေပြည်တော် ပျဉ်းမနားရဲစခန်းက တာဝန်မှူး ဒုရဲအုပ် မင်းကိုထွေးပါခင်ဗျာ"

"အေး မင်းနဲ့တွေ့ချင်နေတာ၊ အတော်ပဲ၊ ငါ နေဝင်းအောင်ပါ၊ ချောင်းသာကနေ ပြောနေတာ၊ မင်းအကြောင်းကြားထားတဲ့ ပစ်မှတ်နှစ်ခုစလုံး ငါ့ဆီရောက်နေပြီ၊ ဇော်မင်းထွန်းနဲ့ စိုးစိုးအေးလေ၊ ငါ မင်းဆီက (ပ) နံပါတ်နဲ့ ချုပ်မိန့်ရမန်ယူထားတယ်"

"ဟာ.....ကျေးဇူးပဲ သူငယ်ချင်းရေ၊ စခန်းမှူးကို တင်ပြပြီး အမြန်လာနိုင်အောင် စီစဉ်လိုက်မယ်"

ဒုရဲအုပ် မင်းကိုထွေး၏ရင်ထဲတွင် မိမိလက်ဝယ်မှ ပျောက်ဆုံးသွားခဲ့သည့် တန်ဖိုးကြီးမားလှသည့် ပစ္စည်းများ ပြန်လည်ရရှိသော ပစ္စည်းပိုင်ရှင်တစ်ဦး၏ ဝမ်းသာပျော်ရွှင်မှုမျိုး ခံစားခဲ့မိသည်။

စခန်းမှူးထံ ရရှိသတင်းအပြည့်အစုံ တင်ပြခဲ့သောအခါ စခန်းမှူးမှာ အားပါးတရ ကျေနပ်မှုများဖြင့် သူပါ ချောင်းသာသို့လိုက်မည့်အကြောင်း ပြောကြားရင်း ခရီးသွားလာခွင့်အမိန့် တောင်းခံရန် စီစဉ်သွန်ကြားလေသည်။

နောက်သုံးရက်ခန့်တွင် စခန်းမှူး ရဲအုပ် အောင်သန်းနှင့် အမှုစစ် ဒုရဲအုပ် မင်းကိုထွေးတို့အဖွဲ့ ချောင်းသာရဲစခန်းသို့ ရောက်ရှိလာသည်နှင့် ဖုန်းသတင်းရရှိထားသော ဒုရဲအုပ် နေဝင်းအောင်က အသင့်စောင့်ကြိုနေသည်။ သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ကြသည်မို့ အားရပါးရ ဖက်လဲတကင်း နှုတ်ဆက်ကြရင်း သူတို့အလိုရှိနေသော ဇော်မင်းထွန်းနှင့် စိုးစိုးအေးတို့အား ဖမ်းဆီးရမိခဲ့ပုံကို ရှင်းပြပြီး သူတို့ထံမှ သိမ်းဆည်းထားသည့် ပစ္စည်းအချို့ကို ပေးအပ်ခဲ့သည်။

စခန်းမှူးနှင့် ဒုရဲအုပ် မင်းကိုထွေးတို့က ဇော်မင်းထွန်းကို စစ်မေးကြ၏။ ဦးခေါင်းကိုငုံ့ထားသော ဇော်မင်းထွန်းက ဆင်ဖြူတော်ရွှေဆိုင်မှ ရွှေထည်များအား တစ်ယောက်တည်း ခိုးယူခဲ့ပုံ၊ ပစ္စည်းအချို့အား ထုခွဲရောင်းချခဲ့ပုံတို့ကို မခြွင်းမချန် အစစ်ခံခဲ့သည်။

ခိုးရာပါပစ္စည်း ရောင်းချရာမှ ရရှိငွေများဖြင့် သူနှင့်စိုးစိုးအေးတို့ ချောင်းသာဘက်သို့ အပျော်ခရီးထွက်ခဲ့ရင်း ပုသိမ်မှ ဆိုင်ကယ်တစ်စီး ဝယ်စီးခဲ့သည့်အကြောင်း အပြည့်အစုံ ဖွင့်ဟခဲ့သည်။

၂-၇-၂၀၁၀ ရက်နေ့ညတွင် ဆင်ဖြူတော် ရွှေဆိုင်၏ ဗီရိုအံဝှက်ထဲရှိ ရွှေထည်များအား သူတစ်ဦးတည်း ဝင်ခိုးခဲ့ကြောင်း၊ ထိုဆိုင်တွင် အလုပ်လုပ်ဖူးသောကြောင့် သူ့အတွက်အခက်အခဲမရှိကြောင်း၊ ပစ္စည်းနေရာ တပ်အပ်သိနေသဖြင့် လွယ်ကူစွာ ယူဆောင်နိုင်ခဲ့ကြောင်း၊ ပစ္စည်းများရသည်နှင့် သူ၏ချစ်သူ စိုးစိုးအေးကိုပါ တစ်ပါတည်း ခိုးခဲ့ကြောင်း၊ ရွှေထည် (၁၁)ကျပ်သားကျော်ခန့်ကို သဃ်န်းကျွန်းမြို့နယ်ရှိ ရွှေချွတ်လုပ်ငန်းဆိုင်၌ အခေါက်ရွှေအဖြစ် သန့်စင်ခဲ့ကြောင်း၊ အလေးချိန် (၉) ကျပ်သားကျော်ရှိ လေးထောင့်ပုံ ရွှေတုံးရရှိခဲ့၍ ပန်းဘဲတန်းမြို့နယ်ထဲမှ ရွှေဆိုင်တွင် ရောင်းခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ထို့နောက် ဆက်လက်၍ အချို့ရွှေထည်များအား တာမွေ၊ တောင်ငူ၊ တောင်ဒဂုံ၊ မြောက်ဥက္ကလာပ အစရှိသော ရွှေဆိုင်များတွင် ရောင်းထားခဲ့ပြီး ယခု ချောင်းသာရဲစခန်းတွင် ၎င်းထံမှ သိမ်းယူထားသော ရွှေချိန် (၃) ကျပ်သားကျော် ဟန်းချိန်း၊ ဆွဲကြိုး (၁) ကုံး၊ ပေါက်စီနားကပ်(၁)ရန်၊ ဆန့်ွင်းမကင်းပုံ နားကပ် (၁)ရန်၊ ပန်းပွင့်ပုံ ကျောက်ဖြူလော့ကက် (၁)ခု၊ စွန်ကြယ်ပုံ ဆောက်ဖြတ်နားကပ် (၁)ရန်နှင့် ပုံလောင်းလက်စွပ် (၁)ကွင်း၊ ကျောက်နီအတန်းလက်စွပ် (၂)ကွင်းအပါအဝင် ငွေကျပ် တစ်သိန်းခြောက်သောင်းကျော်မှာ ၎င်းခိုးယူထားသည့် ပစ္စည်းလက်ကျန်နှင့် ရောင်းရငွေလက်ကျန်ဖြစ်ကြောင်းနှင့် လော့ဂျာ ၁၁၀ ဆိုင်ကယ်မှာ ရွှေရောင်းရငွေနှင့် ဝယ်ထားခြင်းဖြစ်ကြောင်း စေ့စုံစွာ ထွက်ဆိုအစစ်ခံသွားခဲ့သည်။

စခန်းမှူး ရဲအုပ် အောင်သန်းနှင့် ဒုရဲအုပ် မင်းကိုထွေးတို့နှစ်ဦး၏ ပြည်တော်ပြန်ခရီးစဉ်တွင် ကြင်စဦးဇနီးမောင်နှံ ဇော်မင်းထွန်းနှင့် စိုးစိုးအေးတို့ကို တစ်ပါတည်း ခေါ်ယူခဲ့၏။

အပြန်လမ်းတစ်လျှောက် ၎င်းတို့ ရောင်းချသွားခဲ့သော နေရာအနှံ့မှ ရွှေထည်များအား ကောက်သိမ်းကောက်

www.burmeseclassic.com

www.burmeseclassic.com

သလို သိမ်းယူနိုင်ခဲ့သည်။ အမှုစစ် ဒု ရဲအုပ် မင်းကိုထွေးအဖို့တော့ သူတို့ အပတ်တကုတ် ကြိုးစားဖော်ထုတ်ခဲ့ရသည့် နေပြည်တော် ပျဉ်းမနားမြို့၊ ဆင်ဖြူတော် ရတနာရွှေဆိုင်မှ ခိုးယူပျောက်ဆုံးခဲ့သည့် သိန်း (၁၀၀)ကျော် ဖောက်ထွင်းခိုးယူခံရမှုအပေါ် ပြစ်မှုကျူးလွန်ခဲ့သူတို့ကို တရားဥပဒေမှ ထိရောက်ဟန့်တားနိုင်လောက်သည့် ပြစ်ဒဏ်ရရှိရေးအတွက် အမှုအား ခိုင်မာစွာ တည်ဆောက်ခဲ့သည်။ စခန်းမှူး ရဲအုပ် အောင်သန်း၏ ညွှန်ကြားချက်များအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိခဲ့ရတော့သည်။

**ပြစ်မှုကျူးလွန်ခဲ့စဉ်က မည်သူတစ်ဦးတစ်ယောက်ကမျှ မြင်တွေ့နိုင်စွမ်းမရှိခဲ့ သည်မို့ သူ၏အောင်မြင်မှုအတွက် ဂုဏ်ယူနေခဲ့ မိသော်လည်း လက်တွေ့တွင် "မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ" ဟူသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဆောင်ပုဒ်အား သူကဲ့သို့ ပြစ်မှုကျူးလွန်ရန် ကြံစည်ကြိုးစားနေကြသူများ သဘောပေါက် နားလည်စေချင်လှပါတော့ ...**

+++



ရဲအချုပ်ထဲ ရောက်နေသည့် ဇော်မင်းထွန်းက ချစ်ခရီး၏ နွေးထွေးနေဆဲ အတိတ်ကာလ ပုံရိပ်များကို ပြန်လည်မြင်ယောင်နေမိ၏။

လော့ဂျာ ၁၁၀ ဆိုင်ကယ်လေးမှာ ပုသိမ်–ချောင်းသာ ကားလမ်းအတိုင်း သူ့သခင် ကြင်စဦးချစ်သူနှစ်ယောက်၏ ပျားရည်ဆမ်းခရီးအတွက် မမောမပန်းဘဲ လေအဟုန်ကိုခွင်း၍ တာဝန်ကျေပွန်စွာ ပါရမီဖြည့်နေခဲ့၏။ ကားလမ်း၏ ဝဲယာတစ်လျှောက် တရိပ်ရိပ်ဖြင့် ဝေး၍ကျန်ရစ်ကြသည့် ရွာအချို့၊ သစ်ပင်အချို့နှင့် လယ်ယာမြေများတို့က ချစ်သူနှစ်ဦးအား လျှပ်တစ်ပြက် လက်ပြနှုတ်ဆက်ကျန်ခဲ့ကြသည်။

"ကိုရယ်.....စိုးလေ ကို့ကိုသိပ်ချစ်မိလို့ လိုက်ခဲ့တာနော်၊ စိုးနဲ့ကို အခုလိုမျိုး နှစ်ယောက်တစ်ဘဝကို အမြဲတမ်း ပိုင်ဆိုင်ခွင့်လေး ရနိုင်ပါစေလို့ ဆုတောင်းပါတယ် ကို"

သူ့ခါးကို တင်းကျပ်စွာ ဖက်တွယ်ထားရင်း နောက်ပါးမှာထိုင်လာတဲ့ ချစ်ရသူ စိုးစိုးအေးဆိုသည့် ကောင်မလေးက သူ့ပါးပြင်အနီး ပါးချင်းကပ်၍ ပြောလာသည့် အကြင်နာစကားသံ ညင်းညင်းသဲ့သဲ့က သူ့ရင်အစုံကို နွေးထွေးစေခဲ့တာမို့ ဆိုင်ကယ်လီဗာအား လျှော့ချလိုက်ရင်း ဇော်မင်းထွန်းက ပြန်ပြောခဲ့သည်။

"ကိုလည်း စိုးလိုပဲ ခံစားရပါတယ် အချစ်ရယ်၊ ကိုနဲ့စိုးတို့ရဲ့ ဘဝရှေ့ရေးက ပူပန်စရာမလိုတော့ဘူး မဟုတ်လား၊ အနာဂတ်မှာ သစ္စာနဲ့ မေတ္တာကို ပေါင်းစပ်ပြီး ခိုင်မာတဲ့ချစ်စံအိမ်လေး တည်ဆောက်ကြမယ် အချစ်ရယ်"

www.burmeseclassic.com

www.burmeseclassic.com


ချစ်ရသူ ကြင်စဦးဇနီးမောင်နှံအတွက် ကြင်နာစကားသံလေးတွေကို အဆုံးသတ်၍ ရပ်တန့်သွားစေသည်က ပင်လယ်လှိုင်းပုတ်သံတို့ဖြစ်သည်။ ခဏအကြာ ပင်လယ်ပြာနှင့် ဘန်ဂလိုအဆောက်အအုံများ၊ အုန်းပင်များတို့က သူတို့ကို ကြိုဆိုနေကြပြီဖြစ်၍ သူတို့နှစ်ဦးအတွက် လုံးချင်းတည်းခိုဆောင်လေးတစ်ခု ငှားရမ်းခဲ့ကြသည်။

အဆင့်မြင့်အိပ်ခန်း၊ ဧည့်ခန်းပါသော လုံးချင်းအဆောင်လေး၏ပြတင်းတံခါးမှ ပင်လယ်လေအား တစ်ဝကြီးရှူရှိုက်ကြရင်း တစ်ဦးနှင့်တစ်ဦး ဝေးကွာလွင့်စဉ်သွားမှာစိုးသည့်အလား ပူးကပ်စွာ ရှိနေကြသည်။



စိုးစိုးအေးမှာ ဇော်မင်းထွန်း၏ပခုံးထက်တွင် သူမ၏ ဦးခေါင်းလေးကိုတင်၍ တီတီတာတာ ခွန်းချိုနေခဲ့သည်။ ဖွဲဖွဲမှုံကျဲနေသည့် မိုးစက်ကန့်လန့်ကာ၏နောက်ကွယ်ရှိ ပင်လယ်လှိုင်းတို့၏ ပုတ်ခတ်သံတို့မှာ နရီစည်းဝါး ကိုက်ညီစွာ သူတို့နှစ်ဦးသားကို ကြိုဆို နှုတ်ဆက်နေကြသည်။

သူတို့၏ဘဝများအတွက် အရာရာကို ဖြည့်စွမ်းပေးနိုင်မည့် ငွေနှင့်ရွှေထည်တွေရှိနေသည်ဖြစ်၍ တူနှစ်ကိုယ်တဲအိုပျက်မှာ နေစရာမလိုတော့ပေ။ ရွှေဘုံပေါ်မှာ စံရမည့်ကိန်း ဆိုက်နေပြီမို့ အိပ်မက်လှလှလေးတွေအား ဇော်မင်းထွန်းနှင့် စိုးစိုးအေးတို့ ပြိုင်တူမက်နေခဲ့ကြရသည်။

+++

"ဒေါင်.....ဒေါင်"

နေပြည်တော် ပျဉ်းမနားရဲစခန်း၏ အချုပ်ကင်းပေါ်မှ ကျယ်လောင်စွာမြည်ဟည်းလာသည့် သံချောင်းခေါက်သံ နှစ်ချက်က တရားခံ ဇော်မင်းထွန်းအား အတွေးအိပ်မက်ထဲမှ လှန့်နှိုးလိုက်လေသည်။

မနက်ဖြန်တွင် သူ့အမှုအား စီရင်ချက် အမိန့်ချမှတ်မည်ဖြစ်၍ အတွေးနယ်ချဲ့ရင်းနှင့် နံနက် (၂) နာရီထိုးသည့်တိုင် အိပ်မပျော်နိုင်အောင်ဖြစ်ခဲ့ရသည်။

သူ့နည်းတူပင် အမျိုးသမီးအချုပ်တွင် ရောက်ရှိနေသော ချစ်ရသူ စိုးစိုးအေးတစ်ယောက်လည်း ခံစားနေရမည်ကို တွေးတောမိခြင်းကြောင့် ရင်မှာနာကျင်မိသည်။ သူတို့ချစ်သူနှစ်ဦး စိတ်ကူးဖြင့် တည်ဆောက်ခဲ့သော ချစ်စံအိမ်လေး ပြိုကွဲပျက်စီးခဲ့ရပြီကော။ သူ့အဖို့ ကျူးလွန်ခဲ့မိသော ပြစ်မှု၏ အတိုင်းအတာနှင့် ညီမျှသည့် ဥပဒေချိန်ခွင်လျှာပေါ်က အပြစ်ဒဏ်တို့အား ချစ်ရသူ စိုးစိုးအေးတို့ပါ ပါရမီဖြည့်လျက် ရင်ဆိုင်ဖြေရှင်းကြရပေတော့မည်မှာ မလွဲတော့ပေ။

မိမိအပေါ် ကျေးဇူးတရား ရှိခဲ့သည့် ထမင်းရှင်အပေါ် ကျေးဇူးသိခဲ့ဘဲ မိမိဘဝ ပြည့်စုံမှုတစ်ခုတည်းကို

www.burmeseclassic.com

www.burmeseclassic.com



## မကောင်းမှု
## ဟူသည်
## ဆိတ်ကွယ်ရာမရှိ
## ဟူသော
## ဆောင်ပုဒ်အား

. . .

သာ မျက်စိစုံမှိတ်၍ မိုက်မဲစွာ ကျေးဇူးကန်းကာ ပြစ်မှုကျူးလွန်မိခြင်းအပေါ် နောင်တကြီးမားစွာ ရရှိခဲ့၏။ အချိန်နှောင်းပြီးမှ ရရှိခဲ့သော သူ၏နောင်တများမှာ များစွာနောက်ကျခဲ့ပြီး သူ့အပေါ် ကယ်တင်နိုင်စွမ်း မရှိတော့ကြောင်း ဇော်မင်းထွန်းတစ်ယောက် ကောင်းစွာနားလည်ခဲ့ပြီဖြစ်သည်။

ပြစ်မှုကျူးလွန်ခဲ့စဉ်က မည်သူတစ်စုံတစ်ယောက်ကမျှ မြင်တွေ့နိုင်စွမ်း မရှိခဲ့သည်မို့ သူ၏အောင်မြင်မှုအတွက် ဂုဏ်ယူနေခဲ့မိသော်လည်း လက်တွေ့တွင် "မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ" ဟူသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ပုဒ်အား သူကဲ့သို့ ရာဇဝတ်မှု ကျူးလွန်ခဲ့ဖူးသူများနှင့် ပြစ်မှုကျူးလွန်ရန် ကြံစည်ကြိုးစားနေကြသူများတို့ကို သဘောပေါက် နားလည်စေချင်လှပါဘိ။

နံနက်မိုးသောက်သည်နှင့် သူကျူးလွန်ခဲ့သော မကောင်းမှုဒုစရိုက်၏ တန်ပြန်သက်ရောက်မှု မိုးသက်မုန်တိုင်းတို့မှာ သူနှင့်အတူ ချစ်ရသော စိုးစိုးအေးတို့၏ဘဝများအတွင်းသို့ ထဲဝင်ဝင် ရောက်ရှိလာကြတော့မည်သာဖြစ်သည်။ လက်တွေ့ဘဝတွင်ကား ရွှေဘုံပေါ်မှာ မစံရတော့ဘဲ နရသိန်မှာ စံကြရတော့မည်သာ ဖြစ်ပါတော့သည်။

**ဝန်ခံချက်။ ။ နေပြည်တော် ပျဉ်းမနား ရဲစခန်း၏ (ပ) ၃၃၅/၂၀၁၀၊ ပြစ်မှုပုဒ်မ ၃၈၀ အမှုကို ကာယကံရှင်၏ အမည်နာမများ ပြောင်းလဲ၍ မှုရင်းမပျက် ခံစားရေးဖွဲ့ပါ သည်။**

**အောင်ရဲကျော် (မှူခင်း)**

www.burmeseclassic.com

www.burmeseclassic.com

စ

# ဘယဆေး နှင့် ဘယဆေးအမှုန့်ဆိုင်

SANDHI

## အရောင်းအဝယ်သည် ``သဘာဝ''
## ဆေးစစ်ဆေးမှန်အာနိသင်
## ထက်မြက်ရေးသည် ``အဓိက''

အမှတ် - ၂၃၈/၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၅၁၈၁၆၊ ၂၅၁၈၁၇၊ ၃၈၀၄၀၄၊ ၃၈၀၄၀၅

လက္ကားဆိုင် လိုင်းခွဲ- ၁၂၃၊ ၁၂၄၊ ကုန်ကြမ်းဆိုင်လက်လီ လိုင်းခွဲ- ၁၁၈

အမှုန့်ဆိုင် လိုင်းခွဲ - ၁၁၂၊ ၁၁၄

www.burmeseclassic.com

www.burmeseclassic.com





# တိုးမြင့်

## ပန်းစွယ်တော် လွှမ်းသော်မှတည့်



www.burmeseclassic.com

ကရဝိက်နန်းတော်မှာ နံနက် ၉ နာရီမှ ၁၁ နာရီအထိ မင်္ဂလာအခမ်းအနား ကျင်းပနေပါတယ်။ နှစ်ဖက်မိဘဆွေမျိုးများ စုံစုံညီညီပါ။ အပေါင်းအသင်းမိတ်ဆွေများကိုလည်း မလွတ်တမ်း ဖိတ်ကြားထားလို့ မပျက်မကွက်လာရောက်ကြပါတယ်။ မင်္ဂလာအခမ်းအနားအစီအစဉ်မှာ စနစ်တကျရှိလှတယ်။ အကျွေးအမွေးကလည်း ကောင်းပါတယ်။ သတို့သား ကြဲတိုင်းအောင်က သတို့သမီး သောင်းဆုကြည်ရဲ့လက်ကို မဖြုတ်တမ်း တွဲချိတ်ထားပါတယ်။ သတို့သားရဲ့ မျက်လုံးကလည်း သောင်းဆုကြည်မျက်နှာပေါ်ကမခွာ။ သောင်းဆုကြည်မှာလည်း နတ်သမီးလေးတမျှ ချောလှနေတယ်။

သေးသွယ်သောခါး၊ ရှည်လျားသောအရပ်၊ ဖြူဝင်းသော အသားအရေတို့ကို ပိုင်ဆိုင်ထားတဲ့ သောင်းဆုကြည်မှာ အထုအဆစ်ကောင်းလှတဲ့ ပန်းပုရုပ်လေးနဲ့လည်း တူနေပါတယ်။

အဖြူဝတ်စုံ ဝတ်ထားသော သတို့သမီးလေးအား ကြဲတိုင်းအောင်က အစက သတိမထားမိခဲ့တဲ့အလှကို တွေ့နေရတာကြောင့် မလွတ်တမ်း လက်တွဲလျက် နိုင်နိုင်မြဲမြဲ ဆုပ်ကိုင်နေခြင်းလည်းဖြစ်ပါတယ်။

"သံသာကမ်းတိုင်××တူပြိုင်ကူးမယ်လေ××ဆုထူးကို××မောင်မယ်...."

မြန်မာ့အသံ ခေတ်ပေါ်တေးဂီတဝိုင်းမှ မင်္ဂလာစုံတွဲတေးသီချင်းများကို တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုဖျော်ဖြေနေပါတယ်။ နိုင်ငံကျော် အနုပညာရှင် ဂီတသမားများက အစွမ်းကုန် ဖျော်ဖြေနေကြတယ်။ ကြဲတိုင်းအောင်ဘက်မှ မိဘဆွေမျိုးများ စုံစုံလင်လင်လာပါတယ်။ အညာမှ အသိမိတ်ဆွေများလည်းလာရောက်ကြပါတယ်။

"တူနှစ်ကိုယ်××××တဲအိုပျက်မှာနေရ××××ရွှေဘုံပေါ်မှာစံရ××××ချစ်တာ××××ချစ်တာပဓာနလို့××××ဆိုချင်တယ်မောင်ရယ်××××အခုလည်းချစ်ရတယ်××××နောင်လည်းချစ်ကြပါစို့မောင်ရယ်....."

သောင်းဆုကြည်ဘက်မှ မိဘဆွေမျိုးအသိုင်းအဝိုင်းဧည့်သည်များရဲ့ အရေအတွက်က သုံးဆမကပိုပါတယ်။ ရန်ကုန်မြို့ခံလူများပါ။ စီးပွားရေးအသိုင်းအဝိုင်းကလည်းပါတယ်။ ချမ်းသာတဲ့သူ၊ ဂုဏ်ထူး၊ ရာထူးဌာနန္တရရှိသူများဖြစ်ပါတယ်။ ကရဝိက်နန်းတော်မှာ ဥတ္တရဆောင်၊ ဒက္ခိဏဆောင် နှစ်ဆောင်လုံး ဧည့်သည်တွေနဲ့ ပြည့်သွားပါပြီ။

"မောင်×××ရှေ့ကိုတည့်တည့်လျှောက်မယ်လေ××××မေလည်းတည့်တည့်လိုက်ကာ××××လျှောက်မယ်မောင်ရေ××××"

စုံတွဲတေးများကား သာယာငြိမ့်ညောင်းလှပါတယ်။ သတို့သမီး သတို့သားတို့မှာလည်း အပြုံးပန်းများ ဝေလျက်ရှိနေပါတယ်။

မင်္ဂလာအခမ်းအနား ဘိသိက်သွန်းဆောင်ရွက်ပါတယ်။ ပရိသတ်များပြားတာကြောင့် ညှော်ခံကျွေးမွေးမှုအတွက် အချိန်ကို ခွဲခြားဖိတ်ကြားထားတာပါ။ သို့တိုင်အောင် ကားပါကင်နေရာချမှု အလုအယက်ဖြစ်နေသေးတယ်။

တစ်ဖန် လူပျိုညခေါ် ညစာစားပွဲကို ကရဝိက်နန်းတော်၊ ဒက္ခိဏဆောင်မှာပဲ ပြန်လည်ကျင်းပပါတယ်။ ချစ်ခင်သော အပေါင်းအသင်းများ ပျော်ရွှင်မဆုံးကြပါ။ သတို့သမီးရဲ့မိဘများက သိန်းပေါင်းများစွာ အကုန်အကျခံ ဆောင်ရွက်ပေးခြင်းကို သတို့သားဘက်က ဆွေမျိုးများက ကျေးဇူးတင်မဆုံး ဖြစ်နေကြတယ်။

မင်္ဂလာဧည့်ခံပွဲပြီးနောက် ရက်သတ္တ တစ်ပတ်အကြာ သောင်းဆုကြည်က ဟန်းနီးမွန်းခရီးသွားချင်တယ်လို့ ဖခင်ထံ ခွင့်တောင်းပါတယ်။ ဖခင်ရော၊ မိခင်ပါ တစ်ဦးတည်းသော ချစ်သမီးလေးကို ဝေးဝေးလံလံ ဘယ်မှ မသွားစေလိုပါ။ ရန်ကုန်မှာပဲ လည်ပတ်စေချင်ကြတယ်။

"သမီးတို့အတွက် ကားအသစ်တစ်စီးလည်း မေမေတို့ လက်ဖွဲ့ပေးထားတာပဲအေ၊ ကိုယ့်ဒေသအနီးတစ်ဝိုက်ပဲ လျှောက်လည်ကြပေါ့၊ အခုဟာက တောင်ကြီးဆိုတော့....."

"မေမေရယ် သမီးရဲ့ ငယ်ငယ်တုန်းကတည်းက အိပ်မက်တစ်ခုမို့လို့ပါ၊ ဖေဖေက သမီးကို ချစ်တယ်ဆိုပြီး ပြောပြောနေခဲ့တယ်၊ အခု မေမေခွင့်ပေးအောင် ပြောပေးဦးလေ"

နောက်ဆုံး ဖခင်၊ မိခင်တို့ကိုယ်တိုင် ရွှေညောင်ရထား အထူးတန်းတွဲလက်မှတ် စီစဉ်ပေးရှာတော့တယ်။


www.burmeseclassic.com

www.burmeseclassic.com

သောင်းဆုကြည်ဟာ အခု အသက် (၂၃)နှစ်ရှိလာသည့်တိုင် မိဘနဲ့ဝေးတဲ့ နေရာကို တစ်ခါမျှ ခွဲမသွားဖူးပါ။ ခင်ပွန်းရကာမှ စွန့်စားခန်းတစ်ခုအနေနဲ့ သွားလိုခြင်းပါ။ မီးရထားမှာ အိပ်ခန်းတွဲမပါသော်လည်း အထူးတန်းတွဲမှာ ပျော်စရာ၊ စိတ်ဝင်စားစရာများ တွေ့ရပါတယ်။

"ကိုကို ပျော်ရဲ့လား၊ သောင်းဆု အတွက်က အားလုံးအသစ်အဆန်း ချည်းပဲလေ"

"ပျော်တာပေါ့၊ ဇနီးအသစ်လေးနဲ့ပဲဟာ၊ ဆုက အခုမှ လောကကြီးထဲ ထွက်ဖူးတာမို့ မြင်မြင်သမျှ လှပနေတာပေါ့ကွယ်"



ထိုင်ခုံချင်းယှဉ်ထိုင်ပြီး မောင်နှင့်မယ် ကြည်နူးလာခဲ့ကြရာ သောင်းဆုကြည်က ကြဲတိုင်းအောင်ကို စကားအရှည်ကြီး ပြောခိုင်းခဲ့တယ်။

"ဘာပြောရမှာလဲ ဆုရယ်"

"ဘာပဲဖြစ်ဖြစ် ကိုကိုပြောတာကို နားထောင်မယ်"

ကြဲတိုင်းအောင်က အတန်ကြာ စဉ်းစားပြီးမှ သူတို့နှစ်ဦး ငယ်စဉ်ဘဝကစပြီး ချစ်ကြိုးသွယ်ခဲ့တဲ့အကြောင်းတွေကို ပြောလို့မငြီးငွေ့နိုင်ဘဲ စားမြုံ့ပြန် ပြောဆိုပါတော့တယ်။

***

သူတို့နှစ်ဦးစလုံး မင်္ဂလာတောင်ညွန့်၊ အထက (၁)မှာ ၉ တန်း၊ ၁၀ တန်း နှစ်နှစ်လုံး တစ်တန်းတည်း ကျောင်းတက်ခဲ့ကြတယ်။ ကြဲတိုင်းအောင်က ၉ တန်း (ဘီ)၊ သောင်းဆုကြည်ကလည်း ၉ တန်း (ဘီ)ဖြစ်ပါတယ်။ ၁၀ တန်းတက်တဲ့အခါ အတန်းများခွဲလိုက်ပေမယ့် ၁၀ တန်း (အေ)မှာ အတူတူ။ အထက (၁)ကျောင်းက သိမ်ဖြူလမ်း၊ ဒေါ်သိန်းတင်လမ်း၊ မြယာကုန်းလမ်းစတဲ့ လမ်းငါးခွဆုံ မီးပွိုင့်အနီးမှာရှိပါတယ်။

"ကြဲအောင် မင်းနဲ့ သောင်းဆုကြည်နဲ့ ကြိုက်နေတာမဟုတ်လား၊ ငါတွေ့တယ်နော်"

"ရဲကျော်ဦး၊ တော်၊ မင်းကြိုက်ပါလား၊ အဲဒါမှ မင်းပါပိပြီးသေမှာ"

ကြဲတိုင်းအောင်ကို ရဲကျော်ဦးက နောက်ပြောင်ရာ မခံနိုင်သူ ကြဲတိုင်းအောင်က ပြန်ပြောခဲ့တယ်။

သောင်းဆုကြည်ဟာ မျက်နှာလေးလှသလောက် ခန္ဓာကိုယ်မှာ အဆမတန် ဝဖြိုးနေသူလေးပါ။ မော်ဒယ်လ်ခေတ်တစ်ခေတ်သို့ မရောက်သေးတဲ့ ခေတ်ကာလတစ်ခုဖြစ်ပေမယ့်လည်း ယနေ့ ကမ္ဘာမှာ အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများနဲ့ သိပ္ပံပညာ၊ ကျန်းမာရေးသတင်းများ အလွန်တိုးတက်ချိန် ဖြစ်နေပါပြီ။ ကျန်းမာရေးသုတေသနလုပ်ငန်းများ အစဉ်တစိုက် ပြုလုပ်တိုးတက်မှုရနေသော အချိန်လည်းဖြစ်နေပါပြီ။

သောင်းဆုကြည်က စိတ်ဝင်စားမှုလည်းမရှိ၊ ဘာမျှလည်းမလေ့လာ။ ကျောင်းနှင့်အရပ်ထဲတွင် ချောမောလှပသူများကို အားကျရမှန်းမသိ။ ကိုယ့်ကိုယ်ကိုယ် အချိုးအဆစ်ကျအောင် လှပအောင်လုပ်လိုစိတ် မရှိပါ။ ရည်းစားထားရန်စိတ်လည်း အလျှင်းမရှိ။ ပျော်ပျော်ရွှင်ရွှင် စားစားသောက်သောက် နေထိုင်သူတစ်ဦးပါ။

"မင်းတို့ကိုကြည့်ရတာ တပူးတွဲတွဲနဲ့ ငါထင်တာ ဟုတ်မှာပါ"

"စာကိစ္စပါကွာ၊ သောင်းဆုကြည်က အဆင့်(၂)ရတယ်မဟုတ်လား။ အင်္ဂလိပ်စာ နည်းနည်းလိုနေတာ ငါ့ကပ်မေးနေတာပါ၊ ငါက သူနဲ့ တစ်လမ်းတည်းဆိုတော့ မင်းတို့နဲ့ စာရင် ငါ့ကို တရင်းတနှီးရှိတယ်၊ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ သောင်းဆုကြည်ကို Essay ပဲရေးတာ၊ တွေးတာ ငါပြောပြတာပါ၊ တခြားဘာမှမဟုတ်ပါဘူး၊ မင်းကြိုက်ရင် ငါ ပြောပေးလို့ရတယ်၊ စိတ်ကူးမယဉ်နဲ့၊ သူဌေးသမီးကွ၊ တစ်ဦးတည်းသောသမီး၊ ကြားလား ရဲကျော်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိစ္စ ကိုယ်သာရှင်းပါ သူငယ်ချင်းရာ"

စာသင်ကျောင်းအနီး၊ မဆလာကားမှတ်တိုင်ရဲ့ တောင်ဘက်က လက်ဖက်ရည်ဆိုင်မှာ စားသောက်ကြရင်း ကြံတိုင်းအောင်နဲ့ ရဲကျော်ဦးတို့ နောက်ပြောင်ပြောဆိုကြပြီး အသံကျယ်ကျယ် လောင်လောင်ဖြင့် ရယ်မောနေကြပါတယ်၊

***

"ကြံတိုင်းအောင်၊ လာ...တက်၊ အဖေက နင့်ကို ခေါ်ချင်ခေါ်သွားတဲ့၊ လာ"

မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ၁၀၈ လမ်းထဲက ထွက်လာတဲ့ ဂျစ်ကားပေါ်မှ သောင်းဆုကြည်က ကားရပ်ခိုင်းပြီးခေါ်နေခဲ့တယ်။ ကြံတိုင်းအောင်က ခေါင်းယမ်းပြခဲ့တယ်။

"နင်ကလည်း ဘာဖြစ်လို့လဲဟ၊ လာပါဆိုနေမှ"

"ကျေးဇူးတင်ပါတယ် သောင်းဆုကြည်၊ ငါက ကျန်းမာရေးအတွက် လမ်းလျှောက်ပြီး ကျောင်းသွားနေကျမို့ပါ"

"ကြီးကျယ်လိုက်တာ၊ မလိုက်ချင်နေ၊ မောင်း.....ဦးလေး"

"ငါက နင့်လို ဝက်ပုပ်မကြီးမဖြစ်ချင်လို့ ဘုတ်ဆုံမရဲ့"

"အောင်မာ.....သေနာက"

သောင်းဆုကြည် မျက်နှာစူပုတ်သွားတာကို ကြံတိုင်းအောင် လှမ်းတွေ့လိုက်ရတယ်။ လမ်းထဲမှာ သောင်းဆုကြည်က နှစ်ထပ်တိုက်တစ်လုံးမှာ အဖေ၊ အမေနဲ့အတူ နေထိုင်တယ်။ ကြံတိုင်းအောင်မှာ မနှစ်ကမှ လမ်းထိပ်နားတွင် အိမ်ငှားအဖြစ် ရောက်လာသူဖြစ်တယ်။

စာသင်ကျောင်းရောက်တော့ သူတို့နှစ်ဦး မုန့်ဈေးတန်းမှာ တွေ့ကြပြန်တယ်။ ကြံတိုင်းအောင်က မုန့်ကျွေးဖို့ ပြောတယ်။ သောင်းဆုကြည်က နှုတ်ခမ်းစူပြပေမယ့်လည်း ခေါက်ဆွဲသုပ်တစ်ပွဲ ဝယ်ပေးလို့ ကြံတိုင်းအောင် ဝင်စားပါတယ်။ ကျောင်းတက်ခေါင်းလောင်းထိုးတဲ့အခါ သောင်းဆုကြည် က ပိုက်ဆံရှင်းပေးလိုက်တယ်။

နောက်တစ်ရက်ရောက်တဲ့အခါ ၁၀၈ လမ်းထိပ်မှာ တွေ့ကြပြန်တယ်။ သောင်းဆုကြည်က ကြံတိုင်းအောင်ကို ကျောင်းအတူသွားဖို့ ကားရပ်ပြီး ခေါ်သေးတယ်၊

"သောင်းဆုကြည် ငါနဲ့လိုက်ခဲ့ပါလား၊ လမ်းလျှောက်သွားမယ်လေ၊ နင့်ဂျစ်ကား ပြန်လွှတ်လိုက်၊ ငါနဲ့လိုက်ရင် နင့်ဘုတ်ဆုံမဆိုတဲ့နာမည်ပျောက်သွားမယ်"

"ဘာဘုတ်ဆုံမလဲ၊ နင်နော် ခဏခဏ"

"တို့ကျောင်းသားယောကျ်ားလေးတွေက နင့်ကို ဘုတ်ဆုံမလို့ခေါ်တယ်၊ နင်မဟုတ်လို့လား"

"သေနာကောင်တွေ"

သောင်းဆုကြည်က ကားမောင်းသူအား မေးငေါ့ပြလိုက်ရာ ဂျစ်ကားလေးက ဆောင့်ထွက်သွားတယ်။ ကြံတိုင်းအောင် ကျောပိုးအိတ်လေးလွယ်လျက် အမြန်လျှောက်သွားခဲ့တယ်။

ကျောင်းသွားကျောင်းပြန် လမ်းလျှောက်တဲ့အကျိုးကြောင့် ကိုယ်လက်ကြံ့ခိုင်သူတစ်ဦးဖြစ်နေတာပါ။ အရပ်မြင့်မြင့်၊ အသားလတ်လတ်နဲ့မို့ 'မင်းသားလေး'လို့ သူငယ်ချင်းတွေကပြောနေပါတယ်။

နောက်နေ့ကျောင်းသွားချိန် ကြံတိုင်းအောင် ၁၀၈ လမ်းထိပ်၊ ဦးအုန်းခိုင်လမ်းဆုံမှာ သောင်းဆုကြည်ရဲ့ဂျစ်ကားအလာကို မသိမသာ စောင့်နေမိတယ်။ အချိန်တန်ပေမယ့် ဂျစ်ကားစိမ်းစိမ်းလေး ပေါ်မလာ။ သောင်းဆုကြည်တို့အိမ်ဘက်သို့ လှမ်းမျှော်ကြည့်မိပြန်တယ်။ နောက်နားမှ ရယ်သံကြားလိုက်ရလို့ လန့်သွားတယ်။ မိန်းကလေးတစ်ဦးရဲ့ရယ်သံပါလား။

"နင်ငါ့ကို ကြိုက်နေတာမဟုတ်လား၊ ငါ့အလာကို တမင်နင်စောင့်နေတာ ငါသိတယ် ကြံတိုင်းအောင်၊ ဟား.....ဟား"

သောင်းဆုကြည်က ရုတ်တရက် ပြောလိုက်တာပါ။ ရယ်လည်းရယ်နေသေးတယ်။ ကြံတိုင်းအောင် ခိုးစားတာလူမိသလို အံ့အားလည်းသင့်၊ ရှက်လည်းရှက်မိတယ်။

"နင့်ကို ကြိုက်တာတော့မဟုတ်ဘူး၊ နင့်ကို စေတနာထားမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နင့်ရဲ့ပင်ကိုရုပ်လေးနဲ့ ငါ့စိတ်ကူးထဲမှာ အလှနတ်သမီး လေးလုပ်ပေးချင်တာ၊ ဘုတ်ဆုံမ နာမည်ပျောက်သွားအောင်လို့"

"နင့်စိတ်ကို ငါသိလို့ နင်နဲ့အတူ လမ်းလျှောက်ပြီး ကျောင်းသွားကျောင်းပြန်လုပ်ဖို့ ငါကားမယူခဲ့တာ၊ သိလား"

"သဘောပေါက်ပြီးသား သူငယ်ချင်း၊ ကဲ.....သွားကြမယ်"

အမြန်နှုန်းနဲ့ လျှောက်လှမ်းကြတော့တယ်။ ကျောင်းအားလပ်ချိန်မှာ

www.burmeseclassic.com

စကားများပိုလို့ပြောဖြစ်ကြတယ်။ မုန့်စားရင်လည်း အတူတူ၊ ကျောင်းပြန်ရင်လည်း အတူတူပါ။ လမ်းမှာ ဆိုင်တစ်ဆိုင်ဝင်လို့ တစ်ခုခုစားဖို့ သောင်းဆုကြည်ပြောပေမယ့် ကြဲတိုင်းအောင်က ကန့်ကွက်လေ့ရှိပါတယ်။

"ဟော့ကောင် ကြဲအောင်၊ မင်းက အပြောတစ်မျိုး၊ လက်တွေ့တစ်မျိုးပါလား။ ငါ့ကို ပိုးခိုင်းဖို့ မပြောတော့ပါလား။ ပူးပူးကပ်ကပ် ချစ်နေကြပြီပေါ့လေ"

"ရဲကျော်ဦး ခွေးကောင်၊ မင်းထင်သလို မဟုတ်ရပါဘူး။ ငါက သူ့ကို လေ့ကျင့်ခန်းလုပ်ပေးနေတာပါ"

"ဘာလေ့ကျင့်ခန်းလဲ"

"မင်းမသိပါဘူး"

သူတို့နှစ်ယောက် လက်ဖက်ရည်မသောက်နိုင်သေးဘဲ အငြင်းအခုံဖြစ်နေကြတယ်။ ကျောင်းတက်ဖို့ မိနစ် နှစ်ဆယ်ခန့် လိုသေးတာကြောင့် ကြဲတိုင်းအောင်တို့ သိမ်ဖြူကွင်းဘက် သွားကြတယ်။

တင်းနစ်ကွင်းထဲဝင်သွားပြီး ကိုမှတ်ကျော်ကိုမေးပါတယ်။ ကိုမှတ်ကျော်က အပျော်တမ်း တင်းနစ်ကစားသူဖြစ်တယ်။ ကွင်းမဆင်းဟု သိခဲ့ရတယ်။

***

ကြဲတိုင်းအောင်က နံနက် ၅ နာရီ အိပ်ရာမှထလေ့ရှိပြီး ဘောင်းဘီတို၊ ကင်းဘတ်စ်ဖိနပ်လေးစီးပြီး အပြေးလေ့ကျင့်လေ့ရှိပါတယ်။ ယနေ့နံနက်ခင်းမှာ ထုံးစံအတိုင်း အပြေးဝတ်စုံဝတ်လျက် သောင်းဆုကြည်တို့အိမ်ရှေ့သို့ ရောက်သွားတယ်။



"ဖေဖေ သမီး ကြဲတိုင်းအောင်နဲ့ လမ်းလျှောက်သွားမလို့နော်"

သောင်းဆုကြည် ထွက်လာပါတယ်။ သောင်းဆုကြည်မှာ စကတ်ရှည်ရှည်၊ ကင်းဘတ်စ်ဖိနပ်နဲ့ပါပဲ။ ၁၀၈ လမ်းအတိုင်း ပြန်ထွက်လာကြတယ်။ ကြဲတိုင်းအောင်အိမ်ရှေ့ ရောက်တဲ့အခါ ဧည့်ခန်းထဲ ခဏဝင်လိုက်ကြတယ်။

"အားကစားမလုပ်ခင် ကိုယ်အလေးချိန်ချိန်ပြီး မှတ်ထားဖို့လိုမယ် သောင်းဆုကြည်"

ပေါင်ချိန်စက်ပေါ် တစ်ယောက်တစ်လှည့်စီ တက်ချိန်ကြတယ်။ တစ်ယောက်က ၁၃၅ ပေါင်၊ နောက်တစ်ယောက်က ၁၆၂ ပေါင်ပါ။

နှစ်ယောက်သားကြိုတင်သဘောတူ၊ တိုင်ပင်ထားတဲ့အတိုင်း အပြေးလေ့ကျင့်ခန်း စတင်ခဲ့တယ်။ ဦးအုန်းခိုင်လမ်းဘက်ထွက်လာပြီး အနောက်တောင်ဘက်သို့ ဖြည်းဖြည်းလေး ပြေးနေကြတယ်။ သိမ်ဖြူလမ်းသို့ ရောက်လာပါတယ်။

"မပြေးနိုင်ဘူး ကြဲတိုင်းအောင်၊ မောတယ်ဟ"

"ဟောဗျာ.....ပြေးတောင်မပြေးရသေးဘူး။ သွေးပူရုံပဲရှိသေး"

"မောတာမောတာပဲကွာ"

"အစဆို ဒီလိုပါပဲ၊ ကဲ...လမ်းလျှောက်တစ်လှည့်၊ ပြေးတစ်လှည့်ပေါ့

www.burmeseclassic.com

www.burmeseclassic.com


ဟာ၊ သောင်းဆုကြည် နင့်အရပ်က ၅ ပေ ၃ လက်မ၊ ၁၆၂ ပေါင်ဆို တော့ အဝလွန် Over Weight ပေါ့''

''နင်နဲ့ပေါင်းရတာ ပြဿနာပဲ ဟာ၊ လာ.....ပြေးမယ်''

သိမ်ဖြူလမ်းတစ်လျှောက်သွား ကြတယ်။ ကန်တော်ကြီး ပန်းကန်လုံး ကျွန်းနားရောက်သွားတယ်။ အပြေး လေ့ကျင့်တယ်ဆိုသည့်တိုင် တကယ် ပြေးနှုန်းသို့ မရောက်သေးပေ။ ရွရွ လေးပြေးလိုက်၊ များများလမ်းလျှောက် လိုက် လုပ်ရတယ်။ ဝတုတ်မလေး သောင်းဆုကြည်ကို ကြံတိုင်းအောင်က စည်းရုံးသိမ်းသွင်း အပါခေါ်တဲ့ လေ့ ကျင့်ခန်းပထမရက်ဖြစ်တာကြောင့်ပါ။

ဦးအုန်းခိုင်လမ်းက လက်ဖက် ရည်ဆိုင်ရောက်မှ ဝင်ထိုင်နားလိုက် ကြတယ်။ သောင်းဆုကြည်မှာ တော် တော်မောဟိုက်သွားရှာတယ်။

''ဦးလေး သမီးတို့ကို ထုံးစံ အတိုင်း စမူဆာ၊ ကော်ပြန့်ကြော်၊ အုန်းနို့ခေါက်ဆွဲ၊ ဝမ်းတီးချိုဆိမ့်၊ ကြံ တိုင်းအောင် နင်ကြိုက်တာမှာ၊ နင့်ကို သင်တန်းနည်းပြအဖြစ် ဆရာတင် လိုက်ပြီ၊ နင်စားချင်တာစား၊ ငါဒကာ ခံမယ်''

သောင်းဆုကြည်က သွက်လက် ချက်ချာ ရွှင်လန်းသောမျက်နှာလေး ဖြစ်လာပြီး ပြောဆိုနေခဲ့တယ်။ ကြံ တိုင်းအောင်က ဆိုင်ရှင်ကို လက်ကာ ပြကာ သောင်းဆုကြည်ကို ပြောပြနေ ခဲ့တယ်။

''သောင်းဆုကြည် အခုနင်စား နေကျ အစားအစာတွေအားလုံး ရပ် တန်းကရပ်ရမယ်၊ နင်စားရမယ့် အစား အသောက်တွေကို ငါ ဒီနေ့ကစလို့ ပြောပြမယ်''

''ပြောစမ်းပါဦး''

''ဦးလေး ကော်ပြန့်စိမ်းတစ်ခုစီ နဲ့ နွားနို့ပူပူလေးတစ်ခွက်စီ လုပ်ပေးပါ''

''ကြံတိုင်းအောင် နင်က ငါ့သူ ငယ်ချင်းနော်၊ နင့်မိန်းမရမှ ဟိုဟာ မစားရဘူး၊ ဒီဟာမစားရဘူးလို့ပညတ်၊ အားကစားလိုက်လုပ်တာဆို တော်ရော ပေါ့၊ အစားအစာကို လွတ်လွတ်လပ် လပ်စားမယ်ဟာ''

ရန်တွေ့နေတာပါ။ ကြံတိုင်း အောင်က စိတ်ကောက်နေတဲ့သောင်း ဆုကြည်ရဲ့လက်ဖျားကို ဖွဖွလေးကိုင် လိုက်တယ်။ ချိုချိုသာသာ ချော့မော့ ပြောဆိုနေခဲ့တယ်။

''သူငယ်ချင်းရယ် နင့်ကို ငါယူ မယ့်မိန်းမထက် ချစ်လို့ပါ၊ အရာရာကို ဆရာလုပ်ဖို့ မဟုတ်ပါဘူး။ အချို၊ အဆီ၊ အဆိမ့်တွေ နင်စားလာလို့ ဝနေတာ၊ ငါးရံ့ကိုယ်လုံးလေးဖြစ်ဖို့ အဲဒါတွေ ရှောင်ရမယ်၊ အဲဒါတွေ စားပါများရင် ဝရုံသာမကဘူး၊ အန္တရာယ်ရှိတဲ့ရောဂါ တွေဝင်မယ်၊ အသက်တိုမယ်၊ ငါက နင်ပင်ကိုအလှကို ပြန်ရအောင်လုပ်မှာ၊ စိတ်မကောက်နဲ့တော့ သူငယ်ချင်း ရယ်''

သောင်းဆုကြည် နားဝင်လာပါ တယ်။ ကြံတိုင်းအောင်ပြောတဲ့စကား က သူ့အတွက်ပြောနေတာကို သူ သဘောပေါက်ခဲ့တယ်။ နောက်နေ့များ မှာ သောင်းဆုကြည်ဟာ အပြင်အစား အစာကိုရော၊ အိမ်မှာ မိသားစုစားပုံ သောက်ပုံကိုပါ ပြောင်းလဲပစ်လိုက် တယ်။

အဆီများတဲ့ ဝက်သား၊ အမဲ သားတို့ကဲ့သို့သော အသားများအစား ငါး၊ ပုစွန်များကို ပြောင်းလဲချက်စား တော့တယ်။ အသီးအနှံ၊ ဟင်းသီး ဟင်းရွက်များကို ပိုမိုပြီး စားသောက် ပါတော့တယ်။

***

တနင်္ဂနွေကျောင်းပိတ်ရက်ပါ။ ကြံတိုင်းအောင်နဲ့သောင်းဆုကြည်တို့ ကန်တော်ကြီးကိုပတ်ပြီး အပြေးလေ့ ကျင့်ကြပါတယ်။ စတင်လေ့ကျင့်တဲ့ ရက်မှ ယနေ့တိုင် လေ့ကျင့်မှုပျက် ကွက်တာ မရှိသေးပါ။ ကျောင်းပိတ် ရက်ဖြစ်လို့ အချိန်ယူပြီး ပြေးကြတာ ပါ။ ဦးထောင်ဗိုလ်လမ်းအတိုင်း လိုက် သွားကာ ရွှေတိဂုံစေတီတော်ကြီးအား တောင်ဘက်မုခ်အနီးမှ ကန်တော့ပြီး ပြန်လာကြတယ်။

ကန်တော်ကြီးပတ်လမ်းကို ပြန် ဝင်တယ်။ တင့်ကားကုန်းမှာ အကြော လျှော့လေ့ကျင့်ခန်းလုပ်ရင်း အမောဖြေ ခဲ့ကြတယ်။ ဆယ်မိနစ်ကြာပြီး အပြန် တွင် သိမ်ဖြူလမ်း၊ တင်းနစ်ကွင်းထဲ ဝင်ကြတယ်။

''ညီလေးကြံတိုင်းအောင်တို့ပါ လား၊ အရင် ငါ့ကိုလာမေးတယ်ဆို၊ လာကြ''

''အစ်ကိုမှတ်ကျော်ဆီလာတာ ဟုတ်ပါတယ်၊ သူက ကျွန်တော်နဲ့ ကျောင်းအတူတူတက်ဖက် သူငယ်ချင်း သောင်းဆုကြည်တဲ့''

''အေးပါ၊ ငါသိပါတယ်၊ မင်းတို့ တင်းနစ်ကစားသင်ခိုင်းမလို့မဟုတ် လား''

''အစ်ကိုမှတ်ကျော် ဘယ်လိုလုပ် သိနေတာလဲ''

''ဘာဆန်းလို့လဲ၊ တင်းနစ်ကွင်း

www.burmeseclassic.com

www.burmeseclassic.com


လာတယ်ဆိုတာ ဒါပဲဖြစ်မှာပေါ့၊ ကဲ... အခု အိမ်ပြန်၊ မြို့ထဲ ဗိုလ်ချုပ်လမ်းမှာ အားကစားဆိုင်ရှိတယ်၊ မင်းတို့နှစ်ယောက်လုံးသွားကြ၊ ကိုယ်နဲ့တော်တဲ့ ဖိနပ်၊ ဘောင်းဘီဝယ်၊ ဟုတ်လား"

"သမီးတို့ ဘယ်တော့တင်းနစ်ရိုက်ရမလဲ"

"ညနေ ၃ နာရီမထိုးမီ လေ့ကျင့်ရမယ်၊ ညနေပိုင်းမှာ တင်းနစ်ပြိုင်ပွဲတွေရှိတော့ နေ့ခင်းစောစောဆင်းရမယ်၊ ရာသီဥတု အေးပါတယ်၊ ထမင်းလွေ့စားပြီး လာခဲ့ကြ၊ ရက်ကက်ကို ငါလုပ်ပေးမယ်"

"ဖေဖေ့ရဲ့ရက်ကက်တွေ ယူလာလို့ဖြစ်လား အစ်ကိုမှတ်ကျော်"

သောင်းဆုကြည်ပြောတာကို ကိုမှတ်ကျော်က ခေါင်းညိတ်ပြတယ်။ အိမ်ပြန်လာကြချိန်မှာ လက်ဖက်ရည်ဆိုင်က အစားအသောက်တွေ ပါဆယ်ဝယ်လာပါတယ်။ ကြံတိုင်းအောင်အိမ်ကိုဝင်တယ်။ ပေါင်ကိုယ်စီချိန်ကြရာ သောင်းဆုကြည်မှာ အထင်နဲ့အမြင် လွဲသွားပါတယ်။ သူထင်ထားသလို ပေါင်ချိန်မကျပါ။ (၂)ပေါင်သာကျတာကို တွေ့ရပါတယ်။ ကြံတိုင်းအောင်က ဒီလိုပါပဲလို့ ဖျောင်းဖျပြောဆိုခဲ့တယ်။ ပြီးမှ မုန့်စားကြတယ်။

"အကြောင်းမထူးတာမဟုတ် ဘူး၊ အကြောင်းထူးလာတာ သူငယ် ချင်း၊ (၂)ပေါင်ကျတယ်ဆိုတာ တိုး တက်မှုပဲ၊ ကိုယ်အလေးချိန် ချတဲ့နေ ရာမှာ မာရသွန်ပြေးသလိုမျိုး လုပ်ရ မယ်၊ မီတာ (၁၀၀)ပြေးသလို မရဘူး၊ မှန်မှန်နဲ့ ထိရောက်တာမျိုးကို လုပ်ရ မယ်၊ ငါ့ဘဝမှာလည်း အောင်မြင်ဖို့ ငါမှန်မှန်ကြိုးစားသွားမှာပဲ၊ သောင်း ဆုကြည်နှင့် နတ်သမီးလေးလို့ ပန်းပု ရုပ်လေးလို ဖြစ်လာအောင် ငါတာဝန် ယူတယ်၊ လက်မှတ်ထိုးထားရမလား"

သောင်းဆုကြည်က မျက်စောင်းတစ်ချက်ထိုးပြီး အိမ်ပြန်သွားပါတယ်။ ရေချိုး၊ အဝတ်အစားလဲပြီး ဂျစ်ကားနဲ့ ပြန်ထွက်လာတယ်။ ကြံတိုင်းအောင်အိမ်ရှေ့မှာ ကားထိုးရပ်ပြီး လှမ်းခေါ်ပါတယ်၊ သောင်းဆုကြည် နောက်ခန်းမှာထိုင်လိုက်လာကာ ကြံတိုင်းအောင်ကို ရှေ့ခန်း၊ ယာဉ်မောင်းဘေးမှာထိုင်စေခဲ့တယ်။

ဘူတာကြီးရှေ့မှ ဆူးလေဘုရားလမ်း၊ အနော်ရထာလမ်း၊ ရွှေတိဂုံဘုရားလမ်းအတိုင်း ပတ်မောင်းကာ ဗိုလ်ချုပ်လမ်းကို ရောက်ပါတယ်။ အားကစားပစ္စည်းဆိုင်မှာ အားကစားဝတ်စုံတွေကို တွေ့ရတယ်။

"ကြံတိုင်းအောင် ကြည့်လုပ်ဟာ၊ အားကစားဘောင်းဘီ ငါမဝယ်တတ်ဘူး၊ ပြီးတော့ ဝတ်ကြည့်ဖို့ ငါရှက် တယ်၊ ပြဿနာပါပဲကွာ"

"ခါးနဲ့တိုင်းဝယ်၊ အဝတ်လဲတဲ့ အခန်း လုပ်မထားဘူး၊ မတော်ရင် တော့ ပြန်လဲရမှာ၊ ငါတော့ ပိုက်ဆံ မပါဘူး၊ ဝတ်နေကျအဟောင်းပဲယူလာ တယ်"

"ဖေဖေက ကြံတိုင်းအောင် အတွက် ယူသွားဆိုပြီး ပေးလိုက်တယ်၊ နင်က ငါ့ကိုအားနာတဲ့ အပြောအဆိုတွေ ငါနားမလည်ဘူးနော်၊ ဖေဖေကလည်း နင့်အကျင့်စာရိတ္တကို စုံစမ်းပြီးမှ ခေါ်ပြောခိုင်းတာ၊ သူငယ်ချင်းလိုတောင် သဘောမထားနဲ့တော့"

ကြံတိုင်းအောင်က ပြုံးဖြဖြနဲ့ သောင်းဆုကြည်ကို စိုက်ကြည့်လိုက်၊ မျက်နှာလွှဲလိုက်နဲ့ စကားပြောနေပြန်ပါတယ်။

"သူငယ်ချင်းလို သဘောမထားရရင် ငါကဘယ်လို....."

"သေနာ၊ မယားလိုသဘောထားဖို့ ပြောတာမဟုတ်ဘူး၊ မောင်နှမလိုဟဲ့၊ နင်အခွင့်အရေးမယူချင်နဲ့"

"သိပေါင်ဟာ၊ ငါက နင်ပြောသလို"

"နင်နော်"

သောင်းဆုကြည်က လက်သီးနဲ့ ခါးကိုတစ်ချက်ထိုးလိုက်တယ်။ ပြီးတော့ ပြိုင်တူရယ်လိုက်ကြတယ်။ ကြံတိုင်းအောင်က တောက်ပကြည်လင် ရွှန်းလက်နေတဲ့ သောင်းဆုကြည်ရဲ့မျက်လုံးလေးတွေနဲ့ ဘယ်ဘက်ပါးက ပါးချိုင့်လေး၊ မေးဖျားက မှဲ့လေးတို့ကို ပထမဆုံးအကြိမ် သတိထားလိုက်မိတယ်။

***

ကိုမှတ်ကျော်ကတစ်ဖက်၊ ကြံတိုင်းအောင်၊ သောင်းဆုကြည်တို့က တစ်ဖက် တင်းနစ်ကစားရင်း လေ့ကျင့်နေကြတယ်။ ကိုမှတ်ကျော်က ကြံတိုင်းအောင်ဆီကို ဘောလုံးအကြိမ်များများရောက်အောင် ပို့ရိုက်နေပြီး သောင်းဆုကြည်ဆီကိုတော့ ခပ်ကျဲကျဲ ဘောလုံးရောက်စေပါတယ်။

ရောက်လာတဲ့ တင်းနစ်ဘောလုံးကို အချိန်အဆမှန်မှန် ရိုက်နိုင်အောင် သောင်းဆုကြည်ရော၊ ကြံတိုင်းအောင်ပါ တစ်ပတ်၊ ဆယ်ရက်လောက် လေ့ကျင့်ခဲ့ရတာကိုး။ ကိုမှတ်ကျော်အလော တော်ပို့လိုက်တဲ့ ဘောလုံးကို ထင်ခန့်မြည်အောင် ပြန်ရိုက်နိုင်ခဲ့ပါက သောင်း

www.burmeseclassic.com

www.burmeseclassic.com


ဆုကြည်က ကျေနပ်နေမိပါတယ်။

စနေ၊ တနင်္ဂနွေတိုင်း တင်းနစ်ကစားကြတယ်။ တနင်္လာမှ သောကြာနေ့အထိ သောင်းဆုကြည်တို့နှစ်ယောက် တန်တော်ကြီးပတ်လမ်း အတိုင်း ပြေးနေကျပါ။ ၁၀ တန်းကျောင်းသားများဖြစ်တာမို့ တစ်ဖက်မှ အားကစားလုပ်သော်လည်း တစ်ဖက်မှာ စာကိုကြိုးစားရပါတယ်။ ညစဉ် ၁၁ နာရီအထိ စာကျက်ပါတယ်။ အားကစားလုပ်ချိန် လျော့နည်းသွားသော်လည်း စာကျက်ချိန်ကတော့ အပြည့်အဝပါ။

စာကျက်ချိန်ကို အပျက်အကွက် မခံနိုင်ပါ။ ဆရာမက အချိန်ပိုခေါ်ရင်လည်း မလွတ်တမ်း တက်ရောက်ရပါသေးတယ်။ ဘုရင့်နောင်ပွဲရုံတစ်ခုမှာ တည်ထောင်ဦးစီး လုပ်ကိုင်နေသူ သောင်းဆုကြည်ရဲ့ဖခင်က သမီးပညာရေးကို အထူးတလည် ဂရုပြုပါတယ်။ အိမ်တိုင်ရာရောက် Guide ဆရာမတစ်ယောက်ကို အတန်းတိုင်းခေါ်ပေးခဲ့ပါတယ်။ သောင်းဆုကြည်က အတန်းထဲမှာ အဆင့်ကောင်းကောင်းနဲ့ ရပ်တည်နေတာပါ။

ကြဲတိုင်းအောင်ကတော့ ကျူရှင်ကို တက်ရောက်ခြင်းမရှိပါ။ သို့ပေမယ့် စာနဲ့ပတ်သက်လို့ အာရုံစိုက်မှု ပြင်းထန်တတ်သူပါ။ ဘာသာရပ်အလိုက် ဆရာ၊ ဆရာမများကို ချစ်ခင်ရင်းနှီးအောင် နေတတ်တယ်။ စာမမေးဖူးတဲ့ ဆရာ၊ ဆရာမ မရှိတော့ပါဘူး။ သူတို့နှစ်ယောက်စလုံးက လူတော်ကျောင်းသားဆိုတာ စွယ်စုံသိ၊ ဘက်စုံတော်သူဖြစ်ရမယ်လို့ ယုံကြည်ထားကြတယ်။

အားကစားကွင်းမှအပြန်တိုင်း သိမ်ဖြူကဖီးမှာ သောင်းဆုကြည်က ညှော်ခံနေကျပါ။ ကြက်ဥ၊ ပေါင်မုန့်၊ နွားနို့ စားလေ့စားထဖြစ်အောင် ကိုမှတ်ကျော်က ပြောပြထားပါတယ်။

"အစ်ကိုမှတ်ကျော်ပြောတာမှန်တယ်၊ အားကစားသမားတွေ ကစားပြီးရင် အားပြန်ဖြည့်ရတယ်၊ သောင်းဆုကြည်က ကိုယ်အလေးချိန်ချတဲ့ စီမံချက်မို့ ကုန်သွားတဲ့ ကယ်လိုရီ ပြည့်အောင်မစားရဘူး၊ ဝိတ်ချတယ်ဆိုတာ ကယ်လိုရီကို ချပေးတာပဲ"

လက်ဖက်ရည်ဆိုင်မှာ သောင်းဆုကြည်ရဲ့မျက်စောင်းက ကြဲတိုင်းအောင်ပေါ် ကျလာပြန်ပါတယ်။

"အစ်ကိုမှတ်ကျော်ရေ အစ်ကို့ညီတော်မောင်က သမီးကို ဘာမစားရဘူး၊ ညာမစားရဘူးလို့ ကွပ်ညှပ်ထားတာ၊ သမီးတို့မိသားစု ခြေလေးချောင်းမစားရဘူး၊ လက်ဖက်ရည်အချိုလည်း မသောက်ရဘူး၊ ဟင်းချက်ဆီလည်း နှမ်းဆီသုံးတဲ့၊ တစ်ခါမှ မစားဖူးဘူး"

"သောင်းဆုကြည် ကိုယ်လက်ပေါ့ပါးချင်ရင် အဆီစာတွေ လျှော့ရမယ်"

ညီအစ်ကိုနှစ်ယောက်က တစ်လေတည်းဆိုတဲ့အကြည့်နဲ့ သောင်းဆုကြည်က ကြည့်လိုက်တဲ့အချိန် ကြဲတိုင်းအောင်ကလည်း ငါပြောတာအမှန်ပဲဆိုတဲ့ ဆရာကြီးပုံစံနဲ့ ပြန်ကြည့်လိုက်တယ်။

သောင်းဆုကြည် ပြောမယ့်သာ ပြောတာပါ။ အားကစားလေ့ကျင့်ချိန် တစ်လအကြာမှာ သူ့ပေါင်ချိန် ၁၆၂ ပေါင်မှ ၁၅၆ ပေါင်သို့ လျော့ကျသွားတာကို ပြန်သတိရပြီး ကြဲတိုင်းအောင် ပြောဆိုလုပ်ကိုင်တာကို စိတ်ထဲက ထောက်ခံထားပြီးသား ဖြစ်သွားတယ်။

၆ ပေါင်ကျသွားတဲ့ သောင်းဆုကြည်ရဲ့ မျက်နှာဖောင်းဖောင်းလေး ဟာ သွယ်တဲ့ဘက်ကို စတင်ပြောင်းလဲလာပါတယ်။ ကျပ်နေတဲ့အင်္ကျီတွေ ချောင်လာတာ သတိပြုမိခဲ့တယ်။ ကြဲတိုင်းအောင်ပြောသလို အလှဆုံးဖြစ်လာအောင် ဆက်လက်လုပ်ဆောင်ဖို့ သောင်းဆုကြည်စိတ်မှာ ခိုင်မြဲနေပါပြီ။

အားကစားကွင်း အသွားအပြန်မှာ သောင်းဆုကြည်တို့ လမ်းလျှောက်ကြတယ်။ လမ်းမှာ သူတို့နှစ်ယောက် စကားများဖောင်ဖွဲ့ပြောဆိုခဲ့ကြတယ်။ ပြောစရာစကားတွေကလည်း ပြောမဆုံးပေါင် တောသုံးထောင်ပါ။

"ငါက ဘယ်နပေါင်အထိ ဝိတ်ချရမှာလဲ ကြဲတိုင်းအောင်"

"သောင်းဆုကြည်ရဲ့အရပ်က ၅ ပေ ၃ လက်မဆိုတော့ ရှိသင့်တဲ့ ကိုယ်အလေးချိန်က ပေါင် ၁၂၀ ပဲ"

"ဟာ.....နှင့်ဟာက မဖိုက်ပါဘူး၊ တရားလွန်ပဲ၊ ငါရော လမ်းဆုံး ထိ ရောက်ပါ့မလား"

"တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ သူငယ်ချင်း"

သောင်းဆုကြည်ရဲ့ ဘယ်ဘက်လက်မောင်းကို တင်းတင်းဆုပ်ကိုင်ပြီး ကြဲတိုင်းအောင်က အားပေးစကား ပြောဆိုနေခဲ့တယ်။

★★★

သောင်းဆုကြည်ရဲ့ မိဘများဟာ ဧရာဝတီတိုင်းဒေသကြီးဇာတိပါ။ ပွဲရုံလုပ်ငန်းလုပ်တာကြောင့် ရန်ကုန်မှာ

www.burmeseclassic.com

www.burmeseclassic.com



အခြေချနေထိုင်ကြတယ်။ သမီးတစ်ယောက်ပဲ ထွန်းကားခဲ့တယ်။ ကြီးမားတဲ့ စီးပွားရေးလုပ်ငန်းဖြစ်လို့ အလုပ်သမား၊ ယာဉ်မောင်းများ ခန့်ထားရတယ်၊

သမီးလေးကို အရိပ်တကြည့်ကြည့်နဲ့ ပညာတတ်ဖြစ်အောင် မိဘများက စီမံကွပ်ကဲခဲ့ပါတယ်။ စည်းကမ်းရှိပေမယ့် အလိုလိုက်တာက ပိုပါတယ်။ ၁၀ တန်းစာမေးပွဲအောင်စာရင်းထွက်တဲ့နေ့က ဘုရင့်နောင်ပွဲရုံအနီးက စားသောက်ဆိုင်မှာ သမီးကို ဂုဏ်ပြုတဲ့ အနေနဲ့ နေ့လယ်စာ ကျွေးမွေးတယ်။ သောင်းဆုကြည်ရဲ့ဆန္ဒအရ ကြဲတိုင်းအောင်က ပါမြဲပါ။

"သမီးသူငယ်ချင်းက ဂုဏ်ထူးပါသလား"

"ဟုတ်ကဲ့၊ ကျွန်တော် လေးဘာသာ ပါပါတယ်"

"ဟုတ်လား၊ မင်းက သမီးထက်တောင် တစ်ခုများသေးတာပေါ့"

သောင်းဆုကြည်အဖေက မေးမြန်းနေခဲ့တယ်။ အမေကလည်း ပြုံးလျက် ကြဲတိုင်းအောင်ကို ကြည့်နေပါတယ်။ သမီးသူငယ်ချင်းက တော်သားပဲလို့ ဂုဏ်ယူကြည့်နေတာပါ။

"သူငယ်လေး မင်းကြိုက်တာစားနော်၊ မင်းသူငယ်ချင်းကို ဂုဏ်ပြုကျွေးတာဆိုတော့ မင်းကိုပါ ဂုဏ်ပြုတာပဲနော်၊ မောင်ကြဲတိုင်းအောင်က သမီးကို ကိုယ်ရည်စစ်အောင် အားကစားနဲ့ လက်တွဲခေါ်တာကို ကျေးဇူးတင်စကားပြောမလို့ပဲ"

"ဟုတ်ကဲ့ပါ အန်တီ၊ သောင်းဆုကြည်နဲ့က တစ်တန်းတည်းသူငယ်ချင်းတွေမို့ပါ"

သောင်းဆုကြည်က ကြဲတိုင်းအောင်ကြိုက်တဲ့ ဘဲကင်ကို ပါအောင်မှာယူပါတယ်။ သောင်းဆုကြည်အဖေက တိုက်ဂါးဘီယာသောက်ဖို့ပြောပေမယ့် ကြဲတိုင်းအောင်က မကြိုက်လို့ မသောက်ပါဘူး။ သောင်းဆုကြည်တစ်ခါသာကျွေးဖူးတဲ့ ဘဲကင်ကို ခုံခုံမင်မင်နဲ့ စားသောက်နေပါတယ်။

"သမီးက မောင်ကြဲတိုင်းအောင်အကြောင်း အန်တီ့ကို ခဏခဏ ပြောနေတာ၊ ပြီးတော့ စစ်ကိုင်းသားဆို၊ အခုစာမေးပွဲအောင်ပြီ၊ တက္ကသိုလ်ဆက်တက်မှာပဲမဟုတ်လား"

"ကျွန်တော် အညာပြန်ပြီး မိသားစုနဲ့ တိုင်ပင်ရဦးမှာ၊ အရင်ကတော့ စာပေးစာယူတက်မလားလို့ စဉ်းစားဖူးပါတယ်၊ ရန်ကုန်မှာကျောင်းလာနေရတဲ့ စရိတ်က မနည်းဘူးမဟုတ်လား"

"လိုတာပြောပေါ့ မောင်ကြဲတိုင်းအောင်"

သောင်းဆုကြည်အမေရော၊ အဖေကပါ ပြောခဲ့ကြတယ်။ နေ့လယ်စာ စားသောက်ပွဲမှာ အချိန်တော်တော်ပေးလိုက်ကြတယ်။ ပျော်ရွှင်စရာပွဲလေးတစ်ခုဖြစ်ခဲ့တယ်။ သောင်းဆုကြည်တို့ပွဲရုံကို သွားရောက်ကြတယ်။

ကြဲတိုင်းအောင် လေ့လာနေမိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှထွက်တဲ့ ဆန်၊ ဆား၊ ငါးပိနဲ့ငါးခြောက်၊ ပုစွန်ခြောက် စုံလင်လှတာကိုး။ ကြီးကျယ်တာပဲ။ အလုပ်သမားများ ပြည့်ပြည့်စုံစုံပါ။ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်နေတာ တွေ့ရပါပြီ။

ဒါကြောင့်မို့ သောင်းဆုကြည်တို့ မိဘများ ချမ်းသာတာပဲလို့ ကြဲတိုင်းအောင်က တွေးခဲ့မိတယ်။ စနစ်တကျ ပုံစံကျကျ လုပ်ဆောင်ခြင်းဟာ အောင်မြင်ခြင်းရလာဒ်ကို ရနိုင်တာပဲ၊ ကြဲတိုင်းအောင်ရဲ့ အာရုံစေတသိက်မှာ စီးပွားရေးအစီအမံအိပ်မက်များ ကိန်းအောင်းသွားပြီလေ။

"ဖေဖေ သမီးတို့ ပြန်ကြစို့၊ ညနေမှာ သူငယ်ချင်းတွေ အိမ်ကိုလာဦးမှာ"

ဂျစ်ကားလေးနဲ့ မင်္ဂလာတောင်ညွန့်၊ ၁၀၈ လမ်းကို ပြန်လာကြတယ်။ ကြဲတိုင်းအောင်ရဲ့အိမ်မှာ ရဲကျော်ဦးတို့ ကျောင်းသားသုံးယောက် ရောက်နေကြတယ်။ ဂီတာတစ်လက်တီးရင်းနဲ့ စောင့်နေကြတယ်။ သူတို့ပြန်ရောက်လာတာမို့ ညာသံပေးလို့ ကြိုဆိုကြပါတယ်။ ကြဲတိုင်းအောင်နဲ့ သောင်းဆုကြည်တို့ ကားပေါ်ကဆင်းပြီး ကျန်ခဲ့ကြပါတယ်၊

ကြဲတိုင်းအောင်နဲ့အတူနေ အစ်ကိုကြီးက ကော်ဖီတိုက်ပြီး ဧည့်ခံပေးထားတာ တွေ့ရတယ်။ ရဲကျော်ဦးက စိုင်းထီးဆိုင်ရဲ့ သီချင်းတစ်ပုဒ်ကို အားပါးတရ သီဆိုပြနေတယ်၊ အောင်စာရင်းထွက်တဲ့အခါ စာမေးပွဲမှာ (က)စာရင်းက အောင်သူ လွန်စွာနည်းပါးနေခဲ့တယ်။

အခုအောင်တဲ့သူတွေက စုစည်းတွေ့၊ စုစည်းပျော်ကြသလို စာမေးပွဲကျတဲ့ သူငယ်ချင်းတွေကလည်း လာ‌စုပြီး သွားလာတတ်ကြတာ တွေ့ရတယ်။ သောင်းဆုကြည်က သူကိုယ်တိုင် ငွေအများဆုံးထည့်ကာ သူငယ်ချင်းတွေဆီကလည်း ကောက်ခံပါတယ်။ အချိန်ပါမလာပါ။

ကရဝိက်သို့သွားရန် သဘောတူ

www.burmeseclassic.com


ကြတယ်။ အလယ်ကျွန်း ကုံကော်ပင်အောက်မှာ နေရာယူကြတယ်။ မအူကုန်းထိပ်ဘက်ကို တစ်ယောက်က သွားပြီး ခေါက်ဆွဲကြော်ဝယ်တယ်။ ပျော်ပျော်ပါးပါး စားသောက်ကြချိန် ဘီယာအစီအစဉ်များလည်း ကြားညှပ်ပါနေတာ တွေ့ရတယ်။

''ဟေ့ကောင်.....ကြံအောင်၊ သောင်းဆုကြည်က စာတွေအရမ်းကျက်လို့ထင်တယ်၊ ပိန်သွားတယ်နော်၊ အစက ဒီလောက်လှမှန်း မသိဘူးကွ၊ မင်းနဲ့ရင်းနှီးတော့ မင်းပြောထားတဲ့အတိုင်း ငါ့ကို ပြောပေးမယ်မဟုတ်လား''

ရဲကျော်ဦးက ကြံတိုင်းအောင်နားကပ်ပြီး ပြောလိုက်တယ်။ တိုးတိုးပြောတာတော့မဟုတ်ပါ။ သောင်းဆုကြည်တော့ ကြားဟန်မတူ။ သူတို့ မိန်းကလေးဝိုင်းမှာလည်း ပြောဆိုဆူညံနေကြတယ်။ ဝမ်းသာပီတိစကားများ ပြောဆိုဆူညံနေတဲ့ကြားက ရဲကျော်ဦး နောက်ပြောင်ပြောဆိုတဲ့စကားက ကြံတိုင်းအောင်ရဲ့ ဘဝင်စိတ်ကို ရိုက်ခတ်သွားစေခဲ့တယ်။ ရင်ထဲမှာ အေးခနဲ စိမ့်ခနဲ ဖြစ်သွားပါလား။ ဟိုအရင်က နောက်နေကျစကားဖြစ်ပေမယ့် အခုထူးခြားနေပါလား။ ဘယ်လိုဖြစ်တာလဲ။ ကြံတိုင်းအောင်ဟာ ရဲကျော်ဦးကိုလည်း စကားပြန်မပြောနိုင်ဘဲ သူ့ဘာသာသူ အပြေးအလွှား စဉ်းစားနေမိခဲ့တယ်။

သောင်းဆုကြည် ကိုယ်အလေးချိန် သင့်ရုံလေး ကျသွားသော်လည်း ဝင်ကိုအလှမှာ မြင်သာနေပါပကောလား။ ဘုတ်ဆုံမနာမည်ကတော့ ပျောက်နိုင်သေးမှာမဟုတ်ပါ။ ကြံတိုင်းအောင်ရဲစိတ်ထဲမှာ သောင်းဆုကြည် ကို နောက်ပြောင်ပြောတာကို မခံချင်တဲ့စိတ်က ပေါ်နေလား၊ ဒါမှမဟုတ် သောင်းဆုကြည်အပေါ် ကြံတိုင်းအောင် ရင်ခုန်စပြုနေပြီလား။

သူတို့နှစ်ယောက်နားကို သောင်းဆုကြည် ရောက်လာခဲ့တယ်။ သူတို့ပြောတာ ကြားလို့လာတာမဟုတ်ပါ။ ရေခဲမုန့်နှစ်ခု ယူလာပြီးကျွေးတာပါ။ ရယ်နေတဲ့ သူတို့နှစ်ယောက်ကိုတွေ့ရတော့ ဘယ်ညာ လက်တစ်ဖက်စီနဲ့ နှစ်ယောက်လုံးကို လက်သီးနဲ့ထိုးသွားခဲ့တယ်။

''ဘုတ်ဆုံမ''လို့ ရဲကျော်ဦးနဲ့ ကြံတိုင်းအောင်တို့က ပြိုင်တူအော်လိုက်ကြတယ်။

***

သောင်းဆုကြည်ရဲ့ဖခင် အကြံပြုတာကြောင့် သောင်းဆုကြည်ရော၊ ကြံတိုင်းအောင်ပါစီးပွားရေးတက္ကသိုလ်သို့ တက်ရောက်ကြပါပြီ။ သောင်းဆုကြည်က ဖခင်ကိုဆွေးနွေးရာ သူငယ်ချင်း ကြံတိုင်းအောင်ကို ကားမောင်းသင်ပေးခွင့်ရပါတယ်။ ကာလအတိုင်းအတာတစ်ခု ကုန်ဆုံးတဲ့အခါ ယာဉ်မောင်းဦးလေးကို မခေါ်တော့ဘဲ ကြံတိုင်းအောင်က ဂျစ်ကားမောင်းလို့ သောင်းဆုကြည်နဲ့ နေ့ကျောင်းတက်ပါတယ်။

''ရဲကျော်ဦး မင်းက ဥပဒေဆိုတော့ လမ်းကြုံတာပဲ၊ ကားပေါ်တက်လိုက်ခဲ့ကွာ''

လမ်း ၁၂၀ အဝင်နားမှာ ကားရပ်ပြီး ကြံတိုင်းအောင်က ရဲကျော်ဦးကို အော်ပြောပါတယ်။ ကားရှေ့ခန်းက ရဲကျော်ဦး ဝင်ထိုင်လိုက်ပြီး စပ်ဖြဲဖြဲလုပ်ပြနေပါတယ်။

''ကြံအောင် ဒီကောင် ပိုင်လှချည်လားကွာ''

''သောင်းဆုကြည်ခေါ်ခိုင်းလို့ ခေါ်တာပါ သူငယ်ချင်းရာ''

''အေးပါ၊ ငါလည်း လိုက်ချင်နေတာ အတော်ပဲ၊ ဒါနဲ့ ငါပြောထားတာ မင်းမလုပ်သေးဘူး''

သောင်းဆုကြည်က ဘာလဲဆိုတဲ့ပုံနဲ့ လှမ်းကြည့်တယ်။ ကြံတိုင်းအောင်ကတော့ ရဲကျော်ဦးက သောင်းဆုကြည်နဲ့အောင်သွယ်ပေးဖို့ နောက်ပြောင်နေတာကို သိနေတယ်။ သူတို့သုံးဦး အချိန်အတော်ကြာတဲ့အထိ တက္ကသိုလာ မြကျွန်းသာပရဝဏ်မှာ သွားလာလှုပ်ရှားနေတော့တယ်။

သောင်းဆုကြည်က ဘွဲ့တစ်ခုရရှိဖို့ လုံ့လ၊ ဝီရိယကို လျှော့မပစ်ပါ။ အထက်တန်းကျောင်းတုန်းကလို ကြိုးစားပါတယ်။ သူငယ်ချင်းများဖြစ်တဲ့ ရဲကျော်ဦး၊ ကြံတိုင်းအောင်တို့ကိုလည်း ပေါ့ပေါ့ဆဆပြောတာ၊ လုပ်ကိုင်တာတွေကို ကန့်ကွက်တတ်တယ်။

''လူဆိုတာ တိကျတဲ့ အိပ်မက်တစ်ခုရှိရမယ်''

သောင်းဆုကြည်ရဲ့ လက်သုံးစကားပါ။ သက်တူရွယ်တူများဆိုပေမယ့် သောင်းဆုကြည်က လူကြီးဆန်ဆန် ပြောတတ်ဆိုတတ်တယ်။ ရဲကျော် ဦးနဲ့ ကြံတိုင်းအောင်တို့နှစ်ယောက် သောင်းဆုကြည်နဲ့ တတွဲတွဲ သွားလာနေရင်း ဆေးလိပ်သောက်တာ၊ ဘီယာသောက်တာတွေ ရှောင်ရှားလာပြီး ကွမ်းပါမစားမိအောင် ရှောင်ကြဉ်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရဲကျော်ဦးက ကြဲတိုင်းအောင်ကို တွေ့တိုင်း စတာနောက်တာများတယ်။ သောင်းဆုကြည်နဲ့တွေ့တိုင်းလည်း စကားမရှိ စကားရှာပြီး ပြောနေခဲ့တယ်။ ရဲကျော်ဦးက သောင်းဆုကြည် အပေါ် အလေးအနက် ဖြစ်နေပြီလေ၊ စိတ်ဝင်စားနေပြီလေ။ သူတို့သုံးဦး တစ်နှစ်တည်း ဘွဲ့နှင်းသဘင် တက်ခဲ့ကြတယ်။ ဥပဒေဘွဲ့ကတစ်ရက်၊ စီးပွားရေးဘွဲ့က တစ်ရက်ပါ။

သောင်းဆုကြည် ဘွဲ့ယူတဲ့နေ့မှာ ရဲကျော်ဦးက သောင်းဆုကြည်ကို ချစ်ရေးဆိုခဲ့တယ်။ ကြဲတိုင်းအောင်လည်း အနားမှာ ရှိနေတယ်။ သောင်းဆုကြည်က ရယ်စရာပြောတာပဲထင်နေခဲ့တယ်။ ရင်ခံသူက ကြဲတိုင်းအောင်ပါ။ အချစ်ဆုံးသူငယ်ချင်းမို့ ရယ်ပြီး ကြည့်နေပေမယ့် ဆောက်တည်ရာမရ ဖြစ်နေခဲ့တယ်။ ဘွဲ့ယူပြီးတဲ့အခါ သောင်းဆုကြည်မိဘများက သူတို့ကို အိမ်ခေါ်သွားပြီး ထမင်းကျွေးတယ်။ ပျော်ရွှင်နေကြတာပေါ့။

တိုက်ဆိုင်စွာ ဧရာဝတီတိုင်းဒေသကြီးက မိဘများရဲ့ မိတ်ဆွေ မိသားစု သားအမိသားအဖသုံးဦး ရောက်လာကြတယ်။ သောင်းဆုကြည်တို့နဲ့ရွယ်တူ အာကာလင်းဆိုသူ ပါလာတယ်။ ရဲကျော်ဦး၊ ကြဲတိုင်းအောင်တို့နဲ့ပါ မိခင်က မိတ်ဆက်ပေးတယ်။ သောင်းဆုကြည်ကိုလည်း မိတ်ဆက်ပေးတယ်ဆိုတော့ အခုမှ သိကျွမ်းရတာမျိုးပါ။

နောက်ရက်မှာ ရဲကျော်ဦး၊ ကြဲတိုင်းအောင်တို့ကို သောင်းဆုကြည်က အရေးပေါ် ခေါ်တွေ့တယ်။ ဧရာဝတီတိုင်းဒေသကြီးကလာတဲ့ ဧည့်သည်တွေက သောင်းဆုကြည်ကို လာရောက်တောင်းရမ်းခြင်းဖြစ်ကြောင်း ရင်ဖွင့်ပြောပြခဲ့တယ်။

"နင်လက်ခံလိုက်ပြီလား"

"ငါဦးနှောက်ခြောက်လို့ သူငယ်ချင်းတို့ကို ခေါ်တိုင်ပင်တာ"

"နင်ဘွဲ့ယူတဲ့နေ့က ငါအတည်ပြောထားတာနော်၊ ငါ့ကိုလည်းထည့်တွက်ထားဦး။ ဟောကောင် ကြဲအောင် မင်းသက်သေရှိတယ်နော်"

ရဲကျော်ဦးစကားကို ကြဲတိုင်းအောင်က တည်တည်ကြည်ကြည်နဲ့ ကြည့်နေခဲ့တယ်။ သောင်းဆုကြည်ကတော့ စေ့စပ်ကြောင်းလမ်းတောင်းယူခြင်းကိစ္စကိုသာ ခေါင်းထဲရှုပ်နေခဲ့တယ်။ ရဲကျော်ဦး နောက်ပြောင်နေ တာလား၊ တကယ်ပြောနေတာလားဆို တာ မစဉ်းစားမိခဲ့ဘူး။ သောင်းဆုကြည် ကြံရာမရ ပြောလိုက်တာကြောင့် ကြဲတိုင်းအောင်နဲ့ ရဲကျော်ဦးတို့ မျက်လုံးပြူးသွားခဲ့တယ်။

"အရေးကြီးရင် သွေးနီးရမယ် သူငယ်ချင်းတို့၊ စေ့စပ်ပွဲပျက်ရင် ပြီးရောလို့ ငါထင်တယ်၊ ငါ အင်း အဲ မလုပ်ရဘူးဘူး၊ တို့အချစ်ဆုံးကျောင်းနေဖက်တွေပဲ၊ ရဲကျော်ဦးပြောသလို ငါတို့ကြိုက်နေကြတယ်လို့ မေမေ့ကိုပြောမယ်၊ နင်တို့ ဖော်လိုလိုက်ပေးဦး"

ကြဲတိုင်းအောင်က ငူငူငိုင်ငိုင်ကြီး ဖြစ်နေတယ်။ သောင်းဆုကြည်က လုပ်ဇာတ်လုပ်ရန်ပြောပေမယ့် ကြဲတိုင်းအောင် စိတ်မပါခဲ့။ ရဲကျော်ဦးကတော့ မှီရတဲ့မျက်နှာနဲ့။

***

အဖေရော၊ အမေ့ကိုပါ သောင်းဆုကြည်က ဖွင့်ပြောခဲ့တယ်။ သူငယ်ချင်းများက လိုက်မပြောရဲကြပါ။

"ဖေဖေ၊ မေမေ သမီးကို ရိုက်ချင်ရိုက်၊ အာကာလင်းကို လက်မခံနိုင်ပါဘူး"

"ဘာဖြစ်လို့လဲ သမီးလေးရယ်၊ ဆန်စက်တွေရော၊ မော်တော်တွေရော၊ လယ်တွေရော၊ ပွဲရုံတွေရော ပိုင်တဲ့သူဌေးသား၊ ဘွဲ့ရပညာတတ်၊ ရုပ်ချော သဘောကောင်း၊ အားလုံးပြည့်စုံတယ်၊ သမီးနောင်ရေး မေမေတို့ စိတ်ချရမှာ"

"ရဲကျော်ဦးကို သမီး စကားလွှန်ထားလို့ပါ၊ ဘယ်လိုမှမဖြစ်လို့ပါ မေမေ နော် ဖေဖေ"

နောက်ဆုံးတော့ မိဘနဲ့သမီး လွှန်ပွဲမှာ သမီးဘက်က နိုင်သည့် အခွင့်အရေး သာသွားတယ်။ ဧရာဝတီက သူဌေးတို့ ပြန်သွားခဲ့ကြရတယ်။

နံနက်ခင်းတစ်ရက်မှာ အားကစား ဝတ်စုံဝတ်လျက် သွက်လက်ပေါ့ပါးနေသူမှာ သောင်းဆုကြည်ဖြစ်၏။ အောင်ဆန်းအားကစားကွင်းသို့သွားပြီး ကွင်းပတ်ပြေးခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး ကစားခြင်းများ ပြုလုပ်ရန်ဖြစ်တယ်။ ကြဲတိုင်းအောင်မှာ စစ်ကိုင်းပြန်သွားတာကြောင့် တစ်ယောက်တည်းသွား ဖြစ်ခဲ့တယ်။

"ဟော့.....ဘုတ်ဆုံမ၊ ငါပြန်ရောက်ပြီ၊ လာဦး.....အညာမုန့်တွေ စားရအောင်"

ကြဲတိုင်းအောင်တို့အိမ်ရှေ့ကို အရောက်မှာ လှမ်းခေါ်လိုက်လို့ အိမ်ထဲဝင်လိုက်ပါတယ်။ မြေပဲလှော်နဲ့ အညာ တစ်ရာမုန့်များ စားရတယ်။

"ကြဲအောင် အညာမှာ တစ်ထ

www.burmeseclassic.com

www.burmeseclassic.com


လောက်ဆို၊ အခု မြန်လှချည်လား''

''သောင်းဆုကို လွမ်းလို့ပြန်လာတာ ယုံ၊ ကြားလား၊ ပြီးတော့ ရဲကျော်ဦးနဲ့နင် သွားလာနေမှာ စိုးရိမ်ပြီး အိပ်မပျော်ဘဲဖြစ်နေလို့''

''ဒါများ ဆန်းသလား၊ အမြဲတမ်းသွားနေကျပဲ''

''ရဲကျော်ဦးက နင့်ကို ရည်းစားစကား ပြောထားတာဆိုတော့''

''ငါက သူ့ကို အငှားသဘောနဲ့ မေမေတို့ကို ပြောထားတာပဲလေ''

''နင်ကအငှား၊ သူက သွေးရူးသွေးတန်း၊ တော်ကြာ နင်.....''

ကြဲတိုင်းအောင် စကားရပ်ထားလိုက်တယ်။ သောင်းဆုကြည်က ကြဲတိုင်းအောင်မျက်နှာကို သေချာကြည့်ပြီး ပြောနေပြန်တယ်။

''နင်ပြောတာ မမှန်ဘူး၊ သူသွေးရူးသွေးတန်းမဟုတ်ဘူး၊ ငါ့ကိုတကယ်ချစ်နေတာ၊ ငါသိတယ်''

''နင် အဲဒီလိုဖြစ်မှာကို ငါပြောနေတာ''

''နင်တောင် ငါ့ကိုချစ်သေးတာ၊ သူလည်းချစ်မှာပေါ့၊ ဒါက ဖြစ်နေကျသဘာဝပဲဟာ''

''ငါကဖြင့် ဘာမှမပြောရသေးဘူး''

''ငါ အကုန်သိတယ် ကြဲအောင်၊ စိတ်ချနေ၊ နင်တို့နှစ်ယောက်ကို ငါဘယ်သူ့မှမချစ်ဘူး၊ အဲ.....မချစ်ဘူးတော့မဟုတ်ဘူး၊ သူငယ်ချင်းလို ချစ်တာကိုပြောတာ''

''ငါ့ဘက်ကနာလို့ပြောတာ သောင်းဆုကြည်၊ ပေါင်ချိန် ၁၂၀၊ ခါး ၂၃ လက်မဖြစ်အောင် နင့်ကိုလုပ်ပေးခဲ့တာ ငါပဲလေ၊ တွက်ကြည့်ရင် ၆ နှစ်ခရီး၊ နင့်အနီးဆုံးလူဟာ ငါပဲဖြစ်သင့်တာပေါ့ ဘုတ်ဆုံမရဲ့''

''ကြဲအောင် လူပျိုစကားပြောတတ်နေပြီလား၊ မကြွေဘူးနော်၊ ငါစိတ်မဝင်စားဘူး၊ ကဲ.....သွားမယ် အောင်ဆန်းကွင်းကို မြန်မြန်လုပ်''

ရယ်လားမောလားဖြင့် သူတို့နှစ်ယောက် မှန်မှန်လေး ဦးအုန်းခိုင်လမ်းအတိုင်း ပြေးသွားကြတယ်။ ဘောလုံးကွင်းထဲမှာ လှံတံပစ်(Javelin)လေ့ကျင့်ဖြစ်ကြတယ်။ အောင်ဆန်းကွင်းမှဝန်ထမ်းတစ်ဦးဖြစ်သူ ဦးတင်မောင်နီကလည်း အကူအညီအမြဲပေးခဲ့တယ်။

သောင်းဆုကြည်က ကြဲတိုင်းအောင်ကို မြင်းစီးချင်တယ်လို့ ပြောပေမယ့် အလွယ်တကူ မဖြစ်နိုင်ပါ။ မြင်းစီးအသင်းနဲ့ ဆက်သွယ်ရမှာဖြစ်တယ်။ ကြဲတိုင်းအောင်က ငယ်စဉ်က စစ်ကိုင်းမှာ မြင်းစီးဖူးတာကို ပြောမိခဲ့တာကြောင့် သောင်းဆုကြည်က ပူဆာတာဖြစ်ပါတယ်။

နောက်တစ်လခန့် ကြာတဲ့အခါ ကြဲတိုင်းအောင်လျှောက်ထားတဲ့အလုပ်ကိစ္စအတွက် ပန်းဘဲတန်းသမဝါယမအသင်းတစ်သင်းမှ ခေါ်စာရောက်လာတယ်။ လူတွေ့သွားဖို့ စီစဉ်တဲ့အခါ သောင်းဆုကြည်ရဲ့ဖခင်က ကြဲတိုင်းအောင်ကို ခေါ်တွေ့တယ်။

''ဦးလေး ကျွန်တော့်မိသားစုက ဆင်းရဲပါတယ်၊ ညီအစ်ကိုတွေဆီ ငွေပို့ပေးရမယ်ခင်ဗျ''

''ဦးလေး သဘောပေါက်ပြီးသားပါ၊ သမဝါယမဆိုင်မှာ လခနည်းမှာ စိုးလို့ မောင်ကြဲတိုင်းအောင်ကို ဘုရင့်နောင်ပွဲရုံမှာပဲ လုပ်စေချင်ပါတယ်''

ကြဲတိုင်းအောင်အတွက် ဘဝလမ်းကြောင်းတစ်ခု ပြောင်းလဲလာခဲ့တယ်။ သောင်းဆုကြည်က ပြောဆိုထားပေးတာလို့ ထင်မြင်ခဲ့တယ်။ တကယ်တော့ မဟုတ်ပါ။ သောင်းဆုကြည်ရဲ့မိခင်က အခေါ်ခိုင်းတာကြောင့် သွားရောက်ရပါတယ်။

''မေမေက ရဲကျော်ဦးနဲ့သဘောမတူဘူးတဲ့ ကြဲအောင်''

''ဩော်.....အန်တီ သောင်းဆုကြည်က အာကာလင်းနဲ့ကိစ္စကို လွဲအောင်လို့ ပြောခဲ့တာပါ၊ အန်တီစိတ်ပူစရာမလိုပါဘူး၊ ကျွန်တော်တို့သူငယ်ချင်းသုံးယောက် ကြိုးစည်တိုင်ပင်ခဲ့ကြတာပါ''

''အဲဒီလိုလား၊ အန်တီက လူကြီးဆိုတော့ ရဲကျော်ဦးတော့ သိပ်မသိဘူး၊ မောင်ကြဲတိုင်းအောင်ကိုတော့ မျက်စိရှေ့ တွေ့နေရတာ၊ လူကြီးတစ်ယောက်က ရိုးသားတဲ့ စိတ်ထားလေးတွေကို လေ့လာရတာပါ၊ အခြားထူးထူးထွေထွေ မဟုတ်ရပါဘူး''

သောင်းဆုကြည်ရဲ့ မိဘများက သမီးလေးကို ချစ်မြတ်နိုးတာမို့ အလိုလိုက်ထားကြတယ်။ စည်းလွတ်ဝါးလွတ် အလိုလိုက်တာမျိုးမဟုတ်ပါ။ တစ်ဘဝလုံးနဲ့ချီပြီး ပုံစံချနေတာမျိုးပါ။ အာကာလင်းတို့ အရေးဆိုလာတဲ့အချိန်ကစပြီး သောင်းဆုကြည်ရဲ့ရှေ့ရေးကို စီမံချက်သဖွယ် စီမံခဲ့ပါပြီ။

ရဲကျော်ဦးဆိုတဲ့အကြောင်း ပါလာတော့ သမီးလေးနောင်ရေးကို လေးလေးနက်နက် လုပ်ခဲ့ကြတော့တယ်။ တစ်သက်တာ စီမံခန့်ခွဲနိုင်သူအနေနဲ့ ကြဲတိုင်းအောင်ကို မဲသာခဲ့ပါတယ်။ ဒါကြောင့် ကြဲတိုင်းအောင်နဲ့ သောင်းဆုကြည်တို့ နီးနီးကပ်ကပ်၊

www.burmeseclassic.com

www.burmeseclassic.com

တိုင်တိုင်ပင်ပင် နေခွင့်ရခဲ့တော့တယ်။

* * *

မီးရထားခုတ်မောင်းသံ စည်းချက်ညီညီနဲ့အတူ ကြဲတိုင်းအောင်ရဲ့ ချစ်ပုံပြင်ကို မြတ်နိုးစွာဖြင့် သောင်းဆုကြည်က မေးလေးထောက်၍ နားထောင်နေခဲ့တယ်။

"ကိုကိုက ဆုကို မချစ်ဘဲ ယူခဲ့တာပေါ့နော်"

"ဘာကြောင့် အဲဒီလိုမေးရတာ လဲ ဆု"

"မေမေပေးစားလို့ယူခဲ့တာလေ"

"ရဲကျော်ဦး စနောက်တဲ့နေ့ကတည်းက ကိုကိုက ချစ်သွားတာပါ၊ သဝန်တိုသွားခဲ့တယ်၊ ယောက္ခမကြီး မခေါ်ခင်ကတည်းက ကြိုက်နေတာပါ၊ ကိုကိုက နိမိတ်ပြတဲ့ အကြင်နာစကားတွေ ပြောခဲ့တာ ကြာလှပြီလေ"

"ဆုကလည်း ကိုကို့ကို မချစ်ဟန်ဆောင်နေတာ ကြာလှပေါ့"

ရွှေညောင်ဘူတာရောက်ခဲ့ပြီ။ မော်တော်ကားနဲ့ ခရီးဆက်ခဲ့ကြတယ်။ အင်းလေးဒေသသို့ ရောက်ခဲ့တယ်။ ထင်ထားတာထက် ပိုမိုသာယာနေတာတွေ့ရတယ်။ မြန်မာတို့ရဲ့ ယဉ်ကျေးမှု အမွေအနှစ်နေရာပေပဲ။ အမျိုးသားရေးဟန်ပန်အပြည့်အဝပါပဲ။ ညောင်ရွှေချိုင့်ဝှမ်း (ခေါ်) နမ့်လတ်ချိုင့်ဝှမ်းရဲ့ တောင်ဘက်အစွန်းမှာ အင်းလေးကန်တည်ရှိပါတယ်။ ရေယာစတုရန်းမိုင် (၁၀၄)မိုင်ကျယ်တယ်လို့ သိရတယ်။

အင်းလေးသူအင်းလေးသားတို့ရဲ့ ရိုးရာသဘာဝတွေကိုလည်း ခံမင်ဖွယ်ရာ တွေ့မြင်ရတယ်။ ကျွန်းမျောလေးတွေက စိတ်ဝင်စားစရာပါ။ သောင်းဆုကြည်ဟာ အင်းလေးဖောင်တော်ဦးဘုရားကို လေးမြတ်စွာ ကန်တော့ခွင့်ရခဲ့ပြီ။ တစ်ဖန် ရှမ်းရိုးရာ အစားအသောက်များကလည်း ဖမ်းစားနိုင်ခဲ့ပါပြီ။ ရှမ်းထမင်းသုပ်၊ တို့ဟူးနွေးတို့ကို စားလို့မတင်းတိမ်နိုင်အောင် ဖြစ်ခဲ့ရတယ်၊

အင်းလေး၊ ဟဲဟိုး၊ တောင်ကြီး၊ ပင်းတယ၊ ရွှေညောင်၊ ညောင်ရွှေတို့မှာ သူတို့အတွက် နှစ်သက်ကြည်နူးဖွယ်တွေချည်းပါပဲ။ ရှုခင်းကောင်းကောင်း၊ အေးစိမ့်စိမ့် ရာသီစက်ဝန်း၊ ဆွတ်ပျံ့ဖွယ် ပန်းရနံ့လေးများက မောင်နှံ့မယ်ကို ရွှင်လန်းစေခဲ့တယ်။ ရှမ်းပြည်နယ်ရဲ့ သွေ့လိပ်လိပ် လက်ဖက်ခြောက်ကလည်း ဆွဲဆောင်နေသေးတော့ အပြန်ခရီးမှာ အထုပ်များနဲ့ ရန်ကုန်ကို သယ်ဆောင်ဖို့လုပ်တော့တယ်။

မီးရထားလမ်းအတိုင်း အတက်ခရီးမှာ စိမ်းစိုမြိုင်းတဲ့ မြင်ကွင်းကို တွေ့ခဲ့ရတယ်။ အပြန်မှာ သောင်းဆုကြည်က ပြောဆိုစီစဉ်တာကြောင့် မော်တော်ကားကို ရွေးချယ်ခဲ့ကြတယ်။ မော်တော်ကားလမ်းမှာလည်း ရှုကွင်း၊ ရှုကွက် အပြည့်ပါ။ သာယာကြည်နူးဖွယ် ရှမ်းတောင်တန်းတွေရဲ့ မြင်ကွင်းပါလေ။

မြန်မာနိုင်ငံမှာ ရာသီသုံးလီရှိရာ အချိန်မရွေး လှပနေတဲ့ အနေအထားပါပဲ။ မြင်ကွင်းတို့က နှမ်းနယ်မှုကိုပြေပျောက်စေပါတယ်။ အပန်းဖြေခရီး၊ အပျော်ခရီးဆိုတဲ့ အရသာကို အပြည့်အဝ ခံစားနိုင်ခဲ့တယ်။

ယခုနှစ် ၁၉၇၆ ခုနှစ်လောက်မှာ နိုင်ငံခြားသား ခရီးသွားသူတို့လည်း ရှမ်းပြည်နယ်တစ်ခွင် သွားလာနေကြပြီ။ အင်းလေးလို ယဉ်ကျေးမှုထွန်းကားရာနေရာကို ကမ္ဘာလှည့်ခရီးသည်တို့က အခေါက်ခေါက်အခါခါ ရောက်ကြပြီးဖြစ်ပါတယ်။

ကြဲတိုင်းအောင်နဲ့ သောင်းဆုကြည်တို့ ဇနီးမောင်နှံတို့လည်း မြန်မာပြည်သားများ ဖြစ်ကြပေမယ့် မြန်မာ့အလှနေရာတွေကို ယခုမှ ပျားရည်ဆမ်း မင်္ဂလာဦးအပျော်ခရီး Honeymoon အနေဖြင့် ပထမဆုံးအကြိမ် ရောက်ဖူးတာပါ။

ရှမ်းမလေးအချောအလှ အများအပြားကိုလည်း တွေ့ခဲ့ရပါပြီ။ မျက်စိထဲကမထွက်တဲ့ အရာတစ်ခုက ခြေထောက်နဲ့ လှေလှော်တဲ့ မြင်ကွင်းပါ။ ရှမ်းအိုးစည်သံကလည်း နားဝင်ပီယံရှိလိုက်ပါဘိ။ ကွေ့ကွေ့ကောက်ကောက် မော်တော်ကားလမ်းမှာ ကြည်နူးတစ်လှည့်၊ ရင်ဖိုတစ်လှည့်ဖြစ်ရတာကို စွန့်စားခန်းတစ်ခုလို ဖြစ်ခဲ့တယ်။ ချောက်ကမ်းပါးများ တွေ့ရတဲ့အခါ ကြောက်အားပိုမိပြန်တယ်။

အဆင်းလမ်းမှာ နားခိုရာနေရာများ၊ ဈေးဆိုင်များတွေ့ရတယ်။ အစားအသောက်များကို အားပါးတရစားကြတယ်။ အားရှိသွားပါတယ်၊ လန်းသွားပါတယ်။ လက်ဆောင်ပစ္စည်းဆိုတာလည်း ရွေးလို့မဆုံး၊ ဝယ်လို့မဆုံးနိုင်ကြပါဘူး။

"ကျေနပ်လား ဆုချစ်"

"ဘာလဲ ကိုကို၊ ဘာကျေနပ်ရမှာလဲ၊ သြော်.....ခရီးစဉ်လား၊ ပျော်ပါတယ်၊ ကျေနပ်ပါတယ်၊ ဆုဘဝ ခရီးသွားဖူးတာ ပထမဆုံးပဲ၊ ကိုကို့ကို ကျေးဇူးတင်တယ်၊ ချစ်တယ်"

မော်တော်ယာဉ်ဟာ ခရီးဆက်ပြန်

www.burmeseclassic.com

www.burmeseclassic.com


ပါပြီ။ မော်တော်ယာဉ်ပေါ်မှာ ယခု ခေတ်ကာလကဲ့သို့ ကက်ဆက်၊ ဆောင်းဘောက်စ်ရဲ့ တေးသံသာကိုသာ နားဆင်ရပါတယ်။ ရုပ်မြင်သံကြားဆိုတာမျိုးဖြင့် မပေါ်သေးပါ။

ကားပြတင်းပေါက်မှ ထိုင်လိုက်လာတဲ့ သောင်းဆုကြည်ရဲ့ ပခုံးလေးကို ညင်ညင်သာသာဖက်လျက် ကြဲတိုင်းအောင်က ရှမ်းတိုင်းရင်းသားဆိုတဲ့ အသံဝဲဝဲသီချင်းကို တိုးတိုးလေး လိုက်ဆိုလာခဲ့တယ်။ ညခရီးမှာ ချမ်းမြမြပါ။ မောင်နဲ့မယ် ငယ်ရွယ်နုပျိုသူများဖြစ်တာနဲ့အညီ စိတ်ရောလူပါ လန်းဆန်းလျက်ပါ။ လူ့ဘဝခရီးကို ပညာ၊ ဥစ္စာပြည့်စုံစွာ လျှောက်လှမ်းကြတော့မယ်လေ။

***

မိတ္ထီလာမြို့နယ်တရားရုံးက အချိန်စောစောဖွင့်ပါတယ်။ (၁၀)နာရီ ထိုးတာနဲ့ အမှုနဲ့ပတ်သက်တဲ့ စစ်ဆေးရမယ့် သက်သေများအမည် ခေါ်နေတယ်။ တရားစီရင်ရေးအဖွဲ့(၁) ထိုင်နေတဲ့တရားရုံးက အခမ်းနားဆုံးပါ။ အချိန်ပြည့် မြို့နယ်အဖွဲ့ဝင် သုံးဦးနဲ့ ဖွဲ့ထားပါတယ်။ အခြားသော တရားစီရင်ရေးအဖွဲ့တွေကတော့ အချိန်ပိုင်းတာဝန် နှစ်ဦးနဲ့ အချိန်ပြည့်တစ်ဦးနဲ့ ဖွဲ့စည်းထားပါတယ်။

တရားစီရင်ရေးအဖွဲ့ (၁)ရုံးမှာ ယနေ့ ပိုလို့ထူးခြားနေပါတယ်။ တရားလိုဘက်မှလိုက်ပါတဲ့ ဥပဒေဝန်ထမ်းအဆင့် (၃) အမျိုးသမီးက တရားရုံးထဲ ဝင်ထိုင်လိုက်ပါတယ်။ တရားခံဘက်မှ လိုက်ပါမယ့် ဗဟိုတရားရုံးရှေ့နေ ဦးမောင်မောင်အုံးမြိုင်၊ အထက်တန်းရှေ့နေ ဦးရဲကျော်ဦးတို့လည်း ရောက်လာကြပါတယ်။

တရားခံရှေ့နေများက သတ်မှတ်ထားတဲ့နေရာ (ဝက်ခြံ)ထဲမှာထိုင်နေတဲ့ တရားခံ ကြဲတိုင်းအောင်ကို တွေ့နေကြတယ်။ အားပေးစကားပြောပါတယ်။ ထွက်ဆိုရမယ့် အချက်အလက်တွေကို ဦးရဲကျော်ဦးက အနီးကပ် ပြောဆိုနေပါတယ်၊

''သူငယ်ချင်း မင်းပိန်သွားတယ်၊ ကျန်းမာရေးတော့ ဂရုစိုက်ပါကွာ၊ ဖြစ်တဲ့ကိစ္စကိုတော့ တို့ဆရာတပည့် အစွမ်းကုန် ထုချေပေးပါ့မယ်နော်၊ ကြဲအောင်''

''ရဲကျော်ဦး မင်းတို့လုပ်တာ ကျေးဇူးတင်ပါတယ်၊ ငါ့အနေနဲ့က ဘာမှ မထူးပါဘူး''

''ဒီလိုလည်းမဟုတ်ပါဘူး၊ ငါတို့အတိတ်ကို မေ့ပစ်ရမယ်၊ အနာဂတ်ကို မသွားလို့မရဘူး''

တရားသူကြီးအဖွဲ့ ဝင်ရောက်လာတာကြောင့် အမြန်နေရာယူကာ မတ်တတ်ရပ် အရိုအသေပေးလိုက်ကြပါတယ်။ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက တရားခံကိုခတ်ထားတဲ့ လက်ထိတ်ကို ဖြုတ်ခိုင်းပါတယ်။ တရားခံအား သက်သေအဖြစ် စစ်ဆေးမှာမို့ပါ။

''မှန်ကန်စွာ ထွက်ဆိုပါမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါတယ်''

ရှေ့နေကြီး ဦးမောင်မောင်အုံး မြိုင်ဆိုခိုင်းတဲ့အတိုင်း ကြဲတိုင်းအောင် က လိုက်ဆိုပြီး အဖြစ်မှန်ကို အစစ်ခံပါတယ်။

''တောင်ကြီးမြို့ကအပြန် ညပိုင်းမှာ ကားစီးလာပါတယ်၊ ကားဘယ်လိုမှောက်သွားတယ်ဆိုတာ ကျွန်တော်မသိပါဘူး၊ တစ်ဆစ်ချိုးအကွေ့မှာ အရှိန်လွန်ပြီး ချောက်ထဲကျသွားတာ လို့ နောက်မှသိရပါတယ်၊ ကျွန်တော် တို့အိပ်ပျော်နေချိန်ဖြစ်တာပါ၊ ကျွန်တော့်ခေါင်းထိသွားလို့ မူးမေ့သွားပါတယ်၊ မိတ္ထီလာဆေးရုံရောက်မှ သတိရခဲ့ပါတယ်၊ နှစ်ရက်ကျော်၊ သုံးရက်ကြာမှပါ''

''မိတ္ထီလာမြို့နယ်ဆေးရုံကြီးက ဆရာမတွေနဲ့ ဆရာဝန်ကြီးတို့ကပြောပြလို့ သိရတာပါ၊ အချင်းဖြစ်ပွားရာနေရာနဲ့အနီးဆုံး၊ ခေတ်အမီဆုံးက မိတ္ထီလာဆေးရုံလို့ သိရပါတယ်၊ ကျွန်တော် သတိမေ့နေပေမယ့် 'ဆု'ကို တစ်ချိန်လုံး ပါးစပ်ကခေါ်နေတာကို လည်း ဆရာမတွေက ပြောပြပါတယ်''

''ဆရာမက ပြောပြပါတယ်၊ ကျွန်တော် သတိရရင်ပဲ ကျွန်တော့် မိန်းမ သောင်းဆုကြည်ကို ရှာပါတယ်၊ မေးကြည့်ပါတယ်၊ မေးလို့မရပါဘူး၊ ကျွန်တော့်အရွယ်၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရုပ်ရည်သန့်သန့် မိန်းကလေးလို့မေးပါတယ်၊ ဘယ်သူမှ မပြောနိုင်ဘူး၊ သောင်းဆုကြည်ဆိုတဲ့ နာမည်နဲ့မေးလည်း မသိကြပါဘူး''

''ကျွန်တော့်စိတ်တွေ ချောက်ချားနေပါတယ်၊ ဆရာမလေး နော်သာထူးက ကျွန်တော့်ကို နွေးရောညရော ကြည့်ပေးတဲ့သူပါ၊ ကျွန်တော် သတိရတယ်ဆိုတာနဲ့ လူကောင်းတစ် ယောက်ဖြစ်သွားပါတယ်၊ အားရှိ အောင်တော့ လို အပ်တဲ့ဆေးဝါးတွေ ဆရာမက လုပ်ပေးပါတယ်''

''ဆရာမလေးကို အကူအညီ

www.burmeseclassic.com

www.burmeseclassic.com

တောင်းပြီး သေဆုံးတဲ့သူတွေရဲ့ ဓာတ်ပုံတွေ ကြည့်ပါတယ်၊ ကျွန်တော့်မိန်းမ မသေဘူးဆိုတာသိရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်''

''နော်သာထူး၊ အဲ.....ဆရာမလေးက ဆေးရုံပြောင်းနှစ်ဦးရှိပေမယ့် ကျားနှစ်ဦးပါတဲ့၊ အချင်းဖြစ်တဲ့နေရာမှာ သောင်းဆုကြည် ပျောက်ဆုံးခဲ့ပြီလို့ ကျွန်တော် တွက်လိုက်ပါတယ်၊ ညကြီးမင်းကြီးဖြစ်ပွားတဲ့ကိစ္စမို့ ဒီလို တွေးမိတာပါ''

''ဆေးရုံဗာဝ်ထားတဲ့ လူနာတွေ ကို လိုက်ပြဦးမယ်ဆိုတာနဲ့ ကျွန်တော် လိုက်ကြည့်ပါတယ်၊ မိန်းမအဆောင်၊ ယောကျ်ားအဆောင် အစုံလိုက်ကြည့်ပါတယ်၊ မတွေ့တော့ပါ၊ သောင်းဆုကြည် ဘယ်ရောက်သွားသလဲဆိုပြီး ကြံရာမရလို့ ကျွန်တော် ငိုပွဲဆင်ပါတော့တယ်''

ရှေ့နေကြီးက ဆက်လက်ထွက်ဆိုရန် လမ်းကြောင်းပေးသည့်အတိုင်း ဆက်လက်ထွက်ဆိုပါတယ်။ ဦးရဲကျော်ဦးက ထွက်ဆိုချက်မှန်သမျှကို လက်ရေးနဲ့ လိုက်ပြီးရေးသားထားပါတယ်။ ကြံတိုင်းအောင်အမှုမျိုးကို တရားရုံးချုပ်ရှေ့နေက အစအဆုံး လိုက်ပါအကျိုးဆောင်နိုင်တာပါ။

''ကျွန်တော်ဟာ ကားမှောက်ရာမှာ ဦးခေါင်းထိပြီး သတိလစ်သွားပါတယ်၊ အခုပြန်သတိရလာတဲ့အခါ လူကောင်းပကတိ ပြန်ဖြစ်သွားတယ်လို့ ကျွန်တော်ကိုယ်တိုင် ခံစားရသလို ဆရာဝန်ကြီးမှတ်ချက်ကလည်း အခြားထိခိုက်မှု မရှိပါဘူးတဲ့၊ သို့ပေမယ့် သောင်းဆုကြည် ပျောက်နေလို့ ကျွန်တော် ခေါင်းမီးတောက်နေပါ တယ်၊ မျက်ရည်ကျရုံကလွဲလို့ ဘာမှ မတတ်နိုင်ပါဘူး''

''နောက်တစ်ရက် ဆရာမလေးနော်သာထူးက ကျွန်တော့်ကို အစောကြီး လိုက်ရှာနေပါတယ်၊ သတင်းထူးရလာပါတယ်၊ ဆေးရုံအထူးခန်းမှာ အမျိုးသမီးတစ်ယောက်ရှိတယ်ဆိုပြီး ခေါ်သွားပါတယ်၊ တာဝန်အရှိဆုံး ဆရာဝန်ကြီးရဲ့ ခွင့်ပြုချက်ရယူပြီး အထူးခန်းထဲ ဝင်ပြီးကြည့်ပါတယ်''

''ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ လူနာအမျိုးသမီးတစ်ယောက်ကို တွေ့ရပါတယ်၊ အောက်ဆီဂျင်ဘူးတွေ၊ ဆေးပုလင်းတွေ၊ နှလုံးခုန်တဲ့ပြစက်တွေ တပ်ဆင်ထားပါတယ်၊ ကျွန်တော် တုန်လှုပ်မိပါတယ်၊ မျက်နှာကစပြီး တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်နေပါတယ်၊ ရုပ်ဆင်းအင်္ဂါ မပီတော့ပါဘူး၊ အရွယ်က အသက်လေးဆယ်ကျော်လို့ မှန်းဆလို့ရပါတယ်၊ ကျွန်တော့်ဇနီးတော့ မဖြစ်နိုင်ဘူး၊ ညိုမည်းနေတဲ့ အသားအရောင်ကြောင့် သောင်းဆုကြည်မဟုတ်ဘူးလို့ပြောနိုင်တာပါ''

''လူနာမှတ်တမ်းမှာ 'အမည်မပြောနိုင်'လို့ ရေးထားပါတယ်၊ စကားပြောနိုင်တဲ့ လူနာတွေသာ လူနာရဲ့ အမည် ရေးသားထားပါတယ်၊ အခု ရုပ်ဆင်းအင်္ဂါ ပျက်နေတဲ့ အမျိုးသမီးကြီးဟာ သတိမရပေမယ့် လူးလွန့်နေတာ တွေ့ရပါတယ်၊ ရောဂါဝေဒနာပြင်းတယ်လို့ ဆရာဝန်ကြီးက တိုးတိုးပြောပါတယ်''

''ဆရာဝန်ကြီးက ကိုယ့်လူနာဟုတ်၊ မဟုတ် စစ်ဆေးကြည့်ရှုခိုင်းပါတယ်၊ ကျွန်တော်လည်း သေသေချာချာ လေ့လာပါတယ်၊ သောင်းဆုကြည်ကို ကျွန်တော်မှတ်မိတာက သူ့ဘယ်ဘက်ပါးချိုင့်လေးရယ်၊ မေးစေ့ဘေးက မှဲ့လေးရယ်ပါ၊ အခု သူ့မှာ ဒဏ်ရာတွေနဲ့မို့ ပါလား၊ မပါဘူးလား မသိရပါဘူး၊ ဆေးရုံအဝတ်အစားဝတ်ထား တဲ့ အမျိုးသမီးဟာ ခြေတစ်ချောင်း ပေါင်လယ်ကပြတ်နေတယ်ဆိုတာ ကျွန်တော်မြင်ရပါတယ်၊ မျက်စိနှစ် ကွင်း အလင်းမရနိုင်တော့တာကိုလည်း သိနေပါတယ်''

''ကျွန်တော့်ဇနီး မဟုတ်ပါဘူးလို့ဆရာဝန်ကြီးကို ပြောပြပါတယ်၊ လူနာ အသက်မရှင်နိုင်တော့ဘူး၊ နာရီပိုင်းသာ လိုတော့တယ်လို့လည်း ဆိုပါတယ်၊ ကျွန်တော့်စိတ်ဘဝင်မှာ သောင်းဆုကြည်ကို ဒီလိုအနေအထားနဲ့ မတွေ့လိုပါဘူး၊ သူမဟုတ်တာကိုပဲ ဝမ်းသာမိပါတယ်၊ ကျွန်တော်ဟာ ဇနီးချောလေးပျောက်နေတာကို ရှာဖို့က အရေးအကြီးဆုံးပါ၊ ဆရာဝန်ကြီးကို နှုတ်ဆက်ပြီး အထူးခန်းထဲက ကျွန် တော် ပြန်ထွက်လာပါတယ်''

''ကိုကို လို့သောင်းဆုကြည် ခေါ်လိုက်တဲ့အသံပါ၊ သေချာပါတယ်၊ အထူးခန်းထဲမှာ ကျွန်တော့်ဇနီး ရှိနေတာမို့ အမြန်ဆုံး မျက်စိတောင်းမှောက်ရှာလိုက်ပါတယ်၊ အခန်းကျဉ်းလေးထဲမှာ ဆရာဝန်ကြီးနဲ့ သူနာပြုဆရာမလေး နော်သာထူးရယ်၊ လူနာရယ်ပဲ ရှိတာပါ''

''ကိုကိုလို့ လူနာက ထပ်ခေါ်နေပါတယ်၊ ကျွန်တော့်ဇနီး သောင်းဆုကြည်ပါ၊ ရုပ်ပျက်သွားပေမယ့် သူ့အသံလေးကတော့ သာနေပါ၊ ကျွန် တော် ပြေးဖက်လိုက်ပါတယ်၊ ဆု သတိ

www.burmeseclassic.com

ပြီလားလို့ မေးမိတယ်၊ လုံးဝသတိ မရရှာပါဘူး၊ သွေးရူးသွေးတန်း ခေါ် နေတာလားမသိပါဘူး၊ ဆရာဝန်ကြီး ပြောထားတဲ့အတိုင်း ဘယ်တော့မှ ကောင်းလာမှာမဟုတ်တော့ပါဘူး၊ တမလွန်သွားခါနီးပေမယ့်၊ မေ့မြောနေ ပေမယ့် ကျွန်တော့်ကို သူ့ရဲ့မသိစိတ် က ခေါ်နေတာပါ၊ ကျွန်တော်အသည်း နိုက်အောင် ရင်နာမိပါတယ်''

တရားခံ ကြံတိုင်းအောင်မှာ အစစ်အဆေးခံရင်း မျက်ရည်များ ပိုး ပိုးပေါက်ပေါက်ကျကာ ငိုပါတော့တယ်။ ဦးရဲကျော်ဦးက နှစ်သိမ့်ချော့မော့နေပါ တယ်။ တရားသူကြီးအဖွဲ့ရော၊ ရုံးထဲ ရှိသူအားလုံးလည်း ငိုင်းကြည့်နေကြပါ တယ်။ စစ်ကိုင်းကရောက်နေတဲ့ ကြံ တိုင်းအောင်ရဲ့ ညီအစ်ကိုမောင်နှမတွေ လည်း မျက်ရည်ကျရပါပြီ။

***

ရမန်လေးတစ်ပတ်ဖြင့် ချိန်းဆို ပြီးနောက်ရုံးချိန်းတွင် ဥပဒေအရာရှိ၏ ပြန်လှန်မေးခွန်းမေးရန်ဖြစ်သည်။ စွပ် စွဲခံရသူ ကြံတိုင်းအောင်ကို ရှေ့နေတို့ က အနီးကပ် မေးမြန်းနေပါတယ်။ မှန် မှန်ကန်ကန်ဖြေဆိုတတ်ဖို့ သတိပေး နေပါတယ်။

သောင်းဆုကြည်မိခင်လည်း ကြံ တိုင်းအောင်ကို လာတွေ့ပါတယ်။ ကြံ တိုင်းအောင်မှာ အချင်းဖြစ်ပွားစဉ် ကာလအတွင်း ပိန်လှီရုပ်ပြောင်းသွား လို့ စိတ်မကောင်းဖြစ်နေမိတယ်။ သမီး သောင်းဆုကြည်အတွက် ကြံတိုင်း အောင် စိတ်ထိခိုက်နေတာဟာ တစ် ပူပေါ် နှစ်ပူဆင့်နေတာမို့ အတတ်နိုင် ဆုံး ပြောဆိုဖြေသိမ့်နေမိပြန်တယ်။ မိခင်ကြီးက စားစရာတွေ ယူလာနေ ကျပါ။

တရားရုံးဖွင့်တယ်ဆိုရင်ပဲ စစ် ဆေးမှု စတင်ပါတယ်။ ဥပဒေဝန်ထမ်း အမျိုးသမီးအရာရှိက မတ်တတ်ရပ်ပြီး ပြန်လှန်စစ်မေးခြင်း (Cross Examination) မေးခွန်းများ စစ်မေးပါတယ်။

''သောင်းဆုကြည်ကို လိုက်ရှာ ရာမှာ ဆေးရုံအထူးခန်းထဲမှာ တွေ့ ခဲ့တယ်မဟုတ်လား''

''ဟုတ်ပါတယ်''

''တွေ့တဲ့အခါ ကိုယ့်ဇနီးသောင်း ဆုကြည်ကို မမှတ်မိဘူးဆိုတာ ဖြစ်နိုင် ပါ့မလား''

''အထူးခန်းထဲမှာ မြင်တဲ့အခါ လူနာက ပတ်တီးတွေ တစ်ကိုယ်လုံး စည်းထားတယ်၊ မျက်နှာတစ်ခုလုံးက လည်း ဒဏ်ရာတွေနဲ့ပါ၊ ရုပ်ပျက်ဆင်း ပျက် ဖြစ်နေတဲ့အပြင် သတိကလည်း မရဘူး၊ မှတ်မိစရာတစ်ခုတလေမှ မတွေ့ရပါဘူး၊ အဲဒီလောက် ဝေဒနာ ခံစားရမှု ဖြစ်နေတဲ့သူကို သောင်းဆု ကြည်မဖြစ်စေချင်တဲ့စိတ်လည်း ကျွန် တော့်စိတ်ထဲမှာ ဖြစ်နေပါတယ်''

''သောင်းဆုကြည်ကို အသံလေး တစ်ခုပဲ ကောင်းကောင်းမှတ်မိတယ်လို့ ဆိုထားတယ်၊ ဘာစကားတွေ ပြောဆို ပါသေးလဲ''

''သတိလစ်နေရင်းက ယောင် ယမ်းခေါ်သံ ကြားရတာပါ၊ 'ကိုကို'လို့ ပဲခေါ်တာ၊ စကားလုံးဝမပြောနိုင်ပါဘူး၊ ဆရာဝန်ကြီးထံခွင့်တောင်းပြီး လူနာ စောင့်အဖြစ် ကျွန်တော် အနီးကပ်နေ ခဲ့တာပါ''

''ကြံတိုင်းအောင် သောင်းဆု ကြည်ကို စောင့်ကြည့်နေတဲ့ညမှာပဲ သောင်းဆုကြည် သေဆုံးသွားတာ မှန် ပါသလား''

''မှန်ပါတယ်၊ ဆရာဝန်ကြီးက လည်း လူနာဟာ နာရီပိုင်းအတွင်းမှာ သေဆုံးနိုင်တယ်လို့ ပြောထားတယ်''

''သောင်းဆုကြည် သေဆုံး အသက်ထွက်တဲ့အချိန်မှာ ကြံတိုင်း အောင်အတူရှိနေတာ ဝန်ခံပါသလား''

''အတူရှိနေပါတယ်''

ဥပဒေအရာရှိက ခဏနားပြီး အရေးကြီးတဲ့မေးခွန်းကို ဆက်မေးပါ တယ်။ အားလုံး ငြိမ်သက်နေပါတယ်။

''သောင်းဆုကြည် မသေသေး ခင် ရောဂါဖိစီး ခံစားနေရတာကို မကြည့်ရက်လို့ နာရီပိုင်းအတွင်းသေ မယ့်အတူတူ အဲဒီဝေဒနာတွေက မြန် မြန်လွတ်ကင်းသွားအောင် ကြံတိုင်း အောင် လုပ်ခဲ့မိတယ်မဟုတ်လား''

စွပ်စွဲခံရသူ ကြံတိုင်းအောင်က ယခုမေးခွန်းကို မဖြေဘဲ အချိန်အတန် ကြာ စဉ်းစားနေပါတယ်။ သူ့ရဲ့ရှေ့နေ ကြီး ဦးမောင်မောင်အုံးမြင့်က လေး နက်စွာ ကြံတိုင်းအောင်ကို လှမ်းကြည့် နေတာကို ကြံတိုင်းအောင်တွေ့ပြီးမှ ထွက်ဆိုခဲ့တယ်။

''ကျွန်တော် ငြင်းဆိုပါတယ်''

အပ်ကျသံပင် ကြားရလောက် အောင် ငြိမ်သက်နေတဲ့ တရားရုံးထဲ မှာ ဧည့်ပရိသတ်အပေါင်းထံမှ 'ဩ' ခနဲဆိုပြီး အာမေဋိတ်သံများ ထွက်ပေါ် သွားပါတယ်။

***

''ရုံးတော်ကို လေးစားစွာဖြင့်

www.burmeseclassic.com

လျှောက်ထားအပ်ပါတယ်၊ ကျွန်တော့် အမှုသည် ကြဲတိုင်းအောင်ဟာ ရိုးသားဖြူစင်တဲ့ ပညာတတ်လူငယ်တစ်ဦး ဖြစ်ပါတယ်၊ မကြာခင်ကမှ လက်ထပ်ထားတဲ့အတွက် ဇနီးချောလေးသောင်းဆုကြည်အပေါ် ဘယ်လောက်ချစ်မြတ်နိုးမယ်ဆိုတာ ပြောစရာမလိုပါဘူး၊ ခရီးသည်တင်ယာဉ် တိမ်းမှောက်ရာမှာ လူတိုင်းလိုလို ဒဏ်ရာအသီးသီးရသော်လည်း ကံကောင်းထောက်မတာ ကြောင့် ကြဲတိုင်းအောင် ဘာမှမဖြစ် ခဲ့တာပါ၊ ဒါတောင် ဦးခေါင်းထိပြီး နှစ် ရက်လောက် သတိလစ်နေခဲ့ပါသေး တယ်''

တရားရုံးချုပ် ရှေ့နေကြီးက နောက်ဆုံးလျှောက်ချက်ပေးနေရာ ယခင်ရုံးချိန်းအတိုင်း စိတ်ဝင်စားစွာ လာရောက်နားထောင်ကြသူများဖြင့် ပြည့်ကျပ်နေပါတယ်။ စိတ်ရည်တူ အချစ်ဆုံးသူနှစ်ယောက်ရဲ့ ဒဏ္ဍာရီ ပုံပြင်ဆန်သော တကယ့်ဖြစ်ရပ်မို့ မိတ္ထီလာမြို့နယ်မှလူများ လာရောက်ကြည့်ရှု နားထောင်နေကြတာပါ။

''သတိရတယ်ဆိုရင်ပဲ ဇနီးလေးကို လိုက်ရှာပါတယ်၊ ကြဲတိုင်းအောင် ခေါင်းမီးတောက်ရပါတယ်၊ ရှာလို့ မတွေ့နိုင်ဘူးဖြစ်နေပါတယ်၊ လူနာတွေကို အမည်နာမ မသိဘဲ ဆေးရုံဝန်ထမ်းတွေ ကုသခဲ့ရတဲ့ အနေအထားပါ၊ သောင်းဆုကြည်ကို အရေးကြီးလူနာခန်းထဲဝင်ရှာနိုင်တဲ့တိုင် လုံးဝ မမှတ်မိဘဲ ရုပ်ဆင်းအင်္ဂါ ပျက်စီးနေတဲ့ အခြေအနေကို တွေ့ရပါတယ်၊ ခင်ပွန်းသည်ကို ခေါ်သံလေးကြားမှ သူပဲ ဖြစ်နိုင်တယ်လို့ မှတ်ယူခဲ့တာပါ၊ ချစ်ဇနီးချောလေးရဲ့ နေဝင်လုနီးတဲ့အချိန်၊ ကြွေကျပျက်ပြုန်းတော့မယ့်ကာလ နာရီပိုင်းလေးသာ လိုတော့တယ်ဆို တာ သိရပါတယ်၊ ကျွန်တော့်အမှုသည်ရဲ့အဖြစ်မျိုး ဒီကမ္ဘာမှာ မရှိပါ ဘူး''

''လေးစားအပ်တဲ့ တရားသူကြီးဥက္ကဋ္ဌနဲ့ တရားစီရင်ရေး အဖွဲ့ဝင်များခင်ဗျား၊ ကြဲတိုင်းအောင်ဟာ ဇနီးလေးကို ပခုံးဖက်ပြီး ရောဂါဝေဒနာ သက်သာစေဖို့ နှစ်သိမ့်နေချိန်၊ မနက် ၂ နာရီအချိန် သောင်းဆုကြည် ဘဝတစ်ပါးသို့ ပြောင်းသွားပါတယ်၊ ဒီအဖြစ်မှာ ဆေးရုံတာဝန်ရှိသူက ကြဲတိုင်းအောင်အပေါ် လူသတ်မှုနဲ့ စွပ်စွဲပြီး ရဲစခန်းမှာ အမှုဖွင့်ထားတာဟာဖြင့် သဘာဝမကျပါဘူး၊ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း အချစ်ဆုံးသူနှစ်ယောက်ကြားမှာ ဘယ်လိုမှ မဖြစ်နိုင်တာမို့ မှားယွင်းစွာ စွပ်စွဲခံရသူ ကြဲတိုင်းအောင်ကို အပြစ်ပေးခြင်းမှ ကင်းလွတ်ခွင့်ပြုပြီး အပြီးအပြတ် လွှတ်ပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါတယ် ခင်ဗျား''

နှစ်ဖက်လျှောက်လဲချက်အပေါ် တရားစီရင်ရေးအဖွဲ့က ခေါင်းတညိတ်ညိတ်ဖြင့် နားကြားနေပါပြီ။ ရုံးတော်ရဲ့ ဆင်ခြင်တုံတရားနဲ့ နောက်ရုံးချိန်း မှာ စီရင်ချက်ချရတော့မှာပါ။ လာရောက်လေ့လာတဲ့သူများကလည်း ထူးဆန်းသောဇာတ်လမ်းလေးအပေါ် အမျိုးမျိုး ဝေဖန်ပြောကြားနေတယ်။ ဖြစ်ရပ်က မမှန်ဘူးပြောတဲ့သူများရှိသလို အမှုမှန်၊ အဖြစ်မှန်လို့ ပြောတဲ့သူက ပြောနေပါတယ်။

အထက်တန်းရှေ့နေ ဦးရဲကျော်ဦးက သူငယ်ချင်း ကြဲတိုင်းအောင်ကို အမှုမှလွတ်အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် ဝီရိယထားနေတယ်။ တရားခွင်ပြင်ပမှာလည်း တရားရေးအဖွဲ့ကို ချဉ်းကပ်ကာ ကြဲတိုင်းအောင်ရဲ့ ငယ်စဉ်ဘဝ နိုးကြားရိုးသားမှုတွေကို သတင်းပို့ထားပါတယ်။

တရားစီရင်ရေးအဖွဲ့က သူငယ်ချင်းဖြစ်သူအတွက် ကိုယ်ဖိရင်ဖိဆောင်ရွက်နေတဲ့ ရှေ့နေ ဦးရဲကျော်ဦးကို အသိအမှတ်ပြုထားပါတယ်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အမိန့်ချမှတ်ပေးမယ်လို့ ဆိုပါတယ်။ ဦးရဲကျော်ဦးဟာ ကြဲတိုင်းအောင်ဆီ အချိန်ရတိုင်း သွားတွေ့ပြီး အားပေးစကားပြောနေပါတယ်။

''သူငယ်ချင်း အာဟာရဖြစ်တာလေး၊ အားဖြစ်မယ့်အစာလေး စားပါကွာ၊ သောင်းဆုကြည်ကို လွမ်းတာလည်း လွမ်းပေါ့၊ ကိုယ်ဖြစ်ချင်လို့ဖြစ်ရတာမှမဟုတ်ဘဲ၊ အမြဲတမ်း ယူကျုံးမရဖြစ်နေရတဲ့စိတ်ကို ခေါင်းထဲကထုတ်ပစ်ကွာ၊ ဘာဖြစ်လို့လဲ သိလား၊ ကြာရင် မင်းအသက်ပါ ပါသွားလိမ့်မယ် မောင်''

''သေလည်းပြီးရော ရဲကျော်ဦးရာ''

ကြဲတိုင်းအောင်မှာ ကိုယ်လက်ကြံ့ခိုင်သူဖြစ်သော်လည်း စိတ်ကြောင့် အရိုးပေါ်အရေတင်အဆင့်ရောက်နေပါပကော။ အလွမ်းသံသရာ ဘယ်ကမှာ ဆုံးနိုင်အံ့နည်း။

★★★

၁၉၇၆ ခုနှစ်မကုန်မီ နှစ်ရက်တွင် မိတ္ထီလာမြို့နယ် ပြည်သူ့တရားရုံး အမှတ် (၁) [ယခင်အခေါ်အဝေါ်ဖြစ်ပါသည်]မှ ရာဇဝတ်ကြီးအမှုအမှတ်--/၇၆၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အမှု အား

www.burmeseclassic.com

www.burmeseclassic.com


စီရင်ချက် (Judgement)ချမှတ်မည်ဖြစ်သောကြောင့် ရောက်ရှိ နားထောင်သူများ ကြက်ပျံမကျဆိုသလို ဖြစ်နေတယ်။ နှစ်ဖက်ဆွေမျိုးများ၊ အသိမိတ်ဆွေများလည်း စုံလင်လှပါတယ်။ ရဟန်းသံဃာနှင့် သတင်းထောက်များပါမကျန် လာကြပါတယ်။

နေ့ခင်း (၂)နာရီအချိန် တရားသူကြီးအဖွဲ့ တရားရုံးထိုင်ဖွင့်လှစ်ပါတယ်။ သေဆုံးသူ သောင်းဆုကြည်ရဲ့ အမိ၊ အဖနှစ်ဦးက တရားသူကြီးများကို ဝင်ရောက်လျှောက်ထားပါတယ်။

''ကျွန်တော်တို့က တရားခံ ကြံတိုင်းအောင်ရဲ့ ယောက္ခမတွေပါ၊ သောင်းဆုကြည် သေဆုံးတဲ့ကိစ္စဟာ သူ့ရဲ့အတိတ်ကံကြောင့်လို့ မှတ်ယူပါတယ်၊ သမက်လေးဟာလည်း အပြစ်ကျူးလွန်မှုမရှိဘူးလို့ ယုံကြည်မိပါ တယ်၊ နှစ်နာသူဘက်က ယခုအမှုကို ကျွန်တော်တို့ ကျေအေးရုပ်သိမ်းခွင့်တင်ပါကြောင်း လေးစားစွာ လျှောက်ထားအပ်ပါတယ်''

တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက ယခုအမှုတွင် တရားလိုအဖြစ် တာဝန်ရှိသူ နိုင်ငံဝန်ထမ်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မည်သို့ဆိုစေကာမူ မောင်ကြံတိုင်းအောင်အပေါ်ထားသည့်မေတ္တာကို အသိအမှတ်ပြုကြောင်း ပြောဆိုခဲ့ပါတယ်။

အမိန့်ချမှတ်မည်ဖြစ်၍ ကြံတိုင်းအောင် မတ်တတ်ရပ်ပြီး နာခံပါတယ်။ အခြားသော တရားရုံးတက်သူများ၊ မိဘဆွေမျိုးအမှုသည်များ၊ ညှိ ပရိသတ်များပါ အရိအသေပေးကြပါတယ်။ တည်ကြည်လေးနက် ကြည်လင်တဲ့ အသံပိုင်ရှင် တရားစီရင်ရေးအဖွဲ့ဥက္ကဋ္ဌက အမိန့်ကိုဖတ်ကြားပါပြီ။

''ဤအမှုတွင် မြို့နယ်ဆရာဝန်ကြီးမှ နာရီပိုင်းမျှသာ အသက်ရှင်နိုင်သည်ဟု ထင်မြင်ချက်ပေးထားသော အရေးကြီးလူနာ မသောင်းဆုကြည်မှာ သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်နေသည်။ ထိုညတွင် ရုံးရှေ့တရားခံ ကြံတိုင်းအောင်က လူနာစောင့်အဖြစ် ခွင့်တောင်းဆောင်ရွက်ခဲ့သည်။ မနက် (၂) နာရီခန့်တွင် လူနာ မသောင်းဆုကြည် သေဆုံးခဲ့၏။ ပြုလုပ်မြဲထုံးစံအတိုင်း ဆေးရုံတာဝန်ကျ ဆရာဝန်မှ ခွဲစိတ်စစ်ဆေး (Post-mortem)ပြုလုပ်ရာတွင် မသောင်းဆုကြည် သေဆုံးရခြင်း၏ အဓိကအကြောင်းမှာ အသက်ရှူလမ်းကြောင်းကို အချိန်ကြာကြာ ဖိနှိပ်ခံရသည့်အတွက် မွန်းကျပ်သေဆုံးရခြင်း ဖြစ်သည်ဟု ပေါ်ပေါက်ခဲ့သည်။


''တရားခံ ပြစ်မှုကျူးလွန်သည် ကို မျက်မြင်သက်သေ (Eyewitness) မရှိသော်လည်း အချစ်ကြီးသူ၏ မချိမဆံ့ ဝေဒနာခံစားနေရခြင်းကို မရှုဆိတ်သဖြင့် အဆုံးစီရင်ခဲ့သည်ဟု ကွင်းဆက်မပြတ်သော သက်သေခံချက်များက ထောက်ခံလျက်ရှိသည်။ သို့ဖြစ်၍ အောက်ပါအမိန့် ချမှတ်သည်-

''မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၈)လမ်းနေ တရားခံ ကြံတိုင်း အောင်၊ (အဘ) ဦး-----၊ အသက် (၂၅)နှစ်သည် ဇနီးဖြစ်သူ မသောင်းဆုကြည်၏ အသက်ရှူလေပြွန်အား လက်နှစ်ဖက်ဖြင့် အချိန်အတန်ကြာ ဖိနှိပ်ခဲ့ပြီး သေဆုံးခြင်းကို မြန်ဆန်အောင် ပြုလုပ်ခဲ့ကြောင်း ထင်ရှားသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) အရ သေစားသေစေရန် အမိန့်ချမှတ်သည်''



www.burmeseclassic.com

www.burmeseclassic.com



# လာရောက်ကြည့်ရှုတဲ့ မိန်းကလေးတချို့ အသံထွက်ငိုကြတယ်...

မြို့နယ်တရားရုံးတစ်ခုလုံး ကြွက်ကြွက်ညံသွားပါတယ်။ လာရောက်ကြည့်ရှုတဲ့ မိန်းကလေးတချို့ အသံထွက်ငိုကြတယ်။ အမျိုးမျိုး ဝေဖန်သံများ၊ သံဝေဂသံများ၊ မကျေနပ်သံများ စုံလို့ပါပဲ။ ခံစားချက်အပြင်းထန်ဆုံးက အထက်တန်းရှေ့နေ ဦးရဲကျော်ဦးပါ။

မဖြစ်သင့်ဘူးဆိုတဲ့ သဘောနဲ့ တရားရုံးအပြင်ဘက်မှ ငှက်ပျောပင်ကို ဦးရဲကျော်ဦး လက်သီးနဲ့သွားထိုးနေမိပါတယ်၊ 'သေစားသေစေ'ဆိုတဲ့ တရားသူကြီးအသံကိုလည်း ကြားနေဆဲပါ။ ရှေ့နေကြီး ဦးမောင်မောင်အုံးမြိုင်က အယူခံတက်ဖို့ ဆောင်ရွက်တဲ့ကိစ္စနဲ့ လှမ်းခေါ်တော့မှ ဘီလစ်ရုံးထဲ လိုက်သွားပါတယ်။

တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက တွေ့သွားတာကြောင့် ဦးရဲကျော်ဦးကို လာတွေ့ဖို့ ခေါ်ပါတယ်။ တရားသူကြီးများ နားနေရာအခန်းထဲ ဝင်သွားတယ်။

"ဥက္ကဋ္ဌကြီးကို အရိုအသေပေးပါတယ်ခင်ဗျား၊ ကျွန်တော့်သူငယ်ချင်းကို ဘာဖြစ်လို့ ဒီလိုအမိန့်မျိုး ချတာပါလဲဆိုတာ ပြောခွင့်ရှိရင် ပြောပြပါခင်ဗျား"

ခံစားချက်ဖြင့် ပြောလိုသော စကားကို အချိုသာဆုံးဖြစ်အောင်ပြောရပါတယ်။ တရားသူကြီးက အပြုံးနဲ့ ကြိုနေပါတယ်။ စားပွဲပေါ်က အသင့်ပြင်ထားတဲ့ ကော်ဖီတစ်ခွက်နဲ့လည်း ဧည့်ခံပါသေးတယ်။ ဒေါသကို မောင်းတင်လာမှန်းသိနေလို့ တစ်ခါတည်း ငြိမ်းချမ်းအောင် လုပ်လိုက်လေလားလို့ထင်မိတယ်။

"တရားခံရဲ့အချစ်ဆုံးသူငယ်ချင်းဆိုတော့ ပြောပြရမှာပ၊ သူ့ဇနီး အတွက် တစ်သက်လုံး ယူကျုံးမရဖြစ် နေမှာ၊ အသည်းကွဲနေမှာ၊ ငိုကြွေးနေ ရမှာ၊ စိတ်မကောင်းဖြစ်နေရမှာ၊ လွမ်းဆွတ်နေရမှာစိုးလို့ ဒီအမိန့်ချခဲ့တာပါကွာ"

(နာမည်၊ နေရာ၊ ဌာန တူနေပါက တောင်းပန်ပါသည်။)

**တိုးမြင့်**

www.burmeseclassic.com

www.burmeseclassic.com



# လျှမ်းထက်

# လူမိုက်လောကီ



www.burmeseclassic.com

www.burmeseclassic.com

◇

ယခုရေးသားဖော်ပြမည့် ဆောင်းပါးသည် ယနေ့နိုင်ငံတကာမှ မော့ကြည့်ရသော အမေရိကန်ပြည်ထောင်စုတွင် ဒုတိယကမ္ဘာစစ်ကြိုကာလနှင့် ဒုတိယကမ္ဘာစစ်ပြီးကာလတွင် သာမက ယနေ့ထိ ဗိုလ်ကျစိုးမိုးလျက်ရှိသော လူဆိုး၊ လူမိုက်ဂိုဏ်းများအကြောင်းဖြစ်ပါသည်။


မှန်ပါသည်။ နိုင်ငံတကာမှ သတင်းမီဒီယာများသည် အမေရိကန်ပြည်ထောင်စုအား "Super Power" 'ထိတ်ထိတ်ကြဲအင်အားကြီးနိုင်ငံ'ဟု ကင်ပွန်းတပ်ခဲ့ကြပါသည်။ သို့သော် အမေရိကန်ပြည်ထောင်စုတရားဥပဒေ၏ ပျော့ကွက်၊ ဟာကွက်များ၊ ဥပဒေဘက်တော်သားများ၏ ပျော့ကွက်များကြောင့် ဒုစရိုက်ဂိုဏ်းများ မှိုလိုပေါက်၍ လူမိုက်ခေတ် ထူထောင်နိုင်သည်ဟု အမေရိကန်ပြည်ထောင်စုအား စောင့်ကြည့်လေ့လာ အကဲဖြတ်ကြသူများက တညီတညွတ်တည်း ဆိုခဲ့ကြသည်။

ဤသို့ ဒုစရိုက်သမားများ၊ ဒုစရိုက်ဂိုဏ်းများကို ပြောင်ပြောင်တင်းတင်းတည်ထောင်၍ လူမိုက်လူ့ဘောင် တည်ထောင်နိုင်သောနိုင်ငံမှာ ဆူပါ,ပါဝါနိုင်ငံ အမေရိကန်ပြည်ထောင်စုလို နိုင်ငံမျိုးမှလွဲ၍ အခြားနိုင်ငံများတွင် ရှိနိုင်မည်ဟု ကျွန်တော်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေသည် အခြားနိုင်ငံများနှင့်မတူ တစ်မူထူးခြားနေသောကြောင့်ဖြစ်သည်။

ဤကဲ့သို့ အခြားနိုင်ငံများနှင့်မတူ တစ်မူထူးခြားသော အခြေအနေကြောင့် ယနေ့ ကျွန်တော်တို့စာဖတ်ပရိသတ်များအား မိတ်ဖွဲ့ပေးစရာမလိုသော မာဖီးယားဂိုဏ်း၊ လာကိုဆာနော့(စ်)ဘရားဂိုဏ်းတို့ကဲ့သို့ ပြိုင်ဘက်ကင်းဒုစရိုက်ဂိုဏ်းများ၊ အခြားတစ်ကိုယ်တော် လူမိုက်များခေါင်းဆောင်သည့် ဘဏ်ဓားပြ၊ မီးရထားဓားပြဂိုဏ်းများနှင့် လူမှုရေးအကြမ်းဖက်ရန် ရည်ရွယ်၍ လျှို့ဝှက်စွာ တည်ထောင်ထားသော ကေသုံးလုံးကဲ့သို့ဂိုဏ်းများ မှိုလိုပေါက်လာခြင်းဖြစ် သည်။ ဤကဲ့သို့ လူမိုက်လောကီ ရှင်သန်ပေါက်ပွားလာစေ ရန်လည်း အခြေအနေအရပ်ရပ်က တွန်းအားပေးခဲ့သောကြောင့်ဖြစ်သည်ဟု ဆိုရမည်ဖြစ်၏။

လူအများအား အကြောင်းမဲ့ ရည်ရွယ်ချက် ကင်းမဲ့စွာဖြင့် သေနတ်ဖြင့် ဆက်တိုက်ပစ်သတ်သော တစ်ကိုယ်တော်လူသတ်သမား (Serial Killer)များလည်း လက်ဆစ်ချိုး၍ ရေတွက်မရအောင် ပေါ်ပေါက်လာရခြင်းမှာလည်း အထက်တွင် ဖော်ပြခဲ့သော အခြေအနေအရပ်ရပ်ကြောင့်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၁၂၊ ဒီဇင်ဘာလအတွင်း ဖြစ်ပွားခဲ့သော အပြစ်မဲ့ မူလတန်းကျောင်းသူကျောင်းသား ၂၆ ဦးအား တစ်ကိုယ်တော် လူသတ်သမားက အကြောင်းမဲ့ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် စိတ်မချမ်းမြေ့စရာကောင်းသည့် မှုခင်းအတွက် ယနေ့အမေရိကန်ပြည်ထောင်စုသမ္မတကြီးဖြစ်သူ အိုဘားမားက အမေရိကန်ပြည်ထောင်စု၏ သေနတ်

www.burmeseclassic.com

ကိုင်ဆောင်ခွင့်ဥပဒေကို ပြင်ဆင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား တိုက်တွန်းသည့်သတင်းများကို ကျွန်တော်တို့ ဖတ်ရှုခဲ့ရသည်။

ဤတွင် မေးစရာမေးခွန်းတစ်ခု ရှိလာသည်ဟု ကျွန်တော်ထင်ပါသည်။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဒုစရိုက်ဂိုဏ်းများ၊ လူဆိုးလူမိုက်များသည် အဘယ်ကြောင့် အမေရိကန်ပြည်ထောင်စု၏ မြို့တော်ကြီးများတွင် သန္ဓေတည်၍ ခြေကုတ်ရခဲ့ကြသနည်း။ အဘယ်ကြောင့် ထိုဒုစရိုက်ဂိုဏ်းကြီးများသည် အံ့မခန်း ကြီးထွားလာခဲ့ပြီး လူမိုက်လူ့ဘောင်ကို တည်ထောင်နိုင်သနည်း။ စဉ်းစားစရာဖြစ်ပေ သည်။

ဤအရုပ်ဆိုး အကျည်းတန်လှသော ဒုစရိုက်ဂိုဏ်းကြီးများသည် အမေရိကန်ပြည်ထောင်စု၏ ဒုတိယအစိုးရသဖွယ် ဖြစ်ခဲ့သည်။ ယင်းဂိုဏ်းတို့၏ ဝင်ငွေမှာလည်း တစ်နှစ်လျှင် ဒေါ်လာသန်းကုဋေချီနေသည်ဟုလည်း သတင်းများထွက်ပေါ်ခဲ့သည်။ ထိုငွေများမှာ အမေရိကန်ပြည်ထောင်စုတွင် မှီတင်းနေထိုင်ကြသော ပြည်သူအများ၏ သွေး၊ ချွေး၊ မျက်ရည်တို့မှ ညှစ်ထုတ်ယူထားသော ငွေများသာဖြစ်သည်။ ထိုသည်းထိတ်ရင်ဖိုဖွယ်ရာကောင်းသည့် ဒုစရိုက်ဂိုဏ်းများ အနက် သမိုင်းတွင် အထူးထင်ရှား မှတ်တိုင်ထူခဲ့သောဂိုဏ်း မှာ ''မာဖီးယား'' ဂိုဏ်းကြီးဖြစ်၏။

ပြင်သစ်စစ်သားတစ်ဦးသည် စစ္စလီကျွန်းသူတစ်ဦးအား မတော်မတရား ပြုကျင့်ခဲ့ရာ ထိုမိန်းမပျိုလေး၏ မိခင်ဖြစ်သူက "မာဖီးယား၊ မာဖီးယား" ဟု လူအများကြားသိအောင် သံကုန်အော်ဟစ်ခဲ့သည်ဟု ဆိုသည်။ မာဖီးယား၏ အဓိပ္ပာယ်မှာ ...

www.burmeseclassic.com

www.burmeseclassic.com

ဤမာဖီးယားဂိုဏ်းကြီးသည် သာမန်ဓားပြဂိုဏ်း၊ ဘဏ်တိုက်များ လုယက်သည့်ဂိုဏ်း၊ ပြန်ပေးဆွဲသည့် ဂိုဏ်းကြီးများနှင့်မတူ တစ်မူထူးခြားသည်။ ထိုဂိုဏ်းကြီးအား အမေရိကန်လူထုက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ခဲ့ကြရသည်။ ထိုဂိုဏ်း၏ ဩဇာတိက္ကမကား အံ့မခန်းပင်ဖြစ်သည်ဟုပင် ဆိုရမည်ဖြစ်၏။ ထိုဂိုဏ်းကြီးအား နောက်ကွယ်မှ ကြိုးကိုင်ဩဇာပေး လမ်းညွှန်သူများမှာ "လူစီယာနို၊ ဂျီနိုဗစ်၊ လန်စကီ"စသည့် ခေါင်းဆောင်များဖြစ်သည်။ (သူတို့အတ္ထုပ္ပတ္တိများကို ကျွန်တော်တို့လေးစားရသော စာရေးဆရာကြီးများက မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီးဖြစ်ပါသည်။)

ထိုဂိုဏ်းကြီးသည် အခြားဘဏ်ဓားပြများ၊ ပြန်ပေးဆွဲသူများ၊ ဖောက်ထွင်းဂိုဏ်းများကဲ့သို့ အပေါ်စားဆန်သော ရာဇဝတ်မှု အသေးအဖွဲ့များကို မကျူးလွန်ကြပေ။ အမေရိကန်ပြည်ထောင်စုရှိ တရားမဝင်သော လောင်းကစားလုပ်ငန်းကြီးများ၊ မူးယစ်ဆေးဝါးဖြန့်ဖြူးသည့် လုပ်ငန်း၊ ငွေအတိုးကြီးဖြင့် ချေးသည့်လုပ်ငန်း၊ ဒုစရိုက်သမားများ ခိုးယူလာသည့် ပစ္စည်းများ ထုခွဲပေးသည့်လုပ်ငန်း၊ စက်ရုံအလုပ်ရုံပိုင်ရှင်များအား ငွေညှစ်သည့်လုပ်ငန်း၊ ပျော်ပွဲစားရုံများ၊ အရက်ဆိုင်များ၊ လူကုန်ကူးသည့်လုပ်ငန်းများကိုလည်း လက်ဝါးကြီးအုပ်ထားသည်ဟု သိရ၏။ ထိုအဖွဲ့ကြီး၏ ဝင်ငွေမှာ တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်း ၉၀၀၀ ကျော်ရှိသည်ဟု မှုခင်းသုတေသီတို့က ခန့်မှန်းကြသည်။



ထိုဒုစရိုက်ဂိုဏ်းကြီးသည် ပြောင်ပြောင်တင်းတင်း လူသတ်မှု၊ လုပ်ကြံမှုကြီးများကို ကြိုးကိုင်ခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့၏။ သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စုသမ္မတကြီး ကနေဒီ လုပ်ကြံခံရမှုတွင် မာဖီးယားဂိုဏ်းဝင်များ ပါဝင်သည်ဟု သတင်းမီဒီယာများနှင့် အမေရိကန်ပြည်ထောင်စုမှ လူထုက မှတ်ယူခဲ့ကြသည်။ နိုင်ငံတကာ လုပ်ကြံမှုများကို လက်ဘာစ်ဆုံးနိုက် လေ့လာသုတေသနပြုသူများကလည်း သမ္မတကြီးကနေဒီ လုပ်ကြံခံရမှုသည် မာဖီးယားဂိုဏ်းဝင်များနှင့် ဆက်နွှယ်နိုင်သည်ဟု ထင်မြင်ချက်ပေးခဲ့၏။ သမ္မတကြီး ကနေဒီအား အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားရှိ မာဖီးယားဂိုဏ်းဝင်များက မလိုလားအပ်သူဟု သတ်မှတ်ခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် သမ္မတကြီး ကနေဒီနှင့် သူ့ညီ အမေရိကန်ပြည်ထောင်စုရှေ့နေချုပ်ကြီး ရောဘတ်ကနေဒီတို့သည် အမေရိကန်ပြည်ထောင်စုတွင် ခေတ်အဆက်ဆက် ကြောင့်ကြမဲ့ ဗိုလ်ကျခဲ့ကြသော မာဖီးယားဂိုဏ်းဝင်များကို ပြင်းပြင်းထန်ထန် ဖိနှိပ်ခဲ့ကြသည်။

သမ္မတကြီး ကနေဒီအား လုပ်ကြံသူ အော့(စ်)ဝဲလ် အားသေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ် နှုတ်ပိတ်ခဲ့သူ ဂျက်ရူဘီဆိုသူမှာ မာဖီးယားဂိုဏ်းဝင်တစ်ယောက်ဖြစ်သည်ဟု အများက ယူဆခဲ့ကြသည်။ သို့သော် အော့(စ်)ဝဲလ်နှင့် မာဖီးယားဂိုဏ်းဆက်သွယ်မှု ရှိ၊ မရှိကိုမူ တိတိကျကျ ခိုင်မာသည့်အဖြေမတွေ့ရသေးဟူ၍လည်း မှုခင်းသုတေသီများက ဆိုကြသည်။ အမှန်အားဖြင့် အမေရိကန်ပြည်ထောင်စုတွင် ထောက်လှမ်းရေးအဖွဲ့အစည်းကြီးများ အမြောက်အမြားရှိခဲ့သည်။ သာဓကအားဖြင့် နိုင်ငံတကာ စုံထောက်အဖွဲ့ကြီးများက မော့ကြည့်ရသော အက်(ဖ်)ဘီအိုင်အဖွဲ့၊ ကမ္ဘာ့ကျော် စီအိုင်အေအဖွဲ့၊ သမ္မတကြီးများနှင့် မိသားစုများနှင့် နိုင်ငံတကာက အမေရိကန်ပြည်ထောင်စုသို့ လာရောက်သော ဧည့်သည်တော်ကြီးများကို စောင့်ကြပ်ရသည့် အထူးလျှို့

www.burmeseclassic.com



**မာဖီးယားဂိုဏ်းဝင် ဂျိုးဗက်ဖလာချ်ဆိုသူက မာဖီးယားဂိုဏ်းအကြောင်း ဖွင့်ချခဲ့ရာမှ အမေရိကန်ပြည်ထောင်စု၏ လူ့မိုက်လောကီအကြောင်း ပြည်သူအများသိခွင့်ရခဲ့ပြီး မာဖီးယားဂိုဏ်းများအား ဖြိုခွင်းခဲ့ကြသည်။ သို့သော် အုံလိုက်ကျင်းလိုက် အခိုင်အမာ တည်ထောင်ထားသော လူ့မိုက်လောကီကို သုတ်သင်ရှင်းလင်းရေးမှာ မလွယ်ကူလှ...**

ဝှက်အဖွဲ့ (Secret Service)၊ နိုင်ငံခြားရေးဝန်ကြီးဌာန လုံခြုံရေးအဖွဲ့၊ လေတပ်မတော် ထောက်လှမ်းရေးအဖွဲ့၊ မြို့ပြလေကြောင်းဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့၊ အမေရိကန်ပြည်ထောင်စု ကမ်းခြေစောင့်ထောက်လှမ်းရေးအဖွဲ့၊ စာတိုက်ထောက်လှမ်းရေးအဖွဲ့ စသည့်ဌာနဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့များ ဒုနှင့်ဒေး ရှိခဲ့ပါသည်။ သို့သော် အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျား၊ တစ်နည်းပြောရလျှင် အမေရိကန်ပြည်ထောင်စု အရှေ့အစွန်အဖျားရှိ နယူးယောက်ပြည်နယ်မှ အနောက်ဘက်အစွန်းရှိ ကယ်လီဖိုးနီးယားပြည်နယ်အထိ ထိုမာဖီးယားဂိုဏ်းဝင်များသည် ဒုစရိုက်လုပ်ငန်းများ တစ်ခုပြီးတစ်ခု ပြုလုပ်ခဲ့ကြသည်သာမက လူသတ်မှုများကို ပြောင်ပြောင်တင်းတင်း ပြုလုပ်ခဲ့ကြသည်။ မာဖီးယားဂိုဏ်းအချင်းချင်း အလောင်းများထပ်အောင် သတ်ဖြတ်ခဲ့ကြသော်လည်း အထက်တွင်ဖော်ပြခဲ့သော အက်(ဖ်)ဘီအိုင်အဖွဲ့နှင့် အခြားထောက်လှမ်းရေးအဖွဲ့များသည် ဝင်ရောက်ဖြေရှင်းခြင်း၊ ဥပဒေအရ အရေးယူခြင်း မပြုခဲ့ကြ။

၁၉၅၀ ပြည့်နှစ်ခန့်ကလည်း အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် ကီဖော်ဗာ ခေါင်းဆောင်သော အမတ်များသည် ရာဇဝတ်မှုတိုက်ဖျက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သော်လည်း အက်(ဖ်)ဘီအိုင်အဖွဲ့ကြီးကမူ ရေငုံနှုတ်ပိတ်နေခဲ့သည်သာမက ထိုစဉ်က အက်(ဖ်)ဘီအိုင်အဖွဲ့၏ ရာသက်ပန်ညွှန်ကြားရေးမှူးဟု သတင်းမီဒီယာများက ကင်ပွန်းတပ်ခံရသော အက်ဂါဟူးဗား (အသက် ၂၉ နှစ်အရွယ်မှ ကွယ်လွန်သည့်အချိန်ထိ ၄၈ နှစ်လုံးလုံး အက်(ဖ်)ဘီအိုင်ညွှန်ကြားရေးမှူးတာဝန်ကို ဆောင်ရွက်ခဲ့၏)က အမေရိကန်ပြည်ထောင်စုတွင် မာဖီးယားဆိုသော ဒုစရိုက်ဂိုဏ်းကြီး မရှိပါဟု သတင်းမီဒီယာများကို ပြတ်ပြတ်သားသား ထုတ်ဖော်ပြောဆိုခဲ့သည်။

အက်ဂါဟူးဗား ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့သော အက်(ဖ်)ဘီအိုင်အဖွဲ့ကြီးသည် တစ်ချိန်က အမေရိကန်ပြည်ထောင်စုတွင် ဗိုလ်ကျစိုးမိုးခဲ့သော လူမိုက်၊ လူရမ်းကားများဖြစ်သော လူဆိုးကြီး ဒီလင်ဂျာ၊ ရက်စက်ရာတွင် ကမ်းကုန်သည့် မာဘာကာဂိုဏ်းမှ ဂိုဏ်းဝင်များ၊ မစ်ရှင်းဂန်းကယ်လီတို့ကို အပြတ်ရှင်းနေသောအချိန်တွင် မာဖီးယားဂိုဏ်းကြီးမှာ ပန်းပန်စပြုနေပြီဖြစ်သည်။ အဘယ့်ကြောင့် အက်(ဖ်)ဘီအိုင် သည် မာဖီးယားဂိုဏ်းအား


www.burmeseclassic.com

www.burmeseclassic.com

ဖြိုခွဲရေးတွင် ခပ်ရှောင်ရှောင် လုပ်ခဲ့သနည်း။ အငြင်းပွားစရာ ပဟေဠိတစ်ပုဒ်ဖြစ် ခဲ့၏။

မှန်ပါသည် ...။

ယနေ့ထိ အမေရိကန် ပြည်ထောင်စုတွင် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ် ရေးနှင့် လောင်းကစားလုပ်ငန်းအပါအဝင် ဒုစရိုက် လုပ်ငန်းမှန်သမျှအုံနှင့်ကျင်း နှင့်တိုင်းသိပြည်သိ၊ ကမ္ဘာ သိလုပ်ကိုင်နေသည့် အဖွဲ့အစည်းကြီးမှာ ကမ္ဘာကျော် မာဖီးယား (Mafia) အဖွဲ့ကြီးပင်ဖြစ်သည်။ ထိုအဖွဲ့ အစည်းကြီးသည် လွန်ခဲ့ သောနှစ်ပေါင်း ၇၀ ကျော် ကပင် သန္ဓေတည်ခဲ့သည်ဟု ဆိုကြ၏။




အမှန်စင်စစ် အမေရိကန်ပြည်ထောင်စုတွင် ဒုစရိုက်သမားများ အဖွဲ့အစည်းဖွဲ့၍ ရာဇဝတ်မှုအမျိုးမျိုးကို နည်းလမ်းအမျိုးမျိုးနှင့် ကျူးလွန်သူများသည် အီတလီလူမျိုးများမဟုတ်ဟု ဆိုကြသည်။ ၁၉ ရာစုရောက်မှသာ အီတလီလူမျိုးများသည် အမေရိကန် ပြည်ထောင်စုသို့ ခြေချခဲ့ကြခြင်း ဖြစ်၏။ ထိုစဉ်ကာလ ကပင် အမေရိကန်ပြည်ထောင်စုတွင် အခြေတကျနေ ထိုင်ကြသည်မှာ အိုင်ယာလန်ပြည်သားများနှင့် ဂျူးလူမျိုး များဖြစ်ကြသည်။ သို့သော်စစ္စလီကျွန်းဇာတိ အီတလီ လူမျိုးများ အမေရိကန်ပြည်ထောင်စုသို့ ရောက်လာသည် နှင့် ရာဇဝတ်မှုအမျိုးမျိုး ကျူးလွန်ကြမည့် ဒုစရိုက်ဂိုဏ်း ကြီးကို စတင်သန္ဓေတည်ရန် စီမံလာကြသည်။

ထိုမာဖီးယားဆိုသော ဂိုဏ်း၏ ခေါင်းဆောင်ကြီးများသည် အလွန်ဩဇာရှိကြ သည်။ ယင်းဂိုဏ်းသားတို့ အသက်သည် သူတို့လက်တွင်းမှာရှိကြ၏။ ခေါင်းဆောင်ကြီးတို့၏ အမိန့်ကို နာခံကြရသည်။ သစ္စာဖောက်သူ၊ အမိန့်ကိုနာခံခြင်းမရှိသူများမှာ နည်းလမ်းအမျိုးမျိုးနှင့် အသတ်ခံကြရသည်။

ဤနေရာတွင်အလျဉ်းသင့်သဖြင့် မာဖီးယား(Mafia) ဟူသောနာမည်သည် မည်သည့်ဝေါဟာရမှ ဆင်းသက်လာသည်ဆိုသည်ကို မည်သူမျှ တိတိကျကျ ထုတ်ဖော်ပြောပြနိုင်ခြင်း မရှိခဲ့ကြ။ စစ္စလီကျွန်းသားအများစုကမူ စစ္စလီကျွန်းအား ခရစ်နှစ် ၁၂၈၂ ခုနှစ်က ပြင်သစ်တို့ သိမ်းပိုက်စဉ်က ထိုဝေါဟာရကို စတင်ခဲ့သည်ဟု ဆိုကြသည်။ ထိုစဉ်ကာလက ပြင်သစ်စစ်သားတစ်ဦးသည် စစ္စလီကျွန်းသူတစ်

www.burmeseclassic.com

www.burmeseclassic.com



ဦးအား မတော်မတရား ပြုကျင့်ခဲ့ရာ ထိုမိန်းမပျိုလေး၏ မိခင်ဖြစ်သူက "Mafia,Mafia"၊ "မာဖီးယား၊ မာဖီးယား" ဟု လူအများကြားသိအောင် သံကုန်အော်ဟစ်ခဲ့သည်ဟုဆိုသည်။ မာဖီးယား(Mafia)၏ အဓိပ္ပာယ်မှာ "သမီးကလေး၊ သမီးကလေး"ဟု ဆိုလိုသည်။

ဤသို့ စစ္စလီအမျိုးသမီးကြီး အော်ဟစ်သည့်အသံကို ကြားကြရသော စစ္စလီအမျိုးသားများသည် ရရှိရာ ဓား၊ လှံတို့ကို ကိုင်စွဲ၍ ပြင်သစ်စစ်သားများအား တိုက်ခိုက်ခဲ့ကြတော့၏။ ဤသည်မှ "မာဖီးယား"ဟူသော ဝေါဟာရကို စစ္စလီအမျိုးသားအများက အသုံးပြုခဲ့သည်ဟု ဆိုကြသည်။ အချို့ကမူ ထိုဝေါဟာရသည် အာရေဗျဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုသည်။ ထိုဝေါဟာရ၏ အဓိပ္ပာယ်မှာ အာရပ်ဘာသာအားဖြင့် "ခိုလှုံရာနေရာဌာန"ဟု သိရ၏။ မည်သို့ပင်ဖြစ်စေကာမူ ဤဝေါဟာရအား အမေရိကန်ပြည်ထောင်စုသို့ အကြောင်းအမျိုးမျိုးဖြင့် ခိုလှုံရန် ရောက်ရှိလာကြသော အီတလီအမျိုးသားများ၊ စစ္စလီကျွန်းသားများက လိုလိုလားလား အသုံးပြုခဲ့ခြင်းဖြစ်၏။

ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်က အမေရိကန်ပြည်ထောင်စု အစိုးရသည် အရက်ထုတ်လုပ်ရောင်းချမှုကို ကန့်သတ်သည့် ဥပဒေကို ထုတ်ခဲ့သည်။ ဤတွင် အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ကြသော အီတလီလူမျိုး အများအပြားသည် အရက်မှောင်ခိုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ကြသည်။ အထူးသဖြင့် အီတလီအမျိုးသားများသည် အရက်ချက်လုပ်သည့်အလုပ်ကို ကျွမ်းကျင်ကြရကား ၎င်းတို့အဖို့ အထက်ဖော်ပြပါ အရက်ချက်လုပ်ရောင်းချခြင်းကို ကန့်သတ်သည့်ဥပဒေ ပြင်ဆင်ခြင်းမရှိသေးသည့်ကာလတွင် စီးပွားလမ်းဖြောင့်ခဲ့ကြသည်။ ထိုစဉ်ကာလက အမေရိကန်ပြည်ထောင်စုတွင် အရက်ပုန်းရောင်းချမှုလုပ်ငန်းမှာ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ကြရသည်။ ထိုလုပ်ငန်းကို လက်ဝါးကြီးအုပ်၍ ပြုလုပ်ရာမှ ဟိုးဟိုးကျော်ခဲ့ရသော ဒုစရိုက်ရာဇာမှာ အယ်(လ်)ကာပုန် (Al-Capone)ဆိုသူဖြစ်သည်။

သူနှင့်အပြိုင် အခြားဒုစရိုက်ရာဇာများလည်း အလားတူ ဒုစရိုက်လုပ်ငန်းများကို ပြုလုပ်လာကြသည်။ ထိုသူများ၏ အဖွဲ့ဝင်များမှာ စစ္စလီကျွန်းတွင် မွေးဖွားကြသည့် အီတလီလူမျိုးများဖြစ်သည်ဟု ဆိုကြ၏။ ထိုဂိုဏ်းကြီးများသည် နာမည်အမျိုးမျိုး ကင်ပွန်းတပ်ခဲ့ကြသော်လည်း အများကမူ

**မှုးယစ်ဆေးဝါးရောင်းဝယ်မှု၊ လောင်းကစားပွဲရုံ တည်ထောင်မှုလုပ်ငန်းများကို လက်ဝါးကြီးအုပ်လုပ်ကိုင်ခဲ့သော်လည်း လူအများက တိတိကျကျ မသိခဲ့။ ၁၉၄၀ ပြည့်နှစ်ခန့်တွင်မူ အမေရိကန်ပြည်ထောင်စု၊ ဘရွတ်ကလင်းမြို့မှ အေဘီရေလိစ်ဆိုသူ၏ ထုတ်ဖော်ပြောဆိုမှုကြောင့် လူသိများခဲ့ပြီး မာဖီးယားဂိုဏ်းအကြောင်း နိုက်နိုက်ချွတ်ချွတ် သိခဲ့ကြရ၏...**

www.burmeseclassic.com

www.burmeseclassic.com

မာဖီးယားဂိုဏ်းဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဤဒုစရိုက်ဂိုဏ်းများသည် ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျား ဒုစရိုက်လုပ်ငန်းများကို ခြေပုန်းခုတ်၍ ပြုလုပ်ခဲ့ကြသည်။

နောင်အခါ အမြတ်အစွန်း အကြီးအကျယ်ရသော မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လောင်းကစားပွဲရုံတည်ထောင်မှုလုပ်ငန်းများကို လက်ဝါးကြီးအုပ် လုပ်ကိုင်ခဲ့သော်လည်း လူအများက တိတိကျကျ မသိခဲ့။ ၁၉၄၀ ပြည့်နှစ်ခန့်တွင် မှု အမေရိကန်ပြည်ထောင်စု၊ ဘရွတ်ကလင်းမြို့မှ အေဘီရေလိစ်ဆိုသူ၏ ထုတ်ဖော်ပြောဆိုမှုကြောင့် လူသိများခဲ့ပြီး မာဖီးယားဂိုဏ်းအကြောင်း နှိုက်နှိုက်ချွတ်ချွတ် သိခဲ့ကြရ၏။

၁၉၆၁ ခုနှစ်တွင် တရားရေးဌာနကြီးအား ရောဘတ်ကနေဒီ တာဝန်ယူခဲ့ရသည့်အချိန်မှစ၍ မာဖီးယားဂိုဏ်းမရှိပါဟု ငြင်းကြော်ခဲ့သော အက်(ဖ်)ဘီအိုင်အဖွဲ့ကြီးသည် မာဖီးယားဂိုဏ်းဖြိုခွင်းရေးကို စတင်ဆောင်ရွက်ခဲ့ရတော့၏။

ဤသို့အတွင်း မာဖီးယားဂိုဏ်းဝင် ဂျိုးဗက်ဗလာချ်ဆိုသူက မာဖီးယားဂိုဏ်းအကြောင်း ဖွင့်ချခဲ့ရာမှ အမေရိကန်ပြည်ထောင်စု၏ လူမိုက်လောကအကြောင်း ပြည်သူအများသိခွင့်ရခဲ့ပြီး မာဖီးယားဂိုဏ်းများအား ဖြိုခွင်းခဲ့ကြသည်။ သို့သော် အုံလိုက်ကျင်းလိုက် အခိုင်အမာ တည်ထောင်ထားသော လူမိုက်လောကကို သုတ်သင်ရှင်းလင်းရေးမှာ မလွယ်ကူလှ။ ဤပြဿနာမှာ ယနေ့ထိ အမေရိကန်ပြည်ထောင်စုအဖို့ ရင်ဆိုင်ရဆဲဖြစ်၏။ ငွေအား၊ လူအင်အားသုံး၍ ဖြိုခွင်းနေရသော်လည်း မာဖီးယားဂိုဏ်းသည် လုံးဝချုပ်ငြိမ်းခြင်း မရှိသေးပါကြောင်း။ ။

ကျမ်းကိုး-Inside Terrorism

By- B.Hoffman

**လျှမ်းထက်**


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

**ခရုသင်း သမင်ဖြူ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၈၇)

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့်
အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊
ရင်ကျိုက်၊ ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ
အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဆံတော် အံတော် နံ့တော် ဘုရား၊ စစ်တွေမြို့ လောကနန္ဒာဘုရား စသည်စသည်တို့ဖြစ်သည်။

ယခု ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ဘုရားပုထိုးစေတီများကို ဖူး မြော်ရတော့မှာမို့ ဒေါ်စံမြခိုင်အဖို့ ဘဝ ဘဝတိုင်းအတွက် ပဋ္ဌာန်းဆက်ဖြစ်သွား တော့မည်လေ။

+++

ဒေါ်စံမြခိုင် သတင်းစာကိုကောက် ဖတ်လိုက်သည်။ ပုဂံရှေးဟောင်းယဉ် ကျေးမှုနယ်မြေ အလိုတော်ပြည့်ဘုရား ပွဲတော်ကျင်းပရက် ကြော်ငြာသတင်း ပါလာသည်။ ဒေါ်စံမြခိုင် စိတ်ဝင်စား သွား၏။ ကျင်းပမည့်ရက်မှာ နတ်တော် လပြည့်နေ့ဖြစ်သည်။

အချိန်ကောင်းအခါကောင်းဖြစ်၍ ဘုရားပွဲတော်သို့သွားရန် ဆုံးဖြတ်လိုက် သည်။ ပုဂံအလိုတော်ပြည့်ဘုရားပွဲကို ပြည်တွင်းပြည်ပ သာသနာပြု ဆရာ တော်ကြီး ဒေါက်တာအရိယဝံသ (အဂ္ဂ မဟာပဏ္ဍိတ)က ကမကထပြုပြီး နှစ် စဉ် ကျင်းပလေ့ရှိသည်။

ဒေါ်စံမြခိုင်မှာ ရခိုင်ဘုရားများကို အကုန်ဖူးမြော်ဖူးပြီ။ ဖူးခဲ့ဖူးသည်မှ မြောက်ဦးမြို့ အဖရှစ်သောင်း သားကိုး သောင်းဘုရားနှင့် မြောက်ဦးတစ်ခွင် ဘုရားစုံ၊ မင်းပြား ကျိန်းတောင်ဘုရား၊ ပုထားတျှန်း ဦးရာဇ်တော်ဘုရား၊ သံ တွဲမြို့

မောင်တောမြို့မှာ မြန်မာ့မြေ အနောက်ခြမ်း၏ အစွန်ဆုံးမြို့ဖြစ် သည်။ နတ်မြစ်ကမ်းနဖူးတွင် တည်ရှိ သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို နတ်မြစ် တစ်ဖက်ကမ်း ခပ်လှမ်းလှမ်းတွင် လှမ်း မြင်နေရ၏။ မောင်တောမြို့သူများကို အနောက်သူဟူ၍လည်း ခေါ်ကြ၏။

အနောက်သူ ဒေါ်စံမြခိုင်မှာ ကျောင်းနေစဉ်တုန်းက ကျောင်းသင် ဘာသာရပ်ထဲတွင် သင်ကြားခဲ့ရသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသဆိုသည် ကိုလည်း မြင်တွေ့ရတော့မည်။ ဒေါ်စံ မြခိုင်၏ နှလုံးအိမ်တွင် ကျေနပ်မှု ပီတိ ရောင်များ လွှမ်းနေ၏။

ဒေါ်စံမြခိုင် အိတ်ကိုဆွဲပြီး ကား ဂိတ်သို့ဆင်းလိုက်၏။ ဘူးသီးတောင်– မောင်တောပြေးဆွဲနေသော ခရီးသည် တင်ကားပေါ်သို့ ခပ်သွက်သွက်တက် ထိုင်လိုက်၏။ သိပ်မကြာခင် ကားစ ထွက်တော့သည်။ ဒေါ်စံမြခိုင်တို့ စီး

**မင်းသားကြီး**
**ရွှေဘန်းဟာ**
**ထောင်ထဲမှာ**
**(၄၁)ရက်ကြာ**
**အစာငတ်ခံ ဆန္ဒပြခဲ့တယ်၊**
**မကွယ်လွန်မီ**
**လက်မောင်းကသွေးကို**
**ဖောက်ထုတ်ပြီး**
**ထောင်နံရံမှာ**
**တော်လှန်ရေး**
**ကဗျာတစ်ပုဒ်ရေးရင်း**
**သွေးမော်ကွန်းရေး**
**ထိုးခဲ့တယ်. . .**

www.burmeseclassic.com

www.burmeseclassic.com




နင်းလိုက်ပါလာသောကားသည် မယူတောင်တန်းကြီးသို့ ရောက်ရှိလာ သည်။ တောင်ကိုကန့်လန့်ဖြတ် ဖောက်လုပ်ထားသော တောင်ခေါင်းထဲသို့ ဝင်ရောက်လာခဲ့လေပြီ။ တစ်နာရီခန့်အကြာတွင် တောင်တစ်ဖက်သို့ဖောက်ထွက်လာခဲ့သည်။ ဟော.....နောက်တောင်ခေါင်းတစ်ခုကို ဝင်သွားပြန်ပြီ။ မကြာခင်ပဲ ကားကြီးမှာ တောင်ခေါင်းထဲက အူယားဖားယား ထွက်ချလာသည်။

"ကျွန်မက ဒီတစ်ခေါက်ပဲ ဒီဘက်ကို ရောက်ဖူးတယ်၊ ဒီတောင်ကြီးကိုဖောက်ပြီး ကားလမ်းတွေ လုပ်ထားတာ အရမ်းအံ့သြဖို့ကောင်းလိုက်တာနော်"

"ဟုတ်တယ်ရှင့်၊ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်တွေ တပ်စွဲနေခဲ့ကြတုန်း သူတို့တွေ စစ်လမ်းကြောင်းဖောက်လုပ်ခဲ့ကြတာပေါ့၊ ဒီလိုမှ မဖောက်ရင် ဘူးသီးတောင်နဲ့ မောင်တော သွားလာရမလွယ်ဘူးလေ"

ခရီးဖော်အမျိုးသမီး၏အပြောကို ဒေါ်စံမြနိုင် ရှင်းပြလိုက်၏။

"ရခိုင်ဒေသဟာ စစ်အတွင်းက အနောက်ဘက်စစ်မျက်နှာဖြစ်ခဲ့တာကလားရှင်"

ဒေါ်စံမြနိုင်က ထပ်မံပြောပြလိုက်ပြန်၏။ ဒေါ်စံမြနိုင်တို့ ဘူးသီးတောင်မြို့သို့ရောက်ချိန်တွင် မှောင်ရီပျိုးနေပေပြီ။

"ကျွန်မနာမည်က ဒေါ်လှဖုံမြို့ပါ၊ ဂွမြို့ကပါ၊ ဒီမှာ သားက မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဖြစ်နေတာလေ"

"ဟုတ်လား ကောင်းတာပေါ့၊ ကျွန်မနာမည်ကတော့ ဒေါ်စံမြနိုင်ပါ၊ မောင်တောဇာတိပါပဲ၊ အခု ပုဂံဘုရားဖူးသွားမလို့ ထွက်လာတာလေ"

"သာဓုခေါ်ပါတယ်ရှင်"

"ဒီဘူးသီးတောင်၊ မောင်တောမြို့တွေမှာ ကျွန်မ တစ်ခုသတိထားမိတယ်"

"ပြောပါ"

"လူတွေဟာ နေရာတိုင်းမှာ တစ်ဖက်နိုင်ငံကလူတွေချည်းပဲနော်"

"ဟုတ်တယ်ရှင့်၊ သူတို့ဟာ ဒီဒေသမှာ ရာနှုန်း (၉၀)ကျော်လောက်ရှိတယ်ဆိုပဲ၊ ရခိုင်တိုင်းရင်းသားတွေက (၁၀)ရာခိုင်နှုန်းတောင် မပြည့်ဘူးတဲ့"

"တွေးရင် ရင်လေးစရာပါပဲနော်၊ ဒီဒေသရဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း သူတို့ပဲ လက်ဝါးကြီးအုပ်ထားကြတာလေ"

"တတိတိနဲ့ စိမ့်ဝင်လာရင်းနဲ့ အခုလို ပြည့်လျှံလာတာပေါ့နော်"

"ဒါဟာ ကောင်းသောအတိတ်နိမိတ်တော့ မဖြစ်နိုင်ဘူးနော်"

ဒေါ်စံမြနိုင်မှာ အခြေခံပညာအထက်တန်းအဆင့်ထိ သင်ဖူးခဲ့ရာ ခေတ်အခြေအနေအရ လူမှုရေးအသိတွေ အတော်အသင့် နားလည်သည်။

ဒေါ်စံမြနိုင်တို့ ဘူးသီးတောင်မြို့သို့ရောက်ချိန်တွင် မှောင်ရီသမ်းနေပေ

www.burmeseclassic.com

www.burmeseclassic.com

ပြီ။ ခရီးသွားဖော် အမျိုးသမီးနှစ်ဦးမှာ တစ်ညတည်းဟူသောအချိန်ကို လွန်မြောက်စေရန် တည်းခိုခန်းတစ်ခုတွင် ဝင်တည်းလိုက်ကြ၏။

✦✦✦

ဘူးသီးတောင်မြို့၏ မနက်ခင်း။

သင်္ဘောဆိပ်တွင် လူတွေပျားပန်းခပ်မျှ လှုပ်ရှားနေကြ၏။ ဘူးသီးတောင်နှင့် မောင်တောနေ ပြည်သူများအတွက် ပြည်တွင်းခရီးစဉ်အတွက် ဘူးသီးတောင်သင်္ဘောဆိပ်မှာ တစ်ခုတည်းသော ထွက်ပေါက်ပင်ဖြစ်သည်။

ဘူးသီးတောင်သင်္ဘောသည် မြစ်ကြောင်းအတိုင်း စုန်ဆင်းလာသည်။ ဘူးသီးတောင်မြစ်မှာ သိပ်မကျယ်လွန်းသဖြင့် မြစ်ကမ်းနံဘေး ဝဲယာတို့တွင် ဒီရေက်တောတန်းများ၊ ကျေးလက်လူ့ဝန်းကျင်ရွာကလေးများမှာ ချာလပတ်လည်ကာ ကျန်ခဲ့ကြသည်။

"တို့နိုင်ငံကတော့ ရွှေနိုင်ငံဆို တာတကယ်ပဲနော်၊ ကြည့်စမ်းပါဦး၊ လယ်ကွင်းပြင်ကြီးတွေမှာ စပါးတွေမှည့်နေလိုက်ကြတာ၊ ရွှေကွင်းပြင်ကြီးကျနေတာပဲနော်"

အောင်တံခွန်သင်္ဘော ပြေးလမ်းတစ်လျှောက် ဝဲယာနှစ်ဖက်တွင် ရွှေဝါရောင်အဆင်းဖြင့် ရင့်မှည့်နေကြသော စပါးခင်းကြီးကိုကြည့်ရင်း ဒေါ်လှဖြူ၏ ပီတိပြည့်နှုတ်ထွက်စကားသံလေးပင်ဖြစ်သည်။

"အဲဒါတွေ ပြောရရင်တော့ စိတ်မကောင်းစရာပါပဲ၊ ဒီစပါးခင်းတွေဟာ တို့ဘိုးဘွားလက်ထက်က တို့လယ်မြေဖြစ်ခဲ့ပေမယ့် ခုတော့ တို့လယ်မြေမဟုတ်တော့ဘူးရှင့်"

"ဘယ်သူတွေ ပိုင်သွားလို့လဲ"

"ဘယ်သူတွေ ပိုင်သွားသလဲဆိုရင် တို့နိုင်ငံနဲ့ နယ်မြေချင်း ထိစပ်နေတဲ့ တိုင်းတစ်ပါးသားတွေ တဖြည်းဖြည်း စိမ့်ဝင်လာရင်း အမြစ်တွယ်သွားပြီး သူတို့လက်ထဲ ရောက်သွားကြတာလေ"

"သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ဒီလူတွေ ရောက်စတုန်းက လက်နဲ့ဖဝါး၊ လျှာနဲ့သွားပါပဲ၊ ဘာမှပါလာကြတာမဟုတ်ဘူး"

"သြော်.....ဟုတ်ကဲ့"

"အဲဒါ တို့တိုင်းရင်းသားတွေဆီမှာ လယ်ယာလုပ်ငန်းတွေ အငှားလုပ်ကြ၊ ဥယျာဉ်ခြံမြေတွေမှာ ကူလီလုပ်ကြနဲ့ နောက်တော့ တိုင်းတစ်ပါးသားတွေပဲ မြေပိုင်ရှင်၊ လယ်ပိုင်ရှင် ဖြစ်သွားကြတာလေ"

"ဒါဖြင့် တို့တိုင်းရင်းသား မြေရှင်၊ လယ်ရှင်တွေ ဘယ်ရောက်သွားကြတာလဲ"

"ဘယ်ရောက်သွားရမလဲ သူတို့ဆီမှာ လယ်ကူလီ၊ ယာကူလီ ဖြစ်သွားကြတာပေါ့"

"ဒါတွေတွေးရင် စိတ်မကောင်းပါဘူး၊ တို့လူမျိုးတွေ အသုံးမကျတာလေ၊ စိတ်ဓာတ်မဖွံ့ဖြိုးတာလည်း ပါတာပေါ့ရှင်"

သင်္ဘောစီးခရီးဖော် အမျိုးသမီးနှစ်ဦးမှာ ရီဝေသော မျက်ဝန်းများနှင့် မြစ်ရေပြင်ကို ငေးကြည့်နေကြ၏။ စိုင်းခြားခိုဖြူ(ပင်လယ်စင်ရော်)ငှက်များက ဝဲကာပျံကာနဲ့ သင်္ဘောနှင့်အပြိုင် ပျံသန်းလိုက်ပါလာကြ၏။ ခရီးသည်များက အစာများကို လွှင့်ပစ်ပေးကြရာ မြစ်ရေပြင်သို့ မကျမီ ဖမ်းယူစားသောက်ကြ၏။

အချို့အကောင်များမှာ သူများပေးစာကမ်းစာကို စားလိုဟန်ရှိကြပုံမပေါ်။ သင်္ဘောရေယက်အားကြောင့် နောက်တွင် လှိုင်းပွက်ကြီးများ မြင့်တက်ဖြစ်ပေါ်သွားသော နေရာတွင် ရေပေါ်သို့ ရောက်လာသော ငါးသေးငါးနုတ်လေးများကို ထိုးသုတ်ကောက်ယူစားသောက်ကြသည်။ သူတို့၏ ပရိယေသန ရှာဖွေမှုမှာ စိတ်ဝင်စားဖွယ်ကောင်းပြီး နှစ်လိုဖွယ်ရာလည်းကောင်းလှသည်။

နေ့လယ်လောက်တွင်တော့ အောင်တံခွန်သင်္ဘောမှာ ရသေ့တောင်မြို့ဆိပ်ကမ်းသို့ ဝင်ကပ်လိုက်သည်။ ဘူးသီးတောင်မှ သင်္ဘောအဝင်တွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ထွက်ခွာလာသော သင်္ဘောသည် လည်း ရသေ့တောင်မြို့ဆိပ်ကမ်းသို့ ဝင်လာခဲ့ပေပြီ။ အသွားအပြန်သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com


နှစ်စီး ခရီးစဉ်တစ်ဝက်အရောက်တွင် အတူဆုံကြခြင်းပင်ဖြစ်သည်။

သင်္ဘောနှစ်စီးမှ ခရီးသည်တွေ တက်ကြ၊ ဆင်းကြ၊ စားကြ၊ သောက်ကြနှင့် ရသေ့တောင်ဆိပ်ကမ်းတွင် ဆူညံသောသောရှိချေ၏။ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ခရီးစဉ်မှာ ရေလမ်းတစ်ခုတည်းကိုသာ အားထားနေကြရသဖြင့် ခရီးသည်များ ပြည့်ကျပ်နေတတ်သည်။ စစ်တွေမှ နေ့စဉ်သင်္ဘောတစ်စီး ပုံမှန်ပြေးဆွဲလျက်ရှိသည်။

ညနေ ၅ နာရီခန့်တွင် စစ်တွေဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်ခဲ့သည်။

''ကျွန်မက မနက်ဖြန် တောင်ကုတ်သင်္ဘောနဲ့ ဆက်လိုက်ရမှာဆို တော့ ဝေးဝေးလံလံ မသွားတော့ပါ ဘူး၊ ဒီသင်္ဘောဆိပ်နားက တည်းခို ခန်းမှာပဲ တည်းလိုက်တော့မယ်''

''ကျွန်မလည်း ဘယ်ဝေးဝေး သွားလို့ ဖြစ်တော့မှာလဲ၊ ဂွဆိုတော့ တောင်ကုတ်ထိ လိုက်ရမယ်လေ၊ ဒေါ်စံမြနိုင်နဲ့ပဲ အတူတည်းလိုက်တော့ မယ်''

''ကောင်းတယ်လေ၊ အဖော်ရတာပေါ့''

ခရီးသွားဖော်ချင်း မိတ်ရင်းများ ဖြစ်သွားကြသည်။

✦✦✦



တောင်ကုတ်သို့အဆင်းသင်္ဘောသည် စစ်တွေမြို့မှထွက်ပြီး ကုလားတန်မြစ်ကို ဖြတ်ကူးလိုက်၏။

''ဟော....ဟိုကမြင်နေရတဲ့ ဘီးချပ်တောင်နဲ့ ကပ်လျက်တောင်ကို ပွဲကြည့်တောင်လို့ ခေါ်တယ်လေ၊ အဲဒီပွဲကြည့်တောင်မှာ တို့ဒေသရဲ့ နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် မင်းသားကြီး ရွှေဘန်းရဲ့ အရိုးဂူရှိတယ်ရှင့်''

''သြော်.....ဟုတ်လား''

''မင်းသားကြီး ရွှေဘန်းဟာ ကာလကတ္တားအကျဉ်းထောင်မှာ နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ အကျဉ်းချထားခြင်း ခံခဲ့ရတယ်''

''ဒီအကြောင်းတွေကို ကြားတော့ ကြားဖူးတယ်၊ သိပ်ရေရေလည်လည် မသိဘူး၊ ပြောပြပေးပါဦးလား''

''ဒီလိုပါရှင်၊ အင်္ဂလိပ်-မြန်မာ ပထမစစ်အပြီးမှာ ရခိုင်ဒေသဟာ အင်္ဂလိပ်တို့လက်အောက် ကျရောက်ခဲ့တယ်၊ အဲဒီအချိန်မှာ တို့ဒေသက တော်လှန်ရေးခေါင်းဆောင်တွေဖြစ်တဲ့ မင်းသားကြီးရွှေဘန်း၊ ဒေးဝန်းအောင်ကျော်ရွှီနဲ့ မြို့သူကြီး အောင်ကျော်ဖံတို့ကို သက္ကရာဇ် ၁၈၃၄ မှာ အင်္ဂလိပ်တို့က ဖမ်းဆီးခဲ့ကြတယ်၊ သူတို့ကို အိန္ဒိယနိုင်ငံ၊ ကာလကတ္တားအကျဉ်းထောင်မှာ အကျဉ်းချထားခဲ့ကြတယ်လေ''

''ဟုတ်ကဲ့''

''အဲဒီမှာ မင်းသားကြီး ရွှေဘန်းဟာ ထောင်ထဲမှာ (၄၁)ရက်ကြာ အစာငတ်ခံ ဆန္ဒပြခဲ့တယ်၊ မကွယ်လွန်မီ

www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကသွေးကိုဖောက်ထုတ်ပြီး ထောင်နံ့ရုံမှာ တော်လှန်ရေးကဗျာ တစ်ပုဒ်ရေးရင်း သွေးမော်ကွန်းရေးထိုး ခဲ့တယ်''

''မှတ်သားစရာဖြစ်ပြီး ဂုဏ်ယူ စရာလည်းကောင်းတယ်''

''မင်းသားကြီး ကွယ်လွန်တဲ့ အချိန်မှာ အင်္ဂလိပ်တွေရဲ့ ခွင့်ပြုချက်နဲ့ အလောင်းကို ရခိုင်ကိုပြန်သယ်ခွင့်ရခဲ့ တယ်၊ အဲဒါ ဟောဟိုမှာ မြင်နေရတဲ့ ပွဲကြည့်တောင်မှာ အရိုးဂူသွင်းထားကြ တာပေါ့၊ ပေါက်တောမြို့နယ်ထဲမှာပါ ပဲ''

''ကြားရတာ ရင်ထဲနင့်သွားတာ ပဲ''

''ကိုယ့်နိုင်ငံအတွက် တိုက်ပွဲဝင် ခဲ့ကြတာပဲလေ၊ ပြန်လည်တွေးမိတိုင်း ကြေကြေကွဲကွဲ ခံစားရပါတယ်ရှင်''

တောင်ကုတ်သွားသင်္ဘောက တော့ တစ်မြို့ဝင်၊ တစ်မြို့ထွက်နှင့် ပေါက်တော၊ မင်းပြား၊ မြေပုံစသော ကမ်းရိုးတန်းမြို့များမှတစ်ဆင့် ကျောက် ဖြူမြို့သို့ ဆိုက်ရောက်လာခဲ့သည်။ ကျောက်ဖြူမြို့သို့ ရောက်ရှိချိန်တွင် ည ၉ နာရီတိုင်ခဲ့ပေပြီ။

ဒေါ်စံမြခိုင်နဲ့ ဒေါ်လှဖံဖြူတို့မှာ တောင်ကုတ်သို့ ဆက်သွားကြမည့် ခရီးသည်များဖြစ်၍ မြို့ပေါ်သို့ မတက် ကြတော့ဘဲ သင်္ဘောပေါ်မှာပဲဖြစ်သလို အိပ်ပြီး တစ်ညတာတည်းဟူသော အချိန်ကို ကုန်လွန်စေခဲ့သည်။

✦✦✦

**ငါ့ပစ္စည်းတော့**
**ဆုံးပြီဆိုပြီး**
**ပစ္စည်းစွဲနဲ့**
**သောကရောက်မနေနဲ့၊**
**စိတ်ကို**
**တည်ငြိမ်အောင်ထား၊**
**ပစ္စည်းကိုမပြောနဲ့၊**
**လူတောင်**
**အစိုးရတာမဟုတ်ဘူး၊**
**လောကမှာ**
**ဘယ်အရာမှ**
**အစိုးမရဘူး ...**

ကျောက်ဖြူမှ မနက်ခင်းထွက် လာသော သင်္ဘောသည် နေ့လယ်ခန့် တွင် ရမ်းဗြဲမြို့သို့ ဆိုက်ကပ်ပြီး ညနေ ၆ နာရီတွင်တော့ တောင်ကုတ်မြို့သို့ ရောက်ရှိပါလေတော့သည်။ ကမ်းရိုး တန်းသွားသင်္ဘောကတော့ ဤတွင် ဂိတ်ဆုံးသည်။

''ရန်ကုန်လက်မှတ်ရမယ်၊ ရန် ကုန်လက်မှတ်ရမယ်''

''အောင်သစ္စာရှိတယ်''

''ရိုးမသစ္စာရှိတယ်''

''အမ်းရိုးမရှိတယ်''

''ရဲအောင်လံရှိတယ်''

သင်္ဘောကပ်သည်ဆိုလျှင်ပဲ ကား ဂိတ်အသီးသီးမှ ခရီးသည်ကြိုများ၏ အသံများက ညံစီနေပေတော့သည်။

''ကဲ.....ဒေါ်လှဖံဖြူ ကျွန်မ တော့ ရန် ကု န် အ ဆ င် ပြေ တဲ့ ကား နဲ့ လိုက်သွားတော့မယ်''

''ဟုတ်ကဲ့၊ ကျွန်မလည်း ငွကို ကားရှိတယ်၊ ဒီကပဲ ဆက်သွားရမယ်၊ သွားလိုက်တော့မယ်နော်၊ ကျွန်မ ဒေါ် စံမြခိုင်နဲ့ တွေ့ရတာ အရမ်းအကျိုးရှိပါ တယ်၊ ကဲ.....သွားပြီနော်''

ဒေါ်လှဖံဖြူ ဆိုက်ကားဆရာကို ခေါ်ပြီး ပစ္စည်းများကို အပ်လိုက်သည်။ ဒေါ်စံမြခိုင်လည်း ခရီးသည်ကြိုကား ပေါ်သို့ တက်လိုက်တော့သည်။

ခရီးသည်နှစ်ဦးကတော့ ကိုယ့် လမ်းကိုယ်သွားပြီး ကိုယ့်စခန်းကိုယ် ပြန်ခဲ့ကြလေပြီ။ နှုတ်ဆက်ထွက်ခွာကြ

www.burmeseclassic.com

www.burmeseclassic.com



တော့ လက်ကလေးတွေ ဝှေ့ကာယမ်းကာ။

တောင်ကုတ်မြို့မှ ညနေထွက် ခွာလာသောကားသည် ရခိုင်ရိုးမ တောင်တန်းကြီးကို တစ်ညလုံး ကျော်ဖြတ်သည်။ မနက် ၆ နာရီဝန်းကျင်ခန့်တွင် မြောက်ဥက္ကလာပ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ ရောက်ရှိသည်။ ဒေါ်စံမြခိုင်ကို တူမတို့ လာကြိုကြသည်။ ခရီးပန်းလာခဲ့ပြီမို့ တစ်နေ့အနားယူလိုက်သည်။

+++

ဒီနေ့သည်ကား နတ်တော် လပြည့်အဖိတ်နေ့ပင်တည်း။ ဒေါ်စံမြခိုင် မနက်ပိုင်း စောစီးစွာ အိပ်ရာထပြီး တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အလိုတော်ပြည့် ကျောင်းတိုက်သို့ သွားလိုက်သည်။ ဒေါ်စံမြခိုင် ကျောင်းတိုက်သို့ မနက် ၆ နာရီတွင်ရောက်သည်။ ပွဲတော်ကြိုကားတန်းကြီးကား မနက် ၅ နာရီကပင် ထွက်သွားခဲ့လေပြီ။ ရင်ခုန်မောလျှ စိတ်သောကသည် ဒေါ်စံမြခိုင်ရင်၌ ချက်ချင်း ဖြစ်တည်သွား၏။

"ကဲ.....ကားဆရာရေ မထူးတော့ဘူး။ ပုဂံညောင်ဦး ပုံမှန်ပြေးနေတဲ့ ကားမရှိဘူးလား"

"ရှိတာပေါ့၊ အောင်မင်္ဂလာ အဝေးပြေးဂိတ် သွားရမယ်"



"ရပါတယ်၊ အဲဒီကိုပဲ မောင်းပေးပါ"

ဒေါ်စံမြခိုင် အဝေးပြေးဂိတ်သို့ ရောက်ချိန်တွင် ၁၀ နာရီထွက်မည့် ကားနှင့် အဆင်ပြေသွားသည်။

+++

ညအချိန် ခရီးသွားနေခြင်းဖြစ်၍ လမ်းခရီးတစ်လျှောက် ဒေသ၏ ရှုခင်းရှုကွက်များကိုလည်း ကြည့်ရှုခွင့်မရ။ ကြည့်လေရာရာ မှောင်နဲ့မည်းမည်း။ လူနေရပ်ကွက် မြို့ရွာအချို့ကို ကျော်ဖြတ်မှသာ လျှပ်စစ်မီးများကို လက်ခနဲ လက်ခနဲ မြင်လိုက်ရသည်။ ဒေါ်စံမြခိုင်မှာ ကားနှင့်ခရီးသွားနေကျမဟုတ်လို့လားမသိ။ အိပ်၍မရ။ ကြာသော် မွန်းကျပ်လာသည်။ အိပ်ပျော်သွားစေရန် ကြိုးစားပြီး မျက်လုံးမှိတ်ထား၏။ မရ။ တဖြည်းဖြည်း ဇက်ကြောလေးပြီး ခေါင်းကိုက်လာသည်။

"အင်း....ခေါင်းတွေကိုက်လိုက်တာ"

ဒေါ်စံမြခိုင် မခံမရပ်နိုင်အောင် ခံစားလာရပြီး နှုတ်ဖျားက ညည်းသံလေး ထွက်သွားသည်။

"အစ်မကြီး ဘာဖြစ်တာလဲ၊ နေမကောင်းဘူးလား"

"ဟုတ်တယ်၊ ခေါင်းအရမ်းကိုက်နေတယ်၊ အိပ်လို့လည်းမရဘူး"

"အစ်မကြီးက ဘယ်ကလာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ရခိုင်ပြည်နယ်၊ မောင်တောက လာခဲ့တာပဲ"

"ဩော်..အစ်မကြီးလာခဲ့တဲ့ခရီးက ဘယ်လွယ်မလဲ၊ မြန်မာနိုင်ငံ အနောက်ဘက်အဆုံးကဆိုတော့ တော်တော်ဝေးတာပဲ၊ အစ်မကြီး အရမ်းပင်ပန်းနေပြီပေါ့"

"ဟုတ်ပါတယ်၊ အိမ်ကထွက်လာကတည်းက မနားမနေဆိုသလိုပါပဲ၊ ဒီညဆို ၆ ညရှိပြီ"

"အစ်မကြီးကလည်း အဲဒီလောက် ခရီးဝေးကလာတာ နားနားနေနေ သွားမှပေါ့ရှင်"

"ဒီအလိုတော်ပြည့်ဘုရားပွဲက နတ်တော်လပြည့်နေ့မှာ ပွဲတော်ရက်ဆိုတော့ ခရီးပြင်းနှင်လာရတာပေါ့ရှင်"

"ဩော်.....အစ်မကြီးက ဘုရားဖူးခရီးသည်ပဲ၊ ကုသိုလ်သည်ပေါ့ရှင်၊ ရော့.....အစ်မကြီး၊ ဒီဆေးလုံးလေး သောက်လိုက်၊ အိပ်ပျော်ပြီး ခေါင်းကိုက်ပါ ပျောက်သွားလိမ့်မယ်"

ဒေါ်စံမြနိုင်နှင့် ထိုင်ခုံချင်း တွဲထိုင်လာသော အမျိုးသမီးဆီက ဆေးကိုယူသောက်လိုက်၏။

"ရော့...အစ်မကြီး၊ ရေနဲ့မျောချလိုက်"

"ကျေးဇူးပါပဲနော်"

ဒေါ်စံမြနိုင်မှာ ခရီးသွားအချင်းချင်း ကူညီတတ်ကြသည့် လူ့သဘော၊ လူ့သဘာဝကို ဆန်းစစ်ပြီး ကျေနပ်သွား၏။ ခရီးစဉ်တစ်လျှောက် ငွေမြို့သူ ဒေါ်လှဖုံဖြူနှင့် တွေ့ခဲ့သည်။ ညီအစ်မအရင်းလို ခင်မင်သွားကြသည်။ ခုတစ်ခါ ပုဂံညောင်ဦးခရီးစဉ်မှာ မိမိကျန်းမာရေးအတွက် အကူအညီပေးနေသော ခရီးဖော်ကို တွေ့ရပြန်ပြီ။ ကျေးဇူးတင်မဆုံး ဖြစ်နေခဲ့သည်။

ဘုရားဖူးခြင်းကုသိုလ်အလုပ်မို့ ကူညီမည့်သူများနှင့်တွေ့သည်ဟု အာရုံထဲသွင်းပြီး ပီတိရင်ဝယ်ပြည့်နေ၏။

+ + +

နတ်တော်လပြည့်နေ့ ပွဲတော် ရက်မနက်ခင်း။

လှုပ်လှုပ်ရှားရှား ဆူဆူညံညံ အသံများကြား၍ ဒေါ်စံမြနိုင် မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။

"ဟင်...မိုးတောင်လင်းနေပါပေါ့လား၊ ဒါဘယ်ကိုရောက်လာတာလဲ"

"ပုဂံညောင်ဦးရောက်ပြီလေ"

"ဟုတ်လား"

"ဟုတ်တယ်၊ အစ်မကြီးက အရမ်းအိပ်တာကိုး"

"ခေါင်းကိုက်လို့ ဆေးသောက် ပြီး အိပ်ပျော်သွားတာ၊ ခေါင်းက ခုထိအုံနေတုန်းပါပဲ"

ပြောပြောဆိုဆိုပဲ ဒေါ်စံမြနိုင် စင်ပေါ်က မိမိအိတ်ကို ဆွဲယူလိုက်၏။

"ဟင်....."

ဒီတစ်ခါတော့ ဒေါ်စံမြနိုင် ရင်တစ်ခုလုံး ပြင်းစွာတုန်ခါသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





"ညီမလေး ဒီနားက အစ်မကြီး နဲ့အတူထိုင်ပါလာတဲ့ အမျိုးသမီး ဘယ်မှာလဲဟင်"

"သူ မကွေးရောက်ကတည်းက ဆင်းကျန်ခဲ့ပြီလေ"

"ကျွန်မဆွဲကြိုးနဲ့ ကျွန်မနား တောင်း ပါသွားပြီ"

ဒေါ်စံမြနိုင်နှုတ်ဖျားက အသံခပ်ကျယ်ကျယ် မြည်ဟည်းထွက်ပေါ်သွားသည်။

"သူ ကျွန်မကို အိပ်ဆေးတိုက်ပြီး ခွင်ရိုက်သွားတာပေါ့"

ခရီးသည်များမှာ ဒေါ်စံမြနိုင်ကို ကြည့်ပြီး မည်သူမျှ စိတ်မကောင်းကြရှာ။ တစ်ခုက်ကောင်းသည်က ပိုက်ဆံတွေ အိတ်ထဲထည့်ပြီး ကားခေါင်မိုးတန်းတွင်ထည့်ထား၍ ကျန်ခဲ့သည်။

ဒေါ်စံမြနိုင် အလိုတော်ပြည့်ဆရာတော်ဘုရား သီတင်းသုံးရာကျောင်းတော်သို့ ရောက်လာခဲ့သည်။ လက်ဝတ်တန်ဆာ ဆုံးရှုံးရမှုအတွက် ကြီးစွာသော သောကသည် သူ့နှလုံးအိမ်၌ ရစ်ပတ်နေ၏။

"တပည့်တော် မောင်တောမြို့ကနေ အလိုတော်ပြည့်ဘုရားပွဲတော် အမီ ၆ နေ့၊ ၆ ည ခရီးပြင်းလာခဲ့ရပါတယ်ဘုရား"

"အင်း"

"အဲဒါ မနေ့ညက ကားပေါ်မှာ အတူပါလာတဲ့ ခရီးသည်က တပည့်တော်ကို အိပ်ဆေးပေးပြီး ဆွဲကြိုးနဲ့ နားကပ်ကို ဖြုတ်ယူသွားပါတယ်ဘုရား"

"ဒကာမကြီး သူ့ကိုတွေ့သေးလား"

"မတွေ့တော့ပါဘူး ဘုရား၊ မကွေးမှာ ဆင်းကျန်ခဲ့တယ်လို့ ဘေးထိုင်ခုံကလူတွေ ပြောပါတယ်ဘုရား"

"အဲဒီလိုဆို ဒကာမကြီးအဖြစ်က လေထဲအရုပ်ရေးသလို ဖြစ်နေပြီ လုပ်လို့လည်း ဘာမှအရာထင်မှာမဟုတ်ဘူး"

ဒေါ်စံမြနိုင်၏ မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျနေပေသည်။

"ကဲ.....ဒကာမကြီး၊ ငါ့ပစ္စည်းတော့ ဆုံးပြီဆိုပြီး ပစ္စည်းစွဲနဲ့ သောကရောက်မနေနဲ့၊ စိတ်ကိုတည်ငြိမ်အောင်ထား၊ ပစ္စည်းကိုမပြောနဲ့၊ လူတောင်အစိုးရတာမဟုတ်ဘူး၊ လောကမှာ ဘယ်အရာမှအစိုးမရဘူး ဒကာမကြီး"

ဆရာတော်ကြီးက ဒေါ်စံမြနိုင်၏ သောကခြုံရေကို တရားသဘောဖြင့် ခွာချနေ၏။

"ခု ဒကာမကြီးမှာ ဆုံးရှုံးသွားတဲ့ ပစ္စည်းကိုလည်း လှူလိုက်တန်းလိုက်တယ်လို့ပဲ ဖြေသိမ့်လိုက်ပါ၊ ကိုယ်လာတဲ့ ခရီးစဉ်ကိုယ်၌က ကုသိုလ်ခရီးစဉ်ပဲလေ"

"သာဓု..သာဓု..သာဓုပါဘုရား"

ဆရာတော်ကြီး၏ မိန့်မှာချက်အဆုံးတွင် ဘုရားဖူးခရီးသည် ဒေါ်စံမြနိုင်၏နှုတ်ဖျားမှ သာဓုခေါ်သံများ အစီအရီ ထွက်ပေါ်သွားပေတော့သည်။

**လူလူချင်း မေတ္တာစိတ်ထားနိုင်ကြပါစေ။**

**ကျွန်းစဉ်မြေစောက်**

www.burmeseclassic.com

www.burmeseclassic.com


ဆေးခန်း၊ ဆေးရုံ၊ ဆေးမျိုးစုံနှင့် ကုသလို့ မပျောက်လျှင်
"ကုံလုံ"ဆေးခန်းသို့ ကြွခဲ့ပါ၊ အပြောမဟုတ် လက်တွေ့ပြမည်။

# ကုံလုံတိုင်းရင်းဆေးကုခန်း

**ဦးနှောက်နှင့် အာရုံကြောရောဂါများနှင့် နာတာရှည်ရောဂါအထူးကု**

အရိုး၊ အကြော၊ အဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ အဆစ်လွဲ၊ အဆစ်ရောင်၊ နားအူ၊ နားလေထွက်၊ ပါးရောင်၊ ပါးရွဲ့ရောဂါကြောင့် မျက်လုံးစောင်း၊ မျက်လုံးပြူးထွက်၊ မျက်ခွံတွဲကျ၊ ခါးနာ၊ ခါးကိုက်၊ အကြောညပ်၊ လက်မောင်းကိုက်၊ ပေါင်ကိုက်၊ တင်ပါးဆုံကြောညပ်၊ ခြေသလုံးဘေးကြောထုံကျဉ်ကိုက်၊ လက်၊ ခြေ၊ ကွေးဆန့် မြှောက်မရ၊ ဒူးရောင်၊ ဒူးကိုက်၊ အကြောထိုး၊ အကြောတက်၊ သွေးကြောပိတ်၊ အပေါ်တစ်ပိုင်း ချွေးထွက်လွန်၊ ခြေဖနောင့်နာ၊ ခြေဖနောင့်အတက်ထွက်၊ နှလုံးရောဂါအမျိုးမျိုး၊ ဆီးချို၊ သွေးချို၊ ကျောက်ကပ်နှင့် ဆီးရောဂါအမျိုးမျိုး၊ အစာအိမ်ရောဂါအမျိုးမျိုး၊ လေဆန်နာ၊ တင်းတိပ် စသည့်ရောဂါမျိုးစုံ ချက်ချင်းသက်သာ အမြစ်ပြတ်ပျောက်ကင်းစေရမည်။

လေးဘက်နာ၊ လေငန်း၊ မသန်မစွမ်းနှင့် နာတာရှည်ရောဂါများ၊ လည်ပင်းရိုး၊ ကျောရိုး၊ ကျိုးပေါင်းတက်၊ အသည်း၊ လိပ်ခေါင်း၊ ဒူလာ၊ မီးယပ်-ငုပ်-လွန် အဖြူဆင်းရောဂါများ အမြစ်ပြတ်ပျောက်ကင်းရန်. . . . .

ကုံလုံဆရာကြီး (တဆ-၀၁၂၀၄)က သိပ္ပံ-ဝိဇ္ဇာတိုင်းရင်းဆေးပညာစုံလင်စွာဖြင့် ကုသပေးသည်။

**အချိန်မနှောင်းမီ အမြန်လာတွေ့ပါ။**

**ဆေးခန်းဖွင့်ချိန် နံနက် [၁၁း၀၀]နာရီမှ ညနေ [၅း၀၀]နာရီထိ**

တိုက်အမှတ်-၁၅၊ စက်မှုရိပ်သာ၊ ၁၂ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး
(ဘာတာကားမှတ်တိုင်ဆင်း၍ ဝင်းသုဇာအရောင်းဆိုင်ဘေးက လမ်းမှ ဝင်ခဲ့ပါ)။
ဖုန်း ၅၃၀၁၀၃၄၄


www.burmeseclassic.com

www.burmeseclassic.com


ပြည်တွင်းသတင်း

## အိမ်ငှားကို အိမ်စောင့်ထားတဲ့ အိမ်ရှင်များ

### သတိပြုဖွယ်ရာ

# ရွှေ၊ ငွေ (၃၁)သိန်းကျော်ဖိုး ခိုးယူခံရမှု

၁၇–၂–၂၀၁၃ ရက်နေ့၊ နံနက် ၈ နာရီအချိန်က လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ သံသရာအေးကျောင်းလမ်း နေ ဒေါ်ကြည်အောင် (၈၀ နှစ်)သည် သမီးဖြစ်သူနေထိုင်သော လှိုင်သာယာ မြို့နယ်သို့ သွားရောက်ရန်အတွက် နေအိမ်အပေါ်ထပ်တွင် အိမ်ငှားနေထိုင်သည့် မနှင်းနုနုသန့် (မုန့်ဟင်းခါးဖို အလုပ်သမ)ထံ နေအိမ်ကို စောင့်ကြည့်ပေးရန် အပ်နှံထားခဲ့သည်ဆို၏။

ဒေါ်ကြည်အောင်သည် ညနေ ၃ နာရီခွဲအချိန် နေအိမ်သို့ ပြန်ရောက်သောအခါ နေအိမ်အတွင်းရှိ အိပ်ရာနံဘေးတွင် သော့ခတ်ထားသော အလျား (၁၈)လက်မ၊ အနံ (၁၈)လက်မ၊ အမြင့် (၁၂)လက်မခန့်ရှိ ကျွန်းသေတ္တာ ပျောက်ဆုံးနေသည်ကို တွေ့လိုက်ရ၏။

ကျွန်းသေတ္တာထဲတွင် သိမ်းဆည်းထားသော ငွေစက္ကူရောရာကျပ် (၁၅) သိန်း၊ တန်ဖိုးကျပ် (၁၅)သိန်းတန် ရွှေဆွဲကြိုးတစ်ကုံး၊ တန်ဖိုးကျပ် (၁၅၀၀၀၀) တန် ရွှေဆွဲကြိုးတစ်ကုံး၊ ပင်စင်စာအုပ် တစ်အုပ်၊ အိမ်အရောင်းအဝယ်စာချုပ် တစ်စောင်၊ အိမ်အမွေခွဲစာချုပ်တစ် စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ခု၊ အဝတ်အစားသုံးစုံတို့ ပါရှိ ပျောက်ဆုံးခဲ့သည်ဆို၏။

နေအိမ်အပေါ်ထပ်တွင် ငှားရမ်းနေထိုင်သော မနှင်းနုနုသန့်နှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဇေလင်းစိုး (၂၈ နှစ်) (မုန့်စက်ရုံအလုပ်သမား)တို့က ယူဆောင်သွားသည်ကို တွေ့မြင်ရကြောင်း ပတ်ဝန်းကျင်၏ ပြောပြချက်အရ သိရှိခဲ့ရသည်ဆို၏။

ဒေါ်ကြည်အောင်က တရားလိုပြုလုပ်တိုင်ကြားခဲ့၍ လှိုင်မြို့နယ်ရဲစခန်းမှ (ပ) ၆၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အရေးယူပြီး အမှုစစ် ဒုရဲအုပ် ကိုကိုဝင်းက စစ်ဆေးနေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## ညဥ့်နက်ချိန်မှာ ရင်းနှီးသူခေါ်ရာနောက်သို့ လိုက်သွားမိသူ မိန်းမပျိုမှာ အဓမ္မပြုကျင့်ခံရမှု

၁၇-၂-၂၀၁၃ ရက်နေ့၊ ည ၇ နာရီ ၂၀ မိနစ်အချိန်တွင် အမှုဖွင့်တိုင်ကြားခဲ့သော အဓမ္မပြုကျင့်မှုမှာ ၇-၂-၂၀၁၃ ရက်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တစ်အိမ်တည်းအတူနေသူက ကျူးလွန်ခြင်းဖြစ်၍ လူမှုရေးအရ ညှိနှိုင်းနေခဲ့ရသဖြင့် နောက်ကျတိုင်ကြားခဲ့ခြင်းဖြစ်သည်ဆို၏။

ဖြစ်စဉ်မှာ ၇-၂-၂၀၁၃ ရက်နေ့၊ ည ၈ နာရီအချိန်ခန့်က လှိုင်သာယာမြို့နယ်၊ ---ရွာနေ မ---(၁၈ နှစ်)သည် ဆံပင်တုစက်ရုံမှ နေအိမ်သို့ပြန်ရောက်စဉ် ထန်းတပင်မြို့နယ်၊ ကုန်းတလကျေးရွာနေ တစ်အိမ်တည်းအတူနေဖူးသူ လှကြည် (၄၈ နှစ်)က ခေါ်နိုင်းကြောင်း တူးချောင်းရွာနေ အစ်ကိုဖြစ်သူက လာပြော၍ အတူလိုက်ပါသွားခဲ့သည်ဆို၏။

လှိုင်သာယာမြို့နယ်၊ ထိန်ပင်သုသာန်၏ အနောက်ဘက်လမ်းတွင်းထဲသို့ ရောက်သောအခါ လာခေါ်သူပြန်သွားခဲ့၍ လှကြည်နှင့်အတူ လိုက်ခဲ့ရာ ချုံပုတ်တစ်ခုအနီးသို့အရောက်၌ အနိုင်အထက်ပြု ချုပ်ကိုင်ကာ သားမယားအဖြစ် ပြုကျင့်ခဲ့သည်ဆို၏။

၈-၂-၂၀၁၃ ရက်နေ့နံနက်တွင် နေအိမ်သို့ပြန်ရောက်၍ ---ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်တိုင်ကြားပြီးနောက် ဆက်လက်၍ ရဲစခန်းသို့ တိုင်ကြားခဲ့ရာ သောင်ကြီးရဲစခန်းမှ (ပ) ၉၉/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၆ ဖြင့် အရေးယူပြီး အမှုစစ် စခန်းမှူးရဲအုပ် ချစ်ကိုကိုက စစ်ဆေးနေကြောင်း သိရသည်။

---

## အရက်မူးသူက ဖဲရှုံးလို့ပေါင်ထားတဲ့ ဆိုင်ကယ်ထဲမှ ငွေကျပ်ငါးသိန်းကို လူငယ်သုံးဦးတို့ ပူးပေါင်းခိုးယူခဲ့ကြမှု

၁၆-၂-၂၀၁၃ ရက်နေ့၊ ည ၈ နာရီအချိန်က သုံးခွမြို့နယ်၊ သမစိတ္တာကျေးရွာနေ လယ်လုပ်သူ မြင့်ထွန်း (ခ) ထွန်းထွန်း (၃၁ နှစ်)သည် ပင်လယ်ချောင်ကျေးရွာရှိ ဒေါ်သောင်း၏အသုဘအိမ်သို့ ၎င်းပိုင် လော်ဂျာ-၁၁၀ အနက်ရောင်ဆိုင်ကယ်ဖြင့် သွားရောက်ခဲ့ပြီး အသုဘအိမ်၌ အရက်သောက်ရင်း အမူးလွန်၍ အိပ်ပျော်သွားခဲ့သည်ဆို၏။

ည (၁၂)နာရီအချိန် အိပ်နေရာမှနိုးလာ၍ ရပ်ထားသောဆိုင်ကယ်အား ကြည့်ရှုရာ မတွေ့ရ၍ မေးမြန်းရာ ဒေါ်သောင်း၏သား ငနိုင်က မြင့်ထွန်း (ခ) ထွန်းထွန်းက ဖဲပေါင်ရိုက်သဖြင့် သိမ်းထားကြောင်း ပြောပြခဲ့၏။ ထိုစဉ် ဆိုင်ကယ်တူးဘောက်အတွင်း ထည့်ထားသော ငွေကျပ်ငါးသိန်း ရှိ၊ မရှိ ငနိုင်အား ကြည့်ရှုစေခဲ့ရာ ပျောက်ဆုံးနေကြောင်း ပြောပြခဲ့၏။

မြင့်ထွန်း (ခ) ထွန်းထွန်းက စုံစမ်းသောအခါ ငွေကျပ်ငါးသိန်းအား အိမ်ရှင် ငနိုင်၊ ကိုမင်း (ခ) အောင်မင်းထိုက်နှင့် ငပွေး (ခ) ဇေယျာလင်းတို့ကယူထားကြောင်း သိလိုက်ရသည်ဆို၏။

မြင့်ထွန်း (ခ) ထွန်းထွန်းက တိုင်ကြားသဖြင့် သုံးခွမြို့နယ်ရဲစခန်းမှ (ပ) ၇၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၉ ဖြင့်အရေးယူ၍ အမှုစစ် ဒုရဲအုပ် မြင့်ဇော်က စစ်ဆေးနေကြောင်း သိရသည်။

---

## ညအချိန် အလုပ်မှအိမ်ပြန်လာသူ အမျိုးသမီးထံမှ ဆွဲကြိုးဖြတ်လုသူကို လူထုက ဝိုင်းဖမ်းပေးခဲ့မှု

၁၈-၂-၂၀၁၃ ရက်နေ့ ည ၈ နာရီခွဲအချိန်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်းနေ မဟန်နီ (၂၁ နှစ်)သည် လသာမြို့နယ်ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်မှ အလုပ်သိမ်း၍ လိုင်းကားစီးကာ အိမ်ပြန်ခဲ့စဉ် ပန်းဘဲတန်းမြို့နယ်၊ ကုန်စျေးတန်းကားမှတ်တိုင်တွင်ဆင်း၍ မဟာဗန္ဓုလလမ်းအတိုင်း ခြေကျင်လျှောက်ပြန်ခဲ့သည်ဆို၏။ ရွှေဘုံသာလမ်းနှင့် မဟာဗန္ဓုလလမ်းထိပ်သို့အရောက်၌ အသက် ([illegible])အရွယ်

www.burmeseclassic.com

www.burmeseclassic.com


လူငယ်တစ်ဦးက နောက်မှကပ်လိုက်လာပြီး ရုတ်တရက် လည်ပင်းကိုသိုင်းဖက်ကာ လမ်း၏တစ်ဖက်သို့ ဆွဲခေါ်၍ ဓားဦးချွန်ဖြင့်ထောက်ကာ တန်ဖိုးကျပ်နှစ်သိန်းတန် ရွှေဆွဲကြိုးကို လုယူထွက်ပြေးသွားခဲ့သည်။

မဟာန်နီက အော်ဟစ်အကူအညီတောင်းခံ၍ အနီးအနားရှိလူများက ဝိုင်းဝန်းဖမ်းဆီးရာ အင်းစိန်မြို့နယ်၊ နှံ့သာကုန်းရပ်ကွက်၊ ဓမ္မာရုံလမ်းနေ စည်သူအောင် (၂၂ နှစ်)အား သက်သေခံ ရွှေဆွဲကြိုးနှင့်အတူ ဖမ်းမိခဲ့၏။

မဟာန်နီက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ပန်းဘဲတန်းမြို့နယ်ရဲစခန်းမှ (ပ) ၆၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၉၄ ဖြင့် အရေးယူကာ အမှုစစ် စခန်းမှူး ရဲအုပ် အေးမြင့်နိုင်က ဖမ်းဆီးစစ်ဆေးနေကြောင်း သိရသည်။

---

## ခရီးသည်တင်ယာဉ်နဲ့ သယ်ယူလာတဲ့ တရားမဝင်ကျွန်းသစ်များကို အောင်မင်္ဂလာအဝေးပြေးဂိတ်မှာ ကားချင်းပြောင်းလဲတင်နေစဉ် ဖမ်းမိခဲ့မှု

၁၇-၂-၂၀၁၃ ရက်နေ့၊ နံနက် ၈ နာရီအချိန်၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးဝင်းရှိ ရာဇာအောင် ကားဂိတ်တွင် လှည်းကူးမြို့နယ်၊ မေခ ဝတီရပ်ကွက်၊ မေခဝတီ (၂)လမ်းနေ ယာဉ်မောင်း သန်းနိုင် (၃၆ နှစ်)မောင်းနှင်လာသော ၉ခ/----အဖြူရောင် ခရီးသည်တင်ယာဉ်ဖြင့် တင်ဆောင်လာသည့် ကျွန်းတံခါးချပ် (၂၉)ချပ်၊ ကျွန်းဆက်တီအပိုင်းအစမျိုးစုံအား ယာဉ်ပေါ်မှချကာ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ မဂ္ဂင်လမ်းနေ ယာဉ်မောင်း ငြိမ်းချမ်းဇော် (၃၀ နှစ်) မောင်းနှင်သည့် ၈ဃ/---- လိုက်ထရပ်အဖြူရောင်ယာဉ်ပေါ်သို့ တင်နေသည်ကို သတင်းအရ ရောက်ရှိလာ သည့် အင်းစိန်မြို့နယ်၊ သစ်တောဦးစီး ဌာန၊ ဦးစီးအရာရှိ ဦးမောင်မောင်သိန်းထိုက်နှင့်အဖွဲ့က တွေ့ရှိဖမ်းမိခဲ့သည်။

ဦးစီးအရာရှိ ဦးမောင်မောင်သိန်းထိုက်က တိုင်ကြားသဖြင့် မင်္ဂလာဒုံမြို့နယ်ရဲစခန်းမှ (ပ) ၁၀၂/၂၀၁၃၊ သစ်တောအက်ဥပဒေပုဒ်မ ၄၃ (က) ဖြင့် အရေးယူ၍ အမှုစစ် ဒုရဲအုပ် မျိုးမြင့်ကျော်က စစ်ဆေးနေကြောင်း သိရသည်။

---

## ရန်မဖြစ်ဖို့ အစ်မဖြစ်သူက ခေါ်လာတဲ့မောင်ကို ရန်ဖြစ်သူက နောက်မှလိုက်လာပြီး ချွန်ထက်သောအရာဖြင့် ထိုးခဲ့မှု

၁၇-၂-၂၀၁၃ ရက်နေ့၊ ည ၈ နာရီ ၃၀ မိနစ်အချိန်က သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ငွေသန်းဝင်းလမ်းနေ မခင်သီတာဦး (၃၀ နှစ်)သည် နေအိမ်အတွင်းရှိနေစဉ် မောင်တော်စပ်သူ နိုင်လင်းဦး ရောက်ရှိလာပြီး ခိုင်ဇော် (၃၂ နှစ်)နှင့် ရန်ဖြစ်လာကြောင်း၊ ခိုင်ဇော်က သံတုတ်ကိုင်၍ နောက်မှလိုက်လာကြောင်းပြောပြခဲ့သည်ဆို၏။

အစ်မဖြစ်သူ မခင်သီတာဦးက ရန်ဆက်မဖြစ်ရန် ဆုံးမ၍ အိမ်ရှိရာသို့ ခေါ်ဆောင်ခဲ့စဉ် နောက်မှလိုက်လာသည့် ခိုင်ဇော်က ဇီးကုန်း (၂)လမ်း၊ ကြာသပတေးဓမ္မာရုံရှေ့အရောက်၌ လူချင်းဝင်လုံးခဲ့၍ လုံးထွေးသတ်ပုတ်နေစဉ် ခိုင်ဇော်က ချွန်ထက်သောအရာဖြင့်ထိုးခဲ့၍ နိုင်လင်းဦးမှာ ယာလက်မောင်း ပေါက်ပြဲဒဏ်ရာ၊ ဝဲဘက်နံရိုးတွင် ပွန်းရှဒဏ်ရာ၊ ဝမ်းဗိုက်တွင် ပြတ်ရှဒဏ်ရာများရရှိ၍ ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံမှ အတွင်းလူနာ (စိုးရိမ်ရ)ဖြင့် လက်ခံခဲ့သည်။

မသီတာဦးက တိုင်ကြားသဖြင့် သန်လျင်မြို့နယ်ရဲစခန်းမှ (ပ) ၁၇၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၂၆ ဖြင့် အရေးယူ၍ အမှုစစ် ဒုရဲအုပ် အောင်ဇော်မိုးက စစ်ဆေးနေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတကာသတင်း

## မြေအောက်ကတုတ်ကျင်းတစ်ခုမှ ဓားစာခံကလေးငယ်အား အက်ဖ်ဘီအိုင်အဖွဲ့က ကယ်ဆယ်နိုင်ခဲ့

အမေရိကန်ပြည်ထောင်စု၊ အယ်လာဘားမားပြည်နယ်၊ မစ်ဒလန်းစီးတီးမြို့တွင် အက်ဖ်ဘီအိုင်အဖွဲ့ဝင်များသည် မြေအောက်ကတုတ်ကျင်းတစ်ခုကို စီးနင်းတိုက်ခိုက်ခဲ့ပြီး ဓားစာခံအဖြစ် ဖမ်းဆီးထားသော ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးကို ဖေဖော်ဝါရီ ၄ ရက်နေ့က ကယ်ဆယ်နိုင်ခဲ့သည်။

ပြန်ပေးဆွဲသူ 'လီးဒိုက်'(၆၅ နှစ်) နှင့် စေ့စပ်ညှိနှိုင်းမှု ပျက်ပြားသွားပြီးနောက် အက်ဖ်ဘီအိုင်အဖွဲ့ဝင်များသည် ရွေးချယ်စရာလမ်း မရှိတော့သဖြင့် လီးဒိုက်၏ နေအိမ်ဝင်းအတွင်းရှိ မြေအောက်ကတုတ်ကျင်းအတွင်းသို့ အင်အားသုံးဝင်ရောက်ကာ 'အီသန်'အမည်ရှိ ကလေးငယ်ကို ကယ်ဆယ်နိုင်ခဲ့သည်။



ပြန်ပေးဆွဲသူသည် သေနတ်တစ်လက်ကို ကိုင်ဆောင်ထားပြီး သူ၏စိတ်အခြေအနေမှာ ပိုမိုဆိုးဝါးလာကြောင်း၊ ကလေးငယ်၏ လုံခြုံရေး အခြေအနေမှာ အလွန်ပင် စိုးရိမ်စရာ အနေအထား ရောက်ရှိခဲ့သောကြောင့် သက်ဆိုင်ရာ အာဏာပိုင်များက ဝင်ရောက်စီးနင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ စီးနင်းတိုက်ခိုက်ရာတွင် လီးဒိုက်သေဆုံးခဲ့သော်လည်း သူသေဆုံးရပုံအသေးစိတ်ကို သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့ခြင်း မရှိသေးပေ။

ကလေးငယ် အီသန်သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု မရှိသော်လည်း နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ကာ ဆေး ဝါးကုသမှုများ ခံယူစေခဲ့သည်။

လီးဒိုက်သည် ကလေးငယ်ကို ၆ ပေ၊ ၈ ပေ အတိုင်းအတာရှိ မြေအောက်ကတုတ်ကျင်းတွင် ထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်။ လီးဒိုက်သည် အီသန်လိုက်ပါလာသော ကျောင်းကားမှ ယာဉ်မောင်း 'ချားလ်စ်ပိုလန်'ကို ပစ်သတ်ကာ အီသန်ကို မြေအောက် လေးပေအနက်ရှိ ကတုတ်ကျင်းတွင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

Ref: Daily Mail - 5/2/2013

www.burmeseclassic.com

www.burmeseclassic.com



# အာဖဂန်တွင် မူးယစ်ဆေးဝါးသုံးစွဲသော ကလေးငယ်များ တိုးပွားလာ

အာဖဂန်နစ္စတန်တွင် အသက် ၃ နှစ်မှ ၁၂ နှစ်အတွင်းရှိ ကလေးငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု တိုးပွားလာလျက်ရှိသည်။ စစ်ပွဲများ မပြတ်ဖြစ်ပွားနေသည့်ကြားမှ ကမ္ဘာ့မူးယစ်ဆေးဝါးထုတ်လုပ်မှု၏ ကိုးဆယ်ရာခိုင်နှုန်းထွက်ရှိရာဒေသမှ ကလေးများသည် တရားဥပဒေစိုးမိုးမှု အားနည်းလာသောကြောင့် သုံးစွဲသူ များပြားလာခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။

လူမြင်ကွင်းတွင် ပျော်ရွှင်စွာကစားနေကြသော ကလေးများ၏ သကဲ့သို့ နောက်ကွယ်တွင် မူးယစ်ဆေးဝါးသုံးစွဲသည့် ဦးရေမှာလည်း အဆမတန် တိုးတက်များပြားလာကြောင်း၊ စိတ်ဓာတ်ကျနေသည့် ကလေးများနှင့် ပျော်ရွှင်ခြင်းမရှိ မှိုင်တွေနေသည့် ကလေးများလည်း များပြားလာကြောင်း။ မည်သည့်အားကစားကိုမျှ စိတ်မဝင်စားဘဲ ငုတ်တုတ်ထိုင်ဆေးမှိုင်နေကြသည့် ကလေးအရေ



အတွက် များပြားလာသောကြောင့် စိုးရိမ်ဖွယ်ရာဖြစ်လာကြောင်း ကလေးစောင့်ရှောက်ရေးဌာနမှ ပြောကြားခဲ့သည်။

အာဖဂန်တွင် စာတတ်မြောက်သူ ဦးရေနည်းပါးပြီး ကျောင်းကောင်းစွာမတက်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ရောဂါတစ်ခုခုဖြစ်ပွားလာပါက ဘိန်းစိမ်းမျိုခြင်း၊ ဘိန်းစားခြင်း အလေ့အထများ ခေတ်စားလာသဖြင့် မူးယစ်ဆေးစွဲသူ များပြားလာရခြင်းဖြစ်ပြီး ကလေးများ၏ အနာဂတ်အရေးမှာ ရင်လေးဖွယ်ရာဖြစ်ကြောင်း သိရသည်။


Ref: AFP -12/2/2013

# အိန္ဒိယနိုင်ငံတွင် ဆေးလိပ်ကုမ္ပဏီများမှ ကျောင်းများသို့ လက်ဆောင်ပေးခြင်းကို တားမြစ်

အိန္ဒိယနိုင်ငံတွင် ဆေးလိပ်ထုတ်လုပ်သည့် ကုမ္ပဏီများက ကျောင်းများသို့ စပွန်ဆာပေးခြင်း၊ လက်ဆောင်ပေးခြင်းများကို တားမြစ်လိုက်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

ဆေးလိပ်ကုမ္ပဏီများနှင့် ကျောင်းသားများ၊ ဆရာ၊ ဆရာမများ မပတ်သက်စေလိုကြောင်း၊ အထူးသဖြင့် ဆေးလိပ်ကုမ္ပဏီများမှ စာအုပ်၊ စာရေးကိရိယာများ လက်ဆောင်ပေးသည်ကိုပင် လက်မခံစေလိုကြောင်း၊ မည်သည့်အကူအညီကိုမှ လက်မခံရန် ပညာရေးဌာနမှ တားမြစ်ထားကြောင်း သိရသည်။

ဆေးလိပ်ကုမ္ပဏီများမှ စပွန်ဆာပေးခြင်းနှင့် လက်ဆောင်ပေးခြင်းသည် ကြော်ငြာသည့်အသွင် သက်ရောက်နေသောကြောင့် ထိုသို့လက်မခံရန် ညွှန်ကြားခြင်းဖြစ်ကြောင်း၊ ကျောင်းသူ၊ ကျောင်းသားများအနေနှင့်လည်း ဆေး



လိပ်နှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၊ ထုတ်လုပ်ရောင်းချသူများကို အထင်ကြီးမှုများ မဖြစ်ပေါ်စေရန် အရေးကြီးသဖြင့် ထိုညွှန်ကြားချက်ကို ထုတ်ပြန်ရခြင်းဖြစ်သည်ဟု နိုင်ငံတော်ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းသိမ်းရေးအရာရှိ 'ပီဟာဒီပီလန်း'က ပြောကြားသည်။

ထိုအမိန့်ကို နိုင်ငံတော်ပိုင်ကျောင်းများနှင့် နိုင်ငံတော်မှအထောက်အပံ့ခံကျောင်းတိုင်းတွင် လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Ref: India News -3/2/2013

www.burmeseclassic.com

www.burmeseclassic.com

# ဖုန်းအလွန်ပြောသည့်ဆရာမ ကျောင်းထုတ်ခံရ



နယူးယော့ခ်မြို့၊ ဘရွတ်ကလင် အရပ်ရှိ PS 238 အစိုးရကျောင်းတွင် ဖုန်းအလွန်ပြောလေ့ရှိသော ဆရာမ တစ်ဦးသည် အတန်းတွင်းရှိ အသက် ၈ နှစ်နှင့် ၉ နှစ်အရွယ် ကလေးများ ကို သူမ ဖုန်းပြောနေစဉ် ဆူညံစွာ ဆော့ကစားနေသဖြင့် ပါးစပ်များပိတ် ထားရန် အော်ဟစ်ပြီး ဖုန်းဆက်ပြော နေစဉ် ကလေးများ ဆူညံလာသဖြင့် တစ်တန်းလုံးကို ရိုက်ခဲ့ကြောင်း စုံစမ်း စစ်ဆေးရေးအဖွဲ့မှ ပြောကြားခဲ့သည်။

တတိယတန်းတွင် ပညာသင် ကြားပေးနေသော ထိုဆရာမသည် စကားအလွန်ပြောသူဖြစ်ပြီး တစ်နေ ကုန် ဖုန်းဖြင့် စကားပြောနေကြောင်း ကျောင်းသားများနှင့် ဆရာ၊ ဆရာမ များက ဝန်ခံပြောဆိုကြသည်။ ဆရာမ သည် အသက် ၆၇ နှစ်အရွယ်ရှိပြီး အငြိမ်းစားယူထားသော်လည်း ကျောင်း မှပြန်ခေါ်ကာ စာသင်ခိုင်းထားသူဖြစ် သည်။

ဆရာမသည် ဖုန်းပြောနေစဉ် ကျောင်းသားများ ဆူညံနေသဖြင့် ရိုင်း စိုင်းစွာ ဆဲဆိုခဲ့ကြောင်း၊ ကျောင်းသား များ၏ ဆံပင်ကိုလည်း ဆောင့်ဆွဲခဲ့ ကြောင်းနှင့် စာသင်ချိန်တွင် နာရီဝက် လောက်အထိ စကားပြောလေ့ရှိ ကြောင်း ကျောင်းသားများက စုံစမ်း စစ်ဆေးရေးအဖွဲ့သို့ ပြောကြားခဲ့သည်။

မိဘများက ထိုဆရာမကို ရိုင်း စိုင်းကြမ်းတမ်းသဖြင့် အစကတည်းက မနှစ်သက်ကြကြောင်း သိရသည်။ ဆရာမက သူဖုန်းဆက်သည်မှာ နှစ် မိနစ်ခန့်သာကြာကြောင်း၊ ဆေးရုံသို့ ကျန်းမာရေးကိစ္စဖြင့် ဆက်ခြင်းဖြစ် ကြောင်း ပြောခဲ့သော်လည်း ကျောင်း အာဏာပိုင်များက သူမကို အနားယူ ခိုင်းလိုက်ကြောင်း သိရသည်။

Ref: International Crime News
- 2/2/2013

---



# အစားမတော်တစ်လုတ်ကြောင့် အသက်သေဆုံးရသူ

တူနီးရှားနိုင်ငံ၊ ကိုင်ရိုရမ်မြို့မှ အသက် ၂၀ အရွယ် 'ဖက်နာစီ'ဆို သောလူငယ်သည် သူငယ်ချင်းများနှင့် လောင်းကြေးထပ်ကာ ကြက်ဥအစိမ်း သောက်ပြိုင်ခဲ့သည်။ ကြက်ဥ ၂၈ လုံး

www.burmeseclassic.com

www.burmeseclassic.com



သောက်ပြီးနောက် ဝမ်းဗိုက်အလွန်နာကျင်လာခဲ့ရာ သူငယ်ချင်းများက ဆေးရုံသို့ ပို့ပေးခဲ့ပြီးနောက် ကွယ်လွန်သွားကြောင်း သိရသည်။

ကြက်ဥအစိမ်းသောက်ခြင်းသည် ပရိုတိန်းဓာတ်ကြွယ်ဝကာ အားရှိသည်ဟု ဆိုကြသော်လည်း ရောဂါပိုးမွှားများ ပါဝင်သဖြင့် ဘက်တီးရီးယားများက အစာကို အဆိပ်သင့်စေပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု သိရသည်။ အစားအစာ ကျွမ်းကျင်သူများက ကြက်ဥအစိမ်းစားခြင်းသည် အန္တရာယ်များကြောင်း၊ ထို့ကြောင့် ကြက်ဥပြုတ်စားခြင်းသည်သာလျှင် အန္တရာယ်ကင်းစေနိုင်ကြောင်း ပြောကြားကြသည်။


ဖလော်ရီဒါပြည်နယ်တွင် ပြီးခဲ့သည့်လက ပိုးဟပ်အစားပြိုင်ပွဲတစ်ခုတွင် အသက် ၃၂ နှစ်အရွယ် အက်ဒဝပ်သည် ပိုးဟပ်အရှင်ပေါင်း ဒါဇင်နှင့်ချီကာ စားသောက်ရင်း လဲကျသေဆုံးသွားခဲ့သည်။ ရင်ခွဲရုံမှ အစီရင်ခံချက်အရ အက်ဒဝပ်သေဆုံးရခြင်းမှာ ပိုးဟပ်သည် အသက်ရှူလမ်းကြောင်းကို ပိတ်ဆို့ထားခဲ့၍ သေဆုံးသွားခြင်းဖြစ်သည်ဟု သိရှိရသည်။

Ref: International News

- 2/2/2013

# Facebook အသုံးမပြုရန်

# ဆယ်ကျော်သက်အရွယ်သမီးနှင့် အပေးအယူလုပ်ခဲ့သည့် ဖခင်



Facebook Deactivation Agreement

I [redacted]ree to deactivate my Facebook Account from ____ to ____

In return, my ____ ____ agrees to pay me $ ____ on ____ and $ ____ on ____. He/she will have access to my Facebook to change the password and to deactivate the account. This will prevent me from re-activating the account in the future. I plan to use the money for the following purposes ____

Signed and agreed to in full

[redacted]

အမေရိကန်ပြည်ထောင်စု၊ Massachusetts ပြည်နယ်၊ မြို့တော်Boston ရှိ သုတေသနအတိုင်ပင်ခံ တစ်ဦးဖြစ်သူ Paul Baier သည် ၎င်း၏ (၁၄)နှစ်အရွယ်ရှိ သမီးဖြစ်သူ ကို Facebook လူမှုကွန်ယက်အား အသုံးပြုမှုကို လာမည့်နွေရာသီအထိ ရပ်နားထားရန် မုန့်ဖိုးငွေ ဒေါ်လာ (၂၀၀)ပေးခဲ့သည်ဟု ဆိုသည်။ Baier သည် သမီးဖြစ်သူ Rachael နှင့် သဘောတူညီထားသည့် "Facebook အသုံးမပြုရကတိပြုလွှာ"ပုံ ကို ဘလော့ဂ်ပို့စ်တစ်ခုတွင် ဖော်ပြခဲ့ သည်။

ဖော်ပြထားသောပုံတွင် အဖေနှင့် သမီး နှစ်ဦးစလုံးက လက်မှတ်ရေးထိုးထားသည်။ သဘောတူညီချက်တွင် ဖေဖော်ဝါရီလ (၄)ရက်၊ တနင်္လာနေ့မှစပြီး ဇွန်လ (၂၆)ရက်နေ့အထိ Facebook အား အသုံးမပြုပါဟု သမီးဖြစ်သူက ကတိပြုထားရသည်။ ထို့အတွက် ဖခင်သည် သမီးဖြစ်သူအား ဧပြီလတွင် ဒေါ်လာ (၅၀) ကနဦးပေးမည်ဖြစ်ပြီး ကျန်ငွေ ဒေါ်လာ (၁၅၀) ကို ငါးလပြည့်မြောက်သည့်အချိန် ဇွန်လတွင် ပေးရမည်ဖြစ်သည်။

Ref: International News

- 9/2/2013

**ဆောင်းဟေမန်**

www.burmeseclassic.com

www.burmeseclassic.com





## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ကံဇာတာကောင်းမည်။ စိတ်သောကဗျာပါဒမရှိ အေးငြိမ်းချမ်းသာသော ဘဝကို ရရှိမည်။ စနေ၊ ရာဟု၊ တနင်္ဂနွေတို့နှင့် စပ်တူရှယ်ယာလုပ်ငန်းပြုလုပ်ပါက သိန်းသန်း ဝင်ငွေရရှိမည်။ နိုင်ငံခြားခရီးစဉ်ပျက်မည်။ ၁၅ ရက်နောက်ပိုင်း အထူးကံကောင်းတတ်သည်။ ရာထူး၊ လုပ်ငန်း၊ နေရာဌာန တိုးတက်မှုနှင့်ရွှေ့ပြောင်းရမည်။ နိုင်ငံခြားသိပ္ပံ၊ ဝေဟင်ခရီး၊ စက်မှုလက်မှုသင်တန်းတက်ရမည်။ ငယ်ရွယ်သူများ ပညာရေးတွင် ကြိုးစားရန်လိုသည်။

ကံကောင်းရက်မြတ်။ ။ ၂၀၊ ၂၁၊ ၂၂၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀

ကံညံ့ရက်။ ။ ၁၀၊ ၂၁၊ ၂၄

ထီထိုးရန်။ ။ (က) ၅–၉၊ (ခ) ၆–၄၊ (ဂ) ၇–၂။

**ယတြာ– မွေးနံ့ထောင့်တွင် ဇလတ္တာ၊ ခတ္တာပန်းပွင့်/အညွန့် ငါးပွင့်၊ ငါးညွန့်စီလှူပါ။**

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း လုပ်ငန်းပြိုင်ဘက်၊ အနှောင့်အယှက်ကြောင့် ပြဿနာပေါ်တတ်သည်။ အတွင်းလူဖြစ်နိုင်သည်။ စနေ၊ သောကြာ၊ ကြာသပတေးတို့နှင့် စပ်တူလုပ်ငန်း အောင်မြင်မှု ရမည်။ နာရီ၊ ရတနာ၊ အထည်အလိပ်၊ ဘဏ်လုပ်ငန်းရှင်တို့ ကံကောင်းနေမည်မှတ်ပါ။ စစ်ဘက်၊ ရဲဘက်၊ ပညာရေးဘက်ဖြစ်ပါက နေရာလုပ်ငန်း ရွှေ့ပြောင်းရမည်။ လုပ်ငန်းတွင်းအဆင်မပြေမှုဖြစ်နိုင်သည်။ ၂၂ ရက်နောက်ပိုင်း အထူးကံကောင်းတတ်ပါသည်။

ကံကောင်းရက်မြတ်။ ။ ၂၊ ၃၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၁၉၊ ၂၂

ကံညံ့ရက်။ ။ ၂၄၊ ၂၈၊ ၃၀

ထီထိုးရန်။ ။ (ဃ) ၆–၃၊ (င) ၅–၄၊ (စ) ၇–၂။

**ယတြာ– အိမ်ဘုရားမှာ ဒန်းကြီးညွန့် ကိုးညွန့်၊ သပြေ ငါးညွန့် တစ်လတိတိလှူပါ။**

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း စီးပွားရေးအရ ကွန်ပျူတာ၊ အလှပြုပြင်၊ ကျောက်မျက်သင်တန်းတို့လုပ်ကိုင်သင်ကြားပါက ကံကောင်းလာဘ်ရွှင်မည်။ ခရီးထွက်ခြင်းကြောင့် ခနကံလာဘ်တို့ ဝင်လာတတ်သည်။ အိမ်သစ်ဆောက်ခြင်း၊ ဝယ်ခြင်း၊ ရွှေဝယ်ခြင်းတို့ကြောင့် ပြဿနာအမှုအခင်းဖြစ်နိုင်သည်။ ၁၇ ရက်ကျော်လျှင် ဘာပဲလုပ်လုပ် မုချအောင်မြင်မှုရမည်။ လခစားဖြစ်ပါက လုပ်ငန်းတွင်း မိမိစေတနာကို စော်ကားသူပေါ်တတ်သည်။ ငယ်ရွယ်သူများ စန်းပွင့်သောကာလဖြစ်သည်။

ကံကောင်းရက်မြတ်။ ။ ၁၃၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀

ကံညံ့ရက်။ ။ ၁၀၊ ၁၇၊ ၂၁

ထီထိုးရန်။ ။ (ဆ) ၄–၉၊ (ဆ) ၄–၈၊ (ဈ) ၄–၇။

BURMESE CLASSIC .com

**ယတြာ– မွေးနံ့ထောင့်မှာ ရွှက်လှ၊ ရဲယို ငါးညွန့်စီကပ်လှူပါ။**

## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း စီးပွားရေးကံကောင်းမည်။ သိန်းသန်းရတနာဝင်တတ်သည်။ မြန်မာပရဆေးလျက်ဆား၊ ဆီးချိုဆေး၊ သွေးဆေး၊ အာရုံကြောဆေးတို့ ဖော်စပ်ရောင်းဝယ်က အထူးကံကောင်းတတ်ပါသည်။ ဇာတ်သဘင်၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်ဖြစ်ပါက နိုင်ငံခြားသို့သွားရောက်ဖျော်ဖြေရမည်။ ငယ်ရွယ်သူများ အချစ်ရေးအတွက် ရတက်မအေးဖြစ်နေမည်။

ကံကောင်းရက်မြတ်။ ။ ၁၁၊ ၁၃၊ ၁၅၊ ၁၇၊ ၂၄၊ ၂၅၊ ၂၈၊ ၂၉

ကံညံ့ရက်။ ။ ၁၄၊ ၁၈၊ ၂၆

ထီထိုးရန်။ ။ (ပ) ၅–၉၊ (ဒ) ၅–၇၊ (န) ၅–၄။

**ယတြာ– အိမ်ဘုရားမှာ သကြားသီး ကိုးလုံး၊ လိမ္မော်သီး ငါးလုံးလှူပါ။**

www.burmeseclassic.com

www.burmeseclassic.com


## သိဟ်၊ ဝါဆိုလ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း အမွေအနှစ်ပြဿနာ မိသားစုအတွင်း၌ ဖြစ်တတ်သည်။ အမှုအခင်း တရားတပေါင်၊ အရှုပ်အရှင်းဖြစ်မည်။ ရန်ဘက်၊ ပြိုင်ဘက်တို့ကိုနိုင်မည်။ ငွေမချေးသင့်ပါ။ ချေးလျှင် ဆုံးမည်၊ မုန်းမည်။ စိန်ရတနာပစ္စည်း ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ အထူးသတိ ထားပါ။ ပညာသင်ဖြစ်ပါက ပညာရေးညံ့နေသည်။ လုံ့လ၊ ဝီရိယ၊ ဇွဲ ရှေ့တန်းတင်ပြီး ကြိုးစား မှ အောင်မြင်မည်။

ကံကောင်းရက်မြတ်။ ။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၇၊ ၉၊ ၁၀၊ ၁၂
ကံညံ့ရက်။ ။ ၂၄၊ ၂၆၊ ၂၈
ထီထိုးရန်။ ။ (တ) ၅-၆၊ (ထ) ၅-၈၊ (ဒ) ၅-၇။

**ယတြာ- မွေးနံ့ထောင့်မှာ ပေါင်မုန့်ထောပတ်သုတ်ကို ကော်ဖီနှင့်ကပ်ပါ။**

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း အိမ်တွင်းသို့ ဖိမ်ခံပစ္စည်း၊ ထီး၊ ဖိနပ် အဝင်မခံသင့်ပါ။ ရတနာပုံကိန်း ထဲဆိုက်နေ၍ ထီဆုကြီးပေါက်နိုင်သည်။ ထီမှန်မှန်ထိုးပါ။ လုပ်ငန်းခွင်ရာထူးရေးဖြေစာမေးပွဲ အောင်မြင်မည်။ ခရီးသွားလျှင် ဘေးရန်ကြုံတတ်သည်။ ရှောင်ပါ။ သင့်ဒေါသကြောင့် အိမ်နီး ချင်းနှင့် ပြဿနာတက်မည်။ တစ်ဖွတ်ထိုးအပြောအဆိုကို ရှောင်သင့်ပါသည်။ ငွေ၊ ရွှေ၊ ပုလဲ အဆောင်ဓာတ်ပြု၍ စီးပွားရှာက ကံကောင်းမည်။ ငယ်ရွယ်သူများ ချစ်သူနှင့် တူနှစ်ကိုယ်ချစ် ကမ္ဘာတည်ဆောက်ရမည်။

ကံကောင်းရက်မြတ်။ ။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၁၃၊ ၁၅
ကံညံ့ရက်။ ။ ၂၄၊ ၂၅၊ ၂၈
ထီထိုးရန်။ ။ (တ) ၆-၉၊ (ထ) ၉-၆၊ (ဒ) ၇-၂။

**ယတြာ- အိမ်ဘုရားမှာ မုန့်စိမ်းပေါင်း၊ ပြောင်းဖူး ကပ်လှူပေးပါ။**

## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ




ယခုလအတွင်း အပေါင်းအသင်းမှားပြီး ပြစ်မှုကျူးလွန်တတ်သည်။ အနောက်အရပ်သို့ ခရီးမထွက်သင့်ပါ။ ဘေးရန်ရှိသောအရပ်ဖြစ်သည်။ ရှောင်သင့်တာရှောင်၊ ဆောင်သင့်တာဆောင် မှ အောင်မြင်မည်။ ပညာရေးအတွက် ဆန္ဒမစောပါနှင့်။ ကြိုးစားလျှင် ကြိုးစားသလောက် အောင်မြင်မည်။ ငယ်ရွယ်သူများ အချစ်ရေးစိတ်မဝင်စားသင့်သေးပါ။

ကံကောင်းရက်မြတ်။ ။ ၉၊ ၁၈၊ ၁၉၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀
ကံညံ့ရက်။ ။ ၁၀၊ ၂၃၊ ၂၈
ထီထိုးရန်။ ။ (စ) ၆-၉၊ (ည) ၆-၇၊ (ဠ) ၆-၄။

BURMESE CLASSIC .com

**ယတြာ- မွေးနံ့ထောင့်မှာ ပုလင်းထဲတွင် ပြဒါးထည့်ပြီး ဘုရားကပ်လှူလိုက်ပါ။**

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဘာပဲလုပ်လုပ် ဖြစ်နေမည်။ ရေကြောင်းသဘော်၊ နိုင်ငံခြားဆိုင်ရာ ခက် ခဲသောစာမေးပွဲ ဖြေဆိုအောင်မြင်မည်။ မိဘဆွေမျိုးများ၏ ကျန်းမာရေးဂရုစိုက်ပါ။ ချေးထား သောငွေ ပြန်ရတတ်သည်။ ငယ်ရွယ်သူများ ပညာရေးကို စိတ်မဝင်စားဘဲဖြစ်နေမည်။

ကံကောင်းရက်မြတ်။ ။ ၂၊ ၅၊ ၇၊ ၉၊ ၁၀၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉
ကံညံ့ရက်။ ။ ၇၊ ၂၀၊ ၂၄
ထီထိုးရန်။ ။ (ပ) ၆-၉၊ (ဏ) ၆-၇၊ (န) ၆-၂။

**ယတြာ- မွေးနံ့ထောင့်မှာ ဖော်စိမ်း၊ ဒေါနပန်း ကိုးညွှန့်၊ ကိုးခက်စီလှူပါ။**

www.burmeseclassic.com

www.burmeseclassic.com

## ဝန၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဝန်ထမ်းများ ရာထူးတိုးတက်မှုရှိမည်။ အထက်လူကြီးများ၏ စောင့်ရှောက်မစခြင်းခံရမည်။ ဓနဥစ္စာ လာဘ်ကောင်းဝင်ပြီး အပူပျောက်ကင်းကာ နာမည်ဂုဏ်သတင်းကျော်စောမည်။ အိမ်၊ ယာ၊ ခြံ၊ မြေ အသစ်ရတတ်သည်။ ဆန်၊ ဆီ၊ ဆေး၊ စပါး၊ ပဲ၊ နှမ်း စိုက်ပျိုးရေး၊ မွေးမြူရေး ကံကောင်းတတ်သည်။ အချစ်ရေးကို စိတ်မဝင်စားသင့်ပါ။ အရှေ့မြောက်အရပ်ကလူလာလျှင် လက်ခံလိုက်ပါ။ လာဘ်ရမည်။

ကံကောင်းရက်မြတ်။ ။ ၂၊ ၃၊ ၇၊ ၈၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၂၄

ကံညံ့ရက်။ ။ ၂၆၊ ၂၈၊ ၂၉

ထီထိုးရန်။ ။ (ဋ) ၂-၂၊ (ဍ) ၃-၃၊ (ဎ) ၅-၅။

**ယတြာ- အိမ်ဘုရား၌ ရေအိုးအသစ်တွင် စ၊ ဓ၊ ဗ၊ ဝ ထိုးနှင့်ရေးပြီး ရေထည့်ကပ်ပါ။**

---

## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း နိုင်ငံခြားနေ သားသမီးတို့ထံမှ ငွေကြေးနှင့်ကန်တော့ခြင်းခံရမည်။ ဘုရား၊ ကျောင်း၊ စေတီတို့ ပြုပြင်ရွေချပြီး အလှူကြီးပေးလှူရမည်။ ထူးဆန်းသော အိပ်မက် မက်တတ်သည်။ ပျို့ရွယ်သူဖြစ်ပါက စန်းပွင့်လွန်းပြီး ချစ်သူများကြား ဗျာများတတ်သည်။ ခင်ပွန်းကြီး (၁၀)ပါးကို တစ်လတိတိ ကန်တော့ပြီးမှ အိပ်ပါ။ ဂုဏ်တော် ၉ ပါး၊ မေတ္တာသုတ် ရွတ်ဖတ်ပေးပါ။ တိုက်၊ ကား၊ ခြံ၊ မြေ အသစ်ဝင်တတ်သည်။ ငယ်ရွယ်သူများ ပညာရေးတွင်ကြိုးစားရန်လိုနေသည်။

ကံကောင်းရက်မြတ်။ ။ ၁၀၊ ၁၃၊ ၁၅၊ ၁၆၊ ၁၈၊ ၂၀၊ ၂၂၊ ၂၄၊ ၃၀

ကံညံ့ရက်။ ။ ၈၊ ၉၊ ၁၇

ထီထိုးရန်။ ။ (ပ) ၃-၅၊ (ဖ) ၅-၃၊ (ဗ) ၅-၉။

**ယတြာ- မွေးနံထောင့်မှာ ကြေးဖလားအသေးထဲ ရေထည့်၍ ကံ့ကော် ကိုးညွန့်လှူပါ။**

---

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း လုပ်ငန်း၊ နေရာ၊ ဌာန၊ ရာထူး ရွှေ့ပြောင်းကိန်းရှိသည်။ ပြောင်းလိုက် ပါ။ မိမိအိမ်အနီးမှာ လုပ်ငန်းအသစ် တိုးချဲ့လုပ်ကိုင်ခွင့် ကြုံတတ်သည်။ ငွေကြေးထုတ်ပေး သူပေါ်ပေါက်တတ်သည်။ စနေ၊ တနင်္လာ သားသမီးတို့ကြောင့် အမှုအခင်းဖြစ်နိုင်သည်။ အိမ်ကိုအဝင်အထွက်ရှိလျှင် တားလိုက်ပါ။ မိမိချစ်သူနှင့် ဖူးစာဆုံမည်။ ပညာရေးကောင်းပါသည်။ ကျန်းမာရေးညံ့မည်။ လူမှုရေးလုံးဝမကောင်းပါ။ သတိနှင့်နေထိုင်ပါ။

ကံကောင်းရက်မြတ်။ ။ ၄၊ ၅၊ ၆၊ ၈၊ ၉၊ ၁၉၊ ၂၈၊ ၂၉၊ ၃၀

ကံညံ့ရက်။ ။ ၂၀၊ ၂၅၊ ၂၇

ထီထိုးရန်။ ။ (က) ၆-၃၊ (ခ) ၇-၂၊ (ဃ) ၅-၄။

**ယတြာ- အိမ်ဘုရားတွင် ထန်းလက်၌ ခဲတံနှင့် သံဂိုပမယျ ရေးကပ်ပါ။**

---

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလသည် ထိပ်ဆုံးကိုရောက်မည့်အခါဟု မှတ်လိုက်ပါ။ ဒိဋ္ဌအကျိုးပေးမှာက ထီပေါက်မည်၊ နိုင်ငံခြားမြန်မြန်ထွက်ရမည်။ အိမ်ထဲသို့ ရွှေ၊ ငွေ၊ စိန်၊ ကျောက် ဝင်လာပါလိမ့်မည်။ ဓနကံမြဲစေရန် စားလည်းစား၊ စုလည်းစု၊ လှူလည်းလှူပါ။ ရတနသုတ်၊ မင်္ဂလသုတ် အမြဲရွတ်ပါ။ အချစ်ရေးနှင့်အိမ်ထောင်ရေး အဆင်ပြေမည်။ ပညာရေးသင့်၊ လူမှုရေးကောင်းသည်။

ကံကောင်းရက်မြတ်။ ။ ၂၊ ၄၊ ၅၊ ၇၊ ၈၊ ၉၊ ၁၃၊ ၁၄၊ ၁၆

ကံညံ့ရက်။ ။ ၂၇၊ ၂၉၊ ၃၀

ထီထိုးရန်။ ။ (က) ၉-၁၊ (သ) ၉-၆၊ (မ) ၉-၃။

**ယတြာ- မွေးနံထောင့်တွင် သဲပုံစေတီသုံးဆူတည်ပြီး ငွေသုံးထောင်လှူပါ။**

သစ္စာမေတ္တာ ဆရာထွန်းလင်းကျော်
နက္ခတ်၊ ဗေဒင်၊ လက္ခဏာပညာရှင်

www.burmeseclassic.com